မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုလားသော

**ယောဂီပုဂ္ဂိုလ်တို့အကျိုးငှါ**

အဂ္ဂမဟာသေနာပတိ

**ယောအတွင်းဝန်အမတ်ကြီး**

စီရင်ရေးသားတော်မူအပ်သော

# ဝိမုတ္တိရသကျမ်း

နှင့်

## ကမ္မဋ္ဌာနဂ္ဂဟဏာဝိနိစ္ဆယကျမ်း

[illegible]
ဓရှင်ကာဝိဓ မှ
လှူဒါန်းပါသည်။

၆၄

☆

ဟံသာဝတီ

မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုလားသော

**ယောဂီပုဂ္ဂိုလ်တို့အကျိုးငှါ**

အဂ္ဂမဟာသေနာပတိ

**ယောအတွင်းဝန်အမတ်ကြီး**

စီရင်ရေးသားတော်မူအပ်သော

# ဝိမုတ္တိရသကျမ်း

နှင့်

# ကမ္မဋ္ဌာနဂ္ဂဟဏဝိနိစ္ဆယကျမ်း

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၃

# နိဒါန်း

ကမ္ဘာတည်ထွန်း၊ အဥ္စန်းမဏ္ဍလ၊ ဒက္ခိဏာဒီပါ၊ သာယာနုပျို၊
ဗဟိုမဇ္ဈိမ၊ သောဠသတိုင်း၊ သမိုင်းဝဲဖြိုး၊ ပြည်ကြီးအဆောင်
ဆောင်တို့၌၊ ဘုန်းခေါင်မြတ်စွာ၊ စိန္တေယျာ၏၊ သာသနာရောင်၊
ထိန်ဝါပြောင်၍၊ တန်ဆောင်ဆီမီး၊ တောက်လောင်ငြီးသဖြင့်၊ နေ
မိုးမကာ၊ ဈာနလာဘီ၊ ဝသီလေ့လာ၊ အရိယာဟု၊ ဆဋ္ဌာဘိညာဥ်၊
ထေရ်သခင်တို့လည်း၊ အစဉ်မပျက်၊ သာသနာတော်၏ အမှုကို
ထမ်းရွက်၍၊ ဆက်ကာဆက်ကာ၊ မဟာဇာတသတ်၊ မင်းမြတ်
မင်းကောင်း၊ တင့်ကြောင်းသမ္မ၊ အရင်းပြု၍၊ များလူ့သတ္တဝါ၊
အကျိုးငှါလျှင်၊ အရှင်မဟာကဿပ၊ ပဌမသင်္ဂါယနာ၊ ကာဠာ
သောက၊ သာရမိန္ဒ၊ ကြည့်ရှုစဥ်လာ၊ သီရိဓမ္မာဟု၊ စကြာဗ
လဝ၊ မောဂ္ဂလိ ပုတ္တ တိဿ အစရှိသော မထေရ်မြတ်တို့သည်၊
သာသနာတော်၏ ရန်မြေး၊ ဆေးကြောပိုင်းဖြတ်၍၊ ထပ်ကာ
ထပ်ကာ၊ သင်္ဂါယနာကို၊ လွန်စွာအံ့လောက်၊ တင်မြှောက်ခြီးပ၊
ထိုကမှစ၍၊ သီဟဠကျွန်း၊ လျှံဝန်းသာသနာ၊ မြန်မာပုရ၊ ရာမည
ပေါက္ကံ၊ တိုင်းရဋ္ဌတွင်၊ စက်ပျံသူရိန်၊ ကဲ့တသိမ်သို့၊ အရှိန်
တောက်လောင်၊ သာသနာရောင်သည်၊ ပြောင်ပြောင်လက်လက်၊
အမင်းမင်းတို့ဆက်ပြီးလျှင်၊ မပျက်ပြုစုတော်မူ၍၊ ဘုန်းတော်အ
လွန်ကြီးမြတ်တော်မူလှသော မန္တလေး ရတနာပုံမြို့တည်၊ နန်း
တည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ လက်နက်စကြာသခင်၊ ပဥ္စမသင်္ဂါ
ယနာတင်၊ ဘုရင်မင်းတရားကြီးသည် အံ့ခြီးမကုန်၊ ပိဋကတ်
တော် ၃-ပုံကို၊ အလုံးစုံသောအဋ္ဌကထာဋီကာ၊ ယောဇနာဂဏ္ဌိ၊
ရှိရှိသမျှတို့နှင့်တကွ၊ အဝဝသိမ်းရုံး၍ အဆုံးကမ္ဘာ၊ တည်အံ့ငှါ
လျှင်၊ ဇဝါဖြွရေး, ပေရေး, မင်ရေး, ကျောက်ထက်ရေး၍
ယဥ်ကျေးကောင်းမွန်စွာ တင်ထားသည်မှတပါး ဘုရားအစရှိ
သော ရတနာမြတ်သုံးပါးတို့ကိုလည်း စိတ်ထားကြည်ယုံ မတုန်

# နိဒါန်း

မလှုပ်သက်ဝင်ခြင်း ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ကောင်းမှု အရာ၌ ရဲရင့်ခြင်း နာယက ၆-ပါး၊ ရာဇဓမ္မဆယ်ပါးတို့နှင့်အညီ၊ တိုင်းပြည်ကိုအုပ်စိုးတော်မူခြင်း အစရှိသောမင်းကောင်းမင်းမြတ် ကြီး၏ အဂ္ဂမဟာသေနာပတိ ဖြစ်တော်မူသော ဝန်ရှင်တော်မြစ် ကွေးမြို့စား သတိုးမင်းကြီးမဟာမင်းလှစည်သူသည် နိဗ္ဗာန်မဂ် ဖိုလ်ကိုအလိုရှိသော ယောဂီပုဂ္ဂိုလ်တို့၏ ပါမောက္ခကရဏ၊ သု ဝိသုဒ္ဓိ ဝိနိစ္ဆယဟုဆိုအပ်သော ကောင်းမွန် ထူးဆန်း စင်ကြယ် သော အဆုံးအဖြတ်ရှိသော သံသရာစက်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းသောကျင့်ဝတ် ပဋိပတ်၊ ပိဋ ကတ် ၃-ပုံ၌ အကျယ်ဟောတော်မူအပ်သည်ကို အကျဉ်းအား ဖြင့် သီလအစ, သမ္မာဓိအလယ်, ပညာအဆုံးထား၍ မြတ်စွာ ဘုရားအလိုတော်အတိုင်း၊ ပိဋကတ် ၃-ပုံတို့၏ အနက်အဓိပ္ပါယ် ကို ထုတ်နုတ်ဘော်ပြ၍၊ ကုသလအရာ၊ ရတနာသိင်္ဂီ၊ ခြင်္သေ့ဆိ နှင့်၊ ခြယ်စီရောင်လျှံ၊ နရားပျံဝယ်၊ စိန်ရံအလား၊ တင်၍ထားသို့၊ ရေးသားပြုပြင် စီရင်တော်မူသော ဝိမုတ္တိရသကျမ်းကို၊ ထပ်မံ ပြင်ဆင်၍ စက်တင်ပုံရိုက်၊ သိုက်မြိုက်ပြီးစီး၊ ကောင်းခြီး ကုသလ၊ သူတော်ကောင်းတို့အကျိုးရအောင်၊ ကျနစွာ မာတိကာ ခေါင်းစဉ် တို့ဖြင့်၊ သီးသန့်ခြားနား၊ ထင်ရှားစွာသရုပ်ပြ၍၊ ကြည်ဖြူသော သဒ္ဓါတရားဖြင့်၊ အမျိုးသားတို့၊ ကြိုးစားအားထုတ်၍၊ ကြည့်ရှု ဘတ်ရွတ်ကြပါစေကုန်သတည်း။

၂၄၈၅၁

# မာတိကာ


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| | **သမ္ပတ္တိစက်အကြောင်း** | |
| ၁။ | ပဏာမနှင့် ပဋိညာဉ် ...... ...... | ၁ |
| ၂။ | သမ္ပတ္တိစက်အကြောင်း ပြဆိုခဏ်း ...... | ၂ |
| ၃။ | ပညာရှိ–ပညာမဲ့အကျိုးအပြစ် ...... ...... | ၅ |
| | **ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံ** | |
| ၄။ | ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံပြဆိုခဏ်း ...... | ၆ |
| ၅။ | ပဋိစ္စ သမုပ္ပါဒ်တရား ...... ...... | ၆ |
| ၆။ | ပဋိစ္စ သမုပ္ပါဒ် အကြောင်းအကျိုးဆက်ပုံ ...... | ၇ |
| ၇။ | အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ ...... ...... | ၈ |
| ၈။ | အဝိဇ္ဇာကြောင့် ပုည–အပုညဖြစ်ပုံရှင်းလင်းချက် | ၈ |
| ၉။ | သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ပုံ ...... ...... | ၉ |
| ၁၀။ | ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ ...... ...... | ၉ |
| ၁၁။ | နမ်ရုပ်ကြောင့် သဠာယတန–သဠာယတနကြောင့် ဖဿဖြစ်ပုံ ...... ...... ...... | ၉ |
| ၁၂။ | ဖဿကြောင့်–ဝေဒနာဖြစ်ပုံ ...... ...... | ၁၀ |
| ၁၃။ | ဝေဒနာကြောင့် တဏှာဖြစ်ပုံ ...... ...... | ၁၁ |
| ၁၄။ | တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ ...... ...... | ၁၁ |
| ၁၅။ | ဥပါဒါန်ကြောင့်ဘဝ–ဘဝကြောင့်ဇာတိ ဇာတိကြောင့်ဇရာစသည်ဖြစ်ပုံ ...... ...... | ၁၂ |
| ၁၆။ | ပဋိစ္စသမုပ္ပါဒ်–အလှာ–အစပ်–အဝှန့်ကိုပြဆိုခြင်း | ၁၂ |
| | **သိက္ခာသုံးပါး** | |
| ၁၇။ | ပဋိစ္စသမုပ္ပါဒ်စက်ပြတ်ပုံကိုပြဆိုခဏ်း ...... | ၁၃ |
| ၁၈။ | ဝိသုဒ္ဓိမဂ်–သမ္မောဟဝိနောဒနီ–အဋ္ဌကထာတို့၌ | ၁၄ |

# မာတိကာ


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁၉။ | စတုက္ကနိပါတ်-အင်္ဂုတ္တရ ပါဠိတော်၌ ...... | ၁၆ |
| ၂၀။ | ပယ်ဖြတ်သင့်သော-သင်္ခါရ ...... ...... | ၂၁ |
| ၂၁။ | ပွါးများသင့်သော သင်္ခါရမဂ္ဂင် ...... ...... | ၂၃ |
| ၂၂။ | သိက္ခာသုံးပါးကိုပြဆိုခန်း ...... ...... | ၂၆ |
| ၂၃။ | သိက္ခာသုံးပါး၌ ပိဋကတ်သုံးပုံဝင်ပုံ ...... | ၂၀ |


## သီလသမာဓိနှစ်ပါးအခြေအရံ


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၂၄။ | သီလသမာဓိနှစ်ပါး-ပညာ၏အခြေအရံဖြစ်ပုံ ...... | ၂၉ |
| ၂၅။ | မဂ္ဂင်နှင့်ညီသောသီလ ...... ...... | ၃၃ |


## စိတ်ဟူသောဖွတ်ကိုဘမ်းခန်း


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၂၆။ | စိတ်ဟူသောဖွတ်ကိုဘမ်းပုံ ...... ...... | ၃၃ |
| ၂၇။ | စိတ်ဟူသောဖွတ်ကိုဘမ်းရာ၌-မဂ္ဂင် ၅-ပါးပါဝင်ခြင်း | ၃၄ |


## ပဋိစ္စသမုပ္ပါဒ်သစ္စာ ၄-ပါးခွဲခန်း


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၂၈။ | ပဋိစ္စသမုပ္ပါဒ်ကိုသစ္စာ ၄-ပါးဖြင့်ခွဲပြခြင်း ...... | ၃၆ |
| ၂၉။ | ပဋိစ္စသမုပ္ပါဒ်၌-ရှစ်ဆဲ့လေးပါးသိခြင်း ...... | ၃၇ |
| ၃၀။ | ပဋိစ္စသမုပ္ပါဒ်၌-နည်းလေးပါးဖြင့်သိခြင်း ...... | ၃၇ |
| ၃၁။ | ပဋိစ္စသမုပ္ပါဒ်၌-နည်းလေးပါးသိသဖြင့် မိစ္ဆာဒိဋ္ဌိကွာခြင်း ...... ...... | ၃၉ |
| ၃၂။ | နည်းလေးပါးဖြင့် အကြောင်းကုန်သိ၍ ရှုဒ္ဓသောတာပန်ဖြစ်ပုံ ...... ...... | ၄၀ |


## ပဋိစ္စသမုပ္ပါဒ်ဂမ္ဘီရဖြစ်ခန်း


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၃၃။ | ပဋိစ္စသမုပ္ပါဒ် နက်နဲခြင်းဂမ္ဘီရဖြစ်ပုံ ...... | ၄၁ |

| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|

## လက္ခဏာယာဉ်သုံးပါးပြဆိုခန်း


| | | |
|---|---|---|
| ၃၄။ | လက္ခဏာယာဉ်သုံးပါးပြဆိုခန်း …… | ၄၄ |
| ၃၅။ | အနိစ္စတရားပြဆိုခန်း …… …… | ၄၅ |
| ၃၆။ | ဒုက္ခတရားအနတ္တတရားပြဆိုခန်း …… | ၄၆ |
| ၃၇။ | အနတ္တတရားအကျယ်ပြဆိုခန်း …… | ၄၇ |


## မိစ္ဆာဒိဋ္ဌိတို့အတွယူပုံ


| | | |
|---|---|---|
| ၃၈။ | မိစ္ဆာဒိဋ္ဌိတို့-အတ္တယူပုံ …… …… | ၄၈ |
| ၃၉။ | ကမ္ဘာဦးအခါကပြဟ္မာစိတ်အကြံဖြစ်ပုံ …… | ၄၉ |
| ၄၀။ | ခန္ဓာငါးပါးကို-အတ္တအစိုးရပုံ …… …… | ၅၀ |
| ၄၁။ | အတ္တမသေ-တအိမ်ပျက်က-တအိမ်ပြောင်းတာ | ၅၂ |
| ၄၂။ | ဘဝတခုမှ ဘဝတခုသို့အမှတ်ပါပုံ …… | ၅၂ |
| ၄၃။ | ခန္ဓာ၌အနှစ်သာရအတ္တရှိပုံ …… …… | ၅၃ |
| ၄၄။ | ဘာဝနာ အားကိုရမှ အတ္တလွတ်မည် …… | ၅၄ |
| ၄၅။ | အတ္တအယူကိုပယ်ရန်—ဥပမာ—…… …… | ၅၅ |
| ၄၆။ | နိုင်ငံခြားလူမျိုးတို့အယူဝါဒ …… …… | ၅၆ |
| ၄၇။ | ကျမ်းအမျိုးမျိုးမှ အတ္တသဒ္ဒါယူပုံ …… | ၅၇ |
| ၄၈။ | နိမိတ်ကိုစွဲ၍-သက္ကာယဒိဋ္ဌိဖြစ်ပုံ …… | ၅၈ |
| ၄၉။ | ပါဠိတော်အတိုင်း အနက်ပေးသင့်ပုံ …… | ၅၉ |
| ၅၀။ | အနက်ပေးလွဲက-အယူလွဲမည် …… …… | ၆၀ |


## အနတ္တအရာ၌ဂမ္ဘီရဖြစ်ပုံ


| | | |
|---|---|---|
| ၅၁။ | အနတ္တအရာ၌ နက်နဲခဲခက်ပုံ …… …… | ၆၂ |
| ၅၂။ | အနတ္တကိုသိအောင်-ဘုရားဟောတော်မူခြင်း | ၆၄ |
| ၅၃။ | အနတ္တသိမှ-သက္ကာယပျောက်မည် …… | ၆၅ |
| ၅၄။ | အနတ္တသုတ်ပါဠိတော် …… …… | ၆၆ |

# မာတိကာ


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၅၅။ | နာမ်ရုပ်တို့ဘောက်ပြန်ပုံ ...... ...... | ၆၆ |
| ၅၆။ | ချုံကြီးထဲ၌-အတ္တပတ္တမြားမရှိပုံ...... ...... | ၆၇ |
| ၅၇။ | သဟံပတိဗြဟ္မာကြီးတရားတောင်းပန်ခြင်း ...... | ၆၈ |
| ၅၈။ | ညီတော်အာနန္ဒာအားဟောတော်မူခြင်း ...... | ၇၀ |
| ၅၉။ | သိုးဆောင်းလူမျိုးများယူပုံ ...... ...... | ၇၁ |
| ၆၀။ | အလှူပေးရုံနှင့် မိစ္ဆာအယူမပျက် ...... | ၇၃ |
| ၆၁။ | သာသနာတွင်းအားထုတ်မှသိနိုင်မည် ...... | ၇၄ |
| ၆၂။ | အတ္တကဲ့သို့အမြဲမတည်ပုံ ...... ...... | ၇၅ |
| ၆၃။ | လူမရှိသောအိမ်နှင့်တူသောအတ္တ .... | ၇၅ |
| ၆၄။ | အကြွင်းမရှိအတ္တသုဉ်းပုံ ...... ...... | ၇၆ |
| ၆၅။ | သင်္ခတပညတ်-အတ္တမဟုတ်ပုံ ...... ...... | ၇၇ |
| ၆၆။ | နိဗ္ဗာန်ပညတ်တို့အတ္တမဟုတ်ပုံ ...... ...... | ၇၇ |
| ၆၇။ | အနိစ္စဒုက္ခနှစ်ပါးအခြံအရံဖြစ်ပုံ ...... ...... | ၇၈ |
| ၆၈။ | သတ္တဝါတို့အားဟောပြဆုံးမခြင်း ...... | ၈၀ |
| ၆၉။ | ဘီလူးမ-ဥပမာနှင့်နာမ်ရုပ်နှစ်ချဖြစ်ပုံ ...... | ၈၁ |
| ၇၀။ | လက္ခဏာရုပ်သုံးပါးအကောက်ခက်ခဲနက်နဲပုံ | ၈၂ |
| ၇၁။ | ကျမ်းဆရာ၏-အမှာစကား ...... ...... | ၈၃ |
| ၇၂။ | ဥပါဒ်နှင့်ဘင်ကိုညဏ်ဖြင့်ရှုပုံ ...... ...... | ၈၃ |
| ၇၃။ | အနိစ္စကိုသန္တတိဖုံးလွှမ်းပုံ ...... ...... | ၈၄ |
| ၇၄။ | ညဏ်၅-ပါးနှင့်သေမင်းနိုင်ငံလွန်ပုံ ...... | ၈၆ |
| ၇၅။ | ဘီလူးမ-ဥပမာဖြင့်နာမ်ရုပ်တို့ကိုဘေးထင်ပုံ | ၈၈ |
| ၇၆။ | သင်္ခါရတို့၌-အတ္တဟုစွဲလမ်းခြင်းကိုနှိပ်ကွပ်ပုံ | ၉၀ |
| ၇၇။ | လူလိမ္မာနှင့်ပေါင်း၍နိဗ္ဗာန်ရောက်ပုံ ...... | ၉၁ |
| ၇၈။ | အနတ္တကိုထင်ရှားအောင်အားထုတ်ပုံ ...... | ၉၂ |
| ၇၉။ | ဝိသုဒ္ဓိမဂ်-မဟာဋီကာ ...... ...... | ၉၂ |
| ၈၀။ | နာမ်ရုပ်တို့၌-အတ္တအယူကိုပယ်ပုံ ..... | ၉၄ |
| ၈၁။ | အတ္တကိုနှစ်ပုံနှစ်ရထား၍ပယ်ပုံ ...... ...... | ၉၅ |

| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၈၂။ | အတ္တနှင့်နာမ်ရုပ်တို့အကြွင်းမရှိသည်းပုံ ...... | ၉၆ |
| ၈၃။ | အတ္တကို ၆-ပုံ-၆-ရထား၍ပယ်ပုံ ...... | ၉၇ |
| ၈၄။ | အတ္တကို ၈-ပုံ-၈-ရထား၍ပယ်ပုံ ...... | ၉၈ |
| ၈၅။ | အတ္တကို ၁၀-ပုံ-၁၀ရထား၍ပယ်ပုံ ...... | ၁၀၀ |
| ၈၆။ | အတ္တကို ၁၂-ပုံ-၁၂ရထား၍ပယ်ပုံ ...... | ၁၀၁ |
| ၈၇။ | သတ္တသဒ္ဒါ၏အရအဓိပ္ပါယ် ...... ...... | ၁၀၂ |
| ၈၈။ | ကမ္ဘာဦးကအမျိုးမျိုးကြံဆပုံမဟုတ် ...... | ၁၀၃ |
| ၈၉။ | မဟာဋီကာဆရာ၏အလိုယူပုံ ...... ...... | ၁၀၄ |
| ၉၀။ | ပညတ်ပရမတ်နှစ်မျိုးရှိပုံ ...... ...... | ၁၀၆ |

## နိဗ္ဗာန်ရောက်ကြောင်းအခန်း

| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၉၁။ | နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်ဖြစ်ပုံ ...... | ၁၁၁ |
| ၉၂။ | အနိမိတ္တဝိမောက္ခဖြစ်ပုံ ...... ...... | ၁၁၂ |
| ၉၃။ | အပဏိဟိတဝိမောက္ခဖြစ်ပုံ ...... ...... | ၁၁၃ |
| ၉၄။ | သုညတဝိမောက္ခဖြစ်ပုံ ...... ...... | ၁၁၅ |
| ၉၅။ | ဓောစိတ်သုံးချဖြစ်ပုံ ...... ...... | ၁၁၆ |
| ၉၆။ | နိုင်ငံကိုတရားသဖြင့်အုပ်စိုးသောမင်းဧကရာဇ်ကဲ့သို့ အနုလောမဉာဏ်ဖြစ်ပုံ ...... | ၁၁၆ |
| ၉၇။ | မဂ်ဉာဏ်သည်နိဗ္ဗာန်အာရုံပြု၍ကိလေသာပယ်ဖျက်ပုံ...... ...... ...... ...... | ၁၁၉ |
| ၉၈။ | တိမ်ကိလေသာသန့်ရှင်းမှလပြည့်ဝန်းကဲ့သို့နိဗ္ဗာန်မြင်ပုံ ...... ...... ...... ...... | ၁၂၀ |
| ၉၉။ | မဂ်ဉာဏ်ဖြင့်စွန့်ပစ်ပုံအမေး ...... ...... | ၁၂၁ |
| ၁၀၀။ | နာမ်ရုပ်သင်္ခါရတို့ကိုစွန့်ပစ်နိုင်မှဖြစ်နိုင်ပုံအဖြေ | ၁၂၂ |
| ၁၀၁။ | သုံးဆဲ့တဘုံထောင်ကြီးမှလွတ်ပုံ ...... | ၁၂၂ |
| ၁၀၂။ | ရဟန္တာအဖြစ်သို့ရောက်ကြောင်းကျင့်စဉ်ဖြစ်ပုံ | ၁၂၄ |

# မာတိကာ


| ဦးရေ | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁၀၃။ | အလှူဝတ္ထုကိုဘာဝနာပွါးလျှင်ဝန်ဆင်းရဲမှ လွတ်ပုံ ...... ...... ...... | ၁၂၆ |
| ၁၀၄။ | မဂ်ဉာဏ်တည်းဟူသောမီးထွက်သော်လည်း ဘာဝနာပွါးမှသံသရာစက်ပြတ်မည် ...... | ၁၂၈ |
| ၁၀၅။ | ယောဂီပုဂ္ဂိုလ်များသင်ကြားမှတ်သားရန် တိုက်တွန်းပုံ ...... ...... | ၁၃၀ |
| ၁၀၆။ | ကျမ်းနိဂုံး ...... ...... | ၁၃၁ |
| | **ကမ္မဋ္ဌာနဂဟဏဝိနိစ္ဆယ** | |
| ၁၀၇။ | သာသနာတော်ငါးစု-ရ၍ဘာဝနာပွါးရန် ကျင့်စဉ် ...... ...... | ၁၃၆ |
| ၁၀၈။ | ငွေမရှိတဲ့သူ—ငွေချေးမိသလို—ကမ္မဋ္ဌာန်း ဆရာထံသို့မကပ်နှင့် ...... ...... | ၁၄၀ |
| ၁၀၉။ | ချိန်ထောက်တိုင်းထွာသတိပြုရန် ...... | ၁၄၂ |
| ၁၁၀။ | သာသနာတော်ကို မထေမဲ့မြင်လုပ်ပါကကိုယ်လုံး ကျွတ်အောင်လောင်မည် ...... | ၁၄၅ |



# ဝိမုတ္တိရသကျမ်း

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

## ၁–ပဏာမနှင့်ပဋိညာဉ်

ပါဒမ္ဗုဇံ နမသိတွာ၊ ဝိမုတ္တိ မဓုဘာဇနံ။
မဓုဗ္ဗတ ဂဏာသေဝ္ပံ၊ ဝိမုတ္တိရသ မုတ္တမေ။ ။

ဝိမုတ္တိမဓုဘာဇနံ၊သံသရာဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်း ဖြစ်သော ဆယ်ပါးသော တရားတော်တည်းဟူသော ပန်းရက်၏ တည်ရာဖြစ်သော။ မဓုဗ္ဗတ ဂဏာသေဝ္ပံ၊ ဆယ်ပါးသော တရားဟူသော ပန်းရက်ကို သောက်စားသုံးဆောင်လိုကုန်သော ပိတုန်းအပေါင်း တည်းဟူသော အရိယာသံဃာတော်မြတ်တို့၏ မှီဝဲဆည်းကပ်ရာဖြစ်သော။ ပါဒမ္ဗုဇံ၊ မြတ်စွာဘုရား၏ ခြေတော်စုံဟူသော ပဒုမာကြာပန်းကို၊ နမသိတွာ၊ ရှိခိုးပြီး၍။ ဝိမုတ္တိရသံ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်ရာ လွတ်ကြောင်း ဝိမုတ္တိမည်သော တရားတော်တို့၏ အမြိုက် အရသာကို ဘော်ပြသောကြောင့် "ဝိမုတ္တိရသ"မည်သော ကျမ်းကို။ဥတ္တမေ၊ ပဟာပြောပေအံ့။

## ၂–သမ္ပတ္တိစက်အကြောင်းပြဆိုချက်

ဆရာမရှိ အလိုလို ခပ်သိမ်းသော တရားတို့ကို သယမ္ဘူ ဉာဏ်ဖြင့် သိသည်ကား– သုံးလူ့အထွဋ် မြတ်စွာဘုရားနှင့် အရှင်ပစ္စေကဗုဒ္ဓါတို့သာ ရှိသည်၊ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့မှုကား–သူတပါးဟောပြောသော ပရတောဃောသကင်း၍ မည်သည်ကိုမျှ မသိနိုင်ကြောင်းနှင့် ဟောတော်မူသည်၊ ထို့ကြောင့် မြတ်သောတရားကို ဟောပြောတတ်သူ သူတော်ကောင်းနှင့် ပေါင်းဘော်ခြင်း–သပ္ပုရိသသံသေဝကို အလိုရှိအပ်သည်ဖြစ်၍–

အသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ။

ဟူ၍ မင်္ဂလာတရားဦးတွင် ဟောတော်မူသည်၊ သူတော်ကောင်းကို ပေါင်းဘော်ရမည်, ဆည်းကပ်ရမည် ဆိုသည်မှာလည်း သူတော်ကောင်းတို့ကို ခစားရမည်, ပုဆိုးအဝတ်ဖွပ်၍ပေးရမည်,အမှုထမ်းရမည် ဆိုလိုသည်မဟုတ်၊သူတော်ကောင်းတို့ ပြောဟောသော တရားကို နာရမည် ဆိုလိုသည်၊ ထို့ကြောင့်–

အလံ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

ဝက္ကလိ၊ဝက္ကလိ–တော၊သင်အား။ဣမိနာပူတိကာယေနဒိဋ္ဌေန၊ဤငါဘုရား၏ ရုပ်ကောင်ပုပ်ကို ဖူးမြင်ခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အလံ၊တံတော့။ခေါ၊စင်စစ်။ယော၊အကြင်သူသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊သိမြင်အောင်ရှုကြည့်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးမြင်သည်မည်၏–ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် သူတော်ကောင်း ပညာရှိနှင့်ပေါင်းဘော်ရမည်– ပဌမ, ထိုပညာရှိဟောပြောသောတရားကိုနာရမည် ဒုတိယ, ထိုနာပြီးသောတရားကို ထုံးထွင်း၍ သိမြင်အောင် အကြိမ်ကြိမ်နှလုံး

သွင်းရမည်–တတိယ, ထိုသို့ နှလုံးသွင်းပြီးသော တရားအတိုင်း ကျင့်ရမည် စတုတ္ထ,ဟူသော သပ္ပုရိသသံသေဝ, သဒ္ဓမ္မသဝန, ယောနိသော မနသိကာရ, ဓမ္မာနုဓမ္မပဋိပန္န, ဤတရားလေးပါးတို့သည် မဂ်,ဖိုလ်တို့ကိုရကြောင်းဟူ၍ ဟောတော်မူသည်၊ယင်းသို့ သူတော်တရားကိုနာ၍ ကျင့်ဆောင်ရသောအကျိုးကို–

သန္တိ ရေဝ သမာ သေထ၊ သန္တိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

သန္တိရေဝ၊ သူတော်ကောင်းတို့နှင့် သာလျှင်။ သမာသေထ၊ ပေါင်းဘော် ကုန်ရာ၏။ သန္တိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ပရိယတ်, မဂ်,ဖိုလ်, နိဗ္ဗာန်ဟူသော သူတော်တရားကို။ အညာယ၊ သုတမယဉာဏ်, ဘာဝနာမယဉာဏ်တို့ဖြင့် သိ၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော သံသရာဝဋ်ဆင်းရဲအပေါင်းမှ။ ပမုစ္စတိ၊ အကြွင်းမရှိလွတ်၏-ဟူ၍ရင်း။ ။ တရံရောအခါ သက္ကတိုင်း၌ နေတော်မူစဉ်။–

ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယဿ၊ ယဒိဒံ ကလျာဏမိတ္တတာ, ကလျာဏသဟာယတာ, ကလျာဏ သမ္ပဝင်္ကတာတိ၊ မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ၊ သကလမေဝဟိဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ, ကလျာဏသဟာယတာ, ကလျာဏသမ္ပဝင်္ကတာ။

အရှင်အာနန္ဒာက-အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဘော်ခြင်းသည် မြတ်သော အကျင့်ဖြစ်သော ဗြဟ္မစရိယဟူသော မဂ္ဂင်ရှစ်ပါးကို ကျင့်၍ နိဗ္ဗာန်ရခြင်းသည် တဝက်ပြီးပေသည်-ဟု လျှောက်သည်တွင် အာနန္ဒာ ···· တဝက်ပြီးသည်ဟူ၍ မပြောနှင့်၊ အဆွေ ခင်ပွန်းကောင်းနှင့် ပေါင်းဘော်ရခြင်းသည် နိဗ္ဗာန် ရောက်ကြောင်းဗြဟ္မစရိယ အကျင့်၌ အလုံးစုံပြီးသည်ဟူ၍ရင်း–

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နော ဝါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော ဝါ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ ဘာဝနာ ယ ပါရိပူရိံ ဂစ္ဆတိ၊ ယဒိဒံ ဘိက္ခဝေ ကလျာဏ မိတ္တတာ။

ရဟန်းတို့·····မဖြစ်သေးသောအရိယမဂ်ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော အရိယမဂ်ကို ပွါးစေခြင်း၌ အဆွေ ခင်ပွန်းကောင်းကို ပေါင်းဘော်ရခြင်းမှတပါး တစုံတခုသော တရားကိုမျှ ငါဘုရား မြင်တော်မမူပြီ—ဟူ၍ရှင်း ဟောတော်မူသည်။

ဤအဆွေခင်ပွန်း ကောင်းနှင့် ပေါင်းဘော်ခြင်းသည် သမ္ပတ္တိစက်လေးပါးတို့တွင် တပါးအဝင်ဖြစ်သောကြောင့် လောကုတ္တရာ အကျိုးကိုသာ ပြီးစေနိုင်သည် မဟုတ်၊ လောကီအကျိုးကိုလည်း အလိုရှိရာ ပြီးစေနိုင်ကြောင်း, ရှေးကဖြည့်ဆည်း ဘူးသော ကုသိုလ်ကံသည်လည်း ဤသမ္ပတ္တိစက်လေးပါးနှင့် ကြုံမှ အခွင့်ပေး၍ အကျိုးခံစားရကြောင်းနှင့်လည်း ဟောတော်မူသည်။

(ဤ၌သပ္ပုရိသ ကလျာဏမိတ္တ ဟူသည်ကား— မြတ်စွာဘုရားကစ၍ ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက, ကလျာဏပုထုဇ္ဇန် တိုင်အောင် သူတော်တရားကို ဟောပြောတတ်သောသူတို့ကို ယူလေ။)

ဤသို့ ဟောတော်မူသည့်အတိုင်း မဂ်,ဖိုလ်,နိဗ္ဗာန်, ချမ်းသာ, လူ,နတ်,ဗြဟ္မာတို့၏ချမ်းသာရှိသမျှကိုပင် အဆွေခင်ပွန်းကောင်း နှင့် ပေါင်းဘော်ခြင်းကို ကင်း၍ ရသောသူမည်သည် တစုံ တယောက်မျှ မရှိ၍ ဤအဆွေ ခင်ပွန်းကောင်းနှင့် ပေါင်း၍ ရ သော အကျိုးကို အပြစ်အားဖြင့် ယုတ်မာသော အဆွေခင်ပွန်း နှင့် ပေါင်းဘော်ခြင်း၏ အပြစ်ကိုလည်း သိအပ်သည်၊ ထို့ ကြောင့် ဤဘဝ-မဂ်,ဖိုလ်ရမည့်သူ ဖြစ်သော အဇာတသတ်မင်း, မဟာဓနသူဌေးသားတို့ သော်လည်း ဒေဝဒတ် အစရှိသော၊ ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းဘော်မိသောကြောင့် မဂ်,ဖိုလ်ပဲသော ချမ်းသာကြီးမှ ရှုံးခြင်းကြီးရှုံး၍ အပါယ်လေး

ပါးသို့ ကျရောက်ရလေသည်၊ မင်္ဂ,ဖိုလ်မရနိုင်, သံသရာဝဋ်ဆင်း ရဲ၌ ခံရသောသူ-ဟူသမျှသည် အဆွေခင်ပွန်း ကောင်းကို မရ သောကြောင့် ဖြစ်သည်ချည်း မှတ်အပ်သည်။

## ၃-ပညာရှိ-ပညာမဲ့အကျိုးအပြစ်

ပညာရှိ သူတော်ကောင်းနှင့် ပေါင်းဘော်ခြင်းသည် ဆိုခဲ့ ပြီးသည့်မျှလောက် အကျိုးကြီးသောကြောင့်ရင်း, လူမိုက်နှင့် ပေါင်းဘော်ခြင်းသည် များစွာ အပြစ်ရှိသောကြောင့်ရင်း—

သေယျော အမိတ္တော မေဓာဝီ၊ ယဉ္စေဗာလာနုကမ္ပကော။

ဟူ၍ဟောတော်မူသည်။

အမိတ္တော၊ ရန်သူဖြစ်သော။ မေဓာဝီ၊ ပညာရှိသည်၊ သေ ယျော၊မြတ်၏။အနုကမ္ပကော၊ ချစ်ခင်စုံမက်သည့် အဆွေခင်ပွန်း ဖြစ်သော။ ဗာလော၊လူမိုက်သည်။ ယဉ္စေသေယျော၊မမြတ်သည် သာလျှင်တည်း။

ဤ၌အဓိပ္ပါယ်ကား—ပညာရှိ ရန်သူကို ပေါင်းဘော်ခြင်းသည် မြတ်၏၊ လူမိုက်အဆွေခင်ပွန်းကို ပေါင်းဘော်ခြင်းသည် ယုတ် ၏-ဟု ဆိုလိုသည်၊ ထိုစကားသည်မှန်၏၊ မိုက်သော အဆွေခင် ပွန်းသည် အကျိုးရှိမည်ထင်မှတ်၍ အကျိုးမဲ့ကိုပြုလုပ်သဖြင့် အ ပြုခံရသော အဆွေခင်ပွန်း၌ အကျိုးများစွာ ယုတ်တတ်သည်၊ ပညာရှိသောသူသည် ရန်သူကိုပင် ဖြစ်သော်လည်း ရန်တုံ့မူခြင်း ၌ ရန်ပွါး၍ ရန်မငြိမ်းနိုင်ခြင်း အပြစ်ကို မြင်သောကြောင့် သေ ကြေပျက်စီးအောင် မပြုနိုင်-ဟူ၍ မှတ်အပ်သည်။

ယင်းသို့ သူတော်တရားကို သိ၍ ခပ်သိမ်းသော ဆင်းရဲအ ပေါင်းမှ အကြွင်းမရှိလွတ်၏-ဟု အစရှိသဖြင့် ဟောတော်မူသော သူတော်ကောင်းနှင့် ပေါင်းဘော်ရခြင်း အကျိုးအတိုင်း အကျဉ်း အားဖြင့် ပဋိစ္စသမုပ္ပါဒ်ဟူသော သံသရာဝဋ်ဆင်းရဲမှ ထွက် မြောက်ကြောင်းတရားကို ဇေန်မုချ ပညာရှိ သပ္ပုရိသဖြစ်သော

ဖြတ်စွာဘုရားသည် ဟောတော်မူသော ဆိုလတံ့သော နည်းကို သေချာစွာ မှတ်သားကျင့်ဆောင်အပ်သတည်း။

သမ္ပတ္တိစက်အကြောင်းပြီးပြီ။

## ၄-ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံပြဆိုခန်း

ဤ၌ သံသရာဝဋ်ဆင်းရဲဟူသော ပဋိစ္စသမုပ္ပါဒ် ဟူသည် ကား-အဝိဇ္ဇာအစရှိသော အကြောင်း တရားတည်း၊ထို့ကြောင့်-

ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာ,မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခ က္ခန္ဓဿ သမုဒယော ဟောတိ၊အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါတိ။

ဟူ၍ ဟောတော်မူသတည်း။

## ၅-ပဋိစ္စသမုပ္ပန်တရား

ဇရာ,မရဏ အစရှိသော အကျိုးတရားတို့သည် ပဋိစ္စသမုပ္ပန် မည်ကုန်၏။ ထို့ကြောင့်-

ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ၊ ဇရာ မရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ၊ ဇာတိ ဘိက္ခဝေ(လ)ဘဝေါ-ဥပါဒါနံ-တဏှာ-ဝေဒနာ-ဖဿော-သဠာယတနံ-နာမရူပံ-ဝိညာဏံ-သင်္ခါရာ၊ အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ

သဒ္ဓိတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ဇရာမရဏံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာတိ။ ဟူ၍ဟောတော်မူသည်။

---

## ၆–ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်ပုံ

အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကြောင့် သင်္ခါရအစရှိသော အကျိုးတရားတို့ ဖြစ်ပုံကား- မောဟစေတသိက်ဟူသော အဝိဇ္ဇာရှိသော ပုဂ္ဂိုလ်သည် အဝိဇ္ဇာရှိသောကြောင့် ဇာတိ,ဇရာ, မရဏအစရှိသော များစွာသော အပြစ်တို့နှင့် ရောရှက်သော ကုသိုလ်အကျိုးဟူသော ဆင်းရဲဒုက္ခကို ဒုက္ခမှန်းမသိ၊ သုခထင်မှတ်၍ ထိုကုသိုလ်အကျိုးကို ရအောင် ကုသိုလ်ကံဟူသော "ပုညာဘိသင်္ခါရ"ကို ပြုမိသောကြောင့် နတ်သွီးကို လိုချင်၍ လိုက်သဖြင့် သဲကမ်းပါး၌ ကျသော လူမိုက်ကဲ့သို့ ကုသိုလ်အကျိုး ဟူသော သံသရာဝဋ်ဒုက္ခ၌ ကျလေ၏။

ချမ်းသာဟု-သမုတ်အပ်သော ဤကုသိုလ်အကျိုး၏ အဆုံး၌ များစွာသော ကိလေသာဟူသော ပူလောင်ခြင်းကို ဖြစ်စေတတ်သော မမြဲသော ကာမဂုဏ်ချမ်းသာ သဘောဖြစ်၍ ဝိပရိဏာမဒုက္ခ၏ အပြစ် အနည်းငယ်မျှ သာယာရန်, တပ်မက်ရန် မရှိသည်၏ အပြစ်ကို အဝိဇ္ဇာဖုံးလွှမ်း၍ မမြင်သောကြောင့် ထိုကာမဂုဏ်ချမ်းသာကို ရကြောင်းဖြစ်သော ကုသိုလ်"ပုညာဘိသင်္ခါရ" ကို ပြုမိ၍ မီးတောက်၏အရောင်အလင်းကို တပ်သောကြောင့် မီးတောက်၌ ဆင်းသော နှံကောင်,ပလူကောင် ကဲ့သို့ရင်း, ပျားရည်ပေါက်ကို တပ်မက်၍ သန်လျက်သွား၌ ပျားရည်ကို လျက်မှားသော သူကဲ့သို့ရင်း,ပတိုင်းပျားကို စားမိသော သူကဲ့သို့ရင်း, ကုသိုလ်"ပုညာဘိသင်္ခါရ"အကျိုးကို ရသဖြင့် သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ရလေ၏။

## ၇–အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ပုံ

အဝိဇ္ဇာနှင့် ယှဉ်သော ကိလေသာနှိပ်စက် တိုက်တွန်းသော ကြောင့် ကာမဂုဏ်ချမ်းသာကို ခံစားခြင်း,အကုသိုလ်ကို ပြုခြင်း တို့၌ မရှောင်ကြဉ်နိုင်, အပြစ်ကို မမြင်နိုင်သည်ဖြစ်၍ ကာမဂုဏ် ချမ်းသာ အကုသိုလ် "အပုညာဘိသင်္ခါရ"ကိုပြုမိ၍ အဆင်း,အ တွေ့ကောင်းသောကြောင့် မစင်ကို ကျုံးယူပြီးလျှင် ကစားသော သူငယ်ကဲ့သို့ရင်း,သေလိုသောကြောင့် အဆိပ်ကို စားသော ကြိုး ဆွဲချသောသူတို့ကဲ့သို့ရင်း,အကုသိုလ်ဖြစ်သော"အပုညာဘိသင်္ခါ ရ" အကျိုးကို ရ၍ သံသရာ ဝဋ်ဆင်းရဲ၌ ကျင်လည်ရလေ၏၊ အ ရူပဝိပါက်အကျိုးတို့၌ အရူပဗြဟ္မာအဖြစ်သည် မမြဲသောကြောင့် သင်္ခါရဒုက္ခ,ဝိပရိဏာမဒုက္ခအဖြစ်ကို မသိရ၍ ဤအရူပဗြဟ္မာအ ဖြစ်ကိုပင် မြဲ၏ဟု-ယူခြင်းအစရှိသော ဖောက်ပြန်ခြင်းဖြင့် အရူ ပါဝစရ ဈာန်-ဟူသော"အာနေဉ္စာဘိသင်္ခါရ"ကို ရအောင် အား ထုတ်သဖြင့် ပြုမိ၍ လမ်းမှားသော သူသည် ဝိသာစက-ဘီလူးတို့ ၏ မြို့သို့ ရွှေ့ရှု သွားရောက်မိသကဲ့သို့ အရူပဗြဟ္မာဘုံ၌ ဖြစ်၍ သံ သရာဝဋ်ဆင်းရဲမှ မလွတ်ပြန်လေသတည်း။

---

## ၈–အဝိဇ္ဇာကြောင့်-ပုည-အပုညဖြစ်ပုံ-ရှင်းလင်းချက်

ဤ၌ အဝိဇ္ဇာဟူသော အကုသိုလ်ကြောင့်"အပုညာဘိသင်္ခါရ" ဖြစ်ခြင်း မှုကား–အကုသိုလ်ချင်း ဖြစ်၍ အကျိုး အကြောင်း သင့် လျော်၏၊ အကုသိုလ် အဝိဇ္ဇာကြောင့် သဘောခြင်း-အကျိုးပေး မတူသောကုသိုလ်"ပုညာဘိသင်္ခါရ-အာနေဉ္စာဘိသင်္ခါရ"တို့ဖြစ် ခြင်းသည်ကား-အကြောင်းနှင့် အကျိုး မသင့်လျော်ကြပါတကား ဟူမူ- မြေကြီးနှင့် ရေသည် မွှေးသော အနံ့ ချိုခြင်း, ခါးခြင်း,စပ် ခြင်း အစရှိသော အရသာ အထူးမရှိသော်လည်း အနံ့မျိုးစုံ, အရသာမျိုးစုံရှိသော ပန်းပင်မျိုး, သစ်သီးပင်မျိုးတို့၏ အကြောင်း

ဖြစ်သကဲ့သို့၊ အဝိဇ္ဇာဟူသော မောဟသည် ကုသိုလ်,အကုသိုလ်-ဟူသော သင်္ခါရမျိုးစုံတို့၏ အကြောင်းဖြစ်သည်။

## ၉–သင်္ခါရကြောင့်–ဝိညာဉ်ဖြစ်ပုံ

ကုသိုလ်,အကုသိုလ်ကို ပြုမိသော သူသည် ကိုယ်ဝန်ဆောင်သော မိန်းမသည် ဧကန် ဘွားရသကဲ့သို့ ကုသိုလ်, အကုသိုလ်ကံအားလျော်စွာ ပဋိသန္ဓေတည်သည်ဖြစ်၍ အဟိတ်ဝိပါက်တဆဲ့ငါးခု, မဟာ ဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု-ဟူကုန်သော သုံးဆဲ့ နှစ်ခုကုန်သော ဝိပါက် ဝိညာဉ် တို့သည် ဖြစ်ကြကုန်၏၊ ဤသို့ ဖြစ်ရာ၌လည်း ဘုံအားလျော်စွာ အရူပဘုံ၌ ဝိညာဉ်-ဟူသော နာမ်ချည်းဖြစ်၏၊အရူပဘုံ,အသညသတ်ဘုံတို့မှ ကြွင်းသောဘုံတို့၌ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်နှင့်တကွ ဝိညာဉ်ဖြစ်၏။ အသညသတ်ဘုံ၌ကား-ရုပ်ပဋိသန္ဓေ သက်သက် ဖြစ်၏။

## ၁၀–ဝိညာဉ်ကြောင့် နာမ်-ရုပ်ဖြစ်ပုံ

ဤ ပဋိသန္ဓေ ဝိညာဉ်, ပဝတ္တိ ဝိညာဉ် ဟူသော အကြောင်းကြောင့် ထိုဝိညာဉ်နှင့် သမ္ပယုတ်ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ ဟူသော နာမ်သည်ရင်း, အညမညအစရှိသော ပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုသော ပဋိသန္ဓေအခါ, ပဝတ္တိအခါရကောင်းသော ရုပ်တို့သည်ရင်း, ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏၊ ထို့ကြောင့်–

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ-ဟူ၍ ဟောတော်မူသတည်း။

## ၁၁–နာမ်-ရုပ်ကြောင့် သဠာယတန-သဠာယတနကြောင့် ဖဿဖြစ်ပုံ

သစ်ပင်မှ အကိုင်းအခက် ပေါက်သကဲ့သို့ ပဋိသန္ဓေအခါဖြစ်သော နာမ်,ရုပ်မှ စက္ခု,သောတစသော အဇ္ဈတ္တာယတနခြောက်ပါးတို့သည် ဖြစ်ကုန်၏။

အဇ္ဈတ္တာယတန ခြောက်ပါးရှိသော သူသည် ဗာဟိရာယတန ခြောက်ပါးနှင့် တိုက်ဆိုင်မိသဖြင့် စက္ခုသမ္ဖဿ- အစရှိသော ဖဿစေတသိက်တို့သည် ဖြစ်ကြကုန်၏။ ထို့ကြောင့်။

စက္ခုံစပဋိစ္စ ရူပေစဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊လ၊မနဉ္စပဋိစ္စ ဓမ္မေစဉပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော-ဟူ၍ဟောတော်မူသည်။

မီးမှန်နှင့် တွေ့လျှင် မီးထွက်သကဲ့သို့ တီးခတ်သော လက်,လှံ ကန်တို့နှင့် ဆိုင်း, ခေါင်းလောင်း အစရှိသော ဝတ္ထုတို့ကို ခိုက် တိုက်မိကြလျှင် အသံဖြစ်ကြသကဲ့သို့ အဇ္ဈတ္တာယတန ခြောက် ပါးနှင့် ဗာဟိရာယတနခြောက်ပါး ဆိုင်မိကြလျှင် စက္ခုအစရှိ သော ဝိညာဉ်ဖြစ်၏၊ ထိုဝိညာဉ်နှင့် သမ္ပယုတ် ဖြစ်သော စေ တသိက် သဘောသည် ဖဿဖြစ်၏၊ စိတ်နှင့် စေတသိက်သည် ဧကုပ္ပါဒ, ဧက နိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုက ဖြစ်သော ကြောင့်, ဝိညာဉ်ဖြစ်လျှင် ဖဿဖြစ်သည်၊ ချဉ်သီး စားသည်ကို မြင်သောသူ, သစ်ပင်ဖျား၌ ကျလုလုနေသောသူတို့ကို မြင်သော သူတို့၌ သွားရည်ယိုခြင်း, ဒူးတုန်ခြင်းဖြစ်သော အခါတို့၌ အာရုံ နှင့် ဖဿတွေ့ထိခြင်း ထင်ရှားသည်။

---

## ၁၂–ဖဿကြောင့်-ဝေဒနာဖြစ်ပုံ

ထိုဖဿသည် အာရုံနှင့် တွေ့တတ် ထိတတ်သောသဘောဖြစ် သောကြောင့် အရေမရှိသော နွားကဲ့သို့ရင်း, အသားနု တက်ဆဲ သော အနာကဲ့သို့ရင်း, မှတ်အပ်သည်၊ထိုအရေမရှိသောနွား, အ သားနုတက်ဆဲသောအနာတို့သည် လေ,နေပူအစရှိသော ထိခိုက် ရန်ရှိသမျှသည် အခြားကိုမထိ၊ ဤအရေမရှိသော နွား, အသားနု ကိုချည်း ထိခိုက်သည်၊ထိခိုက်တိုင်းလည်း သုခ,ဒုက္ခဖြစ်သကဲ့သို့ ဖဿကြောင့် ဝေဒနာဖြစ်သည်ကို မှတ်အပ်၏။

## ၁၃–ဝေဒနာကြောင့်တဏှာဖြစ်ပုံ

သုခဝေဒနာကိုခံစားရသောသူသည် ခံစားရသော သုခဝေဒနာနှင့် တူသည်ကိုရင်း,ထိုထက် သာလွန်သည်ကိုရင်း,အလိုရှိသောကြောင့် ထိုဝေဒနာ၌ တပ်ခြင်းတဏှာသည် ဖြစ်၏၊ ဒုက္ခဝေဒနာကို ခံစားရသောသူသည် ခံစားရသောဝေဒနာမှ တပါး ချမ်းသာခြင်း-သုခဝေဒနာကို အလိုရှိသောကြောင့်တဏှာဖြစ်၏၊ဥပေက္ခာဝေဒနာမူကား-သုခသဘောပင်ဖြစ်၏။

---

## ၁၄–တဏှာကြောင့်ဥပါဒါန်ဖြစ်ပုံ

ထိုတဏှာရှိသောသူသည် တဏှာဖြင့် ကြံစည်ရှာမှီး၍ရသော ရွှေ,ငွေစသောဝတ္ထုကာမတို့ကို ငါ့ဟာ, ငါ့ဥစ္စာ-ဟူ၍ မဲမဲသဲသဲ စွဲလမ်း သိမ်းဆည်းခြင်း,လူ,လက်နက်တို့ဖြင့် စောင့်ရှောက်ခြင်း, ကာမုပါဒါန်ဖြစ်၏။

ကာမဂုဏ်ကို ခံစားခြင်း၌ အပြစ်ရှိသည်ကိုမသိသောကြောင့် တဏှာတိုက်တွန်းသမျှ အလိုရှိတိုင်း ကာမစည်းစိမ်,တိုက်, အိမ်, နေရာ,အစား, အသောက်, အသုံးအဆောင်တို့ကို နှောင်တမလွန် မငဲ့ကွက်၊ ခံစား သုံးဆောင်သော မိစ္ဆာဒိဋ္ဌိတို့အပြုအမူကို တဏှာဖြင့် တပ်မက်မော၍ ပြုကျင့်သဖြင့် ဒိဋ္ဌုပါဒါန်ဖြစ်၏။

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မြတ်သော အရိယာမဂ်တည်းဟူသော မဇ္ဈိမပဋိပဒါဖြစ်သော မဂ္ဂင်ရှစ်ပါးကို မသိသောသူတို့ ဝဋ်ဆင်းရဲမှ လွတ်ခြင်းငှာ ကိုယ်,စိတ် အလွန် ပင်ပန်းသော ပဉ္စာတပအကျင့်, လက်ကိုမြှောက်၍ နေရသော အကျင့်, မီးပုံဆင်းရသော အကျင့်, ဟုန်းပူဇော်ခြင်း, ယစ်ပူဇော်ခြင်း အစရှိသောအကျင့်တို့ကို ဉာဏ်မျက်စိဖြင့်မကြည့်၊တဏှာဖုံးလွှမ်းသည်ဖြစ်၍ ဤအကျင့်ဖြင့် အကောင်းဆုံးသော အကျိုးကို ရလိမ့်မည်ဟု-ဟောပြောသောမိစ္ဆာဒိဋ္ဌိတို့စကားကိုနာယူသဖြင့်၊ပေးလတ္တံ့သော အကျိုးကို တပ်မက်မော၍ အံ့ဘွယ်သရဲသော အကျင့်ဖြစ်

ပေသည်, အကျိုးကြီးပေးလောက်ပေသည်ဟု- ဂေါသီလ, ဂေါဝတ အစရှိသည့်တို့ကိုကောင်း၏ဟု-စွဲလမ်းခြင်းသီလဗ္ဗတုပါဒါန် ဖြစ်၏။

ဤခန္ဓာငါးပါး တပ်မက် နှစ်သက်သောကြောင့် အနှစ်သာရ ဟူသော-အတ္တရှိ၏-ဟူသော အတ္တဝါဒုပါဒါန်သည်ဖြစ်၏။

## ၁၅—ဥပါဒါန်ကြောင့်ဘဝ-ဘဝကြောင့် ဇာတိ-ဇာတိကြောင့်ဇရာစသည်ဖြစ်ပုံ

ဤဥပါဒါန်တရားလေးပါး ရှိသောသူသည် အဝိဇ္ဇာရှိသောသူ ကဲ့သို့ မပြုသင့်သော ကုသိုလ်, အကုသိုလ် တို့ကို ပြုမိသော ကြောင့် ကမ္မဘဝသည်ဖြစ်၏။

ကုသိုလ်, အကုသိုလ် ရှိသောသူသည် ဆိုခဲ့ပြီးသည့် အတိုင်း ပဋိသန္ဓေနေခြင်း, ဘဝသစ်၌ဖြစ်ခြင်း- ဥပပတ္တိဘဝဇာတိတို့သည် ဖြစ်ကုန်၏။

ထွက်သောနေသည် မုချဝင်ရသကဲ့သို့ ပဋိသန္ဓေနေရသော သတ္တဝါသည် အိုခြင်း, သေခြင်း, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ အစရှိသော ဆင်းရဲ အပေါင်းတို့သည် ဖြစ်၍ တွေဝေမိန်းမောခြင်း အဝိဇ္ဇာဘဝ,ထိုဆင်းရဲမှ လွတ်လို၍ ချမ်းသာကို တောင့်တခြင်း ကာမာသဝ,ဘဝသစ်ကို အလိုရှိခြင်း ဘဝါသဝ,စွဲလမ်းမိရာ မှားသော အယူကို ယူမိခြင်း ဒိဋ္ဌာသဝ တို့သည်ဖြစ်၍ကုသိုလ်,အကုသိုလ်တို့ကို ပြုမိခြင်းသင်္ခါရ တို့သည် ဖြစ်ပြန်သဖြင့် သံသရာစက်သည် မပြတ်နိုင်ဘဲ လည်ရလေ၏။

## ၁၆—ပဋိစ္စသမုပ္ပါဒ်-အလွှာ-အစပ်-အစွန်းကိုပြဆိုခြင်း

အဝိဇ္ဇာနှင့် သင်္ခါရ နှစ်ပါးတို့သည် အတိတ်ဘဝက တရား ဖြစ်၏၊ အဝိဇ္ဇာသည် မောဟ စေတသိက်ဖြစ်၍ အလုံးစုံသော အကုသိုလ် စိတ်နှင့် ယှဉ်သောကြောင့် ဤအဝိဇ္ဇာနှင့် တဏှာ, ဥပါဒါန်တို့သည် အတူဖြစ်မြဲ၊ သင်္ခါရ ဟူသည်-ကုသိုလ်, အ

ကုသိုလ်ပင် ဖြစ်သောကြောင့် ကမ္မဘဝနှင့် ထပ်တူဖြစ်သည်၊ အမည်မျှသာ လွဲသည်၊ထို့ကြောင့် အဝိဇ္ဇာသင်္ခါရကို ဟောတော်မူသဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုလည်း ဟောပြီးဖြစ်၍ အတိတ်၌ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝဟူ၍ အကြောင်းငါးပါးဖြစ်သဖြင့် အလွှာတထပ်၊ ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ,ဝေဒနာတို့ကို ဟောတော်မူသဖြင့် ဥပပတ္တိဘဝ, ဇာတိတို့သည်လည်း ဝိညာဉ်, နာမ်ရုပ်တို့ပင် ဖြစ်သောကြောင့်၎င်း, ဇရာ,မရဏသည် ဝိညာဉ်, နာမ်ရုပ်တို့၏ အိုခြင်း, ပျက်ခြင်းမျှပင် ဖြစ်သောကြောင့်၎င်း ဟောတော်မူပြီး ဖြစ်၍ ပစ္စုပ္ပန်၌ ဝိညာဉ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာဟူသော အကျိုး ငါးပါးဖြစ်သော အလွှာတထပ်၊ ထို အတိတ် ဖြစ်သော သင်္ခါရနှင့်ပစ္စုပ္ပန်ဖြစ်သော အကျိုးဝိညာဉ်၏ အကြားတွင် အစပ် တခု၊တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ဖြင့်အဝိဇ္ဇာ,သင်္ခါရတို့ကိုယူ၍ ပစ္စုပ္ပန်တွင် အကြောင်းငါးပါးဟူသော အလွှာတထပ်၊ ဝေဒနာ ဟူသော ပစ္စုပ္ပန်အကျိုးနှင့် တဏှာဟူသော ပစ္စုပ္ပန်အကြောင်း အကြားတွင် အစပ်တခု၊ ဥပပတ္တိဘဝ, ဇာတိ,ဇရာ,မရဏတို့ဖြင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ယူ၍ အနာဂါတ်၌ အကျိုးငါးပါး ဖြစ်သောအလွှာတထပ်၊ ထိုပစ္စုပ္ပန် အကြောင်း ကမ္မဘဝနှင့် အနာဂါတ်အကျိုး ဇာတိအကြားတွင် အစပ်တခု၊ ဤသို့အလွှာလေးထပ်,အစပ်သုံးခု, အခွန့်သုံးပါးတို့ကို လည်း သိအပ်ကုန်၏၊ ဗာလပုဂ္ဂိုလ်ကိုစွဲ၍ အဝိဇ္ဇာ, ပဏ္ဍိတ ပုဂ္ဂိုလ်ကိုစွဲ၍ တဏှာတို့သည် သံသရာစက်၏ အမြစ်မူလဖြစ်သည်ကိုလည်း သိအပ်၏။

ပဋ္ဌိစ္စသမုပ္ပါဒ်စက်လည်ပုံပြီးပြီ။

## ၁၇–ပဋ္ဌိစ္စသမုပ္ပါဒ်စက်ပြတ်ပုံကိုပြဆိုခဏ်း

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း သံသရာဝဋ်ဆင်းရဲ ဟူသော ပဋ္ဌိစ္စသမုပ္ပါဒ်ကို သိအောင်မှတ်သားကြည့်ရှု၍ ဆင်ခြင်စဉ်းစား

သည့်ရှိသော် ဤဘုံသုံးပါးလောကဟူသော ပဒိုစ္စသမုပ္ပါဒ်သံသ
ရာစက်သည့် ဆင်းရဲအတိသာ ဖြစ်၏ဟု သိမြင်လိမ့်မည်၊ ထို့
ကြောင့်–

ဝေမေတသာကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော
ဟောတိ။

ဟူ၍ဟောတော်မူသည်။

ဤ၌အဓိပ္ပာယ်ကား–ဝေံ၊ဤသို့ ဆိုခဲ့ပြီးသော နည်းအတိုင်း။ကေ-
ဝလဿ၊ ချမ်းသာနှင့်မရောသော။ဝါ၊ သုံးဆဲ့တဘုံကုန်အောင်စုံ
သော။ဧတဿဒုက္ခက္ခန္ဓဿ၊ဤဆင်းရဲအစု၏။ ဝါ၊ဆင်းရဲအတိတုံး
ကြီး၏။ သမုဒယော၊ ထွက်ခြင်းတက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

ရွှေတုံးငွေတုံး ဆိုသကဲ့သို့ ချမ်းသာဟူသော အခေါင်းမရှိ၊
ဆင်းရဲသက်သက် အခေါင်းပိတ် ဆင်းရဲတုံးကြီး ဆိုလိုသည်၊
ဤသံသရာစက်ဟူသော ပဒိုစ္စသမုပ္ပါဒ်ကို စေ့စေ့ဆင်ခြင်သည်
ရှိသော် ကုသိုလ်ကံကို ပြုလျှင်လည်း''ပုညာဘိသင်္ခါရ,အာနဉ္စာ
ဘိသင်္ခါရ''ဖြစ်၍ သံသရာစက်မှ မလွတ်၊ အကုသိုလ်ကံကိုပြု
လျှင်လည်း''အပုညာဘိသင်္ခါရ''ဖြစ်၍ သံသရာစက်မှ မလွတ်၊
ဤသို့ သံသရာစက်မှလွတ်ရာ လွတ်ကြောင်းသည် မရှိနိုင်ဟု
သိမြင်လိမ့်မည်၊ ဤဘုံသုံးပါး၌ သတ္တဝါတို့သည် သံသရာစက်
မှ လွတ်ရာ လွတ်ကြောင်းကို မသိ၍ ထင်ယောင်ထင်မှား လူ
ကာလာ်း လမ်းသွား ရံခါကုသိုလ်ကိုပြုမိ ရံခါအကုသိုလ်ကို ပြုမိ
သဖြင့် သံသရာစက်၌ သုဂတိဘုံ,ဗြဟ္မာ့ဘုံဟူသော အထက်,
အပါယ်လေးဘုံဟူသောအောက်, အပြန်အလှန် လည်ကြသည်ကို
လည်း သိမြင်လိမ့်မည်။ ထို့ကြောင့်–

**၁၈–ဝိသုဒ္ဓိမဂ်-သမ္မောဟဝိနောဒနီ-အဋ္ဌကထာတို့၌–**

ယထာပိနာမဇစ္စန္ဓော၊ နရောအပရိနာယကော။
ဧကဒါယာတိမဂ္ဂေန၊ ကုမ္မဂ္ဂေနာပိဧကဒါ။ ။
သံသာရေသံသရံဗာလော၊ တထာအပရိနာယကော။
ကရောတိဧကဒါပုညံ၊ အပုညမပိဧကဒါ။ ။

ယဒါစဉတွာသောဓမ္မံ။ သစ္စာနိအဘိသမေဿတိ၊
တဒါအဝိဇ္ဇူပသမာ၊ ဥပသန္တောစရိဿတီတိ။

ဤ၌အဋ္ဌကထား—ဓဋ္ဌန္တော၊ ဝမ်းတွင်းကာဏ်းဖြစ်သော။ အပရိနာယကော၊ လမ်းညွှန်လမ်းပြ မရှိသော၊ နရော၊ လူသည်။ ကဒါ၊ တရံတခါ။ မဂ္ဂေန၊ မှန်သောလမ်းဖြင့်။ အပိနာမ ယာတိယထာ၊ သွားသကဲ့သို့ရှိရင်း။ ကဒါ၊ တရံတခါ။ ကုမ္မဂ္ဂေနာပိ၊ မှားသောလမ်းဖြင့်လည်း။ အပိနာမ ယာတိယထာ၊ သွားသကဲ့သို့ရှိရင်း။

တထာ၊ ထို့အတူ။ အပရိနာယကော၊ မြတ်စွာဘုရားအစရှိသော သံသရာစက်မှ ထွက်မြောက်သော လမ်းကို ညွှန်ပြတတ်သူ မရှိသော။ သံသာရေ၊ သံသရာစက်တည်းဟူသော ပဋိစ္စသမုပ္ပါဒ်၌။ သံသရံ၊ ကျင်လည်သော။ ဗာလော၊ သံသရာစက်မှ ထွက်မြောက်ကြောင်းကို မသိသော အန္ဓပုထုဇ္ဇန်သည်။ ကဒါ၊ တရံတခါ။ ပုညံ၊ ကုသိုလ်ပုညာဘိ သင်္ခါရကို။ ကရောတိ၊ ပြုမိ၏။ ကဒါ၊ တရံတခါ။ အပုညမပိ၊ အကုသိုလ်အပုညာဘိ သင်္ခါရကိုလည်း။ ကရောတိ၊ ပြုမိလေ၏။

ယဒါ၊ အကြင်အခါ၌။ သော၊ ထိုအန္ဓပုထုဇ္ဇန်ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ ဟောပြောသော သံသရာစက်မှ ထွက်မြောက်ကြောင်းတရားကို။ ဉတွာ၊ သိပြီး၍။ သစ္စာနိ၊ သစ္စာလေးပါးတရားတို့ကို။ အဘိသမေဿတိ၊ ထိုးထွင်းသိမြင်သည်ဖြစ်ငြားအံ့။ တဒါ၊ ထိုအခါ၌။ အဝိဇ္ဇူပသမာ၊ ဝိပဿနာပညာ, မဂ်ပညာ ဟူသော အဝိဇ္ဇာရောက်သည်ဖြစ်၍ အဝိဇ္ဇာပျောက်သောကြောင့်။ ဥပသန္တော၊ သံသရာစက်ပြတ်သည်ဖြစ်၍ အလွန်ငြိမ်းချမ်းသည်။ စရိဿတိ၊ဖြစ်လတ္တံ့။ ဣတိ၊ဤသို့ မှတ်အပ်၏-ဟူ၍မိန့်ဆိုလေသတည်း။

ဤသို့ လူကာဏ်းလမ်းသွားထင်ယောင်ထင်မှား သံသရာစက်၌ ရောက်လိုရာရောက်၍ ကျင်လည်မျောပါးသော သတ္တဝါတို့ကို မြင်တော်မူသဖြင့် မဟာကရုဏာတော်သည် တိုက်တွန်းနှိုးဆော်

အပ်သည်ဖြစ်၍ ဒိပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ဗျာဒိတ်တော်သို့ ရောက်ပြီးသော မင်္ဂ,ဖိုလ်,စည်းစိမ် နိဗ္ဗာန်ချမ်းသာတို့ကို စွန့်လွှတ်တော်မူပြီး၍ သံသရာစက်၌ မျောပါးသော သတ္တဝါတို့ကို ဤပဋိစ္စ သမုပ္ပါဒ်ဟူသော သံသရာစက်မှ ထွက်မြောက်ကြောင်းလမ်းကို ဟောပြောပြသတော် မူနိုင်အောင် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး မရေမတွက်နိုင်၊ ကိုယ်တော် စိတ်တော်တို့၏ ပင်ပန်းခြင်းကို ခံတော်မူပြီးမှ ထိုးထွင်း၍ သိမြင်တော်မူသော သံသရာစက်ပဋိစ္စသမုပ္ပါဒ်မှ ထွက်မြောက်ကြောင်း တရားတော်ကို—

## ၁၉—စတုက္ကနိပါတ် အင်္ဂုတ္တရ ပါဠိတော်၌—

စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ မယာ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒိတာနိ၊ ကတမာနိ စတ္တာရိ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှံ,ကဏှဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ သုက္ကံ, သုက္က ဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှ သုက္ကံ, ကဏှသုက္က ဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ အကဏှ အသုက္ကံ, အကဏှ အသုက္ကဝိပါကံ။ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။

ကတမဉ္စ ဘိက္ခဝေ ကမ္မံ ကဏှံ, ကဏှဝိပါကံ၊ ဣဓ ဘိက္ခဝေ ဧကစ္စော သဗျာပဇ္ဈံ ကာယသင်္ခါရံ အဘိ သင်္ခရောတိ၊ သဗျာပဇ္ဈံ ဝစီသင်္ခါရံ အဘိသင်္ခရောတိ၊ သဗျာပဇ္ဈံ စိတ္တသင်္ခါရံ အဘိသင်္ခရောတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကမ္မံ ကဏှံ,ကဏှဝိပါကံ။

ကတမဉ္စ ဘိက္ခဝေ ကမ္မံ သုက္ကံ, သုက္ကဝိပါကံ၊ ဣဓ ဘိက္ခဝေ ဧကစ္စော အဗျာပဇ္ဈံ ကာယသင်္ခါရံ အဘိသင်္ခရောတိ အဗျာပဇ္ဈံ ဝစီသင်္ခါရံ အဘိသင်္ခရောတိ၊ အဗျာပဇ္ဈံ စိတ္တသင်္ခါရံ အဘိ သင်္ခရောတိ၊ ဣဒံဝုစ္စတိ ဘိက္ခဝေ ကမ္မံ,သုက္ကံ,သုက္က ဝိပါကံ။

ကတမဉ္စ ဘိက္ခဝေ ကမ္မံ ကဏှံ သုက္ကံ, ကဏှသုက္က ဝိပါကံ၊ ဣဓဘိက္ခဝေ ဧကစ္စော သဗျာပဇ္ဈံပိ ကာယ သင်္ခါရံ အဘိသင်္ခရောတိ၊ အဗျာပဇ္ဈံပိ ကာယသင်္ခါရံ အဘိ သင်္ခရောတိ၊ သဗျာပဇ္ဈံ ပိ ဝစီသင်္ခါရံ အဘိ သင်္ခရောတိ။ အဗျာပဇ္ဈံ ပိ ဝစီသင်္ခါရံ အဘိသင်္ခရောတိ။ သဗျာပဇ္ဈံ ပိ မနောသင်္ခါရံ အဘိသင်္ခရောတိ၊ အဗျာပဇ္ဈံ ပိ မနော သင်္ခါရံ အဘိသင်္ခရောတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကဏှသုက္ကံ, ကဏှသုက္ကဝိပါကံ၊

ကတမဉ္စ ဘိက္ခဝေ ကမ္မံ အကဏှံ အသုက္ကံ, အကဏှ အသုက္ကဝိပါကံ၊ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ,သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာ အာဇီဝေါ,သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ, ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကမ္မံ အကဏှံ အသုက္ကံ အကဏှ အသုက္ကဝိပါကံ။ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ ကမ္မာနိ=မယာ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒိတာနီတိ။ ။**စတုက္ကနိပါတ်အင်္ဂုတ္တရပါဠိတော်။**

ဤ၌အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့······စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိကမ္မာနိ၊ ဤဟောလတ့်သော ကံတို့ကို။ မယာ၊ ငါဘုရားသည်။ သယံ၊ ဆရာမရှိ အလိုလို ကိုယ်တော်တိုင်။ အဘိညာ၊ ထူးသော ဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒိတာနိ၊ အခြားသူတို့ကို သိစေအပ်ကုန်ပြီး။ ဝါ၊ ဟောကြားအပ်ကုန်ပြီး။ စတ္တာရိ၊ လေးပါးတို့ဟူသည်ကား။ ကတမာနိ၊အဘယ် သည်တို့နည်း။ဘိက္ခဝေ၊ရဟန်းတို့····· ကဏှံ၊ မည်းညစ်သော သဘောရှိသော၊ ကဏှဝိပါကံ၊ မည်းညစ်သော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ရဟန်းတို့·····သုက္ကံ၊ ဖြူစင်သော သဘောရှိသော။ သုက္ကဝိပါကံ၊ ဖြူစင်သောအကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ရ

ဟန်းတို့······ကဏှသုက္ကံ၊ အမည်းအဖြူရောသောသဘောရှိသော။ ကဏှသုက္ကဝိပါကံ၊ အမည်းအဖြူရောသော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့······အကဏှအသုက္ကံ၊ အမည်းအဖြူမဟုတ်သော သဘောရှိသော။ အကဏှအသုက္ကဝိပါကံ၊ အမည်းအဖြူ မဟုတ်သော အကျိုးရှိသော။ ယံကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံကမ္မံ၊ ထိုကံသည်။ ကမ္မက္ခယာယ၊ ဆိုခဲ့ပြီးသော ကံသုံးမျိုး ကုန်ခြင်းငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့ ··· ကဏှံ၊ မည်းညစ်သော သဘောရှိသော။ ကဏှဝိပါကံ၊ မည်းညစ်သော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ရဟန်းတို့······ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော လူမိုက်သည်။ သဗျာပဇ္ဈံ၊ အပြစ်ရှိသော။ ကာယသင်္ခါရံ၊ ကာယဒွါရ၌ဖြစ်သော အကုသိုလ်ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းပူး၏။ သဗျာပဇ္ဈံ၊ အပြစ်ရှိသော။ ဝစီသင်္ခါရံ၊ ဝစီဒွါရ၌ ဖြစ်သော အကုသိုလ်ကံ စေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းပူး၏။ သဗျာပဇ္ဈံ၊ အပြစ်ရှိသော။ စိတ္တသင်္ခါရံ၊ မနောဒွါရ၌ ဖြစ်သော အကုသိုလ်ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းပူး၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုခဲ့ပြီးသော ဒွါရသုံးပါး၌ ဖြစ်သော အပြစ်ရှိသော အကုသိုလ်ကံ စေတနာကို။ ကဏှံ၊ မည်းညစ်သော သဘောရှိသော။ ကဏှဝိပါကံ၊ မည်းညစ်သော အကျိုးရှိသော။ ကမ္မံ၊ ကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့······ သုက္ကံ၊ ဖြူစင်သော သဘောရှိသော။ သုက္ကဝိပါကံ၊ ဖြူစင်သော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့······ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောလူလိမ္မာသည်။ အဗျာပဇ္ဈံ၊ အပြစ်မရှိသော။ ကာယသင်္ခါရံ၊ ကာယဒွါရ၌ ဖြစ်သော ကုသိုလ်ကံ စေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းပူး၏။ အဗျာပဇ္ဈံ၊ အပြစ်

မရှိသော။ ဝေဒနာသမ္ပယုတ်ဖြစ်သော ကုသိုလ်ကံ စေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းဘူး၏။ အဗျာပဇ္ဇံ၊ အပြစ်မရှိသော။ စိတ္တသင်္ခါရံ၊ မနောဒွါရ၌ ဖြစ်သော ကုသိုလ်ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းဘူး၏။ ဘိက္ခဝေ။ ရဟန်းတို့၊ ဣဓ။ ဤပဟာန်ခဲ့ပြီးသော ဒွါရသုံးပါး၌ ဖြစ်သော အပြစ်မရှိသော ကုသိုလ်ကံစေတနာကို။ သုက္ကံ၊ ဖြူစင်သော သဘောရှိသော။ သုက္ကဝိပါကံ၊ ဖြူစင်သော အကျိုးရှိသော။ ကမ္မံ၊ ကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့⋯⋯ကဏှသုက္ကံ၊ အမည်းအဖြူရောသော သဘောရှိသော။ ကဏှသုက္ကဝိပါကံ၊ အမည်းအဖြူရောသော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့⋯⋯ဣဓ၊ ဤလောက၌။ ဧကစ္စော၊ မြဲသော မိုက်ခြင်း လိမ္မာခြင်း မရှိသော အချို့သော သူသည်။ သဗျာပဇ္ဈံပိ၊ အပြစ်ရှိသည်လည်း ဖြစ်သော။ ကာယသင်္ခါရံ၊ ကာယဒွါရ၌ ဖြစ်သော အကုသိုလ် ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းဘူး၏။ အဗျာပဇ္ဈံပိ၊ အပြစ်မရှိသည်လည်း ဖြစ်သော။ ကာယသင်္ခါရံ၊ ကာယဒွါရ၌ ဖြစ်သော ကုသိုလ်ကံ စေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းဘူး၏။ သဗျာပဇ္ဈံပိ၊ အပြစ်ရှိသည်လည်း ဖြစ်သော။ ဝစီသင်္ခါရံ၊ ဝစီဒွါရ၌ဖြစ်သော အကုသိုလ်ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ဆည်းဘူး၏။ အဗျာပဇ္ဈံပိ၊ အပြစ် မရှိ သည်လည်း ဖြစ်သော။ ဝစီသင်္ခါရံ၊ ဝစီဒွါရ၌ ဖြစ်သော ကုသိုလ်ကံစေတနာကို။ အဘိ သင်္ခရောတိ၊ အားထုတ်၍ဆည်းဘူး၏။ သဗျာပဇ္ဈံပိ၊ အပြစ်ရှိသည်လည်းဖြစ်သော။ စိတ္တသင်္ခါရံ၊ မနောဒွါရ၌ ဖြစ်သောအကုသိုလ်ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ဆည်းဘူး၏။ အဗျာပဇ္ဈံပိ၊ အပြစ်မရှိသည်လည်းဖြစ်သော။ စိတ္တသင်္ခါရံ၊ မနောဒွါရ၌ ဖြစ်သော ကုသိုလ်ကံစေတနာကို။ အဘိသင်္ခရောတိ၊ အားထုတ်၍ ဆည်းဘူး၏။ ဘိက္ခဝေ၊ ရဟန်းတို့⋯⋯ဣဓ၊ ဤပဟာန်ခဲ့ပြီးသော ဒွါရသုံးပါး၌ဖြစ်

သော မိဿက စေတနာကံကို၊ ကဏှသုက္ကံ၊ အမည်းအဖြူရောသော သဘောရှိသော၊ ကဏှသုက္ကဝိပါကံ၊ အမည်းအဖြူရောသော အကျိုးရှိသော။ ကမ္မံ၊ ကံဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့.....အကဏှအသုက္ကံ၊ အမည်းအဖြူ မဟုတ်သော။ အကဏှအသုက္ကဝိပါကံ၊ အမည်းအဖြူ မဟုတ်သော အကျိုးရှိသော။ ယံကမ္မံ၊ အကြင်ကံသည်။ ကမ္မက္ခယာယ၊ ဆိုခဲ့ပြီးသော ကံသုံးမျိုးကုန်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ တံကမ္မံ၊ ထိုကံသည်။ ကတမဉ္စ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိရင်း, သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပရင်း, သမ္မာဝါစာ၊ သမ္မာဝါစာရင်း, သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တရင်း, သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝရင်း, သမ္မာဝါယာမော၊ သမ္မာဝါယာမရင်း, သမ္မာသတိ၊ သမ္မာသတိရင်း။ သမ္မာသမာဓိ၊ သမ္မာသမာဓိရင်း, ဘိက္ခဝေ၊ ရဟန်းတို့.....ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးကို။ အကဏှအသုက္ကံ၊ အမည်းအဖြူမဟုတ်သော။ အကဏှအသုက္ကဝိပါကံ၊ အမည်း အဖြူ မဟုတ်သော အကျိုးရှိသော။ ကမ္မံ၊ ကံဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒံကမ္မံ၊ ဤမဂ္ဂင်ရှစ်ပါးဟူသောကံသည်။ ကမ္မက္ခယာယ၊ ဆိုခဲ့ပြီးသော ကံသုံးမျိုးကုန်ခြင်းငှါ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့.....ခေါ၊ စင်စစ်။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိကမ္မာနိ၊ ဤကံတို့ကို။ မယာ၊ ငါဘုရားသည်။ သယံ၊ ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒိတာနိ၊ အခြားသူတို့ကိုသိစေအပ်ကုန်ပြီး။ ဝါ၊ ဟောကြားအပ်ကုန်ပြီး-ဟူ၍ ဟောတော်မူသည်။

အဓိပ္ပါယ်ကား—အကုသိုလ်ကံစေတနာဖြစ်သော“အပုညာဘိသင်္ခါရ”ဟူသော ကံတမျိုး,ကုသိုလ်ကံစေတနာဟူသော“ပုညာဘိသင်္ခါရ-အာနေဉ္ဇာဘိ သင်္ခါရ”ဖြစ်သော ကံတမျိုး, ကုသိုလ်, အကုသိုလ် ရောသော မိဿကစေတနာကံတမျိုး, ဤကံသုံးမျိုး

ကား- စေတနာစေတသိက်ချည်း ဖြစ်ကြ၏။ ဤစေတနာ စေတသိက်မှတပါး မဂ္ဂင်၅စ်ပါးဟူသော ကံတမျိုးဟူ၍ ကံလေးမျိုးရှိ၏။ ဤမဂ္ဂင်၅စ်ပါး အရကောက်လျှင် စေတနာစေတသိက်ကို မရ၊ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်နှင့်ယှဉ်သော ပညာ, ဝိတက်, ဝိရတီစေတသိက်သုံးခု,ဝိရိယစေတသိက်၊ သတိစေတသိက်, ဧကဂ္ဂတာစေတသိက်ဟူ၍ ၅စ်ခုရ၏။ ဤမဂ္ဂင်၅စ်ပါး ဟူသော ကံသည် ကုသိုလ်,အကုသိုလ်စိတ်တို့နှင့်ယှဉ်သော စေတနာစေတသိက်ဟူသောကံကို ကုန်စေနိုင်၏ဆိုလိုသည်၊ အဘယ်ကြောင့်နည်းဟူမူကား- မဂ္ဂင်၅စ်ပါး၌ ပါဝင်သော ဝိဿနာပညာ, မဂ်,ဖိုလ်ပညာသည် ဝိဇ္ဇာဖြစ်၏။ စေတနာကံကို ဖြစ်စေတတ်သော မောဟဟူသော အဝိဇ္ဇာကို ဤပညာဟူသော အဝိဇ္ဇာဖြင့် ဖျောက်နိုင်ဖျက်ဆီးနိုင်၏။ စေတနာကံ၏ အကြောင်းဖြစ်သော အဝိဇ္ဇာပျက်လျှင် အကျိုးစေတနာကံမဖြစ်နိုင်သောကြောင့်တည်း။

## ၂၀-ပယ်ဖြတ်သင့်သော-သင်္ခါရ

ထို့ကြောင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော သူသည် စေတနာဟူသော ကုသိုလ်, အကုသိုလ်ကံကို အဆိပ်ကဲ့သို့, ဘေးရန်ကဲ့သို့, စေတနာကံ၏အကျိုးကို သေမင်းနိုင်ငံကဲ့သို့ စွဲစွဲ မြဲမြဲထင်မှတ်ပြီးလျှင် မဂ္ဂင်၅စ်ပါးဟူသော ကံကို အသက်ကဲ့သို့ အမြိုက်အရသာကဲ့သို့ စုံမက်မြတ်နိုးပြီးလျှင် မဂ္ဂင်၅စ်ပါးကို ပွါးများအောင် ပြုလုပ်ရာ၏။

ဤစေတနာ ဟူသော ကုသိုလ်, အကုသိုလ် ကံကို အာရုံနှင့် စိတ်, ဘဝတခုနှင့် ဘဝတခုတို့ကို ဂဟေကဲ့သို့ စပ်တတ်သောကြောင့် စေတနာဟူ၍၎င်း, ကံဖြစ်အောင် ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရ -အဘိသင်္ခါရဟူ၍၎င်း, ဘဝသစ်ကို ဖြစ်အောင်ရွက်ဆောင်တတ်သောကြောင့် အာဟာရဟူ၍၎င်း ဟောတော်မူသည်၊ ဤသို့-ဤကုသိုလ်ကံ, အကုသိုလ်ကံစေတနာကို လွန်စွာကြောက်အပ်သည်၏ အဖြစ်ကို-

ကထဉ္စ ဘိက္ခဝေ မနောသဉ္စေတနာဟာရော ဒဋ္ဌဗ္ဗော၊ သေယျထာပိ ဘိက္ခဝေ အင်္ဂါရကာသု သာဓိကပေါရိသာ ပုဏ္ဏာ အင်္ဂါရာနံ ဝီတစ္စိကာနံ ဝီတဓူမာနံ၊ အထ ပုရိသော အာဂစ္ဆေယျ ဇီဝိတုကာမော အမရိတုကာမော သုခကာမော ဒုက္ခပ္ပဋိကူလော၊ တမေနံ ဒွေ ဗလဝန္တော ပုရိသာ နာနာဗာဟာသု ဂဟေတွာ တံ အင်္ဂါရကာသုံ ဥပကဍ္ဎေယျုံ၊ အထခေါ ဘိက္ခဝေ တဿ ပုရိသဿ အာရကာဝဿ စေတနာ၊ အာရကာ ပတ္ထနာ အာရကာ ပဏိဓိ၊ တံ ကိဿ ဟေတု၊ ဧဝဉှိ ဘိက္ခဝေ တဿ ပုရိသဿ ဟောတိ၊ ဣမံစာဟံ အင်္ဂါရကာသုံ ပပတိဿာမိ၊ တတောနိဒါနံ မရဏံဝါ နိဂစ္ဆာမိ မရဏမတ္တံဝါ ဒုက္ခန္တိ၊ ဧဝမေဝ ခွာဟံ ဘိက္ခဝေ မနော သဉ္စေတနာ ဟာရော ဒဋ္ဌဗ္ဗောတိ ဝဒါမိ၊ ဟူ၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်တွင် ဟောတော် မူသည်။

အတ္ထကား—ဘိက္ခဝေ၊ ရဟန်းတို့·····ကထဉ္စ၊ အသို့လျှင်။ မနောသဉ္စေတနာဟာရော၊ စေတနာ သဘောရှိသော ကုသိုလ်, အကုသိုလ်ကံကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ် ရှုအပ်သနည်း။ သေယျထာပိ၊ ဥပမာမည် သည်ကား။ ဝီတဓူမာနံ၊ အခိုးမရှိကုန်သော။ ဝီတစ္စိကာနံ၊ အတောက်အလျှံ မရှိကုန်သော။ အင်္ဂါရာနံ၊ မီးကျီးခဲတို့ဖြင့်။ ပုဏ္ဏာ၊ ပြည့်သော၊ သာဓိကပေါရိသာ၊ တသူကျော်နက်သော။ အင်္ဂါရကာသု၊ မီးကျီးခဲတွင်းသည်။ ဘဝေယျ၊ ရှိသည်ဖြစ်ရာ၏။ အထ၊ ထိုမီးကျီးခဲ တွင်းရှိသောအခါ၌။ ဒုက္ခပ္ပဋိကူလော၊ ဆင်းရဲကိုစက်ဆုပ်သော။ သုခကာမော၊ ချမ်းသာကိုလိုသော။ အမရိတုကာမော၊ မသေလိုသော။ ဇီဝိတုကာမော၊ အသက်ရှည်လိုသော။ ပုရိသော၊ ယောကျ်ားသည်။ အာဂစ္ဆေယျ၊ ဤတသူကျော်နက်သော မီးကျီးခဲတွင်းကြီးနားကို လာရာ၏။ တမေနံ၊ ထိုလာသော ယောကျ်ားကို။ ဗလဝန္တော၊ အားကြီးကုန်သော။ ဒွေပုရိသာ၊ ယောကျ်ားနှစ်ယောက်တို့သည်။ နာနာဗာဟာသု၊ လက်မောင်း

နှစ်ချတ်ရှိ၍။ ဂပေါတွာ၊ ကိုင်၍။ တံအင်္ဂါရကာသုံ၊ ထိုတသူ ကျော်နက်သော မီးကျီးခဲတွင်းကြီးသို့။ ဥပကမေယျုံ၊ ညှပ်၍ ဆွဲငင်ကုန်ငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့·····အထခေါ၊ စင်စစ်။ တဿ ပုရိသဿ၊ ထိုအသက်ရှည်လိုသော ယောကျ်ား၏။ စေတနာ၊ လိုက်လိုသော စေတနာသည်။ အာရကာဝ၊ ဝေးသည်သာလျှင်။ အဿ၊ ဖြစ်ရာ၏။ ပဏ္ဍိနာ၊ မီးကျီးခဲတွင်းသို့ ကျအောင် တောင့်တခြင်းသည်။ အာရကာဝ၊ ဝေးသည်သာလျှင်တည်း။ ပဏိဓိ၊ မီးကျီးခဲတွင်းသို့ ကျအောင် ဆုတောင်းခြင်းသည်၊ အာရကာဝ၊ ဝေးသည်သာလျှင်တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုသို့မီးကျီးခဲတွင်းကို မကျ လိုခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်း ဟူမူကား။ ဟိ၊ ဧကန်။ တဿပုရိသဿ၊ ထိုအသက်ရှည်လိုသော ယောကျ်ား၏။ ဧဝံ၊ ဤဟောလတ္တံ့သော အတိုင်း။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ ဣမံအင်္ဂါရကာသုံ။ ဤမီးကျီးခဲ တွင်းကြီးထဲသို့၊ စေပပတိဿာမိ၊ အကယ်၍ ကျငြားအံ့။ တတောနိဒါနံ၊ ထိုမီးကျီးခဲ တွင်းကြီးထဲကို ကျသောကြောင့်။ မရဏံဝါ၊ သေခြင်းသို့ မူလည်း၊ နိဂစ္ဆာမိ၊ ရောက်ပါလိမ့်မည် တကား။ မရဏမတ္တံ၊ သေလောက်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲခြင်းသို့မူလည်း။ နိဂစ္ဆာမိ၊ ရောက်ပါလိမ့်မည် တကား။ ဣတိ၊ ဤသို့သောစိတ်သည်၊ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့····· ခေါ၊ စင်စစ်။ အယံမနောသဉ္စေတနာဟာရော၊ ဤစေတနာသဘောကုသိုလ်ကံ, အကုသိုလ်ကံ, အာဟာရကို၊ ဧဝ မေဝ။ ဤအသက်ရှည်လိုသောသူ ကျမည်ကိုကြောက်သော မီးကျီးခဲတွင်းကြီးနှင့် အတူသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ် ရှုအပ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

---

## ၂၁—ပွားများသင့်သောသင်္ခါရမဂ္ဂင်

ဤသို့—စေတနာ သဘောရှိသော ကုသိုလ်ကံ, အကုသိုလ်ကံ စေတနာကို ကြဉ်ရှောင်၍ မဂ္ဂင်ရှစ်ပါးဟူသော ကံကို ဤစေတနာ

ကံ ကုန်ခြင်း ၄ပါး ပွါးများရမည် ဆိုသော်လည်း၊ သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ အစရှိသဖြင့် မဂ္ဂင်ရှစ်ပါးကို ဟောတော်မူသော အစဉ် အတိုင်း ပွါးများနိုင်သည် မဟုတ်၊ ကုသိုလ်တရားတို့တွင် အကြီး အမှူး ဖြစ်သောကြောင့်သာ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးစွာ ထား၍ ဟောတော်မူသည်၊ ရှေးဦးစွာ သမ္မာဒိဋ္ဌိကို ဖြစ်အောင် ကျင့် ဆောင်နိုင်သည်မဟုတ်၊ ဟောတော်မူသော တရားတော်ဟူသမျှ သည် ဒေသနာတော်၌ ဖြစ်သော ဒေသနာ အစဉ်အားဖြင့်ရင်း, ကျင့်ဆောင်ရန် အစဉ်အားဖြင့်ရင်း, ဖြစ်သော အစဉ်အားဖြင့်ရင်း, ဤသို့-၃သဖြင့် များစွာရှိသည် အနက် မဂ္ဂင်ရှစ်ပါး၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, အစရှိသဖြင့် ဟောတော် မူခြင်းသည် ဒေသနာတော်အစဉ်သာဖြစ်၏၊ ကျင့်ဆောင်ရန်အစဉ်မဟုတ်။

ဤမဂ္ဂင်ရှစ်ပါးကို ကျင့်ဆောင်၍ သံသရာဝဋ်ဆင်းရဲမှ ထွက် မြောက်နည်း ရှေ့နောက်အစဉ်ကိုမူကား-ဤဆိုလတ္တံ့သော နည်း အားဖြင့် သိအပ်၏၊တရံရောအခါ၊မြတ်စွာဘုရားသခင်သည် ဘုရား ဖြစ်တော်မူပြီးစ ဥရုဝေဠတော နေရဥ္ဇရာမြစ်နား ဆိတ်ကျောင်း ပညောင်ပင်ရင်း၌ ဆိတ်ငြိမ်ရာသို့ ကပ်လျက် နေတော်မူသော မြတ်စွာဘုရားအား၊ ငါသည် ဤဒုက္ကရစရိယာကျင့်ခြင်းမှ ကောင်း စွာ လွတ်မြောက်ပြီ၊ အကျိုးမရှိသည်နှင့် ယှဉ်သော ကိလေသာ အပေါင်းမှ လွတ်ပြီ၊အရဟတ္တမဂ်ဉာဏ်ကိုရပေပြီဟူ၍ စိတ်တော် ၏ အကြံသည် ဖြစ်၏။ ထိုအခါ မာရ်နတ်သားသည် မြတ်စွာဘုရား အကြံတော်ကိုသိ၍ လင်ပျို…သင်သည် ဤအကျင့်ကို မလွတ်နှင့် ဦး။ ငါ့နိုင်ငံ တည်းဟူသော ကိလေသာမှ မလွတ်သေးဘူး ဆို သည်တွင်—

သီလံသမာဓိ ပညဉ္စ၊ မဂ္ဂံဗောဓာယဘာဝယံ။
ပတ္တောသ္မိ ပရမံသုဒ္ဓိံ၊နိဟတောတွမသိ အန္တက။

ဤ၌ အဋ္ဌကား--အန္တက၊ လောကကို ဖျက်ဆီး တတ်သော မာရ်နတ်။အဟံ၊ ငါဘုရားသည်။သီလံ၊အဓိသီလကိုရင်း။ သမာဓိံ၊

အဓိစိတ္တ ဟူသော သမ္မာဓိကိုရင်း။ ပညာ၊ အဓိပညာ ဟူသော ဝိပဿနာ ပညာကိုရင်း။ မဂ္ဂ၊ အရဟတ္တ မဂ်ကိုရင်း။ ဗောဓာယ၊ သိခြင်းငှာ။ ဘာဝယံ၊ ပွါးစေသည်ဖြစ်၍။ ပရမံ၊ အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ၊ ကိလေသာတို့၏ စင်ကြယ်ရာနိဗ္ဗာန်သို့။ ပတ္တော၊ ရောက်သည်။အသို့၊ဖြစ်ပြီ။တွံ၊သင်မှုကား။ နိဟာတော၊သံသရာဝဋ်၌ ဆင်းရဲသည်။အသိ၊ဖြစ်၏။ ဤသို့မဂ်ဖိုလ်ရအောင် မဂ္ဂင်ရှစ်ပါး ကျင့်ဆောင်ရန်အစဉ်ကို ဟောတော်မူသည်၊

ရှေးဦးစွာသီလကို ဖြစ်စေရမည်၊ ထိုနောင် သမ္မာဓိကို ဖြစ်စေရမည်၊သမ္မာဓိကိုရပြီးမှ၊ ဝိပဿနာပညာကို ဖြစ်စေသဖြင့် မဂ်ကို ရ၏--ဆိုလိုသည်။

ဤသို့ သံသရာစက်မှ ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂင် ရှစ်ပါးကို ဖြစ်အောင် သီလကို စောင့်ပြီးလျှင် သမာဓိ၌ ရပ်၍ ဝိပဿနာပညာကို များစွာဖြစ်အောင် ကျင့်ရမည်ဟူ၍ တရားဟောပြောသင့်သည်၊ သံသရာစက်မှ ထွက်မြောက်ကြောင်းကိုမသိ သံသရာစက်ဟူသော ပဋိစ္စ သမုပ္ပါဒ်မျှကိုသာသိသော အချို့သောသူသည် ကုသိုလ်ကိုပြုလျှင်လည်း "ပုညာဘိသင်္ခါရ"ဖြစ်၍ သံသရာစက်မှမလွတ်၊အကုသိုလ်ကိုပြုမိလျှင်လည်း"အပုညာဘိသင်္ခါရ"ဖြစ်၍ သံသရာစက်မှမလွတ်နိုင်မည် ဖြစ်သည်၊ ပေးကမ်းလှူဒါန်းခြင်း, သီလသီတင်းဆောက်တည်ခြင်းစသော ကုသိုလ်ကိုလည်း မပြုကြနှင့် ပါဏာတိပါတ စသော အကုသိုလ် ဒုစရိုက်တို့ကိုလည်း မပြုကြနှင့်ဟု တရားဟောပြောပြီးလျှင် မှားသောအယူ ဖြစ်လေသည်။

ယခုအခါ စာပေအတော်အသင့် တတ်ကြသော သူတို့သည်လည်း ဤ ပဋိစ္စသမုပ္ပါဒ်သံသရာစက်မှ ထွက်မြောက်ကြောင်းလမ်းပေါက်ကို ကောင်းစွာ မသိနိုင်ကြလေ မေးမြန်း၍ စမ်းလျှင် သိလိမ့်မည် ကံဆိုလျှင်လည်း စေတနာကံ တခုကိုသာ သိသူများလေသည်။ မဂ္ဂင်ရှစ်ပါး, ဗောဇ္ဈင် ခုနစ်ပါးတို့ သည်လည်း ကံမည်ကြောင်းကို မသိကြလေ။

## ပဋိစ္စသမုပ္ပါဒ်စက်ပြတ်ပုံပြီးပြီ။

## ၂၂-သိက္ခာသုံးပါးကိုပြဆိုခဏ်း
## သိက္ခာသုံးပါး၌-မဂ္ဂင်ရှစ်ပါးပါဝင်ပုံ

ဤသို့ပဟာတောင်မှုသော သီလ, သမာဓိ,ပညာဟူသော ဂုဏ်သုံးပါးတို့၌ မဂ္ဂင်ရှစ်ပါးသည် ထိုက်သည်အားလျော်စွာ ပါဝင်လေ၏။ထို့ကြောင့်-

> တီဟိ စ ခေါ အာဝုသော ဝိသာခ ခန္ဓေဟိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ဂဟိတော၊ ယာစာဝုသော ဝိသာခ သမ္မာဝါစာ, ယော စ သမ္မာ ကမ္မန္တော, ယော စ သမ္မာ အာဇီဝေါ၊ ဣမေဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ၊ ယော စ သမ္မာဝါ ယာမော, ယာစ သမ္မာသတိ, ယော စ သမ္မာ သမာဓိ ဣမေ ဓမ္မာ သမာဓိခန္ဓေ သင်္ဂဟိတာ၊ ယာ စ သမ္မာ ဒိဋ္ဌိ, ယော စ သမ္မာ သင်္ကပ္ပေါ၊ ဣမေဓမ္မာပညာက္ခန္ဓေ သင်္ဂဟိတာတိ။

အာဝုသောဝိသာခ၊တကာဝိ သာခါ……အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ခေါ၊ ဧကန်၊ တီဟိခန္ဓေဟိ၊ သုံးပါးသောဂုဏ်တို့ဖြင့်။ သင်္ဂဟိတော၊ ပေါင်းရုံး ရေတွက်အပ်၏။ အာဝုသော ဝိသာခ၊ တကာဝိသာခါ……ယာစ သမ္မာဝါစာ၊ အကြင်သမ္မာဝါစာဒင်း။ ယောစသမ္မာကမ္မန္တော၊ အကြင်သမ္မာကမ္မန္တဒင်း။ယောစသမ္မာအာဇီဝေါ၊အကြင်သမ္မာအာဇီဝဒင်း။ဣမေဓမ္မာ၊ ဤမဂ္ဂင်သုံးပါးတို့ကို။ သီလက္ခန္ဓေ၊ သီလဂုဏ်ဖြင့်။ သင်္ဂဟိတာ၊ ပေါင်းရုံးရေတွက်အပ်ကုန်၏။ ယောစသမ္မာဝါယာမော၊ အကြင်သမ္မာဝါယာမဒင်း။ ယာစသမ္မာသတိ၊ အကြင်သမ္မာသတိဒင်း။ ယောစသမ္မာသမာဓိ၊ အကြင်သမ္မာသမာဓိဒင်း။ ဣမေဓမ္မာ၊ ဤမဂ္ဂင်သုံးပါးတို့ကို။ သမာဓိခန္ဓေ၊ သမာဓိဂုဏ်ဖြင့်။ သင်္ဂဟိတာ၊ပေါင်းရုံးရေတွက်အပ်ကုန်၏။ယာစသမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိဒင်း။ ယောစသမ္မာသင်္ကပ္ပေါ၊ အကြင်သမ္မာသင်္ကပ္ပဒင်း။

ဇာမေဓမ္မာ၊ဤမဂ္ဂင်နှစ်ပါးတို့ကို၊ပညာက္ခန္ဓ၊ ပညာဂုဏ်ဖြင့်၊ သင်္ဂဟိတာ။ပေါင်းရုံးရေတွက်အပ်ကုန်၏။ဣတိ၊ဤသို့မှတ်အပ်၏။

(ဤအရာ၌ ခန္ဓသဒ္ဒါ ဂုဏ်ဟောမှတ်ရမည်။) ။ဤသို့ မူလပဏ္ဏာသ စူဠဝေဒလ္လသုတ်တွင်ဟောတော်မူသည်၊

သီလ ဟူသည်ကား ကာယဒွါရစရိုက်တို့မှ ကြဉ်ရှောင်ခြင်း ဝိရတိဖြစ်၏၊ ဝိရတိဟူသည်လည်း ဤသမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော ဝိရတိစေတသိက်ဖြစ်သော မဂ္ဂင်သုံးပါး ပင်တည်း၊ထို့ကြောင့် ဤမဂ္ဂင်သုံးပါးကို သီလက္ခန္ဓ၌ ပေါင်းရုံးရေတွက်သည်၊ မှချဆတ်ဆတ် နိပ္ပရိယာယအားဖြင့် သီလဟူသည်လည်း ဝိနည်းငါးကျမ်းနှင့် တကွ ပိဋကတ်သုံးပုံလုံးမှာ ပင် အကျဉ်းအားဖြင့် မဂ္ဂင်သုံးပါးမှတပါး အခြားမရှိပြီ။ ဤမဂ္ဂင်သုံးပါး၌ ဝင်သည်ချည်း မှတ်လေ။ ထို့ကြောင့် အရပ်ရပ်သီလတို့ကို ခံယူလျှင် "ပါဏာတိပါတာဝေရမဏီ" အစရှိသဖြင့် ခံယူသည်။ဝေရမဏီဆိုသည်နှင့် ဝိရတိဆိုသည် ထပ်တူမှတ်ရမည်။

သမာဓိ ဖြစ်လိုသော သူသည် ဗိုးရိပ်ကြောင့်ကြ ဗလိဗောဓ အမှုကိစ္စတို့ကို ဖြတ်၍ လုံ့လဝီရိယ ထုတ်ပြီးလျှင် သမထအာရုံ, ဝိပဿနာအာရုံဟူသော အာရုံတခုခုကို ယူမှ သမာဓိဖြစ်သည်၊ ဤသမာဓိကိုလည်း သတိနှင့်စောင့်ကြပ်မှ ကာမဝိတက် အစရှိ သော သမာဓိ၏ ဘေးရန်ကင်း၍ ရပ်တည်နိုင်သည်၊ ဥယျာဉ်သို့ လှည့်လည်သော အဆွေခင်ပွန်း သုံးယောက်တို့သည် ဥယျာဉ်၌ရှိ သော စကားပင် အစရှိသည်တို့တွင် ပွင့်သော ပန်းကိုခူး၍ ပန် ဆင်လိုသောကြောင့် လက်ဖြင့် လှမ်း၍ ဆွတ်ယူရာ မမှီနိုင်သည် ဖြစ်၍ လူသုံးယောက်တို့အနက် တယောက်က ကုန်း၍ ခံသည် တယောက်က ကျောပေါ်သို့ တက်၍ ပန်းခူးမည် ပြုသည်တွင် ကျောပေါ်၌ မြဲမြဲ မရပ်နိုင်၊ ဘုန်ဘုန်လှုပ်လှုပ် ရှိသောကြောင့် တယောက်လူမတုန်လှုပ်ဘဲ မြဲရအောင် ပခုံးဖြင့် ဝင်၍ အကိုင်ခံ သဖြင့် မြဲစွာရပ်၍ အလိုရှိသော စကားအစရှိသော ပန်းတို့ကိုရွေး

ယူဆွတ်ရူး ပန်ဆင်ရသကဲ့သို့ သမာဓိသည် မိမိချည်းသက်သက် သမထဝိပဿနာအာရုံ၌ရပ်၍ မတည်နိုင်၊ဝီရိယသည် ချီးမြှောက်သည်ဖြစ်၍ သတိသည် ထိုထိုအာရုံသို့ မသွားရအောင် စောင့်ကြပ်မှ သမထ,ဝိပဿနာ အာရုံတခုခု၌ ရပ်တည်၍ သမာဓိကိစ္စကို ပြီးစေနိုင်သည် ဖြစ်၍ သမ္မာဝါယာမနှင့် သမ္မာသတိသည် သမ္မာသမာဓိ၏ အမှုကိစ္စကို ရွက်ဆောင်ရသည့် အသင်းအပင်းဖြစ်သောကြောင့် သမ္မာဝါယာမနှင့်သမ္မာသတိကို သမ္မာသမာဓိဖြင့် ပေါင်းရုံးရေတွက်သည်ဟု-မှတ်ရမည်။

ကောက်ပင်ကို ရိတ်ဖြတ်လိုသော လယ်ရိတ်သမားသည် လက်တဘက်ဖြင့် ကောက်ပင်ကို စုရုံးဆုပ်ထားပြီးမှ လက်တဘက်၌ ကိုင်သောတဇဥ်ဖြင့် ကောက်ပင်ကို ရိတ်ဖြတ်သကဲ့သို့ ပညာသည် သင်္ခါရအာရုံကို မိမိချည်းသက်သက် မယူနိုင်၊ခပ်သိမ်းသော သင်္ခါရကို ဥပါဒ်,ဌီ,ဘင်ရှိသော သဘောချည်းသာတည်းဟု ဝိတက်စိတ်ဖြင့် ကြံစည်ဆင်ခြင်ပြီးမှ ဥပါဒ်,ဌီ,ဘင်ရှိသမျှတရားသည် အမြဲမရှိ၊ အနိစ္စ, ဒုက္ခ, အနတ္တသာဟု–ပညာဖြင့် ဆုံးဖြတ်နိုင်သည်။အာရုံကို လက်ဦးယူခြင်း၌ ဝိတက်မှတပါး အခြား တရားမရှိ။ ထို့ကြောင့် ဈာန်အင်္ဂါတို့တွင်လည်း ဝိတက်သည် ပဌမဖြစ်၏။ ဤသို့ သင်္ခါရအာရုံကို ဧကန် အနိစ္စ, ဒုက္ခ, အနတ္တဟု–ဆုံးဖြတ်ပိုင်းခြားနိုင်အောင် ဝိတက်ဟူသော, အသင်းအပင်း ပါရသောကြောင့် ဤဝိတက်သည်လည်း ပညာဖြင့်ဆုံးဖြတ်ဘို့ အာရုံကိုယူ၍ ပေးရသောကြောင့် သမ္မာသင်္ကပ္ပကို သမ္မာဒိဋ္ဌိဟူသော ပညာက္ခန္ဓာဖြင့် ပေါင်းရုံးရေတွက်သည်–မှတ်ရမည်။

---

## ၂၃–သိက္ခာသုံးပါး၌-မဂ္ဂင်ရှစ်ပါးဝင်ပုံ

ဤသို့ မဂ္ဂင်ရှစ်ပါးသည် ဤသိက္ခာသုံးပါးဟူသော ဂုဏ်သုံးပါးတို့၌ဝင်သည်၊ နိဗ္ဗာန်ရကြောင်းလည်း ဤမဂ္ဂင်ရှစ်ပါးမှတပါး အခြားလမ်းမရှိပြီ၊ထို့ကြောင့် သိက္ခာသုံးပါးသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သတည်း။ အနည်းဆုံးအားဖြင့် လေးသချေနှင့် ကမ္ဘာ

တသိန်း အများအားဖြင့် တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတ
သိန်းရှာမှ ထိုးထွင်း၍ သိသဖြင့် ဟောတော်မူအပ်သော ဓမ္မ
ခန္ဓာ ရှစ်သောင်းလေးထောင်ရှိသော ပိဋကတ်သုံးပုံသည်လည်း
ဤသိက္ခာ သုံးပါး၌ပင် ဝင်သည်။ သီလကို ဟောတော်မူသော
ကြောင့် အစ၏ကောင်းခြင်း အာဒိကလျာဏ, သမာဓိကို ဟော
တော်မူသောကြောင့် အလယ်၏ကောင်းခြင်း မဇ္ဈေကလျာဏ,
ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာကို ဟောတော်မူသော
ကြောင့် အဆုံး၏ ကောင်းခြင်း ပရိယောသာန ကလျာဏဟူ၍
ပိဋကတ်သုံးပုံသည် ဤကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသည်ဖြစ်၍
ဤသိက္ခာသုံးပါး၌ ဝင်သည်၊ သိက္ခာသုံးပါးတို့တွင် ပညာက္ခန္ဓာ
သည် ကိလေသဝဋ်အစရှိသော ဝဋ်ဒုက္ခအပေါင်းတို့မှ သတ္တဝါတို့
လွတ်ကြောင်း ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာ ဖြစ်သော
ကြောင့်–ရစေတော်မူလိုရင်း–တရားဖြစ်၏။

**သိက္ခာသုံးပါးပြီးပြီ။**

## ၂၄–သီလသမာဓိနှစ်ပါး–ပညာ၏အခြေအရုံဖြစ်ပုံ

သီလနှင့် သမာဓိမှာ ပညာဖြစ်ဖို့ အခြေအရုံသာဖြစ်၏၊ အခြေ
အရုံဖြစ်ပုံကား–ဒုစရိုက်ကို မဆင်ခြင် မဟုတ်မလျား စကားမ
မှန် ချွတ်ချွင်းပျက်ချော် ပြောဆိုတတ်သူ, လူနှစ်ယောက်တို့၏
အချစ်ပျက်အောင် ကုန်းတိုက်စကား ပိသုဏဝါစာ ပြောဆိုတတ်
သူ,သူတပါးကို နှလုံးမသာမယာရှိအောင် ရန့်ရင်းကြမ်းတန်း ပြော
ဆိုတတ်သူ, အကျိုးမရှိအပြိန်အဖျင်း အပျက်အချော်ပြောဆိုတတ်
သူ,သတ္တဝါတို့ကို မချမ်းသာအောင် နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်
တတ်သူ, သူတပါးတို့ပင်ပန်းစွာ ရှာမှီး သိမ်းထားသည့်ဥစ္စာကို
ခိုးဝှက်နှိပ်စက် လုယူတတ်သူ, အသက်ကဲ့သို့ ချစ်မြတ်နိုးစွာ
သိမ်းဆည်းထားသော သူတပါးတို့မယား သမီးပျို စသည်တို့ကို
ဖျက်ဆီးလွန်ကျူး ပြုကျင့်သူတို့ကို ခံရသူတို့က မျက်မုန်းကြိုး၍

ရန်ငြိုးထားပြီးလျှင် ရန်တုံ့ပြန်လှန်သဖြင့် ပဋိပက္ခပြဿနာ၌ပင် ရန်သူများ၏ အောက်မှေ့လိုက်တိုင်းနှစ်သက်ဝမ်းမြောက်စရာမရှိ၊ပီတိပါမောဇ္ဇ မဖြစ်နိုင်၊ ကိုယ်စိတ်နှစ်ပါးမငြိမ်း၊ ကိုယ်စိတ်နှစ်ပါး မငြိမ်းသူသည် မည်မျှလောက်ကြီးသော စည်းစိမ်ကြီးပေါ်၌ ခံစားရသော်လည်း ချမ်းသာခြင်းမရှိ၊ မဟုတ်မလျှား ပြုကျင့်နှိပ်စက်မိသည့် ရန်သူတို့ လာမည်ကို များစွာသော လူသူလက်နက် အစောင့်အရှောက်တို့ဖြင့် တလန့်လန့် တထိတ်ထိတ်နေရသဖြင့် ချမ်းသာခြင်းမရှိသော သူသည် သိမ်မွေ့နက်နဲသော တရသောအာရုံ၌ မရပ်မတည်၊ ရပ်တည်ခြင်း သမာဓိကိုမရ၊အာရုံ၌ ရပ်တည်ခြင်း သမာဓိမရှိသော သူသည် သိမ်မွေ့နက်နဲ ဟုတ်မှန်သော ယထာဘူတကို ထိုးထွင်း၍ မသိနိုင်၊ သမာဓိ မရှိသောသူဟူသမျှ သည်လည်း များသောအားဖြင့် အကောင်းအမှန်မရှိ အမှားအလွဲချည်း ဖြစ်တတ်သည်- ကျိုက်ကျိုက်ဆူသော ရေပူ၌ အရိပ်ကို ကောင်းစွာမမြင်နိုင်သကဲ့သို့ ဘေးရန်တို့ဖြင့် နှောက်ရှက် ပူပန်သော တည်ကြည်ခြင်း မရှိသော စိတ်သည် အကောင်းအမှန်ကို မသိနိုင်။

ထို့ကြောင့် သီလစောင့်ရှောက်ခြင်းသည် ဘေးရန်ကင်း၍ ချမ်းသာသဖြင့် တည်ကြည်ခြင်း သမာဓိဖြစ်ကြောင်း တည်ကြည်ခြင်း သမာဓိသည် အကောင်းအမှန်ကို သိသော ယထာဘူတဉာဏ် ဖြစ်ကြောင်းဟူ၍ ဆိုခဲ့ပြီးသည်ကို ထောက်၍ အပြန်အားဖြင့် သိအပ်သည်၊ဘေးရန်ဟူသည် အခြားမရှိ၊ ဤပါဏာတိပါတစသော ဒုစရိုက်ပင်တည်း၊ ဤဒုစရိုက်တို့ကို ဘေးကြီး ရန်ကြီးဟု မှတ်၍ ကြဉ်ရှောင်အပ်သည်။ ထို့ကြောင့်-

အတ္တဒဏ္ဍာ ဘယံဇာတံ။

အတ္တဒဏ္ဍာ၊မိမိက သူတပါးကို နှိပ်စက်၍ ပေးခြင်းဒဏ်ဟူသော ဒုစရိုက်ကြောင့်။ ဘယံ၊ ဘေးအပေါင်းသည်၊ ဇာတံ။ ဖြစ်၏ဟူ၍ရင်း-

သမာဟိတော၊ ယထာဘူတံ၊ ဇာနာတိ၊ ပဿတိ။

သမာဟိတော၊ တည်ကြည်သော သမာဓိရှိသော သူသည်။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ ဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏ ဟူ၍ရင်း-ဟောတော်မူသည်။

ထူးမြတ်သော သစ်ပင်ကို ကောင်းမွန်စွာ ပေါက်ရောက် ကြီးပွါးစေလိုသော် ဤသစ်ပင်ကို ကျွဲ,နွား,လူ,ရန်သူ မဖျက်မဆီး နိုင်အောင် စည်း,ခြံ,မြင်းတားကာ၍ ထိုစည်း,ခြံ,မြင်းတားတွင်းရှိ မြေကိုနေရာကျကောင်းမွန်စွာ ပြုပြင်ပြီးမှ အလိုရှိသည့် ကောင်း မွန်သော သစ်ပင်ကို စိုက်ပျိုးလျှင် အလိုရှိတိုင်း သစ်ပင်ကြီးပွါး၍ အကျိုးခံစားရသကဲ့သို့ ဆိုခဲ့ပြီးသော ဘေးရန် အပေါင်းလွတ် အောင် သီလဟူသော စည်း,ခြံကာ၍ သမာဓိဟူသော မြေ၌ ပေါက်စေသော သစ်ပင်ဟူသော ဉာဏ်သည် အလွန်သိမ်မွေ့ နက်နဲသော နိဗ္ဗာန်တိုင်အောင် ထိုးထွင်း၍ သိနိုင်သည်၊ ထို့ ကြောင့်သီလသည် ပညာပျက်စီးမည့် ဘေးရန်ကို အကာအဆီး ဖြစ်သည်၊ သမာဓိသည် ပညာ၏ဖြစ်ရာဌာနဖြစ်သည်၊ ဤသို့ဖြစ် ၍ သီလနှင့်သမာဓိကို ပညာဖြစ်ဖို့ အခြံအရံဟု သိအပ်သည်။

ပညာသည် မဂ်ဖိုလ်ဆိုက်၍ သံသရာဝဋ်ဒုက္ခမှ လွတ်စေနိုင် သည်။ ဝိရိယ, သတိ, သမာဓိ, အစရှိသော ကုသိုလ်အပေါင်းတို့ တွင် အကြီးအမှူး ဖြစ်သည်။ ထို့ကြောင့်—

> သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မ ဟာနိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေ ဝ အာသဝေဟိ ဝိမုစ္စတိ။

သီလပရိဘာဝိတော၊ သီလဖြင့် ဖြစ်စေပွားစေအပ် ထုံအပ်ခြံ ရံအပ်သော။ သမာဓိ၊ သမာဓိသည်။ မဟပ္ဖလော၊ အကျိုးရင်း ကြီးသည်။ မဟာနိသံသော၊ အကျိုးဖျားကြီးသည်။ ဟောတိ၊ ဖြစ် ၏။ သမာဓိပရိဘာဝိတာ၊ သမာဓိဖြင့်ဖြစ်စေ,ပွားစေအပ် ထုံအပ် ခြံ

ရှံအပ်သော၊ ပညာ၊ ပညာသည်၊ မဟဂ္ဂလာ၊ အကျိုးရင်းကြီးသည်၊ မဟာနိသံသာ၊ အကျိုးများကြီးသည်၊ ဟောတိ၊ ဖြစ်၏၊ ပညာ ပရိဘာဝိတံ၊ ပညာဖြင့် ဖြစ်စေ, ပွားစေအပ် ထုံအပ်ခြံရံအပ် သော၊ စိတ္တံ၊ စိတ်သည်၊ သမ္မဒေဝ၊ အကြွင်းမရှိ ကောင်းစွာသာ လျှင်၊ အာသဝေဟိ၊ ကာမတဏှာအစရှိသော အာသဝေါတို့မှ၊ ဝိမုစ္စတိ၊ လွှတ်ကြီးလွှတ်၏-ဟူ၍ ရင်း "ပရိနိဗ္ဗာန" သုတ်တွင် ဟောတော်မူသည်၊ .

ပညာဝ သေဋ္ဌာကုသလာ ဝဒန္တိ၊ နက္ခတ္တရာဇာ ဝိယ တာရကာနံ၊ သီလံသိရိဉ္စာ ပိ သတဉ္စဓမ္မော အန္ဝါယိကာ ပညဝတောဘဝန္တိ-(သရဘင်္ဂဇာတ်)

ကုသလာနံ၊ ကုသိုလ်တရားတို့ထက်၊ ပညာဝ၊ ပညာသည် သာလျှင်၊ သေဋ္ဌာ၊ မြတ်ကုန်၏ဟူ၍၊ ကုသလာ၊ ဘုရားအစရှိ သော သူတော်ကောင်းတို့သည်၊ ဝဒန္တိ၊ ဟောကုန်၏၊ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား၊ တာရကာနံ၊ ကြယ်နက္ခတ်တာရာ တို့ထက်၊ နက္ခတ္တရာဇာ၊ လမင်းသည်၊ သေဋ္ဌောဝိယ၊ မြတ်သ ကဲ့သို့တည်း၊ သီလဉ္စ၊ သီလသည်၎င်း၊ သိရိဉ္စာပိ၊ ဘုန်းကြက်သ ရေ သည်၎င်း၊ သတံ၊ သူတော်ကောင်း တို့၏၊ဓမ္မောစ၊ တရား သည်၎င်း၊ ပညဝတော၊ ပညာရှိသော သူ၏၊ အန္ဝါယိကာ၊ နောက်လိုက်တို့သာ၊ဘဝန္တိ၊ ဖြစ်ကုန်၏၊- ဟူ၍၎င်း၊ဟောတော် မူသည်၊

ထို့ကြောင့် သီလမရှိသူ၌ ဖြစ်သော သမာဓိသည် အကျိုး မကြီး၊ ကောင်းကောင်းမဖြစ်၊ သမာဓိမရှိသူသည်လည်း နက်နဲ သောဉာဏ်ကိုမရ၊ ယထာဘူတဉာဏ်မရှိသူသည် ဝဋ်ဆင်းရဲမှ မလွတ်သည်ကိုလည်း ဤပါဠိတော်ဖြင့်ပင် အပြန် အားဖြင့် သိ အပ်သည်၊ သီလနှင့် သမာဓိသည်လည်း လမင်းကို နက္ခတ်တာ ရာခြံရံသကဲ့သို့ ပညာ၏အခြံအရံ ဘေးဆီးရန်ကာဖြစ်သတည်း၊ ထို့ကြောင့် ဝိရိယာမိက ဘုရားလောင်းသည် တဆယ့်ခြောက်

သင်္ချိုင်နှင့် ကမ္မဋ္ဌာနတသိန်း သဒ္ဓါဓိကဘုရား လောင်းသည် ရှစ် သင်္ချေနှင့်ကမ္ဘာတသိန်း ပညာဓိက ဘုရားလောင်းသည် လေး သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ရသော ကာလ အတို အရှည်ဖြစ်သည်။ ပညာသည် သံသရာဝဋ်ဒုက္ခမှ လျင်မြန်စွာ ထွက်မြောက်ကြောင်းဖြစ်သည်။

## ၂၅–မဂ္ဂင်နှင့်ညီသောသီလ

ဤသို့ဆိုခဲ့ပြီးသောနည်းအားဖြင့် ကလျာဏမိတ်စစ် ပညာရှိ သူတော်ကောင်းကြီး ဖြစ်တော်မူသော သုံးလူ့အထွဋ် သဗ္ဗညု မြတ်စွာဘုရားသည် ဟောတော်မူသည့်အတိုင်း သုတမယဉာဏ် ကို ဖြစ်စေပြီး၍၊ မဂ္ဂင်ရှစ်ပါးကို ဟောတော်မူသည့်အတိုင်း ရှေးဦးစွာကာယဒုစရိုက်ဟူသော မိစ္ဆာကမ္မန္တမှ ကြဉ်ရှောင်ခြင်း၊ သမ္မာကမ္မန္တ, ဝစီဒုစရိုက် လေးပါး ဟူသော မိစ္ဆာဝါစာမှ ကြဉ်ရှောင်ခြင်း၊ သမ္မာဝါစာ, ဤဒုစရိုက် ခုနစ်ပါးတို့ကို ဥစ္စာ ပစ္စည်းရကြောင်း အသက်မွေးဝမ်းကြောင်း အသက်သေမည့် အကြောင်းတို့ကြောင့်သော်လည်း မပြုမကျင့်၊ မိစ္ဆာအာဇီဝမှ ကြဉ်ရှောင်ခြင်း၊ သမ္မာအာဇီဝလျှင်, ရှစ်ရမြောက်သော "အာဇီဝ ဋ္ဌမကသီလ"ကို စောင့်ရှောက်ရမည်။ လူတို့ဒွိကား- အခြားသီ လထက် ဤအာဇီဝ ဋ္ဌမကသီလသည် မဂ္ဂင်နှင့်ညီသည်။

**သီလသမာဓိနှစ်ပါး အခြေအရံပြီးပြီ။**

## ၂၆–စိတ်ဟူသောဖွတ်ကိုဘမ်းပုံ

ဤသို့သမ္မာကမ္မန္တ, သမ္မာဝါစာ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါး တည်းဟူသော သီလကို စောင့်ရှောက်ပြီးလျှင် ကယ်ပေါက်ငါး ချနှင့်တကွ တွင်းမပေါက်ပါ ခြောက်ပေါက်ရှိသော တောင်ဖို့ဋ္ဌ ရှိသောဖွတ်ကို ဘမ်းလိုသော ယောကျ်ားသည် ကယ်ပေါက် ငါးပေါက်က လုံစွာမပိတ်ဘဲ တွင်းမပေါက်ကသော ဖွတ်ကိုတူး လျှင် ကယ်ပေါက်ငါးပေါက်အနက် အလိုရှိရာအပေါက်ကထွက်

၍ပြေးမည်ဖြစ်သောကြောင့် ကယ်ပေါက်ငါးပေါက်ကိုလုံစွာပိတ် ပြီးမှ တွင်းမကဖွတ်ကိုတူးလျှင် အလိုရှိသော ဖွတ်ကိုရသကဲ့သို့ ပိုးမွှားရှစ်ဆယ်တို့နေရာ သုံးဆဲ့နှစ်ကောဋ္ဌာသတို့၏ အစုဖြစ်သော တောင်ပို့နှင့်တူသော ဤတလံမျှလောက်သောကိုယ်၌ ဖွတ်နှင့်တူသော စိတ်သည်ရှိ၏။ ထိုစိတ်သည် ဖွတ်ရိုင်းကဲ့သို့ အလိုရှိတိုင်း ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့၌ ကျင်လည် ကျက်စား၍ ကာမဂုဏ်၌ ပျော်မြူးလျက်ရှိ၏။ ထိုစိတ်ကို တခု သောဝိပဿနာအာရုံ၌ ရပ်တည်အောင် ဘမ်းရမည်ဖြစ်သော ကြောင့် ဤတောင်ပို့ဟူသောကိုယ်၌ စက္ခုအစရှိသော ပဉ္စဒွါရ တည်းဟူသော ကယ်ပေါက်ငါးခု၊ မနောဒွါရတည်းဟူသော တွင်းမပေါက်တခုအားဖြင့် အပေါက်ခြောက်ခု ရှိသည် အနက် မနောဒွါရဟူသော တွင်းမပေါက်က ဖွတ်တည်းဟူသောစိတ် ကို မိအောင်တူး၍ ဘမ်းလျှင် ဒွါရငါးပေါက်တို့ကို တိုက်ဆိုင် လာသော ရူပါရုံအစရှိသော အာရုံငါးပါးတို့နောက်ကို လိုက်၍ ပဉ္စဒွါရဟူသော ကယ်ပေါက်ငါးခုတို့တွင် အလိုရှိရာအပေါက် က ဖွတ်ဟူသောစိတ် ထွက်သွားမည်ဖြစ်သောကြောင့် ထိုကယ် ပေါက်ငါးခုနှင့်တူသော ပဉ္စဒွါရကို ရူပအစရှိသော အာရုံငါးပါး တည်းဟူသော ကာမဂုဏ်ငါးပါးနှင့် မဆိုင်မိရအောင် ဆိတ်ငြိမ် ရာသို့ကပ်၍ ထိုထိုအာရုံကို နှလုံးမသွင်း, မကြားစေ, မမြင် စေ, မတွေ့စေဘဲ ပဉ္စဒွါရတည်းဟူသော ကယ်ပေါက်ငါးခုကို ပိတ်၍ မနောဒွါရဟူသော တွင်းမပေါက်က ဖွတ်ဟူသောစိတ် ကို မိအောင်ဘမ်း၍ ရပ်စေရမည်။

---

## ၂၇-စိတ်ဟူသော ဖွတ်ကိုဘမ်းရာ၌ မဂ္ဂင် ၅-ပါး ပါဝင်ခြင်း

ထိုကဲ့သို့ မိအောင်ဘမ်းရာ စိတ်တို့မည်သည် ရေ၌သာ ပျော်ပါးသော ငါးကဲ့သို့ ရမ်ိရန်, စားသောက်ရန်ဟူသော ကာမ ဂုဏ် ငါးပါး၌သာ ကျက်စား ပျော်ပါးလေ့ ရှိသောကြောင့် ရေ

၌ ပျော်ပါးသော ငါးကို ကုန်းသို့ တင်သကဲ့သို့ ရုံးရင်းတုန်လှုပ် ရှိသည့်ကာလ သမ္မာဝါယာမ မဂ္ဂင်ဟူသော ဝိရိယဖြင့် ငါးကို မလှုပ်နိုင်အောင် မြဲမြဲကိုင် သကဲ့သို့ အားထုတ်၍ ဘမ်းရမည်။ ယင်းသို့ အားထုတ်၍ ဘမ်းသော်လည်း အဘမ်းနေရာမကျ အကိုင်နေရာမကျလျှင် လွတ်သကဲ့သို့ သမထ,ဝိပဿနာအာရုံ၌ စိတ်ကို ရမိအောင် ဝိရိယထုတ်၍ ဘမ်းရာ ဝိရိယ ထုတ်အားကြီး၍ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ, ဆိတ်ငြိမ်ရာသို့ ရောက်သောကြောင့် ပျင်းရိခြင်း,အိပ်ခြင်း, ငိုက်မျည်းခြင်း-ထိနမိဒ္ဓဖြစ်၍ စိတ်သည် အာရုံ၌ မတည်၊ လွတ်တတ်သောကြောင့် ဖွတ်ကို ဘမ်းရာ၊ သတိနှင့် မယုတ် မလွန်စေရ မိအောင် ဘမ်းသကဲ့သို့ သမ္မာ ဝါယာမဖြင့် အားထုတ်၍ ဘမ်းရာ ထိုဝိရိယလွန်ခြင်း-ဥဒ္ဓစ္စ, ယုတ်လျော့ခြင်း— ထိနမိဒ္ဓ မဖြစ်ရအောင် သမ္မာသတိ မဂ္ဂင်တည်းသော သတိဖြင့် ကြပ်၍ စိတ်ကိုမလွတ်အောင် ဘမ်းပြီးလျှင် ဆိုခဲ့ပြီးသည့်အတိုင်း ထိုသုတမယဉာဏ်ဖြင့် သိပြီးသော၊ ပရိစ္စသမုပ္ပါဒ် အလုံးစုံကို လက်ဝါး၌ တင်ထားအပ်သော ဆီးဖြူ ရှစ်ရှားကဲ့သို့ ဉာဏ်ဖြင့် တပ်တပ်မြင်အောင် ဆင်ခြင်ကြည့်ရှုရမည်၊စိတ်ကို ထိုအာရုံမှ အခြားသို့မသွားဘဲရပ်၍ တည်ကြည်နိုင်အောင် ဘမ်း၍သွင်းရမည်။ ဤသို့ ရပ်တည်ခြင်း-သမာဓိကိုရ၍ ဆိတ်ငြိမ်ရာ၌ ဆိုခဲ့ပြီးသော အထွေထွေတို့ဖြင့် ထိုပဋိစ္စသမုပ္ပါဒ်ကို အဘန်တလဲလဲ သမ္မာသင်္ကပ္ပဖြင့် ကြံစည်၍ သမ္မာဒိဋ္ဌိမဂ္ဂင်တည်းဟူသော ဉာဏ်ဖြင့် ရှုဆင်ခြင်သည့်ရှိသော် ဆံဖြူခြင်း, သွားကျိုးခြင်း အစရှိသော ရုပ်၏ ထင်ရှားသော ပါကဋဇရာ, နာမ်ရုပ်တို့၏ ဌီခဏဟုဆိုအပ်သော အပါကဋ ဇရာဖြစ်သော နာမ်ရုပ်တို့၏—အိုခြင်း, ရင့်ခြင်းသည် ဇရာမည်၏။ တဘာဝဖြင့် ပိုင်းခြားအပ်သော သေခြင်းဟူသော သမ္မုတိမရဏ, နာမ်ရုပ်တို့၏ ဘင်ဟူသော ခဏိက မရဏတို့သည် မရဏမည်၏။

**စိတ်ဟူသောဖွတ်ကိုဘမ်းခဏ်းပြီးပြီ။**

## ၂၈–ပဋိစ္စသမုပ္ပါဒ်ကိုသစ္စာ ၄-ပါးဖြင့် ခွဲပြခြင်း

ထိုဇရာ, မရဏတို့သည် ဆင်းရဲခြင်း ဒုက္ခသစ္စာ မည်၏။ ဇာတိသည် ဇရာ မရဏ၏ဖြစ်ကြောင်း သမုဒယသစ္စာမည်၏။ ထိုဇာတိ, ဇရာ, မရဏတို့၏ ထွက်မြောက်ရာ ချုပ်ရာနိဗ္ဗာန်သည် နိရောဓ သစ္စာမည်၏။ ထိုနိဗ္ဗာန် ရကြောင်း မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ပရိယာယအားဖြင့် အမိဝမ်း၌ ဖြစ်နေသော နာမ်ရုပ် ခန္ဓာငါးပါး ဥပပါတ်ပဋိသန္ဓေ၌ ဖြစ်စဖြစ်သော ခန္ဓာတို့သည်၎င်း, နိပ္ပရိယာယ အားဖြင့် တရသောဘဝ၌ ခန္ဓာတို့၏ ရှေးဦးစွာဖြစ်ခြင်း ဥပါဒ်သည်၎င်း, ဇာတိမည်၏။ ထိုဇာတိသည် ဥပါဒ်, ဌီ,ဘင်တို့ဖြင့် မပြတ်နှိပ်စက် အပ်သောကြောင့် ဒုက္ခသစ္စာ မည်၏။ ထိုဇာတိ၏ဖြစ်ကြောင်း ကမ္မဘဝသည် သမုဒယသစ္စာ မည်၏။ ထိုဇာတိ, ကမ္မဘဝတို့၏ ထွက်မြောက်ရာ ချုပ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ထိုနိဗ္ဗာန်ရကြောင်း မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတပါး တပါး၌ သစ္စာလေးပါးစီဖြစ်၍ လေးဆဲ့ရှစ်ပါး။သစ္စာတပါးတပါး၌ အနက်လေးချက်စီဖြစ်၍ တရာ့ကိုးဆဲ့နှစ်ပါးအားဖြင့် သိလိမ့်မည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါတဆဲ့နှစ်ပါးကို တပါးတပါးစီအား ဖြင့် သစ္စာလေးပါးစီတင်၍ အစိတ်အားဖြင့်သိခြင်းသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။ အတိတ်၌ မင်္ဂလ်ရလေသော အရိယာ တို့သည် လည်း ဤအတိုင်းပင် သိလေပြီ၊အနာဂါတ်၌ မင်္ဂလ်ရလတ္တံ့သော အရိယာ တို့သည်လည်း ဤအတိုင်းပင် သိပေလတ္တံ့ဟု - ပစ္စုပ္ပန် နှင့် အသင့်အလျော်ကို သိခြင်းသည် အန္ဝယဉာဏ်မည်၏၊ဤသစ္စာ လေးပါးကောက်ရာ ဒိဋ္ဌာသဝ အစရှိသော အာသဝေါတရားဖြစ် လျှင်အဝိဇ္ဇာဖြစ်၏ဟု-ဟောတော်မူသောကြောင့် အာသဝေါ တ ရားသည် အဝိဇ္ဇာ၏သမုဒယသစ္စာဟု-ကောက်လေ။ ။ဤသို့ အစိတ် အားဖြင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါတပါးတပါး၌ သစ္စာလေးပါးစီ "နိဒါ

နာဂသေနအဘိဓမ္မာဝိဘင်း” ပါဠိတော်တို့၌ ဟောတော်မူသည်ကို ထောက်၍လည်း မဂ္ဂင်ရှစ်ပါးသည် သံသရာစက်မှ ထွက်မြောက်ကြောင်းဖြစ်သည်ကို ထပ်၍သိပြန်သတည်း။

## ၂၉–ပဋိစ္စသမုပ္ပါဒ်၌-ရှစ်ဆဲ့လေးပါး သိခြင်း-

ပစ္စုပ္ပန်၌ ဇာတိဖြစ်လျှင် ဇရာ, မရဏဖြစ်၏၊ ဇာတိချုပ်လျှင် ဇရာ, မရဏချုပ်၏၊အတိတ်၌လည်း ဤနည်းအတိုင်း၊ အနာဂါတ် ၌လည်း ဤနည်းအတိုင်း၊ ထိုဇရာမရဏသည်လည်း အမြဲမတည် ခယ-ဝယ-အနိစ္စ-သဘောဖြစ်၏ဟု ဇရာ, မရဏဟူသော ပဋိစ္စ သမုပ္ပါဒ်အင်္ဂါတပါး၌ သိခြင်းခုနစ်ပါး၊ ဤနည်းအတိုင်း အဝိဇ္ဇာ မှကြွင်းသော ပဋိစ္စသမုပ္ပါဒ်၏အင်္ဂါတဆဲ့တပါးတို့ကို တပါး တ ပါးလျှင် ခုနစ်ပါးစီအားဖြင့် ခုနစ်ဆဲ့ ခုနစ်ပါး အားဖြင့်လည်းသိ လိမ့်မည်။အဝိဇ္ဇာ၌လည်း အာသဝဖြစ်လျှင် အဝိဇ္ဇာဖြစ်၏။အာသဝ ချုပ်လျှင် အဝိဇ္ဇာချုပ်၏-ဟူ၍ ပစ္စုပ္ပန်, အတိတ်,အနာဂါတ်, အား ဖြင့် ခြောက်ပါး၊ ဤအဝိဇ္ဇာဟူသမျှသည် မမြဲသောခယ-ဝယ- အနိစ္စ-သဘောဟူ၍ သိခြင်းအားဖြင့် ခုနစ်ပါးသော သိခြင်းကို ထည့်၍ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတဆဲ့နှစ်ပါး၌လည်း ရှစ်ဆဲ့ လေးပါး သော သိခြင်းအားဖြင့်လည်း သိလိမ့်မည်။

## ၃၀–ပဋိစ္စသမုပ္ပါဒ်၌နည်းလေးပါးဖြင့်သိခြင်း–

ဤပဋိစ္စသမုပ္ပါဒ် ဟူသည်–အကြောင်းတရားကြောင့် အကျိုး တရား ဖြစ်ခြင်းပါတကား-အကျိုးနှင့်အကြောင်းသည် မစပ်မဆိုင် ကြသည် မဟုတ်၊ စပ်ဆိုင်ကြသော သဘော ဖြစ်ပေသည်ဟု– အကြောင်းနှင့်အကျိုး စပ်ဆိုင်သော သဘောအားဖြင့် အဝိဇ္ဇာ, သင်္ခါရအစရှိသောအကြောင်းအကျိုးတို့သည် အကြောင်းအကျိုး နှစ်ခုအကြား စပ်ခြင်းသဘောတခုတည်းအားဖြင့် ဖြစ်၏-ဟူသော ဧကတ္တနည်းသည်ရင်း။

ဤသို့ အဝိဇ္ဇာ, သင်္ခါရစသော အကြောင်းအကျိုး တို့သည် အကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်းသဘော တခုတည်းဖြစ်သော်လည်း အကြောင်းတရားကား-တမျိုး, တခု, တခြား။ အကျိုးတရားလည်း-တမျိုး,တခု,တခြား။အဝိဇ္ဇာသည် သင်္ခါရမဟုတ်၊သင်္ခါရသည် အဝိဇ္ဇာမဟုတ် သဘောလက္ခဏာ အစွမ်းသတ္တိ အကျိုးပေးမတူကြ၍ အသီးအသီး တရားသဘော တမျိုးစီ ဖြစ်ကြသည် ဟူသော နာနတ္တနည်းသည်ရင်း။

ထိုအကြောင်းအကျိုးတရား တို့သည် အချင်းချင်း ငါကား-အကြောင်း ဖြစ်မည်၊ သင်မူကား—အကျိုးဖြစ်ရမည်၊ သင်ကား-အကြောင်းဖြစ်ပါ၊ငါကား-အကျိုးဖြစ်ပါမည်ဟူ၍ အဝိဇ္ဇာသင်္ခါရစသော အကြောင်းအကျိုးတို့သည် တခုနှင့် တခု တောင်းပန်တိုက်တွန်း စေခိုင်းနှိုးဆော် အချိန်းအချက် ပေးကြခြင်း ပယောဇက,အဗျွှေသန,ပေသန, ဥဿဟ, ဗျာပါရ မရှိကြ၊ အကြောင်းအားလျော်စွာ အကျိုးဖြစ်သည် အကြောင်းမရှိလျှင်လည်း အကျိုးမဖြစ်၊ အကြောင်းချုပ်လျှင် အကျိုးချုပ်၏၊အကြောင်းအကျိုးလည်း အခြားမရှိ။ ဆက်ကာစပ်ကာ အချင်းချင်း အပြန်အလှန်ဖြစ်ကြ၏—ဟူသော အဗျာပါရ—နည်းသည်ရင်း။

ဤသံသရာစက်ဟူသည် နာမ်ရုပ် သဘောပင်တည်း၊ လောကသုံးပါးလုံး၌ပင် ဤသံသရာစက် ပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်မှတပါး တရားသဘောသည်ရင်း, သတ္တဝါပုဂ္ဂိုလ်သည်ရင်း,သက်ရှိသက်မဲ့ဝတ္ထုသည်ရင်း မရှိပြီ။ လောကသုံးပါး ဆိုသည်လည်း အရကောက်လျှင် နာမ်ရုပ်သဘောပင် ဖြစ်သောကြောင့် ဤပဋိစ္စသမုပ္ပါဒ်ပင်တည်း၊ လောကုတ္တရာတရား ကိုးပါးမှ တပါး တရားဟူသမျှသည် ပဋိစ္စသမုပ္ပါဒ်၌ ဝင်သည်ချည်း ဖြစ်သောကြောင့် ဆိုခဲ့ပြီးသော အဝိဇ္ဇာသင်္ခါရစသော အကြောင်း အကျိုးတို့သည် ဧကတ္တနည်း, နာနတ္တနည်း, အဗျာပါရ နည်းအားဖြင့် ဖြစ်ကြခြင်းသည် ဤကဲ့သို့ ဖြစ်ကြအောင် ဘန်ဆင်းမည့် သတ္တဝါပုဂ္ဂိုလ်တစုံ

တရာ ဝဋ္ဋ၊ ပဋိစ္စသမုပ္ပါဒ်မှတပါး အခြားမရှိပြီတကား-သဘာဝ အားဖြင့် အလိုလိုပင် ဖြစ်သည်တကား-ဟူသော ဇေဝံဓမ္မတာ နည်းသည်ရင်း, ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ပဋိစ္စသမုပ္ပါဒ်တရား၌ ရှိသော အလှုန်နက်နဲ သိမ်မွေ့သော နယသာဂရ ဖြစ်သော ဤနည်းလေးပါးကို ထင်ရှားစွာ သိလိမ့်မည်။ ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါတဆဲ့နှစ်ပါးတွင် တပါးတပါး၌ နည်းလေးပါးစီသိသဖြင့် သိခြင်းဉာဏ် လေးဆဲ့ရှစ်ပါး ဖြစ်လိမ့်မည်။

---

## ၃၁-ပဋိစ္စသမုပ္ပါဒ်၌ နည်းလေးပါးသိသဖြင့် မိစ္ဆာဒိဋ္ဌိကွာခြင်း

ဤနည်းလေးပါးတို့တွင် အဝိဇ္ဇာ,သင်္ခါရစသော အကြောင်း နှင့် အကျိုးတို့သည် မကင်းမကွာ စပ်ကြသော သဘောရှိ၏။ အကြောင်းကို ကင်း၍ အကျိုးမဖြစ်ဟူသော ဧကတ္တနည်းကို သိသဖြင့် အကြောင်းမရှိဘဲ အကျိုးဖြစ်၏၊ လောကကို ဖန်ဆင်းသော ဟိန္ဒူပုဏ္ဏားလူမျိုးတို့က—ဗြဟ္မာ ခေါ်သော သိုးဆောင်းလူမျိုးတို့က-ဗှာဝရဘုရားဟု မြန်မာလိုပြော၍ သိုးဆောင်းတို့ဘာသာဖြင့် ခေါ်ဝေါ်သော၊မဂိုဗသီစသော မိုဟာမတ်ကို ကိုးကွယ်သော လူမျိုးတို့က- ခိုဒါခေါ်သောသူသည် အကြောင်းမရှိ၊အလိုလိုသယမ္ဘူဖြစ်၏။ ဤသူသည် သူဖန်ဆင်သော လောကဖြစ်၍၊ ဤလောကကိုပင် အစိုးရသည်၊ လောက၏အစ အာဒိပုရိသ ဖြစ်သည်၊ သူ၏ဖြစ်ကြောင်း-ဟေတု-ကာရဏ-ပစ္စယ-နိဒါန-ပဘဝ-သမုဋ္ဌာန် စသော အကြောင်းအမျိုးမျိုးတို့တွင် တခုတခုသော အကြောင်း ကြောင့်မှု ဖြစ်သည်မဟုတ်ဟူသော အဟေတုကဒိဋ္ဌိဖြစ်သော အယူဝါဒ မဟုတ်သည်ကိုရင်း,သတ္တဝါသေ လျှင် မဖြစ်ပြီ၊ မည်သည့်အကြောင်းအကျိုးနှင့် တကွ မစပ်ကြပြီ၊ ကင်းကွာ ရှင်းပြတ်ကြတော့သည် ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူဝါဒ မဟုတ်သည်ကိုရင်း, အတပ်သိသတည်း။

နာနတ္တနည်းကို သိသဖြင့် ဤသို့အကျိုး အကြောင်းအဖြစ်ဖြင့် အဝိဇ္ဇာ, သင်္ခါရအစရှိသောတရားတို့သည် တခုတည်းဖြစ်သော်လည်း၊ အကျိုးတရားတခြား, အကြောင်းတရားတခြား, သဘောလက္ခဏာမတူ အသီးအသီးဖြစ်ကြသည်ကို မြင်သောကြောင့် ဤဘဝမှ တစုံတခုသော ဝတ္ထုသည် နောင်ဘဝသို့ ပြောင်းသွား၍ သတ္တဝါမည်သည် ဖြစ်၏ဟူသော ဧကတ္တသဿတ-အယူမဟုတ်ကြောင်းကို အတပ်သိ၏။

အဗျာပါရနည်းကို သိသဖြင့် ပြုပြင်ဘန်ဆင်းနိုင်သူ, ဖြစ်စေနိုင်သူ,အစွမ်းသတ္တိသိတတ် ခံစားတတ်သူရှိ၏ဟူသော ကာရကဝေဒက,အယူသည် မဟုတ်ဟုသိအပ်၏။

ဧဝံဓမ္မတာနည်းကို သိသဖြင့် ဆိုခဲ့ပြီးသည့်အတိုင်း ဤပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်မှတပါး လောကသုံးပါးကို ဘန်ဆင်းမည့်သူ တစုံတယောက်မရှိ လောကသုံးပါးကို ဘန်ဆင်းသူရှိ၏-ဟူသော အယူဝါဒမဟုတ်သည်ကို အတပ်သိ၏။

---

## ၃၂—နည်းလေးပါးဖြင့်အကြောင်းကုန်သိ၍ ဇူဠသောတာပန်ဖြစ်ခြင်း

ဤသို့ လောကသုံးပါး သံသရာစက်ဟူသည် ဤပဋိစ္စသမုပ္ပါဒ်ပင်တည်း။ ပစ္စုပ္ပန်၌ ဝိညာဉ်,နာမ်ရုပ် အစရှိသော အကျိုးငါးပါးကိုပင် ဗြဟ္မာ,နတ်,လူ, မင်း, ဆင်းရဲသား, မိန်းမ,ယောကျ်ားဟူ၍ အထူးထူး အထွေထွေ သမုတ်ပညတ်ကြသည်သာ။ စင်စစ်မူကား-အကျိုးအကြောင်း နာမ်ရုပ်မျှသာ ဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်ပင်တည်း။ ဤပဋိစ္စသမုပ္ပါဒ်သည်လည်း မည်သူပိုင်ထိုက်သည့် ပစ္စည်းဥစ္စာမဟုတ်။ ဧဝံဓမ္မတာနည်းအားဖြင့် ဖြစ်သော သဘောတရားမျှသာတည်း။ အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းပျက်လျှင် အကျိုးပျက်၏။ ဤသို့ အကြောင်းအားလျော်စွာ အကျိုးဖြစ်ရာ၌ ပြုပြင်ဘန်ဆင်းသူမရှိ။

ဥပပတ္တိဘဝဟူသော နာမ်ရုပ်တခုမှသည် နောင်ဘဝတခုသို့ တစုံတခုမျှကူးပြောင်း၍ ပါရှိသည်မဟုတ်၊ ဘဝတခုန္တ ဖြစ်သမျှ နာမ်ရုပ်သည် အကြွင်းအကျန်မရှိ ချုပ်၏။ ထိုချုပ်သော နာမ်ရုပ်ဟူသော အကြောင်းကြောင့်၊ နောင်ဘဝတခုတွင် အသစ်နာမ်ရုပ်ဖြစ်သည်။ ထိုနာမ်ရုပ် နှစ်ခုတို့သည် အကြောင်းအကျိုးအဖြစ်ဖြင့်လည်း မကင်း၊ စပ်ဆိုင်ကြ၏။ အကြောင်းဖြစ်သော ဘဝတခုက အကျိုးဖြစ်သော ဘဝတခုတွင် တစုံတရာမည်သည့် ဝတ္ထုမျှ မပါဟူ၍လည်း သိလေ၏။

ဤသို့ ဆိတ်ငြိမ်ရာ အရပ်၌ ကပ်၍ ဖြစ်သော သမာဓိနှင့် ယှဉ်သော ကောင်းစွာ ထိုးထွင်း၍ သိသော ဓမ္မဋ္ဌိတိဉာဏ်၊ အန္ဝယ ဉာဏ်တို့သည် စင်ကြယ်ခြင်း၊ ရင့်ခြင်းသို့ ရောက်သည်ဖြစ်၍၊မဂ်ဖိုလ် ကိုပင် မရသေးသော်လည်း“ရုဋ္ဌသောတာပန်” မည်ကြောင်းနှင့် အဋ္ဌကထာတို့တွင် ဆိုသည်။ ဤဓမ္မဋ္ဌိတိဉာဏ်ကို အထူးအားဖြင့် သိသော ဉာဏ်ဖြစ်သောကြောင့် အဘိညာဉာဏ်လည်းခေါ်သည်၊ ဉာတပရိညာလည်း ခေါ်သည်။

**ပဋိစ္စသမုပ္ပါဒ် သစ္စာ ၄-ပါးစွဲခဏ်းပြီးပြီ။**

## ၃၃-ပဋိစ္စသမုပ္ပါဒ် နက်နဲခြင်း ဂမ္ဘီရဖြစ်ပုံ

ဤသို့ဆိုခဲ့ပြီးသော နည်းတို့ဖြင့် ဤပဋိစ္စသမုပ္ပါဒ် တရား၏ နက်နဲသည်ဖြစ်၍ အလွန်တရာ အသိခက်ကြောင်းကို ကုရုတိုင်း ကမ္မာသဒမ္မရွာ၌ နေတောမူစဉ်—

အတ္ထရိယံ ဘန္တေ၊အဗ္ဘုတံ ဘန္တေ ယာဝ ဂမ္ဘီရော စာယံ ဘန္တေ ပဋိစ္စ သမုပ္ပါဒေါ ဂမ္ဘီရာဝဘာသောစ၊ အထ စ ပန မေ ဥတ္တာန ကုတ္တာန ကော ဝိယ ခါယတိတိ၊ မာဟောဝံ အာနန္ဒ အဝစ၊ မာဟောဝံ အာနန္ဒ အဝစ၊ ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသောစ၊

ဧတဿ အာနန္ဒ ဓမ္မဿ အညာဏာ အနနုဗောဓာ ဧဝ မယံ ပဇာ တန္တာကုလကဇာတာ ကုလာဂဏ္ဍိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

အတ္ထကား ဘန္တေ၊ မြတ်စွာဘုရား.....၊စ၊စင်စစ်။ဂမ္ဘီရော စ၊ နက်နဲသည်လည်းဖြစ်သော။ ဂမ္ဘီရာဝဘာသော စ၊ နက်သော အရောင်ရှိသည်လည်း ဖြစ်သော။ အယံပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စသမုပ္ပါဒ်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုပဋိစ္စသမုပ္ပါဒ်သည်။ အထ စပန၊ စင်စစ်။ ဘန္တေ၊ မြတ်စွာဘုရား.....၊ အစ္ဆရိယံ၊ အံ့ဘွယ်သရဲ။အဗ္ဘုတံ၊ မဖြစ်ဘူးမြဲ။ မေ၊ အကျွန်ုပ်အား။ ဥတ္တာနကုတ္တာနကော ဝိယ၊ တိမ်တိမ်သကဲ့သို့။ ခါယတိ၊ ထင်လာ၏။ ဣတိ၊ ဤသို့ လျှောက်သည်ရှိသော်။ အာနန္ဒ၊အာနန္ဒာ......၊ဧဝံ၊ ဤသို့ တိမ်၏ဟူသော စကားကို။ ဟိ၊ စင်စစ်။ မာအဝစ၊ မဆိုနှင့်။ အာနန္ဒ၊ အာနန္ဒာ......၊ဧဝံ၊ဤသို့တိမ်၏ဟူသော စကားကို။ဟိ၊စင်စစ်။မာအဝစ၊ မဆိုနှင့်။ အယံပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စသမုပ္ပါဒ်သည်။ ဂမ္ဘီရော စ၊ တဆဲ့ခြောက်သချေ်နှင့် ကမ္ဘာတသိန်း တိုင်အောင်လည်း နက်၏။ ဂမ္ဘီရာဝဘာသော စ၊ နက်သောအရောင်လည်း ရှိ၏။အာနန္ဒ၊ အာနန္ဒာ .....၊ ဧဝံ၊ဤသို့နက်သောကြောင့်။ ဧတဿ ဓမ္မဿ၊ ဤပဋိစ္စသမုပ္ပါဒ်တရားကို။ ယာဝ၊ အကြွင်းမဲ့လောက်။ အယံပဇာ၊ ဤသတ္တဝါ အပေါင်းသည်။ အညာဏာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း အစရှိသည်ကို မသိ။ အနနုဗောဓာ၊အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်၏ အစရှိသဖြင့် မသိ။ တာဝ၊ ထိုမျှလောက်။ တန္တာကုလကဇာတာ၊ ကြွက်ကိုက်သောရက်ကန်းထွေးကဲ့သို့ ရှုပ်ထွေးသည်ဖြစ်၏။ ကုလာဂဏ္ဍိကဇာတာ၊ ချည်ဝင် အရှုပ်ကဲ့သို့ ရှုပ်သည်ဖြစ်၏။ ဝါ၊ စာဖူးတောင်း သိုက်ကဲ့သို့ ရှုပ်၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ပတော် မြက်ကြိုးဆွေး, ဆင်ငိုမြက်ကြိုးဆွေး တို့ကဲ့သို့ ရှုပ်ထွေးသည် ဖြစ်၏။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသူတို့ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး

လျက် ကျရောက်ရာဖြစ်သော။ သံသရာ၊ သံသရာဟူသော ပဋိစ္စသမုပ္ပါဒ်ကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။

လောက၌ အတတ်ကြီး တဆဲ့ရှစ်ပါး, အဘတ်ငယ် ခြောက်ဆဲ့လေးပါးတို့တွင် အခက်ဆုံးဖြစ်သော ဆေးအတတ်သည် ဉာဏ်နုနဲ့သောသူ၌ ဒိသာပါမောက္ခဆရာထံ တဆဲ့နှစ်နှစ်သင်လျှင် တတ်မြောက်သည်။ ဉာဏ်ရသော ဇီဝကတို့မှုကား–သုံးနှစ်နှင့်တတ်ကြောင်းကို ကျမ်းဂန်တို့တွင် ဆိုသည်။ ဤပဋိစ္စသမုပ္ပါဒ်ကို မူကား–ဝိရိယထုတ်၍ သိအောင်ရှာသော သင်သော ဝိရိယာဓိက ဘုရားလောင်းသည် နိယတ ဗျာဒိတ်မခံမီကို ထား၍ နိယတဗျာဒိတ်ခံပြီးနောက် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ရှာမှီးသွန်သင်မှ သိမြင်တတ်မြောက်သည်။ ဉာဏ်ရှိသော ပညာဓိကဘုရားလောင်းမူကား–နိယတ ဗျာဒိတ်ခံပြီးနောက် လေးသင်္ချေနှင့်ကမ္ဘာတသိန်း၊ ရှာမှီးသွန်သင်မှ သိမြင်တတ်မြောက် နိုင်သည်ကိုထောက်၍၊ ဤပဋိစ္စသမုပ္ပါဒ်သည် တဆဲ့ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်း နက်သည်၊ အယုတ်ဆုံး အားဖြင့် လေးသင်္ချေနှင့်ကမ္ဘာတသိန်း နက်သည်၊ ထို့ကြောင့် ရှင်အနန္ဒာကို တိမ်၏ဟူသော စကားကို မဆိုနှင့်ဟု -တားမြစ်တော်မူသည်။ အကြင်မျှလောက် ပဋိစ္စသမုပ္ပါဒ်ကိုမသိ၊ ထိုမျှလောက် သံသရာဝဋ်ဆင်းရဲကို မလွန်နိုင်ဟု-ဟောတော်မူသည်ကို ထောက်၍ ပဋိစ္စသမုပ္ပါဒ်ကို မသိလျှင် သံသရာဝဋ်ကို မလွန်နိုင်၊ သိမှသာ လွန်မြောက်နိုင်မည် ဟူလိုသည်။

ရေတိမ်သောပင်လယ်သည် ရေ၏အဆင်းအရောင်ဖြူသည်၊ ထို့ကြောင့် ပင်လယ်ကိုသွားသောသူတို့သည် ထိုရေတိမ်၍ရေ၏အဆင်းအရောင်ဖြူသော ပင်လယ်ကို ပင်လယ်ဖြူ ခေါ်သည်။ ။ ရေနက်သောပင်လယ်သည် ရေ၏အဆင်းအရောင် ညိုညိုမည်းမည်းနက်သည်၊ ထို့ကြောင့် သင်္ဘောသားတို့က ပင်လယ်နက်ဟု ခေါ်သည်။ ။ရေနက်သော ပင်လယ်၏ ရေလည်း အောက်နက်သည်၊ရေ၏အဆင်းအရောင်လည်း ညိုမည်း၍ နက်သောအရောင်

ရှိသည် ဖြစ်သကဲ့သို့ ဤပဋိစ္စသမုပ္ပါဒ်သည်လည်း ဤနည်းတို့ဖြင့် ဉာဏ်နှင့် ထိုးထွင်း၍သိရန် အစောက်နက်သောကြောင့် ဂမ္ဘီရော၊ နက်၏-ဟု ဟောတော်မူသည်၊

ဤသို့ဆိုခဲ့ပြီးသော ဧကတ္တစသော နည်းတို့တည်းဟူသော အစောက်သာ နက်သည်မဟုတ်၊ အဝိဇ္ဇာ, သင်္ခါရစသော အကြောင်းအကျိုး၏သဘော-အစွမ်းသတ္တိဖြစ်သောသရုပ်,သဘော, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော အဆင်းအရောင်သည်လည်း သိခက်သည်ဖြစ်၍ နက်နဲသောကြောင့် ဂမ္ဘီရာဝဘာသောစ၊ နက်သောအဆင်းအရောင် ရှိ၏ဟူ၍လည်း ဟောတော်မူသည်။

## ပဋိစ္စသမုပ္ပါဒ်ဂမ္ဘီရဖြစ်ခဏ်းပြီးပြီ။

## ၃၄-လက္ခဏာ ၁ ယာဉ်သုံးပါးပြဆိုခဏ်း

ဤသို့ အဘိညာဉာဏ်ကို ရ၍"စူဠသောတာပန်"ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် သိပြီးသောပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တို့သည် စင်စစ်ဧကန် မဘောက်မပြန် နိစ္စ-ဓုဝ-သဿတ-ချမ်းသာခြင်း သုခ,အနှစ်သာရဟူသောအတ္တ မဟုတ်ဘူးဟူ၍ အနိစ္စ,ဒုက္ခ,အနတ္တ အားဖြင့် နာမ်ရုပ်တွေကို ဆုံးဖြတ်ပိုင်းခြားရမည် ဖြစ်သောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ, ဟူသည် ဤသဘောပင်တည်း။ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဟူသည် ဤသဘောပင်တည်းဟု-ဆိုလတ္တံ့သော နည်းအားဖြင့်မှတ်အပ်သတည်း။ ။ တစုံတခုသောဝတ္ထုသည်၊ ဥပါဒ်သက်သက်, ဌီသက်သက်, ဘင်သက်သက်,တခုခုသာရှိအံ့။ မြဲသောနိစ္စမည်၏၊ အကြင်ဝတ္ထုသည် အစ,အဆုံးဟူသော ဥပါဒ်,ဌီ,ဘင်မရှိ၊ ထိုဝတ္ထုသည် နိစ္စမည်၏။ ထို့ကြောင့် အဇ္ဈာကာသကောင်းကင်, နိဗ္ဗာန်, ပညတ်တို့သည် အစ,အလယ်,အဆုံးဥပါဒ်,ဌီ,ဘင်မရှိသောကြောင့် နိစ္စမည်၏၊

(ဥပါဒ်ကိုအစ၊ ဌီကိုအလယ်၊ ဘင်ကိုအဆုံးခေါ်သည် ဟူ၍ မှတ်လေ။)

## ၄၅—အနိစ္စတရားပြဆိုခြင်း

ဤ ပဋိစ္စသမုပ္ပါဒ် ဟူသော နာမ်ရုပ်ဖြစ်သော ခန္ဓာ ငါးပါး၌ ဥပါဒ်,ဌီ,ဘင် ရှိသောကြောင့် ဥပါဒ်မှသည် ဌီ,ဌီမှသည် ဘင်သို့ ရောက်၍ ပျက်သဖြင့် အမြဲမတည်သောကြောင့် ဤနာမ်ရုပ်ဟူသော ခန္ဓာငါးပါးသည် အနိစ္စမည်၏၊ ထို့ကြောင့်။

> အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ တေသံဝူပသမောသုခေါ-ဟူ၍ ဟောတော်မူသည်။

သင်္ခါရသဒ္ဒါ၏ လုံ့လဝိရိယ ဟူသော အနက်, ကုသိုလ် အကုသိုလ် စေတနာဟူသော အနက်, နာမ်ရုပ်ခန္ဓာငါးပါးဟူသော အနက်, အစရှိသည် တို့တွင် ဤပါဠိတော်၌ သင်္ခါရသဒ္ဒါသည် သဗ္ဗေသင်္ခါရာ အနိစ္စာဟူသော ပါဠိတော်၌ သင်္ခါရသဒ္ဒါ ကဲ့သို့ နာမ်ရုပ်ဟူသော ခန္ဓာငါးပါးကို ဟောသည်။ ဤပါဠိတော်တွင် ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏ဆိုရာ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍ ဟူသော ပုဗ္ဗကာလကိရိယာဖြင့် မဖြစ်မီ ထင်ရှားမရှိ။ ဖြစ်ရန်တို့ တခုသောနေရာတွင် သိုမှီးလှောင်ထားလျက် မရှိ၊ အကြောင်းအားလျော်စွာ ထိခတ်သော ဝတ္ထုနှင့် ခံသောဝတ္ထုထိခိုက်လျှင် အသံဖြစ်သကဲ့သို့ မီးခတ်နှင့် ကျောက် ထိခတ်လျှင် မီးပွင့် သကဲ့သို့ ခတ်သဘောချင်း ခတ်မိလျှင် လျှပ်ပြက်သကဲ့သို့ ဖြစ်ခြင်းကို ပြသည်၊ ဤကိုပြသဖြင့် မဖြစ်မီ ရှေးအဘို့၌ မည်သည့်မျှ မရှိ၊ဆိတ်သောအချည်းနှီး သုညသဘော,တုစ္ဆသဘော, ဝိဝိတ္တသဘောကို ပြသည်။ နိရုဇ္ဈန္တိ၊ချုပ်ကုန်၏ ဟူသော ကိရိယာပုဒ်ဖြင့် ထိုဖြစ်ပြီးသော တရားသဘောသည် မမြဲ၊နေရာတခုခု၌ စုပုံ၍ မတည်မရှိ၊ ချုပ်ခြင်း, ပျောက်ခြင်းသို့ ရောက်သည်ဟု ပြတော်မူသည်၊ ဤကိုပြသဖြင့်လည်း ဖြစ်ပြီးသောနောက်အဘို့၌ ဆိတ်သော အချည်းနှီးသော သုည,ဝိဝိတ္တ,တုစ္ဆသဘောကို ပြသည်၊ဤ၌ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍၊ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏ဟူသော ပုဒ်နှစ်ခု တို့ဖြင့်လည်း

ရှေ့အဘို့, နောက်အဘို့ဆိတ်၍ အလယ်၌ အလွန်တိုသော ဌီ ခဏမျှတည်၏ဟုဆိုလိုသည်၊ ထို့ကြောင့် တရား စစ်သူကြီး ဖြစ်တော်မူသော ဓမ္မသေနာပတိ အရှင်သာရိ ပုတ္တရာသည်။

အနိဓာန ဂတာဘဂ်ါ၊ ပုဉ္ဇာနတ္ထိအနာဂတေ။ နိဗ္ဗတ္တာ ယေဝတိဋ္ဌန္တိ အာရဂ္ဂေသာသပူပမာ။

ဘဂ်ါ၊ ချုပ်ပြီးပျက်ပြီးသောနာမ်ရုပ်တို့သည်၊ အနိဓာနဂတာ၊ သိုမှီးမြုပ်ထားခြင်းသို့ မရောက်ကုန်။ အနာဂတေ၊ မဖြစ်မီ့ ရှေ့အဘို့ ဟူသောအနာဂါတ်၌လည်း။ ပုဉ္ဇာ၊ ဖြစ်ရန်ဘို့အစုအပုံသည်။ နတ္ထိ၊ မရှိ။ နိဗ္ဗတ္တာယေဝ၊ ဖြစ်ဆဲပစ္စုပ္ပန် ဌီခဏ၌ ဖြစ်ကုန်၍ သာလျှင်၊ တိဋ္ဌန္တိ၊တည်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အာရဂ္ဂေ၊အပ်နဘားဘောက်သော ရှူးဖျား၌၊သာသပူပမာ၊ တင်ထား-သော မုန်ညင်းစေ့ကဲ့သို့တည်း။

အာရဂ္ဂကို အာရအဂ္ဂဟု ပုဒ်ဖြတ်၍ ပွတ်ဆောက်ဖျားဟု အနက်မပေးနှင့်၊ အာရာတုသုစိတုန္ဒသ္မိံ၊ သုစိတုန္ဒသ္မိံ၊ အပ်နဘား ဘောက်သောရှူး၌။အာရာ၊ အာရသဒ္ဒါသည်။ ဝတ္တတိ၊ ဖြစ်၏–ဟူသော"အဘိဓာန်"ကို ထောက်၍ အနက်ပေးလေ။

အဒဿနတောအာယန္တိ။ ဘဂ်ါဂစ္ဆန္တ်ုဒဿနံ။ အာကာသေ ဝိဇ္ဇုပ္ပါဒေါဝ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ ဟူ၍ဋ္ဌင်း–ဟောတော်မူသည်။

အဒဿနတော၊ မရှိမမြင်ရာက။ အာယန္တိ၊ လာကုန်၏။ဘဂ်ါ၊ ပျက်ကုန်သောနာမ်ရုပ်တို့သည်။ အဒဿနံ၊ မရှိမမြင်ရာသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊လျှပ်ပြက်သကဲ့သို့။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ဝယန္တိ၊ပျက်ကုန်၏။

---

## ၃၆–ဒုက္ခတရားအနတ္တတရားပြဆိုခဏ်း

ယဒနိစ္စံ တံဒုက္ခံဟူ၍ ဟောတော်မူသောကြောင့် ဥပါဒ်, ဌီ,ဘင်တို့ဖြင့်၊နှိပ်စက်၍ရပ်တည်မရ။ ဘောက်လဲဘောက်ပြန်ဖြစ်ရသော နာမ်ရုပ်သည် အဘယ်မှာချမ်းသာရှိအံ့နည်း။ ဆင်းရဲအတိသာ

ဖြစ်သောကြောင့် အနိစ္စမည်သော နာမ်ရုပ်သည်ပင် ဒုက္ခမည့်၏။ ယံဒုက္ခံ တဒနတ္တာဟူ၍ ဟောတော်မူ သောကြောင့် အနိစ္စ, ဒုက္ခ မည်သော နာမ်ရုပ်သည်ပင် အနှစ်မရှိသောကြောင့် အနတ္တ မည်၏။ ၊ဤအနတ္တအရာသည် ခဲခက်သော အရာ ဖြစ်သော ကြောင့်ရင်း, ယခုအခါ အနက်ပြန်ဆိုကြသည့် နေရာမကျသော ကြောင့်ရင်း,အသင့်အလျော်အကျယ်ဆိုပေအံ့—

## ၃၇—အနတ္တတရားအကျယ်ပြဆိုခဏ်း

အနတ္တဟူသောပုဒ်၌ နအတ္တဟုပုဒ်ဖြတ်၍ နအတ္တာ အနတ္တာ အတ္တာ၊ အတ္တသည့်။ န၊မဟုတ်။ ဇာတိ၊ ထို့ကြောင့်။ အနတ္တာ၊ အ နတ္တမည်၏။အနတ္တာ၊အတ္တမဟုတ်။ နတ္ထိတေသ့ံ၊အတ္တာဝါအနတ္တာ ဝါ၊ တနည်းကား ၊တေသ့ံ၊ ဤခန္ဓာငါးပါး၌။ အတ္တာ၊ အတ္တ သည်။ နတ္ထိ၊ မရှိ။ ဇာတိ၊ ထို့ကြောင့်၊ အနတ္တာ၊ အနတ္တမည်၏။ အ နတ္တာ။ခန္ဓာငါးပါး၌ အတ္တမရှိ။ဤ၌ ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ ခန္ဓာငါးပါး၌ အတ္တမရှိ ဟူလိုသည်။ဤအရာ၌ အတ္တဟူသည် အ ဘယ်နည်းဟူမူ-အတ္တသဒ္ဒါ၏ အနက်သည်ကား-အတ္တဒီပါ ဘိက္ခ ဝေ ဝိဟရထ၊အတ္တသရဏာအနညသရဏာ-ဟူသောပါဠိတော် ၌အတ္တသဒ္ဒါသည်၊သဘာဝဓမ္မဟူသော ကုသိုလ်တရားကိုဟော သည်။ ၊အတ္တဒန္တော တတော ဝရံ-ဟူသောပါဠိတော်၌ အတ္တ သဒ္ဒါစိတ်ကိုဟောသည်၊ ၊အတ္တဿတ္တံ ပစ္စတ္တံ-ဟူသော ပါဠိတော်၌၊ ဤ သုံးဆဲ့နှစ်ကောဋ္ဌာသဟူသော ကိုယ်ကိုဟောသည်။ ။ဤ ကိုယ်ဟော အတ္တအရာ၌ သရိရ-ဂတ္တ-သဏ္ဌာယ-အစရှိသဖြင့် အမည်များရှိသည်၊ အတ္တဒတ္တံပရဒ္ဒေနှ၊ ကိစ္စံ နာဝိ နဟာပယေ အစရှိသောပါဠိတို့၌ အတ္တသဒ္ဒါ အကျွန်ုပ်ငါဟူသော မိမိကိုဟော သည်၊ အမှ၊သ-သယံအစရှိသော သဒ္ဒါတို့လည်း ထိုမိမိဟူသော အနက်၌ပင် ဖြစ်သည်၊ ၊အမှပုဒ်ကို အဟံ- မယှံ-မယာ စသ ဖြင့် ဝိဘတ်ကို လိုက်၍ အပြုအများရှိသည်။ ၊ယဒတ္တနိ ပဿတိ အာနိသံသံ ဟူသော ပါဠိတော်၌ အတ္တသဒ္ဒါ-မိဿာဒိဋ္ဌိ အယူဟူ

သမ္ဗျက်ကို ဟောသည်၊ ထို့ကြောင့်–ယဒတ္တနိတိအတ္တာ ဝုစ္စတိဒိဋ္ဌိ ဂတံ၊ဟူ၍“**မဟာနိဒ္ဒေသ**”ပါဠိတော်၌ ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ဘွင့်တော် မူသည်။ ။သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါသတော၊ အတ္တာနု ဒိဋ္ဌိံ ဥဟစ္စ။ ။ဟူသော ပါဠိတော်၌ရင်း,“အတ္တဝါဒုပါဒါနံ” ဟူ သောပါဠိတော်၌ရင်း,ရူပံ အတ္တတော သမနုပဿတိ၊ဤသို့အစရှိ သော သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို ပြသောပါဠိတော်အစရှိသည်တို့ ၌ရင်း, အတ္တသဒ္ဒါသည် မိစ္ဆာဒိဋ္ဌိတို့ကြံဆ၍ ဟောပြောသော အတ္တဟူသော ဝတ္ထုတခုကိုဟောသည်၊ ဤသို့အစရှိသော အတ္တ သဒ္ဒါ အနက်များတို့တွင် ဤအနတ္တဟူသောပုဒ်၌ အတ္တ သဒ္ဒါသည် မိစ္ဆာဒိဋ္ဌိတို့ကြံဆ၍ ဟောပြောအပ်သော အတ္တဟူသော ဝတ္ထု တခုကို ဟောသည်၊ ထို့ကြောင့်၊ ဝိသုဒ္ဓိမဂ်, ပဋိသမ္ဘိဒါမဂ်, “**သံမောဟဝိနောဒနီ**” အစရှိသော များစွာသော အဋ္ဌကထာ ဋီကာတို့၌–

အနတ္တာ အသာရကဋ္ဌေနာတိ အတ္တာ နိဝါသီ ကာရ ကော ဝေဒကော သယံဝသီတိ ဧဝံပရိကပ္ပိတဿ အတ္တ သာရဿ အဘာဝေန။

ဟူ၍ဘွင့်သည် (ယုန်ချိုလိပ်မွေးတို့ ကဲ့သို့မရှိဟူလို။) ။အ နတ္တာအသာရကဋ္ဌေနာတိ ဟူသည်ကား၊ အတ္တာ၊ အတ္တသည်။ နိ ဝါသိ၊ ခန္ဓာအိမ်၌ရှင် (အိမ်ရှင်ဌေ့သည်မဟုတ်ဟူလို)ကာရကော မြင်ခြင်း,ကြားခြင်းအစရှိသော ကိစ္စပြီးစေတတ်သော ကတ္တားဖြစ် ၏။ ဝေဒကော၊ သိတတ်၊ ခံစားတတ်၏။ သယံဝသိ၊ ဤကိုယ်ခန္ဓာ သည် အတ္တဟူသော မိမိအလိုသို့လိုက်ရ၏။ ဧဝံတိဧဝံ၊ ဤသို့ ဆို ခဲ့ပြီးသော အစွမ်းသတ္တိရှိသော ဝတ္ထုဟူ၍၊ ပရိကပ္ပိတဿ၊ မိစ္ဆာဒိဋ္ဌိတို့ ကြံဆအပ်သော၊ အတ္တသာရဿ၊ ဤကိုယ်ခန္ဓာ၏ အနှစ်ဟု မိစ္ဆာဒိဋ္ဌိတို့ယူသော အတ္တဟူသော ဝတ္ထု၏။ အဘာ ဝေန၊ မရှိသဖြင့်ဟူ၍ဘွင့်သည်။

**လက္ခဏာယာဉ်သုံးပါးပြဆိုခဏ်းပြီးပြီ။**

## ၃၇—မိန္တာဒိဋ္ဌိတို့—အတ္တယူပုံ

မိစ္ဆာဒိဋ္ဌိတို့ကြီးဆအပ်သော ၀တ္ထုဟုသည်ကား-ဆိုခဲ့ပြီးသည် အတိုင်း ဟိန္ဒူပုဏ္ဏားတို့က ဗြဟ္မာ, သိုးဆောင်းလူမျိုးတို့က ဂေါ်, ဗသီမဂို အစရှိသော လူမျိုးတို့က ခိုဒါခေါ်သော လောကကို ဖန်ဆင်းသောသူသည် အကြောင်းမရှိ အလိုလို သယမ္ဘူဖြစ်၏၊ အိုခြင်း, သေခြင်း, ပျက်စီးခြင်းမရှိ မြဲ၏၊ လောကကို အစိုးရ၏၊ ဤလောက၌ဖြစ်သော သတ္တဝါအပေါင်းကို ဖန်ဆင်းသည်ဖြစ်၏၊ ထိုသတ္တဝါအပေါင်းတို့သည် ကုသိုလ်ကောင်းမှုကိုပြု၍ ထိုဗြဟ္မာ ထံရောက်အောင် ဆုတောင်းလျှင် သေသည့်ကာလ ထိုဗြဟ္မာထံ သို့ရောက်၍ မအို,မသေ အမြဲနေရ၏၊ ထို့ကြောင့် ဤလောက၏ အစသည် ဗြဟ္မာပင်တည်း၊ အဆုံးလည်း ဗြဟ္မာပင်တည်း၊နိဗ္ဗာန် ဆိုသည်လည်း ဤဗြဟ္မာပင်တည်း၊ ထိုဗြဟ္မာသည်ကောင်းကင် ၌တည်၏၊ လောကကိုပျံ့နှံ့၏၊ ရာဂ, ဒေါသ, မောဟ, ကိလေ သာမရှိ မမြင်နိုင်, မကြံစည်နိုင်သော ဂုဏ်ရှိ၏၊ လောကသုံးပါး ကို ရွက်ဆောင်သော ကိုယ်ရှိ၏၊ ထိုဗြဟ္မာကို ပရမအတ္တဟု ခေါ်အပ်၏၊ ထို့ကြောင့် သူရိယ သိဒ္ဓန္တကျမ်း၌,,

အစိန္တျာဗျတ္တရူပါယ၊ နိဂ္ဂုဏာယဂုဏတ္တနေ၊ သမတ္တဇဂဒါ ဓါရ၊ မုတ္တယေဗြဟ္မဏေနမော—ဟူ၍ပဏာမ ဂါထာထားသည်။

အစိန္တျာ၊ မကြံနိုင်သော။ အဗျတ္တ ရူပါယ၊ မထင် ရှားသော အရုပ်သဏ္ဌာန်ရှိသော။ နိဂ္ဂုဏာယ၊ ရာဂ,ဒေါသ,မောဟ, ကိလေ သာမရှိသော ။ ဂုဏာတ္တနေ၊ သီလ, သမာဓိ, ဟူသော ဂုဏ်သ ဘောရှိသော။ သမတ္တဇဂဒါဓါရမုတ္တယေ၊အလုံးစုံသော လောက သုံးပါးတို့၏ တည်ရာကိုလည်း ရှိထသော။ဗြဟ္မဏေ၊ဗြဟ္မာအား၊ နမော၊ ရှိခိုးပါ၏။

---

## ၃၈—ကမ္ဘာဦးအခါက—ဗြဟ္မာ့စိတ်အကြံဖြစ်ပုံ

ဗြဟ္မာဘုံနှစ်ဆယ်တို့အနက် ပဌမဈာန်သုံးဘုံတို့တွင် မဟာ ဗြဟ္မာဘုံ၌ ဖြစ်သော ဗြဟ္မာသည် ဗြဟ္မာမင်း ဗြဟ္မပုရောဟိတာ

ဘုံ၌ ဖြစ်သော ဗြဟ္မာသည် ပုရောဟိတ်, ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်သောဗြဟ္မာသည် အစေအပါး ဖြစ်၏၊ ရှေးကမ္ဘာဦးအခါ မဟာဗြဟ္မာဘုံ၌ ဗြဟ္မာကြီး ဖြစ်၍ တဦးတည်းဖြစ်သောကြောင့် ငြီးငွေ့ခြင်း ဖြစ်သည်နှင့် ယခုအခါ အပေါင်း အဘော်ရအောင် ဗြဟ္မာတဦး ဖြစ်လာလျှင် ကောင်းလေ၏ဟု-စိတ်အကြံ ဖြစ်လျှင် ဗြဟ္မာတဦး ဖြစ်လာပြန်၍ အထက်ဖြစ်နှင့်သည့်ဗြဟ္မာက—ငါ့စိတ်အကြံဖြစ်လျှင်ပင် ဤဗြဟ္မာ ဖြစ်လာသည်ဟု—ထင်မှတ်၏၊ နောက်ဖြစ်သော ဗြဟ္မာကလည်း ငါမဖြစ်မီ ဗြဟ္မာဘုံတွင် ဤဗြဟ္မာကြီး ရှိနှင့်ပေသည် ဤဗြဟ္မာကြီးနှင့်ငါသည် အရောင် အဆင်းခြင်းမတူ ဗြဟ္မာကြီးက သာသောကြောင့် ခစားဆည်းကပ် အပ်ပေသည် ထင်မှတ်၍ အထက်ဗြဟ္မာကြီးကို နောက်ဗြဟ္မာက—အစေအပါး အဖြစ်ဖြင့် ခစားဆည်းကပ်၏၊ ထိုနောက်ဖြစ်သော ဗြဟ္မပါရိသဇ္ဇာသည် မဟာဗြဟ္မာနှင့် အသက် မတူသောကြောင့် အလျှင်သေလွန်၍ လူ့ပြည်တွင် ဖြစ်လာသည်၊ နောက်ဗြဟ္မာဘုံက လာသူဖြစ်သောကြောင့် လူ့ဘောင်၌မနေတော့ထွက်၍ ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ဈာန်အဘိညာဉ်ရသည်နှင့် မိမိ၏လာရာအရပ်နေရင်း ဘုံအစရှိသော အလုံးစုံတို့ကို ကြည့်ရှုရာ မဟာဗြဟ္မာကြီးစိတ် အကြံအတိုင်း ဗြဟ္မာဘုံတွင်ဖြစ်၍ မဟာဗြဟ္မာကြီး အစေအပါး ဖြစ်ခဲ့ဘူးသည်ကိုရင်း, မဟာဗြဟ္မာကြီး မသေလွန်မီ သေလွန်၍ လူ့ပြည်တွင် ဖြစ်သည်ကိုရင်း, သိမြင်သည်နောက် မဟာဗြဟ္မာ သေအံ့သောကာလ အပိုင်းအခြားကို ကြည့်ရှုပြန်ရာ မိမိအဘိညာဉ် နုန့်သောကြောင့် မမြင်နိုင်၍ ဤမဟာဗြဟ္မာကား ဘောက်ပြန် ပျက်စီးခြင်း မရှိ သေခြင်းမရှိမြဲ၏၊ ငါမှစ၍ အလုံးစုံသော လောကသည် ဤမဟာဗြဟ္မာကြီးစိတ်အလိုအတိုင်းဖြစ်ရ၏၊ ဤလောကကိုဘန်ဆင်း၏၊ အခြားသတ္တဝါတို့သာ ဘောက်ပြန် ပျက်စီးခြင်း ရှိ၏ဟု-ထိုရသေ့သည် လောက၌ လှည့်၍ တရားဟောသောကြောင့်၊ လောကကို ဗြဟ္မာကြီး ဘန်ဆင်းသည်၊ ဗြဟ္မာကြီးအစိုးရသည်၊ ဗြဟ္မာကြီးမှာ မြဲ၏၊ အ

ခြားသတ္တဝါ မမြဟူသော ကေဝလသဿတဒိဋ္ဌိသည် လောကဒ္ဓအမျှ အနှံ့ဖြစ်၏ဟု–"ဖြဟ္မဇာလသုတ်"တွင်ဟောတော်မူသည်။

ဤဖြဟ္မာသည် သတ္တဝါတို့ကို ဘန်ဆင်းသည်ကာလ မိမိ၏ ကိုယ်မှအစိတ် စဉ်းငယ် သတ္တဝါတို့၏ ကိုယ်တွင်း၌ ထည့်လိုက် သည်၊ မီးခဲကြီးမှထွက်သော မီးပွားကဲ့သို့ဖြစ်သော ဖြဟ္မာ၏ စိတ်၊ ဤသတ္တဝါတို့၏ကိုယ်တွင်း၌ ရှိသောကြောင့် မြင်ခြင်း, ကြားခြင်း, နမ်းခြင်း, လျက်ခြင်း, တွေ့ထိခြင်း အစရှိသောအမှု ကိစ္စတို့ကို ပြီးစေနိုင်သည်။ ။ဤကိုယ်တွင်း၌ရှိသော လောက ကိုဘန်ဆင်းသော ဖြဟ္မာကြီး၏ အစိတ်သည် အတ္တမည်၏။

---

## ၄၀–ခန္ဓာငါးပါးကို–အတ္တအစိုးရပုံ

ဤခန္ဓာ၌ စက္ခု,သောတအစရှိသော ဒွါရရုပ်တို့သည် အိမ်၌ရှိ သော တံခါးပေါက်ကဲ့သို့ အိပ်ရာနေရာတို့ကဲ့သို့ ထိုအတ္တသည် အလိုရှိရာ အရပ်၌နေ၍ အလိုရှိရာ ဒွါရပေါက်က ကြည့်ရှု ကြား နာ, သိ,မြင်, ခံစားခြင်းအစရှိသောကိစ္စတို့ကို ပြီးစေနိုင်သည်၊ဝေ ဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟူသော နာမက္ခန္ဓာတို့ကိုလည်း အစိုးရ၏၊ အတ္တ၏အလိုသို့ လိုက်ရ၏၊ အိမ်၌ အိမ်၏အရှင်သည် အိမ်မှုကိစ္စအလုံးစုံကို ပြီးစေနိုင်သော ကာတ္တားကာရက ဖြစ်သကဲ့ သို့ရှင်း, အိမ်၌ ဖြစ်သမျှသော အမှုကိစ္စကို အိမ်ရှင်ခံစားဘိသကဲ့ သို့ရှင်း, အိမ်၌ရှိသော အလုံးစုံကို အိမ်ရှင်အစိုးရ သကဲ့သို့ရှင်း, အိမ်၌ရှိသောသူတို့သည် အိမ်ရှင်အလိုသို့ လိုက်ရဘိသကဲ့သို့ရှင်း, ဤခန္ဓာငါးပါး၌ ရှိသမျှတို့ကို အတ္တသည် အစိုးရသည် ဖြစ်၍ ကာရက,ဝေဒက,သယံဝသီဖြစ်၏။

ဤအတ္တသည် အစိန္တေယျဖြစ်သော မဒို,မသေ အမြဲတည် သော လောကကိုဘန်ဆင်းသော ဖြဟ္မာ၏ အစိတ်ဖြစ်သော ကြောင့် မပျက်မစီး မြဲ၏၊ ဆင်းရဲခြင်းမရှိ နိစ္စ, သုခ, အတ္တဖြစ်၍ ဤကိုယ်၏ အနှစ်သာရဖြစ်၏။

## ၄၁–အတ္တမသေ-တအိမ်ပျက်က-တအိမ်ပြောင်းတာ

ဤနာမ်ရုပ်ဟူသော ခန္ဓာမှုကား–အမြဲမတည် ဆင်းရဲခြင်း, အစိုးမရခြင်းကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်၍ အကာဖြစ်၏၊ သတ္တဝါတို့သေ၍ ဤခန္ဓာပျက်သော်လည်း အတ္တမသေ၊ တအိမ်ပျက်လျှင်, အိမ်သစ်တခုသို့ ပြောင်းသော အိမ်ရှင်ကဲ့သို့ နောင်ဘဝ၌ ခန္ဓာသစ်တခုတွင် တည်ပြန်သည်။

ဤသို့ ဆိုခဲ့ပြီးသောနည်းအားဖြင့် ဤအတ္တ၏ အကြောင်းအလုံးစုံကို သိလျှင် မြတ်သောဉာဏ်ကို ရသည်ဖြစ်၍ သေသည်အခြားမဲ့၌ လောကကို ဘန်ဆင်းသော အတ္တ၏ အရင်း အမြစ်ဖြစ်သော ပရမ အတ္တဟူသော ဗြဟ္မာထံသို့ ရောက်၍ မအို,မသေအမြဲနေသော နိဗ္ဗာန်ချမ်းသာကိုရ၏–ဟု ဗေဒင်သုံးပုံ၏ အနှစ်ကိုရထားသော "ဗေဒန္တသာရ" မည်သောကျမ်း, "ဘဂဝတိဂီတာ" မည်သောကျမ်းတို့၌ ဆိုသည်။

---

## ၄၂–ဘဝတခုမှ ဘဝတခုသို့အမှတ်ပါပုံ

ဤအတ္တသည် ဇီဝလည်း မည်သောကြောင့် ယခု လောက၌ အန္ဓပုထုဇ္ဇန်တို့က အသက်ဟူ၍ ခေါ်ကြပြီးလျှင် အသက်ထွက်၍ သွားသည်၊ ဤဘဝ အသက်ထွက်ခါနီး လူကိုတစုံတခု နှင့်င်း, အိုးမဲ စသည်တို့ဖြင့် မှတ်လိုက်လျှင် နောင်ဘဝ၌ အမှတ်ပါသည်၊ ဤအသက်ရှိ၍သာ သတ္တဝါတို့သည် လုပ်လုပ်ရွရွ အလုံးစုံသောအမှုကို လုပ်ဆောင်နိုင်သည်၊ ဤအသက်မရှိလျှင် မလုပ်မဆောင်နိုင်ပြီဟူ၍၎င်း, အသက်ထွက်၍ နောင်တမလွန်သို့သွားသော ဤအသက်ဇီဝသည် မွေ့ပင်, မုန်းပင်တို့အောက်သို့ဝင်မိလျှင် ဤဘဝ၌အဆွေအမျိုးတို့ကို မွေ့သည်, မုန်းသည်ဟူ၍၎င်း, ဤဇီဝကို အမှောင့်ဆရာတို့က လိပ်ပြာဟူ၍ ပြောပြီးလျှင် အနာရောဂါကြီး အထိတ်အလန့်ကြီးရှိ၍ မွေ့လျော့ မိန်းမောသောသူမှာ ဤဇီဝဟူသောလိပ်ပြာ ကိုယ်တွင်းကခွါ၍ ခေတ္တနေသောကြောင့်

ဖြစ်သည်၊လိပ်ပြာစင်လွင့်သည်ဆိုပြီးလျှင် ခေါင်ခွက်များနှင့် မန္တာန်မန်း၍ လိပ်ပြာခေါ်၍ သွင်းသည်ဟူ၍ရင်း၊ မိန်းမ၊ ယောကျ်ားနှစ်ယောက်တို့ လိပ်ပြာခြင်းကူးပြီးလျှင် ချစ်ကြိုက်သည်ဟူ၍ရင်း၊ အမှောင့်ဆရာ စုန်းတတ်သူတို့က လိပ်ပြာကိုဘမ်း၍ ထားတတ်သည်ဟူ၍ရင်း၊ ပြောဆိုကြ၍ ဤအတိုင်းပင် ထင်မှတ်ယုံကြည်ကြသည်။ ။အချို့သူတို့လည်း လောက်လန်း သဘွယ် ဝိညာဉ်တွယ်သည်ဆိုသောကြောင့် ဤဘဝမှသေသောသူ၏ အသက်ဇီဝဝိညာဉ်သည် နောင်ဘဝ၌ လောက်လန်း ကဲ့သို့တွယ်၍ ဖြစ်သည်၊ ဤဘဝကတစုံတခု နောင်ဘဝသို့ပါသွားသည်၊ ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်း၍ ပါသော ဝတ္ထုတစုံတခု ရှိတန်ရာသည်၊ ဤကိုယ်ခန္ဓာ ပျက်သော်လည်း ထိုနောင်ဘဝတွင် ဖြစ်ရန်ဝတ္ထုတခုမှုကား-မပျက်၊ထိုဝတ္ထုပျက်လျှင် နောင်ဘဝမှာ ဖြစ်ရန်မရှိ၊ သစ်သီးတွင်မျိုးစေ့ကဲ့သို့ ဤသတ္တဝါများတို့ ကိုယ်တွင်း၌နောင်ဘဝတွင် ဖြစ်ရန်မျိုးစေ့ရှိ၍ ဖြစ်သောကြောင့်သာ မည်သူဝင်စားသည်၊ နောင်ဘဝက အမှတ်အသား များပင်သော်လည်းပါလာသေးသည် ပြောဆိုထင်မှတ်ကြသည်။

ဟောတော်မူသော နာမ်ရုပ်သဘောကို သိရုံမျှနှင့် ကိုယ်၏အနှစ်ဖြစ်သော အတ္တမရှိဟု-မထင်နိုင်၊နာမ်ရုပ်သဘောကိုသိလျှင်ဤအတ္တအယူမရှိဘူးဟူ၍ မထင်နှင့် သိမ်မွေ့နက်နဲသော အရာဖြစ်၍ ရှိသည်ကိုမှ ရှိမှန်းမသိ၍သာ မရှိဘူးထင်သည်။

---

## ၄၃-ခန္ဓာ၌အနှစ်သာရအတ္တရှိပုံ

ဤသို့ သိမ်သိမ်မွေ့မွေ့ ရှိမှန်းမသိအောင် အားကြီးစွာ စိတ်နှင့်တသားတည်း၊ ကပ်ငြိနေသည့် အတ္တအယူကိုရည်၍ ဒိဋ္ဌာနုသယကိုဟောတော်မူသည် အနုသယဆိုသည်ကား- ပရမာနုမြူကဲ့သို့ သိမ်မွေ့စွာကပ်သော ကိလေသာတို့ကို ဆိုသည်၊ နာမ်ရုပ်ကို သိပြီးသော ပုထုဇ္ဇန်သည် ဤသင်္ခါရဟူသော ခန္ဓာငါးပါးတို့ကို မြဲသည်ဟု-ထင်၍မတပ်၊ ချမ်းသာသည်ဟု- ထင်၍မ

တပ်၊ သို့သော်လည်းစွန့်ပစ်ရမည်, လျစ်လျူထားရမည်ကို မ ရက်စက် အကောင်းရှိနိုးနိုး မစင်ကိုစွန့်ပစ်သကဲ့သို့ မပစ်မစွန့် ဝံ့သည်ဖြစ်၍၊ ဤစကား၌ ရက်ရက်စက်စက်မပစ်ဝံ့, အကောင်း ရှိရောင်ရောင်ဟု-စွဲလမ်းခြင်းသည် သိမ်မွေ့သောအားဖြင့် အတ္တ ကို စွဲလမ်းခြင်းဟု-မှတ်ရမည်။ ။အနုစ်သာရ အတ္တမရှိဟု-ထင် သောမစင်အမှိုက်တို့ကိုမူကား-ငဲ့ကွက်ခြင်းမရှိစွန့်ပစ်နိုင်သည်။ ။ အနှစ်သာရ အတ္တရှိ၏ဟု-ထင်သော ဤကိုယ် ခန္ဓာကိုမူကား-စွန့် ပစ်ရမည်ကို မဆိုထားနှင့် စဉ်းငယ်မျှ အခြားသူတို့က နှုတ်ဖြင့် ၎င်း, လက်ဖြင့်၎င်း, ထိပါးမည်ရှိလျှင်ပင် မခံမရပ်နိုင်၊ တရား ကိုပင် ဖျက်ဆီးကျော်နင်းပြုကျင့်ခြင်း,ထိပါးမည်ထင်သူကို တတ် နိုင်သမျှ နှိပ်စက်ခြင်းတို့ကို ပြုလေသည်၊ လျစ်လျူမှုမရှုနိုင်၊ ဤ မိမိခန္ဓာနှင့်စပ်၍ မကောင်းဖြစ်မည်ကိုမခံနိုင်ခြင်းအားကြီးလေ၏၊ ဤခန္ဓာ၌ အနှစ်သာရ အတ္တဟု-စွဲလမ်းခြင်း, အားကြီးလေဟူ၍ လည်းမှတ်ရမည်။

## ၄၄-ဘာဝနာ အားကိုရမှ-အတ္တလွတ်မည်

ထို့ကြောင့် နာမ်ရုပ်တို့ကို အကျယ်သိပြီးနောက် ဝိပဿနာ ဉာဏ် အဆင့်အဆင့်တက်၍ သိမ်မွေ့သော အတ္တအယူကို ပယ် နိုင်အောင် ဓိကောဒိုကစသော သုညတ နည်းတို့ဖြင့် အထပ်ထပ် ခန္ဓာငါးပါးတို့ကို ဉာဏ်ဖြင့်ထုချေပြီးလျှင် သင်္ခါရုပေက္ခာဉာဏ် ကိုရမှ သင်္ခါရတို့ကို လျစ်လျူရှုနိုင်ရုံရှိသည်၊ ပဌမမဂ်ဉာဏ်ကို ရမှ သက္ကာယဒိဋ္ဌိဟူသော အတ္တအယူကို စွန့်ပစ်နိုင်သည်၊အနိစ္စ ဟူသည်ကား-ထင်လွယ်၏၊ ဒုက္ခဟူသည်ကား- ထင်လွယ်၏၊ မစွန့်ပစ်ဝံ့သည့် ကောင်းနိုးနိုး ထင်သော အတ္တအယူကိုမူကား- အနတ္တဟု – အလွန်ထင်နိုင်ခဲသည်ကို များစွာဆိုလတံ့သည်ကို ထောက်၍လည်း သိလိမ့်မည်။

နာမ်ရုပ်တို့ကို အကျယ်သိ၍ နာမ်ရုပ်ပြင် အခြားအတ္တမရှိဟူ သော တရားတော်ကိုသိလျက် အဘယ်ကြောင့် သိမ်မွေ့သော

အတ္တဒိဋ္ဌိကို မစွန့်နိုင်သနည်းဟူမူ- အနမတဂ္ဂသံသရာက အတ္တဟု စွဲလမ်း၍ ရှိသည်ကို ယခုတခါတည်း ထင်ရုံမျှနှင့် စိတ်သဘော မနှစ်မြိုက်သည်ဖြစ်၍ စိတ်မလိုက် အတ္တဟု- စွဲလမ်းခြင်းအားကြီး လှ၍ မှတ်ရမည်၊ ဤသို့သိပြီး နာမ်ရုပ်ကို အထပ်ထပ် အဆစ်အဖု ကုန်အောင် ဘာဝနာပွါး၍ ဘာဝနာအားကိုရမှ စိတ်လိုက်၍ အတ္တအယူကိုဖွတ်နိုင်သည်၊ ဘာဝနာမပွါးလျှင် သိပြီးပင် ပျောက် ပျက်လေဦးမည်။

---

## ၄၅–အတ္တအယူကိုပယ်ရန်-ဥပမာ

ကြက်ဥ၌ ပေါက်အံ့သော ကြက်ငယ် ဧကန်ရှိသော်လည်း ကြက်မကြီး၏ ဝပ်ကျင်းကိုမရလျှင် ကြက်ဥပုပ်၍ ပျက်သကဲ့သို့ နာမ်ရုပ်တို့ကို သုတမယဉာဏ်ဖြင့် သိသော်လည်း ဘာဝနာမပွါး လျှင် သိပြီး သုတမယ ဉာဏ်ပင် ပျောက်ပျက်သည်၊ ကြက်ဥ ကို ကြက်မကြီးဝပ်လျှင် ကြက်ငယ်ကောင်းစွာ ပေါက်သကဲ့သို့ သုတမယဉာဏ်ကို ဘာဝနာပွါးလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟူသော ဉာဏ်ပေါက်၍ သက္ကာယ ဒိဋ္ဌိပျောက်သည်ဟူ၍ ဟောတော်မူ သည်။

မြင့်ရှည်စွာ ကိုယ်တွင်း၌ ရောဂါစွဲသော သူသည် ဧကန် ပျောက်မည့်ဆေးကို လေးရက်,ငါးရက် စားမိလျှင် ရောဂါဆုတ် ၍သက်သာသည်၊ ဆယ်ရက်,တလစားမိလျှင် ရောဂါဝပ်၍ မထ မကြွဖြစ်သည်၊ ဤကဲ့သို့ ရောဂါဝပ်သည်ကို ရောဂါပျောက်ပြီ မရှိပြီထင်မှတ်၍ သင့်သောဆေးကို မစားဘဲဖြတ်လျှင် ဝပ်သော ရောဂါပြန်၍ ထမြဲထသကဲ့သို့ နာမ်ရုပ်တို့ကို အကျယ်အားဖြင့် သိခြင်းသည် အတ္တအယူပျောက်အံ့သော ဧကန်မှန်သောဆေးဖြစ် ၍ ထကြွကြမ်းတန်းသော အတ္တအယူဆုတ်နစ်၍ ပျောက်သကဲ့ သို့ဖြစ်ပြီးလျှင် ဝပ်သည်၊ အတ္တအယူဝပ်သည်ကို အတ္တအယူမရှိ ပြီ ထင်မှတ်၍ အထပ်ထပ်ဆေးကိုသောက်သကဲ့သို့ ဘာဝနာအ

ထပ်ထပ် ပြုရမည်ကို မပြုလျှင် သင့်သောဆေးကို ဖြတ်သော ကြောင့် ရောဂါ ထမြဲထသကဲ့သို့ အတ္တအယူဝါဒ ခိုင်ခန့်ကြမ်း တန်းစွာ ထလိမ့်မည်ဖြစ်၍ နာမ်ရုပ်ကိုသိရုံမျှနှင့် အတ္တအယူကို မစွန့်တည့်နိုင် ဝပ်ရုံမျှသာ ရှိနိုင်သည်၊ ဘာဝနာ အထပ်ထပ်ပြု၍ ဝိပဿနာဉာဏ် ဆယ်ပါးတို့တွင် ကိုးဆင့်မြောက်သော သင်္ခါရုပေက္ခာဉာဏ်ကိုရမှ လျှစ်လျူရှုနိုင်သည်၊ ပဌမမဂ်ကိုရမှ ဇောက် ပယ်စွန့်နိုင်သည်။

## ၄၆–နိုင်ငံခြားလူမျိုးတို့၏ အယူဝါဒ

ကသည်းလူမျိုးတို့မှာ ဤအသက် ဇီဝထွက်ခါနီးကို အသက် ဇီဝ မထွက်ဘဲ ခေတ္တရပ်ဆိုင်းအော င် ဈေးက– ကသည်း ဆရာကြီးတို့ မန်းမှုတ်နိုင်ကြောင်းနှင့် ပြောဆိုကြသည်။ ။သိုး ဆောင်း လူမျိုးတို့မှာ ဟိန္ဒူပုဏ္ဏားတို့ အယူအတိုင်း ဇီဝဟူသော ပါဠိပျက်၍ သိုးဆောင်းတို့ ဘာသာဖြင့် ဤဒင်ဖိုးဟူ၍ ဤအတ္တကို ခေါ်ပြီးလျှင် ယုံကြည် လေးမြတ်စွာ အယူရှိသည်၊ ဤဒင်ကား- အမြဲမပျက်၊ ဖိုးကား- ဇီဝဆိုလိုသည်၊ သိုးဆောင်း ဘာသာ ဂေါ့ဟု–ခေါ်သော လောကကို ဖန်ဆင်းသော ဘုရားက-ဤ–ဤ ဒင်ဖိုးကို သတ္တဝါ၌သာပေးသည်၊တိရစ္ဆာန်တို့၌မပေး၊ထို့ကြောင့် တိရစ္ဆာန်တို့သည် လူလောက် မလိမ္မာ တိရစ္ဆာန်တို့ကို သတ်၍ စားသောက်သော်လည်း ငရဲမရှိဟူ၍ သိုးဆောင်းလူမျိုးတို့ အယူ ရှိသည်၊ ဟိန္ဒူဗုဒ္ဓ(ဗသိ)အစရှိသော လူမျိုးတို့မူကား- ဤဇီဝသည် လူ, တိရစ္ဆာန်, သတ္တဝါ ရှိသမျှမှာပင် ရှိသည်ဟူ၍ အယူဝါဒရှိသည်၊ ခိုဒါကိုကိုးကွယ်သည့် ဗသိစသော လူမျိုးတို့က-ဤခန္ဓာ၏အချုပ် ရှုဟု-အတ္တကိုခေါ်သည်။ ။ဤသို့ ဤအတ္တ အယူ ဝါဒ သည် လောက၌ဖုံးလွှမ်း၍ အကြွင်း အကျန်မရှိ အလုံးစုံသော သူ၌ပင် လျှင် ဤသက္ကာယဒိဋ္ဌိ မကင်းနိုင်လေ သတည်း။ သတ္တဝါတို့ သည် သံသရာဝဋ်ဆင်းရဲမှ မကျွတ်မလွတ်နိုင်။

## ၄၇-ကျမ်းအမျိုးမျိုးမှအတ္တသဒ္ဒါယူပုံ

အတ္တသဒ္ဒါ, ဇီဝသဒ္ဒါ, ပုရိသသဒ္ဒါ, အတ္တဟောဖြစ်ကြောင်းနှင့် "မာဂဓအဘိဓာန်"ကျမ်းတွင် ပရိယာယ်သုံးပုဒ်ထုတ်သည်၊အတ္တသဒ္ဒါ, ဇီဝသဒ္ဒါ, ပုရိသသဒ္ဒါ,အဟင်္ကာပိသဒ္ဒါ, ဇူဿရသဒ္ဒါ, ပုဂ္ဂလသဒ္ဒါ,စေတညသဒ္ဒါ, သရိရာဓိဒေဝတာ စသောသဒ္ဒါတို့သည် အတ္တဟောဖြစ်ကြောင်းနှင့် သဒ္ဒတ္ထရတ္တာဝဠိမည်သော "သက္ကဒ အဘိဓာန်" ကျမ်းကြီး၌ ဆိုသည်။ ။ဤကိုယ်ခန္ဓာ ငါးပါးကို သက္ကာယဟူ၍ရှင်း, သက္ကာယန္တဟူ၍ရှင်း, ဤသို့အစရှိသဖြင့် များစွာသော အမည်တို့နှင့် ဟောတော်မူသည်။ ။ထို့ကြောင့် "ခန္ဓဝဂ္ဂ" အစရှိသော ပါဠိတော်တို့၌။

ကတမောစဘိက္ခဝေသက္ကာယန္တော၊ပဉ္စုပါဒါနက္ခန္ဓာ တိဿ ဝစနီယံ-ဟူ၍ရှင်း။

> ကတမော စ ဘိက္ခဝေ သက္ကာယော ပဉ္စုပါဒါနက္ခန္ဓာ တိဿဝစနီယံ ကတမေပဉ္စသေယျထိဒံ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သက္ကာယော။

ဤဥပါဒါနက္ခန္ဓာငါးပါးကို ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် သက္ကာယဟူ၍ရှင်း, သက္ကာယန္တဟူ၍ရှင်း,ဟောတော်မူသည်။

ကတမော ဘိက္ခဝေ ကာယော ကာယာနု ပဿီ ဝိဟာရတိ။ ဤသို့အစရှိသော ပါဠိတော်တို့၌ရှင်း, ကာယလဟုတာ, ကာယမုဒုတာ, ဤသို့ အစရှိသော ပါဠိတော်တို့၌ ရူပက္ခန္ဓာကို ကာယဟူ၍ ခေါ်သည်။

ကာယပါဂုညတာ,စိတ္တပါဂုညတာ,ဤသို့အစရှိသော ပါဠိတော်တို့၌ ဝေဒနာ, သညာ, သင်္ခါရဟူသော ခန္ဓာသုံးပါးကို ကာယ ခေါ်သည်။

ဤနေရာ၌ ခန္ဓသဒ္ဒါလည်း အပေါင်းအစုဟော၊ ကာယသဒ္ဒါလည်း အပေါင်းအစုဟောဖြစ်၍ ကာယဆိုသည်နှင့် ခန္ဓဆိုသည်ကို တထပ်တည်း မှတ်ရမည်၊ ဤပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်အပေါင်း အစုဟူသောသက္ကာယကိုစွဲ၍ ဤအတ္တဟူသော မိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏။

ထို့ကြောင့်''ခန္ဓဝဂ္ဂ''အစရှိသော ပါဠိတော်တို့၌၊ကိံသ္မိံ နုခေါ ဘိက္ခဝေ သတိ ကိံ ဥပါဒါယ ကိံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ သော အတ္တာ သော လောကော သော ပေစ္စ ဘဝိဿာမိ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမ ဓမ္မော တိ၊ဘဂဝံ မူလကာနော ဘန္တေ ဓမ္မာ ရူပေ ခေါ ဘိက္ခဝေ သတိ ရူပံ ဥပါဒါယ ရူပံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ သော အတ္တာ သော လောကော သော ပေစ္စ ဘဝိဿာမိ၊ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမ ဓမ္မောတိ ဝေဒနာယ-ပ-သညာယ သင်္ခါရေသု ဝိညာဏေ သတိ ဝိညာဏံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ သော အတ္တာ သော လောကော သော ပေစ္စ ဘဝိဿာမိ၊ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမ ဓမ္မော-ဟူ၍ဟောတော်မူသည်။

ဤသို့ ဟောတော်မူသည်ကိုစွဲ၍ ''အဋ္ဌသာလိနီ'' အစရှိသော များစွာသောအဋ္ဌကထာဋီကာတို့၌။ ။သက္ကာယဒိဋ္ဌိ ဟိ ဝိဇ္ဇမာန ဋ္ဌေန သတိ ခန္ဓပဉ္စသင်္ခါတေ ကာယေ သယံဝါ သတိ တသ္မိံ ကာယေ ဒိဋ္ဌိသက္ကာယဒိဋ္ဌိဟူ၍ရင်း, သက္ကာယဒိဋ္ဌိဟူသောပုဒ်ကို ဘွင့်သည်။

---

## ၄၈—နိမိတ်ကိုစွဲ၍-သက္ကာယဒိဋ္ဌိဖြစ်ပုံ

ဤခန္ဓာငါးပါးဟူသော သက္ကာယတို့တွင် တခုခုသည် အတ္တ ဟူ၍ စွဲလမ်းပြီးလျှင်ဖြစ်သော ဒိဋ္ဌိဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိ မည်၏ဆိုလိုသည်၊ထို့ကြောင့် သက္ကာယဒိဋ္ဌိ၊ ကိုယ်ရှိ၏ဟူသော အယူဟု—အနက်မပြန်နှင့်ဟူလို။ အတ္တဟူသောဝတ္ထုကို စွဲ၍ဖြစ်သော မိစ္ဆာဒိဋ္ဌိဖြစ်သောကြောင့် အတ္တာနုဒိဋ္ဌိဟူ၍ရင်း, အတ္တဒိဋ္ဌိ

ဟူ၍ဝင်း,အတ္တဝါဟာဟူ၍ဝင်း,များစွာသော ပါဠိတော်တို့၌ ဟော
တော်မူသည်။

ဤအတ္တဇိဝသည် အကျဉ်းအားဖြင့် တံဇိဝံ, တံသရိရံ, ထို
အတ္တပင် ခန္ဓာငါးပါးဟူသော ကိုယ်ဟု-ယူသော အယူတခု။

အညံဇိဝံ-အညံသရိရံ, အတ္တတခြား ခန္ဓာငါးပါး ဟူသော
ကိုယ်တခြား ဟူသော-အယူတခုဟူ၍ အယူနှစ်မျိုးရှိကြောင်းနှင့်
"အဘိဓမ္မာဝိဘင်း" ပါဠိတော် အစရှိသည်တို့တွင် ဟောတော်
မူသည်။

ဇိဝသဒ္ဒါ အတ္တဟော ဖြစ်သောကြောင့် တံဇိဝံဟူသောပုဒ်ကို
တံဇိဝတ္တံ သောဇိဝေါ လိင်ဝိပ္ပလ္လာသော ကတော ဇိဝေါတိစ
အတ္တာဝေ-ဟူ၍"ပဋိသမ္ဘိဒါမဂ်"အဋ္ဌကထာတွင်ဘွင့်သည်။

အကျယ်အားဖြင့် ခန္ဓာငါးပါးကိုစွဲ၍ ရူပံ အတ္တတော သမနု
ပဿတိ အစရှိသဖြင့် ခန္ဓာတပါးတပါး၌ လေးပါးစီ ပြားသဖြင့်
သက္ကာယဒိဋ္ဌိနှစ်ဆယ်, အာယတနတဆဲ့နှစ်ပါးစွဲ၍ သက္ကာယဒိဋ္ဌိ
အယူလေးဆဲ့ရှစ်ပါး၊ ကသိုဏ်းအစ ရှိသည်တို့၏ ဥဂ္ဂဟနိမိတ်
ပဋိဘာဂနိမိတ် စသည်တို့ကိုစွဲ၍ သက္ကာယဒိဋ္ဌိ အများဖြစ်
ကြောင်းနှင့်လည်း"သံယုတ်ပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်"
တို့၌လည်း ဆိုသည်။

ဓါတုဝဝတ္ထာန် ကမ္မဋ္ဌာန်းသည် ပထဝီအစရှိသော ဓာတ်သ
ဘောကို အာရုံပြု၍ စီးဖြန်းသော ကမ္မဋ္ဌာန်းတည်း၊ ပထဝီက
သိုဏ်း,ဒွတ္တိံသကာယကမ္မဋ္ဌာန်း အစရှိသည် တို့မူကား-မြေကြီး
ဟူသောပညတ် အဋ္ဌကလာပ် ရုပ်စုဖြစ်၍ ကာယမည်သော
ကေသာအစရှိသော ကိုယ်ပညတ်ကို အာရုံပြု၍ စီးဖြန်းရသည်။

---

## ၄၉-ပါဠိတော်အတိုင်းအနက်ပေးသင့်ပုံ

ဤသို့ ကမ္မဋ္ဌာန်းအာရုံသည် သဘာဝအာရုံ, ပညတ်အာရုံ
ဟူ၍ နှစ်မျိုးရှိသည်၊ကာယာနုပဿနာ ဖြစ်သော ဒွတ္တိံသကာယ
ကမ္မဋ္ဌာန်း၌ ကိုယ့်ကိုယ်ဟူ၍ ကိုယ်ဟူသောပညတ်ကိုပင် အာရုံ

ပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းအပ်သည်ဖြစ်၍ ပညတ်ဖြစ်သော ကိုယ်ရှိ၏ဟု မယူကောင်း၊ အနတ္တကိုယ်မဟုတ် ကိုယ်မရှိဟူ၍၎င်း,သက္ကာယဒိဋ္ဌိကိုယ်ရှိ၏ဟူသော အယူကို မယူကောင်းဟူ၍ပြောဆိုကြခြင်း, အနက်ပေးကြခြင်းများသည် ကာယာနုပဿနာကမ္မဋ္ဌာန်းနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း, အနတ္တဟူသောပုဒ်၌ အတ္တသဒ္ဒါသည် ဆိုခဲ့ပြီးသည်အတိုင်း ဤကိုယ်ကိုမဟော၊မိစ္ဆာဒိဋ္ဌိတို့အယူအတ္တကိုသာဟောသောကြောင့်၎င်း,ဆိုခဲ့ပြီးသောပါဠိတော် အဋ္ဌကထာဋီကာတို့နှင့် မညီသောကြောင့်၎င်း, ဆိုခဲ့ပြီးသောဘဝတဏှာသည် ဘဝတဏှာသို့ကူးပြောင်း၍ ပါတတ်သည်ဟု – ပုထုဇ္ဇန်တို့ထင်မှတ်သော အသက်ဇီဝမရှိဟူသော မြတ်စွာဘုရားအလိုတော်ကို မသိရသောကြောင့်၎င်း, မှားခြင်းကြီး–မှားလေသည်။

ဤ အနတ္တာ ဟူသောပုဒ်၌ အတ္တသဒ္ဒါ ကိုယ်ဟောဟူသော အယူကို တားမြစ်ခြင်းငှာ အနတ္တာအသာရကဋ္ဌေနဟူ၍ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် "ပဋိသမ္ဘိဒါမဂ်"ပဋ္ဌိတော်၌ အကြိမ်များစွာ ဟောတော်မူသည်၊ "ဝိသုဒ္ဓိမဂ်"အစရှိသော များစွာသော အဋ္ဌကထာ ဋီကာတို့၌လည်း ဆိုခဲ့ပြီးသည်အတိုင်း အနတ္တာ အသာရကဋ္ဌေနာတိ အတ္တာ နိဝါသီ ကာရကော ဝေဒကော သယံဝသီတိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန–ဟူ၍ ဖွင့်တော်မူကြသည်။

အနတ္တာဟူသောပုဒ်ကို အကာယာ ဟူ၍၎င်း, အကာယဋ္ဌေနဟူ၍၎င်း, မည်သည့်စာပေ ကျမ်းဂန်တစုံတခုတွင်မှမရှိ။

ထို့ကြောင့် အနတ္တာ၊ ခန္ဓာအိမ်သခင် မြင်ခြင်းစသော ကိစ္စကို ပြီးစေနိုင်သော ကတ္တားကာရက၊ ခံစားတတ်သော ဝေဒက၊ အလိုကို လိုက်ရသော သယံဝသီဟူသော မိစ္ဆာဒိဋ္ဌိတို့ ကြံဆအပ်သော အတ္တဟူသော အနှစ်မရှိဟူ၍ အဋ္ဌကထာ အဘွင့်အတိုင်း သော်၎င်း, အနတ္တာ၊ အနှစ်မရှိဟူ၍ ပါဠိတော်အတိုင်း ;သော်၎င်း, အနက်ပေးသင့်သည်။

သစ်သီး၌ အစေ့ကဲ့သို့ နောင်ဘဝမှာဖြစ်ရန် ဤကိုယ်တွင်း၌ မပျက်မစီး ခိုင်ခန့်သော မျိုးစေ့အနှစ်သာရမရှိ ဆိုလိုသည်။ ရူပံအတ္တတော သမနုပဿတိ အစရှိသော ပါဠိတော်တို့၌လည်း ရူပံ၊ ရုပ်ကို။ အတ္တတော၊ ကိုယ်ဟူ၍။ သမနုပဿတိ၊ ရှု၏ဟူ၍ အနက်များကြီးကိုမပေးနှင့်။ ။ရူပံ၊ ရုပ်ကို။ အတ္တတော၊ အနှစ်သာရဟု- သမနုပဿတိ၊ ရှု၏-ဟု ပါဠိတော်အတိုင်းသော်ရင်း, အတ္တတော၊ ခန္ဓာအိမ်သခင် မြင်ခြင်း,ကြားခြင်း အစရှိသော ကိစ္စတို့ကိုပြီးစေနိုင်သော အာရုံကို ခံစားတတ် အလိုကိုလိုက်ရသော အတ္တဟူသော အနှစ်သာရ-ဟု သမနုပဿတိ၊ ရှု၏ဟူ၍။ အဋ္ဌကထာ အဘွင့်အတိုင်းသော်ရင်း, အနက်ပေးလေ။

---

## ၅၀–အနက်ပေးလွဲက–အယူလွဲမည်

ဆေးကျမ်းအရာ ဆေးအမည် အနက်ပေးလွဲလျှင် လူသေတတ်သည်၊ ကာလိကဆုံးဖြတ်သည်အရာ ခဲဘွယ်ဘောဇဉ် အဆုံးအဖြတ်တို့၌ အနက်ပေးလွဲလျှင် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်၍ သီလပျက်တတ်သည်၊ သဘာဝဓမ္မ ကမ္မဋ္ဌာန်းဝိပဿနာအရာ အနက်ပေးလွဲလျှင် အဟုတ်အမှန် ယထာဘူတကို မသိနိုင်၍ မဂ်လမ်း,ဖိုလ်လမ်း ပိတ်သည်ဖြစ်၍ ကျမ်းဂန်ဆိုသည်အရာ အလွန်ခက်ခဲသည့် အရာဖြစ်သောကြောင့် တစွန်းတစတွေ့နှင့် အနက်ပေးလျှင် ဆိုခဲ့ပြီးသော အပြစ်ကြီးများရောက်တတ်သည်ကို သတိကြပ်ကြပ်ထားအပ်သတည်း။

ဤသို့ အနတ္တအရာသည် သဘောအားဖြင့်ပင် အလွန်ခဲခက်၍ရှိသည်တွင် အနက်ပေး နေရာမကျပြန်သောကြောင့် မျက်စိမမြင်သောသူကို လမ်းမသိသောသူက လမ်းလွဲကိုလမ်းမှန်ဟုထင်မှတ်၍ ပြောဆိုလိုက်သည်၊ လမ်းမှားကိုရောက်သောသူကဲ့သို့ ဖြစ်ကြမည်ကို စိုးရိမ်လှသောကြောင့် အသင့်အလျော်စကား အကျယ်ဆိုလိုက်သတည်း။

**မိန္ဒာဒိဋ္ဌိတို-အတွယူပုံပြီးပြီ။**

## ၅၁ - အနတ္တအရာ၌ နက်နဲခဲခက်ပုံ

အနတ္တအရာ၌ သဘောအားဖြင့် နက်နဲသိမ်မွေ့သည်ကို ဤဆို လတံ့သော နည်းအားဖြင့် သိအပ်၏။

**သမ္မောဟဝိနောဒနီ—အဋ္ဌကထာအာယတနဝိဘင်း**

ဟတ္ထတော ဟိ တတ္တကေဝါ သရေဝေဝါ ကသ္မိဉ္စိဒေဝ ဝါ ပတိတွာ ဘိန္နေ အဟောအနိစ္စန္တိ ဧဝံ အနိစ္စံ ပါကဋံ နာမ အတ္တဘာဝသ္မိံ ပန ဂဏ္ဍပိဠကာဒီသု ဝါ ဥဋ္ဌိတာသု ခါဏုကဏ္ဋကာဒီ ဟိ ဝါ ဝိဒ္ဓါသု အဟောဒုက္ခန္တိ ဧဝံ ဒုက္ခံ ပါကဋံနာမ၊ အနတ္တလက္ခဏံ ပန အပါကဋံ အန္ဓကာရံ အဝိဘူတံ ဒုပ္ပဋိဝိဇ္ဈံ ဒုဒ္ဒီပနံ ဒုဝိညာပနံ အနိစ္စဒုက္ခလက္ခဏာနိ ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ ပညာယန္တိ၊ အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နေဝပညာယတိ မဟိဒ္ဓိကာ ဟိ မဟာနုဘာဝါ တာပသပရိဗ္ဗာဇကာ သရဘင်္ဂသတ္ထာရာ ဒယောပိ အနိစ္စံဒုက္ခန္တိ ဝတ္တုံ သက္ကောန္တိ၊ အနတ္တာတိ ဝတ္တုံ နသက္ကောန္တိ၊ သစေ ဟိ တေ သမ္ပတ္တပရိသာယ အနတ္တာတိ ဝတ္တုံသက္ကုဏေယျုံ၊ သမ္ပတ္တပရိသာ မဂ္ဂဖလပဋိဝေဓံ ဘဝေယျ၊ အနတ္တ လက္ခဏာ ပညာပနံ ဟိ အညဿ ကဿစိ အဝိသယော၊ သဗ္ဗညုဗုဒ္ဓါနမေဝ ဝိသယော၊ ဧဝမေတံ အနတ္တလက္ခဏံ အပါကဋံ၊ တသ္မာ သတ္ထာ အနတ္တလက္ခဏံ ဒဿေန္တော အနိစ္စေနဝါ ဒဿေတိ၊ ဒုက္ခေနဝါဒဿေတိ၊ အနိစ္စဒုက္ခေဟိဝါ။

ဟိ၊ အနိစ္စသဘောထင်ရှားသည်ကို ဆိုပေအံ့။ ဟတ္ထတော၊ လက်မှ။ တတ္တကေဝါ၊ ပူသောပဗ္ဗုတို့သည်မူ၎င်း။ သရေဝေဝါ၊ အင်စလောင်းတို့သည်မူ၎င်း။ ကသ္မိဉ္စိဒေဝဝါ၊ တစုံတခုသောဝတ္ထုတို့သည်မူ၎င်း။ ပတိတွာ၊ လွတ်ကျ၍။ ဘိန္နေ၊ ကွဲသည်ရှိသော်။ အဟောအနိစ္စန္တိ၊ ဪအနိစ္စဟူ၍ယောင်၏။ ဧဝံ၊ ဤသို့။ အနိစ္စံ၊ အနိစ္စ သဘောသည်။ ပါကဋံနာမ၊ ထင်ရှားသည်မည်၏။ ပန၊

ဒုက္ခလက္ခဏာထင်ရှားသည်ကို ဆိုဦးအံ့။ အတ္တဘာဝသို့၊ အတ္တ
ဟူသောကိုယ်၌။ဂဏ္ဍပိဠကာဒိသု၊ အိုင်းအနာ,သွေးစုနာတို့သည်။
ဉပ္ပဒ္ဒုတာသုဝါ၊ ပေါက်ရောက် ကုန်သော်လည်း။ ခါဏုကဏ္ဍကာ
ဒိဟိ၊ သစ်ငုတ်ဆူးငြောင့် စသည်တို့သည်။ ဝိဒ္ဓါသု၊ ထိုးခြင်းမိ
သော်ငြား။ အပေါဒုက္ခန္တိ၊ကြောင်းဒုက္ခဟူ၍ယောင်၏။ ဧဝံ၊ဤသို့။
ဒုက္ခံ၊ဒုက္ခသဘောသည်။ ပါကဋံ နာမ၊ ထင်ရှားသည်မည်၏။ ပန၊
အနတ္တလက္ခဏာခက်သည်ကိုဆိုပါဦးအံ့။ အနတ္တလက္ခဏံ၊ အ
နတ္တလက္ခဏာသည်။ အပါကဋံ၊ မထင်ရှား။ အန္ဓကာရံ၊ ပညာ
မျက်စိကာဏ်း၏။ အဝိဘူတံ၊ ထင်စွာမဖြစ်နိုင်။ ဒုပ္ပဋိဝိဇ္ဈံ၊ ထိုး
ထွင်း၍သိခက်၏။ ဒုဒ္ဒီပနံ၊ သူတပါးကိုပြခက်၏။ ဒုဝိညာပနံ၊မိမိ
သိပြီးကို သော်လည်း သူတပါးကို သိစေနိုင်ခဲ၏။ အနိစ္စဒုက္ခ
လက္ခဏာနိ၊ အနိစ္စ,ဒုက္ခ လက္ခဏာတို့သည်၊တထာဂတာနံ၊မြတ်
စွာဘုရားတို့၏။ ဉပ္ပါဒါဝါ၊ ဖြစ်ကုန်သော်ငြား။ အနုပ္ပါဒါဝါ၊ မဖြစ်
ကုန်သော်ငြား။ ပညာယန္တိ၊ ထင်ရှားကုန်၏။ အနတ္တလက္ခဏံ အ
နတ္တလက္ခဏာသည်မူကား- ဗုဒ္ဓုပ္ပါဒါ၊ မြတ်စွာဘုရားဖြစ်တော်
မူခြင်းကို။ ဝိနာ၊ ကင်း၍။နေဝပညာယတိ၊ မထင်ရှားနိုင်။ မဟိဒ္ဓိ
ကာ၊ တန်ခိုးကြီးကုန်သော။ မဟာနုဘာဝါ၊ အာနုဘော် ကြီးကုန်
သော၊ သရဘင်္ဂသတ္ထာရာဒယောပိ၊ ဘုရားလောင်း သရဘင်္ဂ
ရသေ့ဆရာအစရှိသည်တို့သော်လည်း။

(ဤဥဒ္ဓအာဒိသဒ္ဒါဖြင့် အရကအစရှိသော ရသေ့တို့ကိုယူ၊ ပိသဒ္ဒါဖြင့်
အရှင်ပစ္စေက ဗုဒ္ဓါတို့ကိုယူ။)

တာပသ ပရိဗ္ဗာဇကာ၊ရသေ့ပုရပိုက်တို့သည်၊အနိစ္စံ ဒုက္ခန္တိ၊
အနိစ္စဒုက္ခဟူ၍။ ဝတ္တုံ၊ဟောခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်
၏။ အနတ္တာတိ၊ အနတ္တဟူ၍။ ဝတ္တုံ၊ ဟောခြင်းငှါ။ နသက္ကောန္တိ၊
မတတ်နိုင်ကုန်၏၊ ဟိသစ္စံ၊ ထိုစကားမှန်၏။ သစေ၊ အကယ်
၍။ တေ၊ ထိုပစ္စေကဗုဒ္ဓါရသေ့တို့သည်။ သမ္ပတ္တပရိသာယ၊
ရောက်လာသောပရိသတ်အား။ အနတ္တာတိ၊ အနတ္တဟူ၍။၊ဝတ္တုံ၊
ဟောခြင်းငှါ၊ သက္ကုဏေယျုံ၊ တတ်နိုင်ကုန်ငြားအံ့။ သမ္ပတ္တပရိ

သာ၊ ရောက်လာသော ပရိသတ်သည်။ မဂ္ဂဖလပဋိဝေဓော၊ မဂ်ဖိုလ်ကိုထိုးထွင်း၍သိသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ဟိ၊မှတ်ရန်ကား။ အနတ္တလက္ခဏ ပညာပန်း၊အနတ္တလက္ခဏာကို ပညတ်ခြင်းသည်။ ကသ္မာ၊ တစုံတယောက်သော။ အညဿ၊ မြတ်စွာဘုရားမှ တပါးသောသူ၏။ အဝိသယော၊ အရာမဟုတ်။ သဗ္ဗည္ဗု ဗုဒ္ဓါနမေဝ၊ အလုံးစုံသောတရားကို သိတော်မူသောမြတ်စွာဘုရားတို့၏ သာလျှင်၊ ဝိသယော၊ အရာတည်း။ ဧဝံ၊ ဤသို့။ ဧတံအနတ္တလက္ခဏံ၊ ဤအနတ္တလက္ခဏာသည်။ ယသ္မာ၊ အကြင့်ကြောင့်။ အပါကဋံ၊ မထင်မရှား။ တသ္မာ၊ ထို့ကြောင့်။သတ္ထာ၊ မြတ်စွာဘုရားသည်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ ဒဿေန္တော၊ ပြတော်မူသည်ရှိသော်။ အနိစ္စေနဝါ၊ အနိစ္စဖြင့်မူလည်း။ ဒဿေတိ၊ ပြ၏။ ဒုက္ခေနဝါ၊ဒုက္ခဖြင့်မူလည်း။ ဒဿေတိ၊ပြ၏။ အနိစ္စ ဒုက္ခေဟိဝါ၊ အနိစ္စဒုက္ခဖြင့် မူလည်း။ ဒဿေတိ၊ ပြတော်မူ၏။ ။ဤသို့ “ **သမ္မောဟဝိနောဒနီ - အဋ္ဌကထာ - အာယတနဝိဘင်း** ” အဘွင့်တွင် ဆိုသည်။

---

## ၅၂–အနတ္တကိုသိအောင်-ဘုရားဟောတော်မူခြင်း

အဓိပ္ပါယ်ကား–ဆိုခဲ့ပြီးသည့်အတိုင်း အနိစ္စ ဒုက္ခလက္ခဏာတို့သည် ထင်ရှားသိသာ၏၊ အနတ္တလက္ခဏာမူကား- သိမ်မွေ့သောပရမတ်သဘောရောင်ရောင် ကြီးဆ၍ အလွန်အသိခက်သောနာမ်ရုပ်တို့အတွင်း၌ တခုခုပင်တည်းဟု-ပြောဟော၍ထားသောကြောင့် နာမ်ရုပ်တို့ကို ဉာဏ်ဖြင့်စိတ်ဖြာ၍ စေ့စေ့ဆင်ခြင်မှ အတော်အသင့်သိမြင်နိုင်သည်ဖြစ်၍ မထင်မရှားနာမ်ရုပ်သဘောပရမတ်ကို နားမလည်သောသူတို့ မသိနိုင် မိမိသိပြီးကိုသော်လည်းသူတပါးတို့အားဟောပြောပြသခြင်းငှါ အလွန်ခက်၏၊သဗ္ဗညု မြတ်စွာဘုရားမှတပါး-အရှင်ပစ္စေကဗုဒ္ဓါ တန်ခိုးကြီးသောသရာဘဂ်ရသေ့တို့သော်လည်း ဟောပြောပြသခြင်းကိုမတတ်နိုင်။

အကယ်၍ အနတ္တကိုဟောနိုင်သည်ဖြစ်အံ့၊မိမိတို့အထံသို့ ရောက်သော ပရိသတ်တို့သည် မဂ်ဖိုလ်ရကုန်ရာ၏ဟု-ဆိုသောကြောင့် အနိစ္စ, ဒုက္ခလက္ခဏာနှစ်ပါးတို့ကို သိရုံမျှနှင့် မဂ်ဖိုလ်မရ အနတ္တလက္ခဏာကိုသိမှသာ မဂ်ဖိုလ်ရမည်ဆိုလိုသည်၊ ဤသို့ အနတ္တလက္ခဏာကို သိပြီးသူသော်လည်း သူတပါးတို့ကို သိအောင် ဟောပြောပြသခြင်းငှာခက်သောကြောင့် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော မြတ်စွာဘုရားမှသော်လည်း အနိစ္စ, ဒုက္ခတို့ကဲ့သို့ တိုက်ရိုက် ဟောတော်မမူ၊ ထင်ရှားသိသာသော အနိစ္စအားဖြင့်ရင်း,ဒုက္ခအားဖြင့်ရင်း, အနိစ္စ,ဒုက္ခနှစ်ပါးတို့ဖြင့်ရင်း, အနတ္တကိုသိအောင် ဟောတော်မူရသည်၊ထိုစကားသည် မှန်၏၊ မဂ်ဖိုလ်တို့တွင် လက်မှန် အစဖြစ်သော သောတာပတ္တိမဂ်ကို သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုပယ်မှ ရနိုင်သည်။ အထက်မဂ်, အထက်ဖိုလ်များမှာ ဆိုဘွယ်မရှိပြီ။

---

## ၅၃–အနတ္တသိမှ–သက္ကာယပျောက်မည်-

ထိုကြောင့် ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် သမ္မသနဉာဏ်မှစ၍ မဂ္ဂါမဂ္ဂဉာဏ်တိုင်အောင် လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စ,ဒုက္ခကိုသာ ကောင်းစွာ ဉာဏ်၌ထင်နိုင်သည်၊ဝိပဿနာ ဉာဏ်အားကြီး၍ ပဋိသင်္ခါဉာဏ်သို့ ရောက်သည်မှ ဒွိကောဋိကသုညတနည်းမှသည် ဒွါဒသကောဋိကသုညတတိုင်အောင် အထူးထူးအထွေထွေ နည်းတို့ဖြင့် အနတ္တလက္ခဏာကို ထင်အောင် ကမ္မဋ္ဌာန်း စီးဖြန်းရမည်ဟူ၍ "ဝိသုဒ္ဓိမဂ် အဋ္ဌကထာ"တွင် ဆိုသည်။

ထိုစကားမှန်၏၊ အတ္တဝါဒုပါဒါန်သည် သတ္တဝါတို့၌စွဲလမ်းခြင်း အားကြီးသောကြောင့်ရင်း, ဆိုခဲ့ပြီးသည့်အတိုင်း အနတ္တဟူ၍ အသိခက်သောကြောင့်ရင်း, အသိလွယ်သည့် အနိစ္စ,ဒုက္ခနှင့် ရှေးဦးစွာဉာဏ်ကို ရင့်အောင်လေ့ပြီးမှ ဤအနိစ္စ,ဒုက္ခဝိပဿနာနှစ်ပါးနှင့်လည်း မဂ်ဖိုလ်ရရန် မရှိသေးသောကြောင့် ဝိပဿ

နာဉာဏ် ရင့်သည့်ကာလ သင်္ခါရတို့ကိုအနတ္တဟူ၍ ပဋိသင်္ခါဉာဏ်ကစပြီးလျှင် သက္ကာယဒိဋ္ဌိတို့ကို နှုတ်ရအောင် ဆိုခဲ့ပြီးသည့်အတိုင်း သုညတဟူ၍ ကမ္မဋ္ဌာန်းစီးဖြန်းရသည်၊ အနတ္တကိုသိသောဉာဏ်အားကြီးမှ သက္ကာယဒိဋ္ဌိကိုပယ်နိုင်သော သောတာပတ္တိအစရှိသော မဂ်တို့ကိုရသည်။

ထိုသို့ အနတ္တအသိခက်သောကြောင့် ထိုမှားသောအယူအတ္တဋ္ဌမြဲ၏၊ မဘောက်မပြန် မဆင်းရဲဟူသော ဂုဏ်မရှိကြောင်း ထိုအတ္တဟူသည်လည်း ခန္ဓာငါးပါးတို့တွင် တပါးပါးပင်တည်းဟူသော မိစ္ဆာဒိဋ္ဌိတို့ အယူကိုဖျောက်ခြင်းငှာ။

## ၅၄—အနတ္တသုတ်ပါဠိတော်-

> တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ၊ယံ ပနာနိစ္စံ ဒုက္ခံဝါ သုခံဝါတိ၊ ဒုက္ခံဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမဧသောဟ မသ္မိဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ၊ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ နိစ္စံဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ(လ)ကလ္လံနုတံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိဧသော မေအတ္တာတိ။

ဤသို့အစရှိသဖြင့် "**အနတ္တသုတ်ပါဠိတော်**"အစရှိသည်တို့၌ဟောတော်မူသည်။

## ၅၅—နာမ်-ရုပ်တို့ဘောက်ပြန်ပုံ

ဤပါဠိတော်၌ ရုပ်အစရှိသော ခန္ဓာငါးပါးတို့သည် နောက်က ဆိုခဲ့ပြီးသည့်အတိုင်း ဥပါဒ်, ဌီ, ဘင် ရှိသောကြောင့် မမြဲသည့်၏အဖြစ်ကို အသိလွယ်သည်ဖြစ်၍ ပဌမဟောတော်မူသည်၊ ဤနာမ်ရုပ်တို့၏ ဘောက်ပြန်ခြင်းသည် စိတ်ဆိုးသည်အခါ ဖြစ်

သောနာမ်ရုပ်နှင့် စိတ်ကောင်းသည့်အခါ ဖြစ်သောနာမ်ရုပ်, ပင်ပန်းဆင်းရဲသည့်အခါ, ချမ်းသာသည့်အခါ, ဆာလောင် မွတ်သိပ်သည့်အခါ, ဝလင်သည့်အခါ, ပူသည့်အခါ, အေးသည့်အခါ, ရောဂါဝေဒနာရှိသည့်အခါ, မရှိသည့်အခါ, အသက်ငယ်သောအခါ, ကြီးသောအခါ, ကိုယ်၌ဖြစ်ကြသောနာမ်ရုပ်တို့သည် အချင်းချင်းမတူညီ ကွဲလွဲကြသဖြင့် ဖောက်ပြန်သော ဝိပရိဏာမသဘော, မမြဲသောအနိစ္စသဘော အလွန်ထင်ရှား၏၊ ယခုလောက၌လည်း ဖြစ်ခြင်း,ပျက်ခြင်း, အိုခြင်း, နာခြင်း, သေခြင်းတို့ကို ကိုယ်တိုင်တွေ့ရ, မြင်ရ, ကြားရသောကြောင့် ဝိပရိဏာမသဘော,အနိစ္စသဘော အလွန်ထင်ရှားသိသာသည်။ ။ဆင်းရဲသောဒုက္ခဆိုသည်မှာ သုခဝေဒနာ ထင်ရှားရှိသောကြောင့် ခပ်သိမ်းသော သင်္ခါရတို့သည် ဒုက္ခသာဟု ဟောတော်မူလျှင် သုခဝေဒနာသည် ဒုက္ခမဟုတ်၊ သုခဖြစ်သည်ဟု ပုထုဇ္ဇန်တို့ကဆိုနိုင်သည်၊ ထိုသုခဆိုသော သုခဝေဒနာသည်လည်း အမြဲမတည်သောကြောင့် ဒုက္ခပင်ဖြစ်၏—ဟု ထပ်၍ဟောပြန်မှ ဒုက္ခမှန်းကိုသိနိုင်သည်ဖြစ်၍ အနိစ္စထက် နှလုံးသွင်းရန် အတန်ငယ်ခက်သောကြောင့် အနိစ္စကို ဟောတော်မူပြီးမှ ဒုက္ခကိုဟောတော်မူသည်။

---

## ၅၆—ချုံကြီးထဲ၌-အတ္တပတ္တမြားမရှိပုံ

အနတ္တမှုကား တစုံ တယောက်သောသူက အလွန်ရှုပ်သော ချုံကြီးအောက်တွင် ထူးမြတ်သည့် ပတ္တမြားကြီးတလုံးမြုပ်ထားရှိကြောင်းနှင့် မဟုတ်မလျှား သူပင်မြင်သည်,သူပင်သိသည်ဟု တပ်ရာပြောဆိုလာလျှင် ဉာဏ်ရှိသူက ဇာကန် ထိုသူစကား မဟုတ်ဘူးပြောသော်လည်း လူအများ ယုံကြည်နိုင်ရန် မရှိသောကြောင့် လူအများသဘောကျအောင် ထိုပတ္တမြားရှိကြောင်းနှင့် ပြောသည့် ချုံရှုပ်ကြီးကို ကုန်အောင် ခုတ်ထွင်၍ ချုံအောက်၌ မြေကိုအစိတ်စိတ်, အဖြာဖြာတူးလှန်၍ပြမှ ပတ္တမြားမရှိကြောင်းကို ပရိ

သတ်အများသဘောကျသကဲ့သို့ အလွန်ရှုပ်သော အလွန်သိခက်သော ချုံနှင့်တူသော ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပါဒ်ကား ဘဂဝါပါး၌ မအို,မသေ အမြဲတည်သည်ဖြစ်၍ ပတ္တမြားနှင့်တူသော အနှစ်သာရဖြစ်သော အတွာမည်သောဝတ္ထုသည်ရှိ၏ဟု ဒိဋ္ဌိတို့ကစွပ်စွဲ၍ ထားသောကြောင့် ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒ်ကား ဘဂဝါပါး၌ ဒိဋ္ဌိတို့ပြောဟောသော သဘောအတိုင်း အတ္တမည်သည် ရှိ,မရှိကို ဗျာဒိတ်မခံမီကို မဆိုထားနှင့်ဦး ဗျာဒိတ်ခံပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကိုယ်တော် စိတ်တော်တို့၏ ပင်ပန်းခြင်းကို မရေတွက်နိုင် ခံတော်မူ၍ရှာမှီးမှ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပါဒ်ကား ဘဂဝါပါးဟူသော ချုံရှုပ်ကြီးကို ဉာဏ်ဖြင့်ထွင်နိုင်၍ အနှစ်ဟူသော အတ္တ မရှိကြောင်းကို သိတော်မူသည်ကာလ သိတော်မူသော တရားတော်သည် အလွန်ခက်ခဲ နက်နဲသိမ်မွေ့သည်ကို စွဲ၍ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပါဒ်ဟူသော အတ္တအယူ လွှမ်းမိုးသော လောက၌ ငါသိပြီးသော တရားကို ဟောသော်လည်း သိနိုင်ရန်မရှိဟု– တရားဟောခြင်း၌ စိတ်တော်ပျက်၍ ဆုတ်နစ်တော်မူခြင်းဖြစ်ကုန်၏။

---

## ၅၇-သဟံပတိဗြဟ္မာကြီးတရားတောင်းပန်ခြင်း

ထိုသို့ဖြစ်သည်ကို သဟံပတိဗြဟ္မာကြီးက တရားဟောတော်မူပါမည့်အကြောင်းနှင့် တောင်းပန်ရာ လောကသည် ဖြေပျက်ဘန်ဆင်း၏ဟု– အယူရှိလျက် ရှိသည်ကို လောက ကိုးကွယ်သော ဗြဟ္မာပင် တောင်းပန်ခြင်းကိုရပြီ၊ အလွန်နိုင်ခန့်သော သက်သေအထောက်အပံ့ ဗြဟ္မာကြီးတောင်းပန်ခြင်းကိုစွဲ၍ တရားဟောရလျှင် လောကသည် ငါဟောသောတရားကို အလေးပြု၍ နာယူရန်ရှိပြီးဟု-တဆင့်ပြော စာတွေ့ အကဲအရိပ် တစွန်းတစ တွေ့သည်နှင့် တူရာထောက်၍ ကြံဆခြင်းတို့ဖြင့်၎င်း, ကြိုက်နှစ်သက်ရာ ကိုယ်ကျိုး ကိုယ်စီးပွါး ကိုင်စွဲ၍ ကိုယ့်အလိုကိုပါအောင် ယူငင်ခြင်းစသည်တို့ဖြင့်၎င်း, ဟောပြောကြသော လော

ကိသဏ္ဍာန်ကျမ်း, ဗေဒင်ကျမ်း, ဂဏန်းကျမ်း, နီတိကျမ်း,ဆေးကျမ်း အစရှိသော အတတ်ကြီး တဆဲ့ရှစ်ပါး အတတ်ငယ်ခြောက်ဆယ် လေးပါးတို့ကဲ့သို့ မဟုတ် ကိုယ်တော်တိုင် အကြိမ်များစွာ သံသရာ၌တွေ့ကြုံ၍ အကြိမ်များစွာ သုံးသပ်ဆင်ခြင်ပြီးလျှင် သိ၍ ဉာဏ်တော်၌အတပ်မြင်တော်မူသော ထင်ရှားရှိသော သဘောဖြစ်၍ သန္တိဋ္ဌိက အစရှိသော ဂုဏ်နှင့်ပြည့်စုံသော ကိုယ်တော်၏အကျိုးစီးပွါးကို စဉ်းငယ်မျှ ငဲ့ကွက်ခြင်းမရှိ အလျှင်းကင်းသော နာယူကျင့်ဆောင်သော သတ္တဝါတို့အားကေန်အကျိုးစီးပွါးဖြစ်သော တရားတော်ကို သဒ္ဒနယ, အတ္ထနယတို့ဖြင့်အပြည့်အစုံ ကောင်းမွန်စွာ ဟောတော်မူသည်။

ထိုသို့ ဟောတော်မူရာလည်း နာမ်ရုပ်နှင့်စပ်သည် တရားတို့ကို များသောအားဖြင့် လူတို့သည်မသိနိုင်ရာ လူတို့ထက်အသိအမြင်များ၍ ဉာဏ်ကြီးသောနတ်ပြဟ္မာတို့သာ နာယူမှတ်သားနိုင်ရာသည်ဟု— ကျေးဇူးအထူးကြီးလှသော မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကို အမှူးထား၍ အဘိဓမ္မာခုနစ်ကျမ်းကို နတ်ပြည်၌ဟောတော်မူသည်။

လူ့ပြည်တွင် နာမ်ရုပ်နှင့်စပ်သည်အရာကို ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ကုရုတိုင်း ကမ္မာသဒမ္မရွာသားတို့နေရာအရပ်သည် ဥတုရေမြေနှုပ်ကောင်းမွန်သောကြောင့် လူကျန်းမာသည်၊ လူကျန်းမာသောကြောင့် စိတ်ခိုင်ခန့်သည်ဖြစ်၍ ဉာဏ်ကြီးသောကြောင့် ထိုသူတို့ကိုသာ များသောအားဖြင့် ဟောတော်မူသည်။

ဤသို့နာမ်ရုပ်တို့ကို အကျယ်သိပြီးမှ အနတ္တကိုသဘောကျနိုင်ရန်မရှိသောကြောင့် အနတ္တသည် အလွန်ခက်သည်ဖြစ်၍ အနိစ္စ, ဒုက္ခကိုဟောပြီးမှ အနိစ္စ,ဒုက္ခ ဖြစ်သော နာမ်ရုပ်သည် အစိုးရခြင်း,မြဲခြင်းစသော ဂုဏ်ရှိသောအတ္တမဖြစ်နိုင်၊ အနတ္တသာဟုနောက်ဆုံးထား၍ ဟောတော်မူသည်။

အတ္တသဒ္ဒါ၏ ပရိယာယ်ဖြစ်သော အမှသဒ္ဒါ၏အပြ အာဒေသ အဟံ အစရှိသော ပုဒ်များလည်း ဤမိန္တာအယူ အတ္တကိုပင် ဟောသည်၊ ထို့ကြောင့် သက္ကာယ ဒိဋ္ဌိနှစ်ဆယ် အဘွင့်တွင်။

ယံရူပံ သော အဟံ၊ ယော အဟံ တံရူပန္တိ ရူပဉ္စ အတ္တာနဉ္စ အဒ္ဒယံ သမနုပဿတိ။ ဟူ၍ "ပဋိသမ္ဘိဒါမဂ်" ပါဠိတော်၌ ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ ဟောတော်မူသည်။ ဤသို့အတ္တကို အသိ ခက်သောကြောင့်ရင်း, အနတ္တကိုသိလျှင်လည်း ကြေန် မဂ်ဖိုလ်ရမည်ဖြစ်သောကြောင့်ရင်း။

---

## ၅၈-ညီတော်အာနန္ဒာအားဟောတော်မူခြင်း

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။ ။

သတ္တိယာ၊ လှံဖြင့်။ ဩမဋ္ဌောဝိယ၊ ထိုးမိသော သူကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်း၌။ ဍယှမာနောဝ၊မီးလောင်သောသူကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယ ဒိဋ္ဌိကိုပယ်ခြင်းငှါ။ ဘိက္ခု၊ ကိလေသာကို ပေါက်ခွဲတတ်သောသူသည်။ သတော၊ ကာယာနုပဿနာအစရှိသော သတိပဋ္ဌာန်လေးပါးနှင့် ပြည့်စုံသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း အစရှိသော ဣရိယာပုထ်တို့ဖြင့် နေရာ၏ဟူ၍ အပန်းတကြီး ဟောတော်မူသည်။ ။လှံထိုးမိသောသူသည် လှံထိုးမိရာကို အလျင်အမြန် ပျောက်စေချင် သကဲ့သို့ရင်း, အိမ်ပစ္စည်းဥစ္စာကို မဆိုနှင့်ဦး ဦးခေါင်းကို မီးလောင်သူသည် အလျင်အမြန် အပန်းတကြီး လောင်သော မီးကို သတ်လိုသကဲ့သို့ရင်း, သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှါ ဣရိယာပုထ်လေးပါး၌ပင် သတိပဋ္ဌာန်လေးပါးကိုပွါးများရမည် ဟုလိုသည်။

ဤသို့အလွန်သိမ်မွေ့နက်နဲ ရှုပ်ထွေးသော ပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တွင်း၌ ကြိုးဆ၍ မမြင်နိုင် မတွေ့နိုင်သော အသက်ဟူ၍ ထင်မှတ်ကြသော အတ္တရှိ၏ဟု–မိစ္ဆာဒိဋ္ဌိတို့ကစွပ်စွဲ၍ ထားသော ကြောင့် စွပ်စွဲရာဖြစ်သော နာမ်ရုပ်အလုံးစုံတို့၏ သဘောကို တပ် တပ်ရာရာကောင်းမွန်စွာမသိလျှင် ဤအတ္တ ရှိ,မရှိကိုမသိနိုင်၊စိတ်၌ အလွန်ရှုပ်ထွေးသောကြောင့် ဤပဋိစ္စ သမုပ္ပါဒ်ဟူသောနာမ်ရုပ်တို့ ကို ဤသတ္တဝါ အပေါင်းသည် အကြင်မျှလောက် ထိုမျှလောက် သော ကာလပတ်လုံး ချည်ဝင်အူပေါက် စာဖူးတောင်းတို့ကဲ့သို့ ရှုပ်ထွေးသည်ဟူ၍ ညီတော်အာနန္ဒာအား ဟောတော်မူသည်။

## ၅၉–သိုးဆောင်းလူမျိုးများယူပုံ

ထို့ကြောင့် အနတ္တအရာ မိစ္ဆာဒိဋ္ဌိတို့ကို မဆိုနှင့်ဦး ငါတို့ မြတ်စွာဘုရားကို ကိုးကွယ်သည့်လူမျိုးပင် ဖြစ်သော်လည်း ဤ ပဋိစ္စသမုပ္ပါဒ် ဟူသောနာမ်ရုပ်ကို အကျယ်အားဖြင့် နေရာကျ ကောင်းမွန်စွာမသိလျှင် ယုံယုံကြည်ကြည် သဘောမကျနိုင်၊မြတ် စွာဘုရားဟောတော်မူသောကြောင့်သာ အထူး အထွေ မပြောဝံ့၊ ဝင်စားသူ နေ့ဝင်ဘဝက အမှတ်များပါသူ လောကတွင် ထင်ရှား ပင်ရှိသည်၊ဤဘဝမှသေလွန်လျှင် နေ့ဝင်ဘဝ၌ဖြစ်ရန် တစုံတခု ဝတ္ထုရှိတန်ရာသည်၊ ဤဝတ္ထုကိုမတွေ့ကောင်း, မမြင်ကောင်း၍ သာဟု–စိတ်၌အထင်မကင်း သဘောမကျနိုင်၊ ထို့ကြောင့် အ နတ္တကို ကောင်းစွာသိလိုလျက် ဤပဋိစ္စသမုပ္ပါဒ်နာမ်ရုပ်တို့ကို အကျယ်အားဖြင့် ကောင်းစွာ သင်ကြား မှတ်သားပြီးမှ အသင့် အလျော် သဘောကျနိုင်မည်၊ နာမ်ရုပ်တို့ကို မသိသောသူတို့ကို အတ္တမရှိကြောင်း ပြောဟောသော်လည်း ဆိုခဲ့ပြီးသည့်အတိုင်း မြတ်စွာဘုရားကို ကိုးကွယ်သည့်လူမျိုးဖြစ်လျှင် ပြန်လှန်၍ မပြော ဝံ့၊ သဘောလည်း မကျဖြစ်လိမ့်မည်၊ မြတ်စွာဘုရားကို မကိုး ကွယ်သည့် လူမျိုးဖြစ်လျှင်လည်း မဟုတ်ဘူးဟူ၍ များစွာအ ကြောင်း ယုတ္တိတို့ဖြင့် ပြောလိမ့်မည်။ ထို့ကြောင့် မြတ်စွာဘုရား

ကို မကိုးကွယ်သည့် သိုးဆောင်း ပုဏ္ဏားဗသိ အစရှိသော လူမျိုးတို့သည် အလှူပေးခြင်း, ငါးပါးသီလ, ရှစ်ပါး သီလ, ဆယ်ပါးသီလအစရှိသော တရားတို့ကို ဟောပြောလျှင် ဟုတ်ပေသည်ဟူ၍ လိုက်နာနိုင်သည်၊ကျင့်ဆောင်ရမည်ဆိုသည်တိုင်အောင်လည်း ကျင့်ဆောင်နိုင်သည်၊ မိမိတို့ အယူဝါဒဇာတ်မပျက်၊ ဤကိုယ်ခန္ဓာဟူသည် တိုက်,အိမ်,ဟည်း,ရထားတို့ကဲ့သို့ ဆံ,အမွေး,ခြေသည်း,လက်သည်းအစရှိသောလေးဆဲ့နှစ်ပါးသော ဝတ္ထုတို့၏ အစုကို မိန်းမ,ယောကျ်ား,မင်း,ဆင်းရဲသား စသည်ဖြင့် လူဟူ၍ခေါ်ဝေါ်သမုတ်သည်၊ ဧကန်အမှန်မူကား-ဆံ,အမွေး, ခြေသည်း,လက်သည်း အစရှိသည်တို့၏ အပေါင်းအစု မျှသာဟူ၍ ဟောပြောလျှင်လည်း ဟုတ်လှ မှန်လှပေသည်၊ သိုးဆောင်းတို့ကလည်း၊ဤလူကိုယ်၌ရှိသော ဆံ,အမွေးအစရှိကုန်သောကောဋ္ဌာသတို့၏အကြောင်းကို အကျယ်ဆိုသော အနာတမီကျမ်း, ဖိဇစ်ကျမ်း, ဈေဉ်လော်ဂျီကျမ်းဟူ၍ အများအပြားပင်ရှိသည်၊ မြန်မာလူမျိုးတို့တွင်ရှိသည်၊ ဗွတ္တိသကာယကမ္မဋ္ဌာန်း, ဓါတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့မှာ ဆိုသည်ထက်၊ ဆယ်ပြန်အပြန်နှစ်ဆယ်မက၊ အရိုး,အကြော,အသည်း,အဆုတ်, နှလုံး, ကျောက်ကပ်, အူမ, အူသိန် အစရှိသော ဝတ္ထုမျိုးတို့၏ပုံစံ အကြီးအငယ်နှင့်တကွ အလွန်ကျယ်ဝန်းစွာရှိသည်ဟု ပြန်ပြောသည်။

ဟိန္ဒူပုဏ္ဏားတို့ကလည်း ဗေဒင္ဂသာရကျမ်း, ဘဂဝတိဂီတာကျမ်း,ဓါတုဒီပနီဆေးကျမ်း, သရောဒယ အစရှိသော ကျမ်းတို့၌ ဤဗွတ္တိသ ကာယတို့၏ အကြောင်းကို ထုတ်ဘော်ပြသ၍ ရှိပေသည်ဟု-ပြန်ပြော၏၊ဗသိစသောသူတို့လည်း ကူရန်အစရှိသော ကျမ်းတို့တွင် ထုတ်ဘော် ပြသလျက်ရှိကြောင်းနှင့် ပြန်ပြောသည်၊ ဓမ္မပဒ, မင်္ဂလသုတ်ပါဠိတော်တို့၏ အနက်အဓိပ္ပါယ် ငါးရာငါး ဆယ်ဇာတ် အစရှိသော သုတ္တန်ပါဠိတော်တို့၏ အကြောင်းကို ပြောလျှင်လည်း ဟုတ်လှပေသည်၊ ဤကဲ့သို့ လူတို့ကိုလိမ္မာအောင်

ဆုံးမသော စာပေကျမ်းဂန်များလည်း အများအပြားပင်ရှိကြောင်း နှင့် အသီးအသီးပြန်ပြောကြသည်၊ အနိစ္စ,ဒုက္ခတို့ကို ပြောလျှင် လည်း အတော်အသင့် လိုက်နာသည်။

## ၆၀–အလျှုပေးရုံနှင့်-မိစ္ဆာအယူမပျက်

ဟိန္ဒူပုဏ္ဏားတို့ ပါဠိဘာသာ အတ္တ အစရှိသော အမည်တို့ဖြင့် ခေါ်ဝေါ်အပ်သော ဗသိတို့၏ ဘာသာရူပဟူ၍ ခေါ်ဝေါ်သော သိုး ဆောင်းတို့ဘာသာ ဤဒင်ဇိုးခေါ်သော ဝတ္ထုမရှိ၊ ဤဝတ္ထုသည် ဤကိုယ်၏အနှစ်သာရမဟုတ်၊ ဤကိုယ်၌ရှိသမျှဝတ္ထုသည် အမြဲ တည်၍ နေ့ခင်ဘဝသို့ကူးပြောင်းပြီးလျှင် လိုက်တတ်သော အနှစ် သာရဖြစ်သော ဝတ္ထုမရှိကြောင်းနှင့် ပြောဆိုလျှင် ဤအတ္တမည် သောဝတ္ထုသည် တွေ့ကောင်း, မြင်ကောင်းသော ဝတ္ထုမဟုတ်၊ ဉာဏ်ဖြင့်သာ ထိုးထွင်း၍ သိအပ်သော အမြဲတည်သော ဘုရား ပေးသော ဝတ္ထုဖြစ်၍ အလွန်သိမ်မွေ့နက်နဲသော ဝတ္ထုဖြစ်သော ကြောင့် ရှိမှန်းမသိ၍ မရှိဘူးဆိုပါသည်၊ ဤလူတို့၏ကိုယ်ကို မ ဆိုထားနှင့်ဦး သစ်ပင်များမှာပင် ခိုင်ခန့်သော အနှစ်ရှိပါသည်၊ မြေကြီးကျောက်များမှာလည်း ရွှေငွေစသော ဓာတ်ဟူသော အ နှစ်တခုရှိပါသည်၊ လောကတွင်လည်း တိရစ္ဆာန်, လူ, နတ်, ဗြဟ္မာတို့မှာပင် မိမိအလျောက် အစိုးရအကြီးအအုပ်နှင့် ချည်း ဖြစ်သကဲ့သို့ ဤကိုယ်ခန္ဓာကိုအစိုးရသော ကြားခြင်း, မြင်ခြင်း, သွားခြင်း, စားခြင်း, သိခြင်း, ခံစားခြင်း အစရှိသော ကိစ္စတို့ကို ပြီးစေနိုင်သော အစွမ်းသတ္တိဟူသော ဤကိုယ်ခန္ဓာ၏ အချုပ်အ ချုပ်ဖြစ်သော အနှစ်သာရဖြစ်သော အတ္တမည်သောဝတ္ထု ကေန် ရှိပါသည်၊ သစ်သီး၌ မျိုးစေ့ရှိသကဲ့သို့ နေ့ခင်ဘဝ၌ ဖြစ်ရန်မပျက် မစီး သတ္တဝါတို့၏ မျိုးစေ့ဖြစ်ပါသည်၊ ထိုအတ္တကိုသိလျှင် အမြဲ တည့်သော ဘုရားကိုလည်း ယုံကြည်ပါလိမ့်မည်၊ ဤသို့စသည်ဖြင့် အထူးထူးအထွေထွေ အကြောင်းယုတ္တိတို့ဖြင့် ပြန်လှန်၍ ပြော သည်၊ ထိုအတ္တအယူရှိသောသူတို့သည် အခြားအရာကိုလိုက်ပါ

နိုင်၏၊ အတ္တမရှိ မဟုတ်ဟူ၍ လိုက်လျှင် အတ္တကိုပေးလိုက်ရင်း လောကကို ဘန်ဆင်းသည့် အမြဲတည်သော ဘုရားနှင့် တကွ မဟုတ်ဘူးဟူ၍ စွန့်ပစ်ရမည်ဖြစ်သောကြောင့် မလိုက်မယူ နိုင်,လိုက်ယူလျှင် မိမိအမျိုးဘာဝ ဓာတ်ဇာကန် ပျက်တော့သည်၊ သို့ဖြစ်၍ သာသနာတော်မှ အပဖြစ်သော လူမျိုးတို့သည် မြန်မာ ဘုန်းကြီးတို့ကို ကိုးကွယ်ရုံ, မြန်မာတရားများကို နာရုံ, ဥပုသ် သီတင်း ဆောက်တည်ရုံ, အလှူဒါနပေးကမ်း,ကျောင်း, စရပ် ဆောက်လုပ်ရုံမျှနှင့် မိစ္ဆာအယူ မပျက်သေးဘူးဟူ၍ မှတ်အပ် သည်။

---

## ၆၁–သာသနာတွင်းအားထုတ်မှသိနိုင်မည်

ဤသို့ ပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ် တရားတို့ကို သိပြီးမှ အတ္တမရှိကြောင်းကို သဘောကျကျ သိနိုင်ရန် ရှိသောကြောင့် ဤအနတ္တအရာသည် ပဋိစ္စသမုပ္ပါဒ်ကဲ့သို့ အများအားဖြင့် တဆဲ့ ခြောက်သင်္ချိုင်နှင့် ကမ္မဋ္ဌာန်းသိမ်း,အနည်းအားဖြင့် လေးသင်္ချိုင်နှင့် ကမ္မဋ္ဌာန်းသိမ်း,နက်နဲသိမ်မွေ့ ခဲခက်ကြောင်းကိုလည်း မြမြနှလုံး သွင်းထား၍ ကမ္မဋ္ဌာန်းအသင်္ချိုတို့ဖြင့်သော်လည်း ကြိုကြိုက်ခဲလှ စွာသော မြတ်စွာဘုရား သာသနာတော်တွင်း၌ ကြုံကြိုက်ရသည် အခါ ဤအနတ္တကိုကောင်းမွန်စွာသိရအောင် နာမ်ရုပ်သဘောဖြစ် သော ဤပဋိစ္စသမုပ္ပါဒ် အစရှိသော ပရမတ် တရားတို့ကို အကျယ် အားဖြင့် သိမြင်ရအောင် အခြားအမှုကိုမရှုက်ဆောင် ပရမတ်အ ရာကိုသိရအောင် ချည်းသက်သက် လုံ့လထုတ်သင့် လှပေသည် ဟူ၍လည်း ခိုင်ခိုင်ခန့်ခန့် မြဲမြဲစွဲစွဲ လုံ့လထုတ်အပ်တတည်း။

သာသနာတွင်းမှာ ကြုံကြိုက်လိုက်လျက်နှင့်မှ ဤအနတ္တ အရာကို ကောင်းမွန်စွာမသိလိုက်ရလျှင် မည်သည့်အခါမှ သိရတော့မည်မဟုတ် သောကြောင့် သံသရာဝဋ်ဆင်းရဲမှ မကျွတ်မလွတ်နိုင်၊ သံသရာသစ်ငုတ် ဖြစ်၍ ရှုံးခြင်းကြီးရှုံးလိမ့်မည်။

## ၆၂–အတ္တကဲ့သို့အမြဲမတည်ပုံ

ဤအတ္တသည် မိမိနှင့် အတူတကွ ဖြစ်သော နာမ်ရုပ်တို့ကို အစိုးရ၏-ဟူသော အယူကိုဖျောက်ခြင်းငှါ မိမိနှင့်အတူတကွဖြစ်သော သဟဇာတ်သမ္ပယုတ်တို့ကို အစိုးရသည့်ကား- ဤတရားတို့ပင်တည်း။ ဤတရားတို့သည်လည်း အတ္တကဲ့သို့ အမြဲမတည်ဟုပြခြင်းငှါ ဆုမြဲနှစ်ဆဲ့နှစ်ပါးတို့ကို ဟောတော်မူရသည်။

---

## ၆၃–လူမရှိသောအိမ်နှင့်တူသောအတ္တ

အတ္တသည် မြင်ခြင်း, ကြားခြင်းအစရှိသော အမှုကိစ္စ အလုံးစုံတို့ကို ပြီးစေနိုင်သော ကတ္တား ကာရကဟူသော အယူကို ဖျောက်ခြင်းငှါ ရုပ္ပတိ၊ ဘောက်ပြန်ပျက်စီးတတ်၏။ ဝိဇာနာတိ၊ သညာထက်ထူး၍သိတတ်၏။သံဇာနာတိ၊အမှတ်အတိုင်း သိတတ်၏။ဤသို့အစရှိသဖြင့် ဘောက်ပြန်တတ် သိတတ် မှတ်တတ်သည့်ကား- ဤပရမတ် တရားအစုပင်တည်း။ ဤပရမတ် တရားတို့မှတပါး မြင်ခြင်း, ကြားခြင်းကိစ္စကို ပြီးစေနိုင်သော ကတ္တားကာရကမရှိ၊ ကတ္တားကာရကလည်း ပရမတ်တို့ပင်တည်း။ ထိုပရမတ် တရားတို့သည်လည်း အမြဲမတည် ဟူ၍ရင်း, ပရမတ်သဘောတို့သည် ပြီးစေနိုင်သောကိစ္စရသတို့ကိုရင်း, ဟောတော်မူသည်။ ။ခံစားတတ်သည့်ကား-အခြားအတ္တမဟုတ် ဤပရမတ်တရားအစုအနက် ဝေဒနာစေတသိက် ပင်တည်းဟု-ဝေဒယတိ၊ ခံစားတတ်၏ဟူ၍ရင်း, သင်္ဘောဂ ရသာမင်းသည် အချို အချဉ်စသည်တို့ကိုအစိုးရ၍ သုံးဆောင်ရသကဲ့သို့ အာရုံ၏အရသာကို သုံးဆောင်ခြင်းကိစ္စရှိ၏ဟူ၍ရင်း, သိတတ်သည်လည်း ပညာပင်တည်းဟူ၍ရင်း, ပရမတ်တို့၏ အသီးအသီးသော ပြီးစေနိုင်သောကိစ္စ ရသတို့ကို ဟောတော်မူသည်၊ ထိုပရမတ် တရားတို့တွင်လည်း ကိစ္စအလုံးစုံကိုပြီးစေနိုင်သော အစိုးရသောအချုပ်အခြာတခုတည်းမရှိ အမြဲမတည် အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ ဟောတော်

မှုသည်၊အတ္တသည် ခန္ဓာငါးပါးတွင်ရှိသော အနှစ်သာရဟူသော အယူကို ဖျောက်ခြင်း၌ အနှစ်သာရမရှိသည်ကို ပြတော်မူ လို၍ ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူကြောင်း, ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့် တူကြောင်း, သညာက္ခန္ဓာသည် တန်လျှပ်နှင့် တူကြောင်း, သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူကြောင်း, ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူကြောင်း များကို ဟော တော်မူရသည်၊ အတ္တသည် ခန္ဓာအိမ်ကို အုပ်စိုးသော အိမ်ရှင် အိမ်၌ရှိသည်ဟူသော အယူကိုဖျောက်ခြင်း၌ အိမ်ရှင် လူမရှိ၊ အိမ်သက်သက်သာ ရှိသော ဆိတ်ငြိမ်သော ရွာနှင့် ဤစက္ခု အစရှိသော အာယတနတို့တူကြောင်းကို သုညောဂါမောဟူ၍ ဟောတော်မူသည်။ ။ဤလောကကို ပြဟ္မာဘန်ဆင်း၏၊ ပြဟ္မာ အစိတ်အတ္တရှိ၏ဟူသော အယူကိုဖျောက်ခြင်း၌ သုညောလော ကော အဝေ့ွနဝါ၊ အတ္တနိယေနဝါ-ဟူ၍ဟောတော်မူသည်။

## ၆၄-အကြွင်းမရှိအတ္တသုဉ်းပုံ

တနှစ်၌ တဆဲ့နှစ်လရှိသည်ကို တဆဲ့နှစ်ချကိုတည်၍ တဆဲ့နှစ်ချ နှင့်နှုတ်လျှင် အကြွင်းမရှိ သုဉ်းသကဲ့သို့ ဤလောက သုံးပါးရှိသမျှ ကိုတည်၍ ဤပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ် ခန္ဓာငါးပါးနှင့် နှုတ် လျှင် အကြွင်းမရှိ သုဉ်းသည်ဖြစ်၍ ဤလောကသုံးပါးတို့ကို ဘန် ဆင်းမည်သူ, အစိုးရသူ, ဤလောကဟူသော နာမ်ရုပ်မှတပါး အတ္တဟူ၍ရင်း,အတ္တနှင့် စပ်ဆိုင်သော အတ္တနိယသည်ရင်း,အကြွင်း မရှိသုဉ်း၏-ဟူလိုသည်၊ ဤသုဉ်းခြင်း နှစ်ပါးဖြင့် သုဉ်းသည် ဆိတ် သည်ကိုပြခြင်း၌ ခတ်တဆဲ့ရှစ်ပါးကို ဟောတော်မူသည်၊ခ တုသဒ္ဒါ သတ္တဇီဝမှဆိတ်သော သုဉ်းသောအနက်ကိုဟောသည်။ "ဓမ္မသင်္ဂဏီပါဠိတော်"၌လည်း ကုသိုလ် အကုသိုလ် အဗျာကတ တို့ကို ဟောတော်မူရာ ကုသလာ,အကုသလာ,အဗျာကတာဟူ၍ သက်သက်ဟောတော်မမူ၊ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာဟူ၍ ဟောတော်မူသည်။

အဠကထာ၌-ဓမ္မာနိသတ္တနိဇီဝသဘာဝါဟူ၍ သတ္တဇီဝမဟုတ် သောသဘောဟု ဘွင့်သည်၊ ဇီဝသဒ္ဒါ အချို့သောအရာ၌သတ္တဝါ ဟောသော်လည်း ဤအရာ၌ အတ္တဟော သတ္တသဒ္ဒါ ထင်လင်း ပါသောကြောင့် ဇီဝသဒ္ဒါ သတ္တဝါဟောမဟုတ် အတ္တကိုဟော သည်၊ သတ္တဝါမဟုတ် အတ္တမဟုတ်သော သဘောတရား ဆိုလို သည်။

---

## ၆၅–သင်္ခတပညတ်–အတ္တမဟုတ်ပုံ

မိစ္ဆာဒိဋ္ဌိတို့က လောကကိုဖန်ဆင်းသော ဗြဟ္မာသည်လည်း ပရမတ္တမည်သည် နိဗ္ဗာန်ပင်တည်း ဟူ၍ရင်း, ဤ ခန္ဓာငါးပါးဟူ သော သင်္ခတဖြစ်သော သင်္ခါရ တရား၌လည်း ဤဗြဟ္မာ၏ အစိတ်ဖြစ်သောဇီဝအတ္တရှိကြောင်းနှင့် ပြောဆိုသည်ကိုပယ်တော် မူခြင်းငှာ။ သဗ္ဗေသင်္ခါရာအနိစ္စ, သဗ္ဗေသင်္ခါရာဒုက္ခာဟူ၍ သင်္ခတ ဖြစ်သော ခန္ဓာငါးပါးဟူသော အလုံးစုံသော သင်္ခါရတို့သည် အ နိစ္စ ဒုက္ခဖြစ်သည်၊ နိဗ္ဗာန်မှုကား– နိစ္စမှုဝသုခဖြစ်သည်၊ မိစ္ဆာ ဒိဋ္ဌိတို့ အယူ နိဗ္ဗာန်ကဲ့သို့ အတ္တမဟုတ်ဟု-ပြခြင်းငှာ သဗ္ဗေဓမ္မာ အနတ္တာဟူ၍ ဟောတော်မူသည်၊ ဤ၌ ဓမ္မသဒ္ဒါ သင်္ခတဖြစ်သော ခန္ဓာငါးပါးဟူသော အလုံးစုံသော သင်္ခါရ အသင်္ခတဖြစ်သော နိဗ္ဗာန် ပညတ်တရား ရှိသမျှကိုပင်ဟောသည်။ ။သဗ္ဗေ၊ခပ် သိမ်းကုန်သော။ ဓမ္မာ၊ သင်္ခတပညတ်တရားတို့သည်။ အနတ္တာ၊ အတ္တမဟုတ်ကုန်ဟူ၍ အနက်ပေးလေ။

---

## ၆၆–နိဗ္ဗာန်ပညတ်တို့အတ္တမဟုတ်ပုံ

ထို့ကြောင့် ဝိနည်းပရိဝါပါဠိတော်၌၊ ။အနိစ္စာသဗ္ဗသင်္ခတာ၊ ဒုက္ခာအနတ္တာစ လင်္ခတာ၊ နိဗ္ဗာနဉ္စေဝပညတ္တိ၊ အနတ္တာ ဣတိနိစ္ဆ တာ-ဟူ၍ဟောတော်မူသည်။ ။သဗ္ဗသင်္ခတာ၊ခပ်သိမ်းကုန်သော သင်္ခါရဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည်။ အနိစ္စာ၊ မမြဲကုန်။ဒုက္ခာ၊

ဆင်းရဲကုန်၏။ အနတ္တာဝ၊ အတ္တလည်းမဟုတ်ကုန်ဟူ၍။ လက္ခိတာ၊ မှတ်အပ်ကုန်၏။ နိဗ္ဗာနဉ္စဝ၊ နိဗ္ဗာန်ကိုရင်း။ ပညတ္တိစ၊ ပညတ်ကိုရင်း။ အနတ္တာဣတိ၊ အတ္တမဟုတ်ဟူ၍။ နိစ္ဆိတာ၊ ဆုံးဖြတ်အပ်ကုန်၏။

---

## ၆၇–အနိစ္စဒုက္ခနှစ်ပါးအခြံအရံဖြစ်ပုံ

သီလနှင့်သမာဓိသည် ပညာ၏ အခြံအရံဖြစ်သကဲ့သို့ အနိစ္စ ဒုက္ခသည် အသိခက်သော အနတ္တကို ပြရအောင်သာ ဟောတော်မူရသည်၊ မြတ်စွာဘုရား သိစေတော်မူရင်းမှာ အနတ္တသာ ဟူ၍ မှတ်လေ။ ။အနတ္တကိုသိအောင် အနိစ္စအားဖြင့်ရင်း, ဒုက္ခအားဖြင့်ရင်း, အနိစ္စဒုက္ခနှစ်ပါးတို့အားဖြင့်ရင်း, ဤသို့နည်းသုံးမျိုးအားဖြင့် ဟောတော်မူကြောင်းနှင့် ပြခဲ့ပြီးသော **"သမ္မောဟဝိနောဒနီ"** အဋ္ဌကထာတွင် ဆိုသည်၊ အဋ္ဌကထာနှင့် တကွသော ပိဋကတ် သုံးပုံလုံးကိုပင် များသော အားဖြင့် အတ္တမဟုတ် အနတ္တသာဟု ပြရအောင်, သိအောင်ဟောတော်မူသည်ချည်း မှတ်လေ။ ။ထိုကြောင့် ပိဋကတ်တော်သည် ဝိမုတ္တိရသတပါးသာ ရှိသတည်း၊ ဤသို့ဆိုခဲ့ပြီးသော အထူးထူးအထွေထွေသော နည်းတို့ဖြင့် ဤပဋိစ္စသမုပ္ပါဒ်ဟူသော နာမ်ရုပ်တို့သည် ဥပါဒ်, ဌီ, ဘင်ရှိသဖြင့် မရပ်မတည် ဖြစ်တုံ, ပျက်တုံ, မမြဲသောကြောင့်, အနိစ္စမည်၏။ ထိုအနိစ္စ မည်သော နာမ်ရုပ်တို့သည်ပင် ဥပါဒ်, ဌီ, ဘင် တို့ဖြင့် နှိပ်စက် အပ်သောကြောင့် ချမ်းသာမရှိ ဆင်းရဲ အတိသာဖြစ်၍ ဒုက္ခလည်းမည်၏၊ ဤသို့ ဥပါဒ်,ဌီ,ဘင်တို့ဖြင့် မရပ်မနား တန်လဲ ဖြစ်လောင်း တောင်ကျချောင်းသို့ မိမိကိုယ်တိုင်ပင် ဖြစ်တုံ,ပျက်တုံ, ဆင်းရဲအတိသာ ဖြစ်သော နာမ်ရုပ်တို့သည် အခြားတရား အမှုကိစ္စများကို အစိုးရခြင်း, ပြီးစေနိုင်ခြင်း,မိမိအလိုကိုလိုက်စေနိုင်ခြင်း အစွမ်းသတ္တိ အဘယ်မှာရှိတော့အံ့နည်း မရှိသည်သာတည်း။ ထိုကြောင့် ထိုအနိစ္စ,ဒုက္ခဖြစ်သော နာမ်ရုပ်တရားတို့သည်ပင် အနတ္တမည်၏။ ။ဤသို့ အနိစ္စ,ဒုက္ခ,အနတ္တဟူသည် အကြွင်း

အကျန်မရှိ၊လောကသုံးပါးဟူသောပဋိစ္စသမုပ္ပါဒ်ဖြစ်သောနာမ်ရုပ်တို့ပင်တည်းဟု မဲမဲသဲသဲ မြဲမြဲစွဲစွဲ ရှေးဦးစွာမှတ်သားထားရမည်။

ထိုနာမ်ရုပ်တို့ကို အဘယ်ကြောင့် မမြဲလေသနည်း၊အဘယ်ကြောင့် မမြဲသည်ဟု သိရမှတ်သားရသနည်းဟူ၍ အမြဲမတည်ကြောင်းကို ဉာဏ်ဖြင့် ရှာဘွေစုံစမ်းသည်ရှိသော် ဖြစ်တုံ,ပျက်တုံ,ဟူသော ဥပါဒ်,ဌီ,ဘင်တို့ကြောင့် ဤနာမ်ရုပ်တို့ကို မမြဲဘူးဟူ၍ သိရမှတ်သားရသည်ကို ဉာဏ်ဖြင့် တွေ့မြင်သည်ဖြစ်၍ ထိုဥပါဒ်,ဌီ,ဘင်တို့သည် နာမ်ရုပ်တို့ကို မမြဲဘူးဟူ၍ သိကြောင်းမှတ်ကြောင်းဖြစ်၏၊ ဤဥပါဒ်,ဌီ,ဘင်တို့သည် နာမ်ရုပ်တို့ကို မမြဲဘူးဟူ၍ မှတ်ကြောင်း အနိစ္စလက္ခဏာမည်၏။ ။အနိစ္စဖြစ်သောနာမ်ရုပ်တို့ပင် ဥပါဒ်,ဌီ,ဘင်ရှိသောကြောင့် ဆင်းရဲသောဒုက္ခဟုသိမြင်မှတ်သားရပြန်သည်ဖြစ်၍ ထိုဥပါဒ်,ဌီ,ဘင်သည်ပင် နာမ်ရုပ်တို့ကို ဒုက္ခဟု မှတ်ကြောင်း ဖြစ်ပြန်သောကြောင့် ဒုက္ခလက္ခဏာလည်းမည်၏။ ။ထိုအနိစ္စ,ဒုက္ခမည်သော နာမ်ရုပ်တို့သည်ပင် ဥပါဒ်, ဌီ, ဘင်ရှိသောကြောင့် အစိုးရခြင်း, အမှုကိစ္စတို့ကိုပြီးစေခြင်း, မြဲမြံခိုင်ခန့်သော အနှစ်သာရမဟုတ်ဟူ၍ သိမြင်မှတ်သားရပြန်သည်ဖြစ်၍ ထိုဥပါဒ်,ဌီ,ဘင်တို့သည်ပင် နာမ်ရုပ်တို့ကို အနတ္တဟူ၍ သိမြင်မှတ်သားကြောင်း ဖြစ်ပြန်သောကြောင့် အနတ္တလက္ခဏာလည်းမည်၏၊ ထို့ကြောင့်--

တီဏိမာနိဘိက္ခဝေသင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိတီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿအညထတ္တံပညာယတိ၊ ဣမာနိခေါ ဘိက္ခဝေတီဏိသင်္ခတဿ သင်္ခတလက္ခဏာနိ-ဟူ၍ဟောတော်မူသည်။

ဘိက္ခဝေ၊ရဟန်းတို့။ သင်္ခတဿ၊သင်္ခတဖြစ်သောနာမ်ရုပ်၏။ သင်္ခတလက္ခဏာနိ၊ သင်္ခတဟူ၍ သိကြောင်း မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိတီဏိ၊ဤဟောလတံ့သော သုံးပါးတို့တည်း။ တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည် တို့နည်း

ဟူမှုကား။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းဥပါဒ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဝါ။ဥပ္ပါဒေါ၊ ဖြစ်ခြင်းဥပါဒ်ကို။ ပညာယတိ၊ သိမှတ်အပ်၏။ ဝယော၊ ပျက်ခြင်းဘင်သည်။ ပညာယတိ၊ထင်ရှား၏။ဝါ။ဝယော၊ ပျက်ခြင်းဘင်ကို။ ပညာယတိ။ သိအပ်မှတ်အပ်၏။ ဌိတဿ၊ ဖြစ်ပြီးသောနာမ်ရုပ်၏။ အညထတ္တံ၊ါ အခြားတပါးအဖြစ်ဟူသော ဘောက်ပြန်ခြင်း, အိုခြင်း, ရင့်ခြင်းဟူသောဌီသည်။ ပညာယတိ၊ ထင်ရှား၏။ ဝါ၊အညထတ္တံ၊ အခြားတပါးအဖြစ်ဟူသော ဘောက်ပြန်ခြင်း, အိုခြင်း, ရင့်ခြင်းဟူသောဌီကို။ ပညာယတိ၊ သိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ ဧကန်။ ဣမာနိတိဏိ။ ဤသုံးပါးဟောပြီး ဖြစ်ကုန်သောဥပါဒ်,ဌီ,ဘင်တို့သည်။ သင်္ခတဿ၊သင်္ခတဖြစ်သော နာမ်ရုပ်၏။သင်္ခတလက္ခဏာနိ၊သင်္ခတဟူ၍ သိကြောင်းလက္ခဏာ တို့တည်း။

---

## ၆၈-သတ္တဝါတို့အားဟောပြဆုံးမခြင်း

ရက္ခိုသ်မနှင့် ကုမ္ဘဏ်မ နှစ်ယောက်တို့သည် လူတို့ကိုစားခြင်းငှါ အလွန် နှစ်သက်ဘွယ် ရှိသော မင်းသမီးရောင် ဆောင်၍ လူ့ပြည်သို့လာရောက်သည်ကို အကြားအမြင် ဗဟုသုတ ဉာဏ်မရှိသောလူတို့က ဘီလူးမမှန်း မသိ၍ နှစ်သက် တပ်မက်ကြသည်ကိုဗဟုသုတ အကြားအမြင်နှင့်ပြည့်စုံသောပညာရှိသောသူက အရိပ်မထွက်ခြင်း,မျက်တောင်မခတ်ခြင်း,မျက်ထောင့်နီခြင်း လက္ခဏာ သုံးပါးကိုမြင်၍ ဤမင်းသမီး ညီအစ်မနှစ်ယောက်ကား-ဧကန် လူမင်းသမီးမဟုတ် ဘီလူးမဟုသိ၍ ဤမင်းသမီးညီအစ်မနှစ်ယောက်ကို နှစ်သက် တပ်မက်ခြင်း မရှိကြနှင့် စွန့်ပစ်နှင်ထုတ်လိုက်ကြ၊ဤမင်းသမီး နှစ်ယောက်သည် လူများတို့၏ဘေးကြီးရန်ကြီး ဆင်းရဲကြောင်း, သေကြေပျက်စီးကြောင်း ဖြစ်သည်ဟု တပ်မက်မော သော သတ္တဝါတို့ကို သနားကရုဏာ ရှိလှသည်ဖြစ်၍ အပန်းတကြီး အကြိမ်ကြိမ် အဘန်ဘန် အထူးထူး အထွေထွေ အ

ကြောင်းယုတ္တိ သက်သေသာဓကတို့ဖြင့် ပြောဆိုဆုံးမသကဲ့သို့ အကြားအမြင်ဗဟုသုတခရှိ ဉာဏ်မျက်စိကာဏ်းသော အန္ဓဗာလ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ ပျက်စီး ဆင်းရဲကြောင်း အဘန်ဘန် သေ ကြောင်းဖြစ်သော ရွှေ,ငွေ,ရတနာ, သွီးကညာ, မိန်းမ, ယောက်ျား စသော ကြိုက်နှစ်သက်ဘွယ်ရောင်ဆောင်သော နာမ်ရုပ်နှစ်ခုတို့ ကို ပညာရှိသူတော်ကောင်းကြီးဖြစ်တော်မူသော မြတ်စွာဘုရား သည် ထိုနာမ်ရုပ်တို့၌ ဥပါဒ်,ဌီ, ဘင်ဟူသော လက္ခဏာ သုံးပါး ကို သိတော်မူ၍ ဤနာမ်ရုပ်တို့သည် ဧကန်အမှန် ရွှေ,ငွေ,ရတနာ သွီးကညာအစရှိသော နှစ်သက်ဘွယ်, တပ်မက်ဘွယ်မဟုတ်၊ မျက်လှည့်ကဲ့သို့ အရောင်ဆောင်သည့်သာ အဘန်ဘန်သေကြေ ပျက်စီးကြောင်း, ဆင်းရဲကြောင်း အနိစ္စ, ဒုက္ခ, အနတ္တသာဖြစ် သည်၊ ဘေးကြီးရန်ကြီးဖြစ်သည်၊ တပ်မက် နှစ်သက်စွဲလမ်းခြင်း, သိမ်းဆည်းခြင်းကို မပြုကြနှင့် စွန့်ပစ်လိုက်ကြ၊ ဤနာမ်ရုပ်ဟူသော ဘေးကြီးရန်ကြီးတို့မှလွတ်လျှင်ပျက်စီးခြင်းကင်းသောမအို,မသေ အမြဲနေရသော အတုမရှိသော နိဗ္ဗာန်ချမ်းသာမြတ်ကို ရသည်ဟု အပန်းတကြီး အကြိမ်ကြိမ် အဘန်ဘန် အထူးထူး အထွေထွေ အကျိုးအဖြစ် အကြောင်း ယုတ္တိသက်သေသာဓကတို့ဖြင့် လေးဆဲ့ ငါးဝါကာလ ပတ်လုံး သတ္တဝါတို့အား အလွန်သနားတော်မူခြင်း, မဟာကရုဏာတော်အားကြီးလှ၍ ဓမ္မခန္ဓာ ရှစ်သောင်း လေး ထောင်တို့ဖြင့် ဟောပြောဆုံးမတော်မူသတည်း။

---

## ၆၉–ဘီလူးမ-ဥပမာနှင့်နာမ်ရုပ်နှစ်ခုဖြစ်ပုံ

ဤဘီလူးမ နှစ်ယောက်ဥပမာ၌ မင်းသွီးရောင်ဆောင်သော ဘီလူးမနှစ်ယောက်ကို ဘီလူးမမှန်း မသိသူတို့က မင်းသွီး နှစ် ယောက်ဆိုသည်လည်း ဤဘီလူးမ နှစ်ယောက်ပင် အရိပ်မထွက် မျက်တောင်မခတ် မျက်ထောင့်နီသော လက္ခဏာသုံးပါးကို မြင်၍ ဘီလူးမမှန်းသိသူက လူမင်းသွီးမဟုတ် မင်းသွီးရောင် ဆောင်သော

ဘီလူးမဟုဆိုသည်လည်း ဤဘီလူးမနှစ်ယောက်ပင်ဖြစ်သကဲ့သို့ အကြားအမြင် ဗဟုသုတမရှိသော ပုထုဇ္ဇန်တို့က နိစ္စ,သုခ,အတ္တဆို သည်လည်း ဤနာမ်ရုပ်နှစ်ခုတို့ပင် ဘုရားအစရှိသော သူတော် ကောင်း ပညာရှိတို့က ဥပါဒ်,ဋ္ဌီ,ဘင်လက္ခဏာသုံးခုကို မြင်သော ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဆိုသည်လည်း ဤနာမ်ရုပ် နှစ်ခုတို့ပင် ဖြစ်သောကြောင့် နိစ္စ,သုခ,အတ္တဆိုသည်နှင့် အနိစ္စ,ဒုက္ခ, အနတ္တ ဆိုသည်မကွဲမပြား နာမ်ရုပ်နှစ်ခုတို့ကိုချည်း ဆိုသည်ဟူ၍ အချုပ် အားဖြင့် မှတ်အပ်၏၊ မင်းသွီးရောင် ဆောင်သော ရက္ခိုသ်မနှင့် ကုမ္ဘဏ်မနှစ်ယောက်လုံး၌ပင် ဘီလူးမျိုး ချည်းဖြစ်၍ ဘီလူးဟု သိ ကြောင်း လက္ခဏာသည် အရိပ်မထွက် မျက်တောင်မခတ် မျက် ထောင့်နီခြင်း သုံးပါးပင်ရှိသကဲ့သို့ နာမ်ရုပ်အဖြစ် ကွဲကြသော် လည်းသာဓိတသဘောချည်းဖြစ်၍နာမ်ရုပ်တို့၏အနိစ္စ,ဒုက္ခ,အနတ္တ သုံးပါးလုံးအဖြစ်ကို သိကြောင်း လက္ခဏာ သည်လည်း ဤဥပါဒ်, ဋ္ဌီ,ဘင်ချည်းဖြစ်သည်ဟူ၍ အချုပ်အားဖြင့်မြဲမြဲမှတ်လေ။

---

## ၇၀—လက္ခဏာရုပ်သုံးပါးအကောက်ခက်ခဲနက်နဲပုံ

ထို့ကြောင့် ဤဥပါဒ်,ဋ္ဌီ,ဘင် သုံးပါးတို့ကို နာမ်ရုပ် တည်းဟူ သော သင်္ခတတရားတို့၏ လက္ခဏာဟူ၍၎င်း, ဇာတိ, ဇရတာ, အနိစ္စတာ,လက္ခဏာရုပ် သုံးပါးဟူ၍၎င်း ဟောတော်မူသတည်း၊ ဤလက္ခဏာရုပ်သုံးပါး အရကောက်သည့် တရားသည် အလွန် ခက်ခဲနက်နဲ သိမ်မွေ့သည့်အရာဖြစ်၍ ကျမ်းဂန် တစောင်တဘွဲ့ တစွန်းတစတွေ့နှင့် ကောက်ယူမှတ်သားလျှင် ဝိပဿနာအရာ အာ ရုံပြု၍ စီးဖြန်းပွားများခြင်း၌ အာရုံပြုမှား၍ အလိုရှိသောကိစ္စ မပြီး နိုင်ဘဲ ရှိတတ်သောကြောင့် ကြပ်ကြပ်ကြီး သတိထားကြပါလေ။

မမြဲသော ဆင်းရဲသော အလိုမလိုက်သော အခြင်းအရာ အာ ကာရ ဝိကာရတို့ကိုစွဲ၍ အနိစ္စ,ဒုက္ခ,အနတ္တဆိုသည်၊ အမည်ကို လိုက်၍ လက္ခဏာကို နှစ်မျိုး, သုံးမျိုးမကောက်နှင့် "ပဋိသမ္ဘိဒါ

မဂ်" အစရှိသော ပါဠိတော်တို့၌ အဃတော ရောဂတောအစရှိသဖြင့် အမည်လေးဆယ်ပင်ရှိသည်၊ အမည်ကိုလိုက်၍ ကောက်လျှင် လက္ခဏာလေးဆယ် ကောက်ရလိမ့်မည်။

ဝိပဿနာ ဉာဏ်အရာ၌ သင်္ခတ လက္ခဏာ သုံးပါးကိုသာ ကောက်လေ၊ ထို့ကြောင့် သမ္မသနဉာဏ်၌ ဥပါဒ်,ဌီ,ဘင်၊ ဥဒယဗ္ဗယဉာဏ်၌ ဥပါဒ်နှင့်ဘင်၊ဘင်္ဂဉာဏ်ကစ၍ အထက်အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ရှိသမျှတို့၌ ဘင်ကိုချည်းရှု၍ ဝိပဿနာပွားရသည်၊ ဤဝိပဿနာ ဉာဏ်တို့ကိုလည်း လက္ခဏာ,ရမ္မဏိက လက္ခဏာ အာရုံရှိသော ဉာဏ်ဟူ၍ "ပဋိသမ္ဘိဒါမဂ်" ပါဠိတော်တွင်လာသည်။ ။ဤအနိစ္စ, ဒုက္ခ, အနတ္တအရာ လက္ခဏာရေးသုံးပါး အရာများကို မဂ်ဖိုလ်ပေါက်အောင် ကျင့်ဆောင်သူကို မဆိုထားနှင့်ဦး အမှန်နေရာကျကိုမျှ သိသူပင် ယခုအခါ အလွန်ရှားပါးလှလေပြီ၊ မေးမြန်း၍စမ်းလျှင် နေရာကျ သိသူ, မသိသူတို့ကို သိလိမ့်မည်။

## ၇၁-ကျမ်းဆရာ၏-အမှာစကား

ယခုရေးသည့်စာမှာအသင့်အလျော် မှတ်သားနှင့်ရရုံအလျင်အမြန်ရေးသားနှင့်သည့်စာဖြစ်၍ ဤပဋိစ္စသမုပ္ပါဒ် အနိစ္စ,ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး အစရှိသည်တို့ကို များစွာသော ကျမ်းဂန် အထောက်အထား ယုတ္တိအာဂုံတို့ဖြင့် ကျယ်ကျယ်ကြီးမရေးသားနိုင်၊ မပြနိုင်၊ နောက်ကို သီလ, သမာဓိ, ပညာ ပါရမီဆယ်ပါး ပဋိစ္စသမုပ္ပါဒ်အစရှိသော နာမ်ရုပ်တရား၊ ဟေတုအစရှိသော ပစ္စည်းနှစ်ဆယ့်လေးပါး၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးတို့ကို မဂ်ဖိုလ်တိုင်အောင် စီးဖြန်းပွားများ နည်းနှင့်တကွ ပြသရေးသားမည့် ကျမ်းကြီးတွင်မှ အလုံးစုံကို အကျယ်အားဖြင့် ပြသရေးသားနိုင်မည်။

## ၇၂-ဥပါဒ်နှင့်ဘင်ကိုဉာဏ်ဖြင့်ရှုပုံ

ဤသို့ဆိုခဲ့ပြီးသောနည်း အထူးထူး အထွေထွေတို့ဖြင့် ဤပဋိစ္စသမုပ္ပါဒ်ဟူသောနာမ်ရုပ်တို့သည် ဥပါဒ်, ဌီ, ဘင်တို့ဖြင့် ဖြစ်တုံ

ပျက်တုံရှိ၍ မမြဲသောအနိစ္စ, ဆင်းရဲသောဒုက္ခ, မြဲမြံခိုင်ခန့်သော စိုးစဉ်းမျှ အနှစ်သာရမရှိသော အနတ္တဟူ၍ရင်း ဖြစ်သည်၊ ဖြစ်ပြီးလျှင်, ပျက်ခြင်းသို့ရှေ့ရှု၍ အိုခြင်း,ရင့်ခြင်းဖြစ်သည်၊ ရင့်ပြီး, အိုပြီးဖြစ်လျှင် ပျက်သည်ဟူ၍ရင်း, နာမ်ရုပ်တို့၏ ဥပါဒ်, ဌီ, ဘင် တို့ကို အဘန်တလဲလဲ သုံးသပ်ဆင်ခြင်ခြင်း သမ္မသနဉာဏ်၊ ဤ သမ္မသနဉာဏ် ကာလရှည်သဖြင့် ရင့်ခြင်းသို့ရောက်၍ အိုခြင်း, ရင့်ခြင်း, ဓေတ္တရုပ်နားခြင်း ဌီမည်သည့် ပျက်ခြင်း ဘင်သို့ရှေ့ ရှုသည်သာတည်းဟု ဌီကိုလွှတ်၍ ဥပါဒ်နှင့်ဘင်ကိုချည်း ဉာဏ် ဖြင့် ရှုအပ်၏။ ။ထို့ကြောင့်–

နိဗ္ဗတ္တာနဉ္စ ဓမ္မာနံ၊ ဘင်္ဂေါနေသံပုရေက္ခတော။
ပလောကဓမ္မာ တိဋ္ဌန္တိ၊ ပုရာဏာဟိ အဝိဿိတာ။ ။
ဟူ၍ ဓမ္မသေနာပတိ အရှင်ဟောတော်မူသည်။

နိဗ္ဗတ္တာနံ၊ ဖြစ်၍ဌီသို့ရောက်ကုန်သော။ ဧသံဓမ္မာနဉ္စ၊ ထိုနာမ် ရုပ် သင်္ခါရ တရားတို့၏။ ဘင်္ဂေါ၊ ပျက်ခြင်းဘင်ကို။ ပုရေက္ခ တော၊ ရှေ့ရှုအပ်၏။ ဝါ၊ ဘင်္ဂေါ၊ ပျက်ခြင်းဘင်သည်။ ပုရေက္ခ တော၊ ရှေ့သွားဖြစ်၏။ (ရှေ့၌ကပ်လျက်ရှိ၏ဆိုလိုသည်။)ပလော ကဓမ္မာ၊ ပျက်လတ့်သော သဘောဖြစ်ကုန်၍။ တိဋ္ဌန္တိ၊ ဌီခဏမျှ တည်ရကုန်၏။ ပုရာဏာဟိ၊ ရှေးကပျက်ပြီးသော နာမ်ရုပ်သင်္ခါ ရတို့နှင့်။ အဝိဿိတာ၊ မရော မရှက်ကုန်။ပျက်ပြီးသော သင်္ခါ ရ တရားတို့သည် တစုံတခုသောအရပ်၌ ပေါင်းစုလျက်မရှိ၊ ပျောက်၍ သွားသောကြောင့် နောက်ထပ်၍ ပျက်သောသင်္ခါရ တို့သည် အထက်ပျက်ပြီးသောသင်္ခါရတို့တွင်ဝင်၍ မရောနိုင် ပြီ ပျောက်တော့သည်ဟုလို။

---

## ၇၃–အနိစ္စကိုသန္တတိဖုံးလွှမ်းပုံ

ဤသို့ ဥပါဒ်ဘင်အားဖြင့် သင်္ခါရတို့ကို အနိစ္စ,ဒုက္ခ, အနတ္တ ဟု ရှုရာမထင်နိုင်အောင် ဖုံးလွှမ်းတတ်သော ဝတ္ထုတို့ကို သတိ

ထားအပ်၏၊ ဤနာမ်ရုပ်ဟူသော သင်္ခါရတို့သည် ရေအယဉ်ကဲ့သို့ မပြတ်မလပ် အကြားမရှိ ပျက်တုံဖြစ်တုံ အစဉ်မပြတ်ခြင်း သန္တတိရှိသောကြောင့် ဖုံးလွှမ်းသောကြောင့်ဖြစ်၍ ပျက်သည် ဟူသော အပိုင်းအခြားကို မမြင်နိုင်သည်ဖြစ်၍ အနိစ္စဟူ၍ မထင်နိုင်၊ဤအရာ၌ စီးသောရေသည် တခဏ တမဟုတ်မျှမရပ် ကြည့်ရှုသောသူ၏ မျက်စိအောက်၌ ပဌမမြင်ရင်း ရေသည် အောက်သို့စီးသွားသည်၊ စီးသွားသည့်ရေအစား အညာက ရေဝင်သည်၊ ဤသို့တခု၏အစားတခု အပြောင်းအလဲ လျင်မြန်ခြင်း, သိမ်မွေ့ခြင်း, စေ့စပ်ခြင်းကြောင့်သာ အဟောင်းထွက်၍ အသစ်ဝင်လာသည်ကို မမြင်နိုင်သကဲ့သို့ ဤနာမ်ရုပ်ဟူသော ဝတ္ထု၌အဟောင်း ပျက်၍ အဟောင်း၏အစား အသစ်ဖြစ်သည်အရာ အလွန်လျင်မြန် သိမ်မွေ့စေ့စပ်လှ၍သာ မမြင်နိုင်သည်၊ စင်စစ်မူကား-တခဏ, တမဟုတ်ချမတည်၊ အကယ်၍ အဟောင်းပျက်ပြီးလျှင် အသစ် မဖြစ်ငြားအံ့၊ အမိဝမ်း၌ ပဋိသန္ဓေတည်စ မွေးဘွားစက ရုပ်နာမ်တို့သည် အသက်အရွယ်ကြီးသောအခါလည်း မဟောက်မပြန်ရှိရမည်၊ ဤသို့ကားမရှိ၊ ထိုမှုမက စိတ်ဆိုးစဉ်ကာလဖြစ်သော နာမ်ရုပ်သည် စိတ်ကောင်းသည့် ကာလဖြစ်သော နာမ်ရုပ်နှင့် မတူပြောင်းလဲခြင်း ဖြစ်သည်များကို ထောက်၍ တခဏမျှမတည်၊ အဟောင်းပျက်၍ အသစ်ဖြစ်သည်ကို သိရာ၏။ ဤနည်းအတူ ဆာလောင်မွတ်သိပ်သောအခါ, ဝလင်သောအခါ အစရှိသည် တို့ကိုထောက်၍သိအပ်၏၊ ဤသို့ အနိစ္စကိုမထင်နိုင်အောင် ဖုံးလွှမ်းသော သန္တတိကို ဉာဏ်မျက်စိဖြင့် ဖျက်သည်ရှိသော် အနိစ္စ လက္ခဏာသည်ထင်၏။

ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, လျောင်းခြင်း, ညောင်းသည် ရှိသော် အနင်းအနှိပ်ခံခြင်းဟူသော ဣရိယာပထ, ဝိမဒ္ဒန တို့ဖြင့် ဖုံးလွှမ်း၍ သက်သာရာ ချမ်းသာရာရသောကြောင့် ဥပါဒ်,ဌီ,ဘင် တို့ဖြင့် မပြတ်နှိပ်စက်သော ဆင်းရဲခြင်းဒုက္ခသည် မထင်နိုင်၊ ထို ဣရိယာပုထ် နင်းနှိပ်ခြင်းတို့ကို မပြုလျှင် မပြတ်သောဒုက္ခဖြစ်မည်

ဟု–နှလုံးသွင်းသည့်ကာလ ဆင်းရဲခြင်းဒုက္ခ လက္ခဏာထင်ရှား၏၊ ပုံသဏ္ဌာန်ဖြစ်ရေ-ဌာန ဖြီးစေသည့်အမှုကိစ္စအစရှိသော အပေါင်း အစု၊ အစိုင်အခဲ၊ အချပ်အထွေး၊ ဃနသည်ရင်း၊မိန်းမ၊ယောကျ်ား စသော ပညတ်သည်ရင်း၊ ဖုံးလွှမ်းသောကြောင့် အနှစ်ဖြစ်သော အတ္တသာရမရှိဟူသော အနတ္တလက္ခဏာမထင်နိုင်၊ နာမ်ရုပ်တို့ကို အဂ္ဂယ်အားဖြင့် ဖြန့်၍ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် အား ဖြင့် ခွဲခြင်းလျှင် တစုံတခုတွင်မျှ မြဲမြံနိုင်ခံနိုင်သော အနှစ်သာ ရ ဆိုးစဉ်းမျှမရှိ မဟုတ်ဟူ၍ အနတ္တလက္ခဏာထင်ရှား၏။

ဤသို့ဖုံးလွှမ်းတတ်သော ဝတ္ထုတို့ကိုဘွင့်၍ သင်္ခါရတို့၏ ဖြစ် ခြင်း၊ ပျက်ခြင်း၊ ဥပါဒ်နှင့်ဘင်ကို ရှုသည်ရှိသော် မိုးသည်းပေါက် ကြီးကြီး ရေမျက်နှာပြင်၌ ကျ၍ဖြစ်သော ရေပွက်သည် တခဏ ခြင်းဖြစ်၍ပျက်သကဲ့သို့ရင်း၊ လျှပ်ပြက်ကဲ့သို့ရင်း၊ တံလျှပ်ကဲ့သို့ရင်း၊ ဤနာမ်ရုပ် သင်္ခါရတို့သည် အလျှင်အမြန် မရပ်မနား ဖြစ်တုံ ပျက်တုံ ဥပါဒ်နှင့်ဘင်ကိုမြင်သော် ဥဒယဗ္ဗယဉာဏ်ဖြစ်၏၊ ထို ဉာဏ်ကိုရည်၍–

ယထာပုဗ္ဗုဠကံပဿေ၊ ယထာပဿေမရီစိကံ။
ဧဝံလောကံအဝေက္ခန္တံ၊ မစ္စုရာဇာနပဿတိ။ ။

ဟူ၍ ဟောတော်မူသည်။

ပုဗ္ဗုဠကံ၊ ရေပွက်ကို။ ပဿေယထာ၊ ရှု၏သို့ရင်း၊ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှု၏သို့ရင်း၊ ဧဝံ၊ ဤအတူ။ လောကံ၊ သုံးပါးဟူသောနာမ်ရုပ်ကို။ အဝေက္ခန္တံ၊ ရှုမြင်သောသူကို။ မစ္စု ရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။

## ၇၄–ဉာဏ် ၅-ပါးနှင့် သေမင်းနိုင်ငံလွန်ပုံ

ဥဒယဗ္ဗယဉာဏ်ကို ရသော သူသည် သေမင်းနိုင်ငံကိုလွန် နိုင်၏ဟူလိုသည်၊ ဥဒယဗ္ဗယဉာဏ် တို့ဖြင့် သင်္ခါရတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆုံးဖြတ်ပိုင်းခြား၍ သိသောဉာဏ်သည် ပရိညာ

ဉာဏ်မည်၏။ (တိရဏပရိညာဉ်လည်း ခေါ်သည်။) ။ဥဒယဗ္ဗယ ဉာဏ်ကို အထပ်ထပ် ပွားများသည့်ကာလ သင်္ခါရတို့သည် ရေပွက်ကဲ့သို့ လျှပ်ပြက်ကဲ့သို့ အလျင်အမြန်ဖြစ်တုံ,ပျက်တုံတို့ကို ဉာဏ်၌ထင်လျက် ဝိပဿနာ၏ ညစ်ညူးကြောင်း ဩဘာသအစ ရှိသော တရားဆယ်ပါးတို့သည် ဖြစ်တတ်ကုန်၏၊ ထိုဩဘာသစ သော တရားတို့ကို ရသည့်ကိုပင် မဂ်ကိုရပြီးဟု ထင်တတ်၏၊ ထိုအခါဉာဏ်ဖြင့် မဂ်မဟုတ်သေးဘူးဟူ၍ ထိုဩဘာသတို့ကို ပင် အနိစ္စ, ဒုက္ခ, အနတ္တဟုရှု၍ ဥဒယဗ္ဗယဉာဏ်ရင့်သဖြင့် သင်္ခါ ရတို့သည် ဖြစ်၍ ပျက်သော သဘောကြောင့် အဆုံးမှာ မူကား ပျက်သည်သာဟု-ဖြစ်ခြင်းဥပါဒ်ကိုလွှတ်၍ ပျက်ခြင်းဘင်ကိုချည်း ရှုသဖြင့် ရေတိုးတက်သည့် အခါ သဲကမ်းပါးကို ကြည့်သောသူ သည် သဲလုံးအနည်းငယ်အားဖြင့် ပြုတ်ပြုတ်ပြုတ်ပြုတ် မရပ်မနား ပြိုသည့်ကိုရင်း,သဲအစိုင်အခဲကြီးအားဖြင့်ပြိုသည့်ကိုရင်း,မြင်သကဲ့ သို့ ဤသင်္ခါရတို့သည် ခဏဘင်အားဖြင့် ပျက်သည့်ကိုရင်း,သမ္မု တိမရဏအားဖြင့် သေသည့်ကိုရင်း,ဉာဏ်၌ထင်သော ဘင်ဉာဏ် သည်ရင်း, ဤနာမ်ရုပ်သင်္ခါရတို့သည်ရပ်တည်သည့် မရှိ၊ အနိစ္စ, ဒုက္ခ,အနတ္တ အတိသာဖြစ်၍ ကြောက်အပ်သော ဧကန်ဘေးကြီးဟု ဉာဏ်၌ ထင်သော ဘယဉာဏ်သည် ရင်း, ပျက်စီး တတ်သော သ ဘောဟု—ဉာဏ်၌ထင်သော အာဒီနဝဉာဏ်သည်ရင်း, ထိုကဲ့သို့ ကြောက်မင်းဘွယ် ဘေးရန် အဖြစ်ဟု သိ၍ သင်္ခါရတို့၌ မမွေ့ လျော် ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သည်ရင်း,ဘုံသုံးပါး၌ သင်္ခါရတို့ကို ထောင်အကျဉ်း နှောင်အိမ်ကဲ့သို့ ထင်၍ အကျဉ်းနှောင်အိမ်မှ လွတ်လိုသော သူကဲ့သို့ရင်း, ဘီလူးစသော ရန်သူလက်သို့ရောက် သောသူသည် လွတ်လိုသကဲ့သို့ရင်း, နာမ်ရုပ်ဟူသော ဘုံသုံးပါး သင်္ခါရတို့မှ လွတ်လိုသော မုဉ္စိတုကမျတာဉာဏ်သည်ရင်း, ဤ ဉာဏ်ငါးပါးတို့သည် သဘောအားဖြင့် တခုရင့်လျှင် တခုအဆင့် ဆင့်ဖြစ်၍ ရင့်ပြီးသော ဝိပဿနာဉာဏ်ရှိသောသူသည် သင်္ခါ ရတို့ကို အကြွင်းအကျန်မရှိ ပျက်သောဘင်အဖြစ် ကြောက်မက်

ဘွယ် ဘေးအဖြစ် အစရှိသဖြင့် အားကြီးစွာ ထင်သောကြောင့် ဤသင်္ခါရတို့သည် မြဲ၏၊ ချမ်းသာ၏ဟူသောစကားကို အလျင်း မယုံကြည် နိုင်ပြီ၊ ဤ၌ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, ဤဉာဏ် သုံးခုတို့သည် အမည်မျှသာကွဲ၏၊ သင်္ခါရတို့ကို ဘေးဟု,အပြစ်ဟုမွေ့လျော်ဘွယ်မရှိဟု-ထင်သော အခြင်းအရာသာကွဲ၏၊ သဘောတခုတည်းဖြစ်၏၊ ဘယဉာဏ်သည် ကြောက်ခြင်း, ထိတ်လန့်ခြင်း မဟုတ်၊ သင်္ခါရတို့ကို ကြောက်ရန်, ဘေးရန်ဟု ထင်သည်သာဟူ၍လည်း မှတ်အပ်၏။

---

## ၇၅-ဘီလူးမ-ဥပမာဖြင့်နာမ်ရုပ်တို့ကို ဘေးထင်ပုံ

လူ မင်းသို့ရောင်ဆောင်သော ရက္ခိုသ်မနှင့် ကုမ္ဘဏ်မ နှစ်ယောက်တို့ကို လူမလိမ္မာတို့ပြောသောစကားကို နာယူပြီးလျှင် နန်းတင်၍ မိဖုရားကြီးမြှောက်မိသော မင်းသည် ထိုဘီလူးမနှစ်ယောက်တို့က အထူးသဖြင့် နှစ်သက်အောင် လုပ်ကျွေး ခစားသည်ဖြစ်၍ အလွန်နှစ်သက်၏၊ ချမ်းသာသည်ဟုထင်၏၊ ထိုအခါ ပညာရှိ မှူးမတ် တို့က အရိပ် မထွက်, မျက်တောင် မခတ်, မျက်ထောင့်နီခြင်း, လက္ခဏာသုံးပါးရှိပါသည်၊လူမင်းသို့မဟုတ် ပါလျှောက်ထားကြသောကြောင့် ကြည့်ရှုစုံစမ်းရာ မျက်ထောင့်နီခြင်း, မျက်တောင် မခတ်ခြင်း, လက္ခဏာ နှစ်ပါးကို သိမြင်၍ အရိပ် မထွက်သော လက္ခဏာမှာ နန်းတွင်း အရိပ်အောက်၌ စံစားသော ကြောင့်ရင်း, နန်းပြင်သို့ ထွက်သော်လည်း ယာဉ်, ရထား, ထီးတို့ဖြင့်,စီးနင်းမိုးကာလျက် ရှိသောကြောင့်ရင်း, မထင်မရှားရှိသည်၊ သို့သော်လည်း ဘီလူးမ ဖြစ်ကြောင်းကို ပြောသူများ၍လက္ခဏာနှစ်ပါးသည်လည်း ထင်ရှားရှိပြီး ဖြစ်သောကြောင့် ကြောက်မင်းဘွယ် ဘေးကြီး ရန်ကြီးထင်၍ ထိုမိဖုရားကြီးနှစ်ယောက်၌ မွေ့လျော်ခြင်းမရှိ စွန့်ပစ်လိုသောစိတ်ဖြစ်သော်လည်း မြင့်ရှည်စွာ မိဖုရားကြီး အဖြစ်နှင့်ထား၍ ကျင်လည် ဘူးသော

ဘွယ် ဘေးအဖြစ် အစရှိသဖြင့် အားကြီးစွာ ထင်သောကြောင့် ဤသ ဒိါရတို့သည် မြဲ၏၊ ချမ်းသာ၏ဟူသောစကားကို အလျင်း မယုံကြည် နိုင်ပြီ၊ ဤ၌ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, ဤဉာဏ် သုံးခုတို့သည် အမည်မျှသာကွဲ၏၊ သင်္ခါရတို့ကို ဘေး ဟု,အဖြစ်ဟု,မွေ့လျော်ဘွယ်မရှိဟု-ထင်သော အခြင်းအရာသာကွဲ ၏၊ သဘောတခုတည်းဖြစ်၏၊ ဘယဉာဏ်သည် ကြောက်ခြင်း, ထိတ်လန့်ခြင်း မဟုတ်၊ သင်္ခါရတို့ကို ကြောက်ရန်, ဘေးရန်ဟု ထင်သည်သာဟူ၍လည်း မှတ်အပ်၏။

---

## ၇၅-ဘီလူးမ-ဥပမာဖြင့်နာမ်ရုပ်တို့ကို ဘေးထင်ပုံ

လူ မင်းသို့ ရောင်ဆောင်သော ရက္ခိုသ်မနှင့် ကုမ္ဘဏ်မ နှစ်ယောက်တို့ကို လူမလိမ္မာတို့ပြောသောစကားကို နာယူပြီးလျှင် နန်းတင်၍ မိဖုရားကြီးမြှောက်မိသော မင်းသည် ထိုဘီလူးမနှစ် ယောက်တို့က အထူးသဖြင့် နှစ်သက်အောင် လုပ်ကျွေး ခစား သည်ဖြစ်၍ အလွန်နှစ်သက်၏၊ ချမ်းသာသည်ဟုထင်၏၊ ထိုအခါ ပညာရှိ မှူးမတ် တို့က အရိပ် မထွက်, မျက်တောင် မခတ်, မျက်တောင့်နီခြင်း, လက္ခဏာသုံးပါးရှိပါသည်၊လူမင်းသွီးမဟုတ် ပါလျှောက်ထားကြသောကြောင့် ကြည့်ရှုစုံစမ်းရာ မျက်ထောင့်နီ ခြင်း, မျက်တောင် မခတ်ခြင်း, လက္ခဏာ နှစ်ပါးကို သိမြင်၍ အရိပ် မထွက်သော လက္ခဏာမှာ နန်းတွင်း အရိပ်အောက်၌ စံစားသော ကြောင့်ရင်း, နန်းပြင်သို့ ထွက်သော်လည်း ယာဉ်, ရထား, ထီးတို့ဖြင့်,စီးနင်းမိုးကာလျက် ရှိသောကြောင့်ရင်း, မထင် မရှားရှိသည်၊ သို့သော်လည်း ဘီလူးမ ဖြစ်ကြောင်းကို ပြောသူ များ၍လက္ခဏာနှစ်ပါးသည်လည်း ထင်ရှားရှိပြီး ဖြစ်သောကြောင့် ကြောက်မင်းဘွယ် ဘေးကြီး ရန်ကြီးထင်၍ ထိုမိဖုရားကြီးနှစ် ယောက်၌ မွေ့လျော်ခြင်းမရှိ စွန့်ပစ်လိုသောစိတ်ဖြစ်သော်လည်း မြင့်ရှည်စွာ မိဖုရားကြီး အဖြစ်နှင့်ထား၍ ကျင်လည် ဘူးသော

မိန်းမဖြစ်သောကြောင့် စဉ်းငယ်ကပ်ငြိခြင်း မကောင်းသည်နှင့် အကယ်၍ ဘိလူးမ မှန်လျှင်လည်း ဧကန် စွန့်ပစ်သင့်တော့သည်၊ ဘိလူးမ,ဟုတ် မဟုတ်ကို ထပ်မံ၍ စင်ကြယ်အောင် လုံ့လ ထုတ်ပြီးလျှင် စစ်ဆေးမေးမြန်းသင့်ပေပြီဟု စွန့်ပစ်ခြင်း၌ အားထုတ်၍ ကိုယ်တိုင် ထပ်မံစုံစမ်းပြန်ရာ မျက်တောင်မခတ်, မျက်ထောင့်နီသောလက္ခဏာတို့မှုကား-တပ်တပ်ရာရာသိမြင်၏၊ အရိပ်မထွက်ခြင်းကိုမူကား-ဆိုခဲ့ပြီးသည့် အတိုင်း အကာအရံ များသည်နှင့် ကောင်းမွန်စွာ မမြင်တည့်နိုင်သောကြောင့် အကာအရံဖြစ်သော ထီးရိပ်နန်းရိပ်တို့ကို ပယ်ရှား၍ ကြည့်ရှုရာ အရိပ်မထွက်သည်ကိုလည်း မြင်ပြန်သည်နှင့်ဤမိဖုရားကြီး နှစ်ယောက်ကား -ဧကန် ဘိလူးမပင်တည်း၊ စွန့်ပစ်အပ်တော့သည်ဟု သဘောကျ၍ ထိုဘိလူးမနှစ်ယောက်တို့ကို နောက်သည်ကဲ့သို့ မဟုတ်မလျော့ မကျင့်မကြံဝံ့အောင် နာနာရာဇဒဏ်စီရင်၍ နှင်ထုတ်လိုက်သဖြင့် ထိုဘိလူးမတို့ဘေးကို ရှုရှားခြင်းမရှိ ဈေးအခါကဲ့သို့ ချစ်ခင်စုံမက် ခြင်းမရှိ၊ လျစ်လျူရှုပြီးလျှင် ဤဘိလူးမ နှစ်ယောက်၏အစား မိဖုရားမြှောက်ရန် သင့်လျော်အောင်ရှာ၍ အလွန်ကောင်းခြင်း, တင့်တယ်ခြင်းနှင့် ပြည့်စုံသော မြတ်သော မိဖုရားကြီး နှစ်ယောက်တို့ကို ရသဖြင့် ဘိလူးမနှစ်ယောက်တို့ကို စွန့်ပစ်၍ နောက်ရသော မိဖုရားကြီး နှစ်ယောက်တို့ကို နန်းတင်ပြီးလျှင် နေရာကျ တင်လျှောက်တတ်သော လူလိမ္မာတို့ တင်လျှောက်သောစကားကိုသာ အမြဲယုံကြည်သဖြင့် လူမလိမ္မာတို့ကို အသက်ထက်ဆုံး ကြဉ်ရှောင်၍ ရွှေနန်းစည်းစိမ်ကို ခံစားပြီးလျှင် ဘဝပြောင်းသည့်၏အခြားမဲ့၌ နတ်ပြည်သို့ရောက်သောမင်းကဲ့သို့ ဝိပဿနာဉာဏ်ကို ပွါးများသော ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏။

(ဤဥပမာ၌) လူမလိမ္မာတို့စကားကိုနာယူ၍ ဘိလူးမ နှစ်ယောက်ကို နန်းတင်ပြီးလျှင် အလွန်ချစ်ခင်စုံမက်သကဲ့သို့ အန္ဓပုထုဇ္ဇန်တို့က ဤနာမ်ရုပ်နှစ်ခုတို့သည် သုဘ,သုခ,အတ္တဟု-ပြောဆိုသည်ကိုနာယူ၍ ကောင်းမွန်သော အစားအဝတ်တို့ဖြင့် ဤနာမ်

ရုပ်တို့ကို ခြီးမြှောက်၍ ချစ်ခင်စုံမက်သော အခါကို မှတ်အပ်၏၊ ပညာရှိမှူးမတ်တို့က ဤမိဖုရားကြီးနှစ်ယောက်သည် မျက်တောင်မခတ်, မျက်ထောင့်နီသည်, အရိပ်မထွက်သော လက္ခဏာ သုံးပါးရှိသောကြောင့် လူမင်းသွီးမဟုတ် ဘီလူးမဖြစ်ကြောင်းနှင့် အကြိမ်ကြိမ်တင်လျှောက်သည်ကို နာယူ၍ စုံစမ်းကြည့်ရှုသည် ကာလ မျက်တောင်မခတ်, မျက်ထောင့်နီသည် လက္ခဏာနှစ်ပါး ထင်ရှား၍ အရိပ်မထွက်သည့်လက္ခဏာ ကွဲကွဲပြားပြားကြီး မရှိသေးသော်လည်း ဘီလူးမလက္ခဏာအရ များသောကြောင့် ဘေးဟုထင်ခြင်း, အပြစ်ဟုထင်ခြင်း, ထိုမိဖုရားကြီးနှစ်ဦးတို့ကို မမွေလျော်ခြင်း, စွန့်ပစ်လိုခြင်း ဖြစ်သောအခါကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် သူတော်ကောင်းတို့ဟောပြောသော ဤနာမ်ရုပ်နှစ်ခုတို့၌ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာသုံးပါးရှိသည် ဆိုသောစကားကို နာယူ၍ သင်္ခါရတို့ကို သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ် တို့ဖြင့် သုံးသပ်ဆင်ခြင်၍ အနိစ္စ,ဒုက္ခ,လက္ခဏာနှစ်ပါးတို့သည် ကောင်းမွန်စွာထင်ရှားသဖြင့် အနတ္တလက္ခဏာများစွာ မထင်ရှားသေးသော်လည်း ထိုနာမ်ရုပ်နှစ်ခုတို့ကို ဘေးဟုထင်ခြင်း, ဘယဉာဏ်၊အပြစ်ဟုထင်ခြင်း, အာဒီနဝဉာဏ်၊နာမ်ရုပ်တို့၌ မမွေလျော်ခြင်း,နိဗ္ဗိဒါဉာဏ်၊ နာမ်ရုပ်တို့ကို စွန့်ပစ်လိုခြင်း, မုစ္စိတုကမျတာဉာဏ်တို့ဖြစ်သော အခါကိုမှတ်အပ်၏။

---

## ၇၆-သင်္ခါရတို့၌-အတ္တဟုစွဲလမ်းခြင်းကိုနှိပ်ကွပ်ပုံ

မိဖုရားကြီး နှစ်ယောက် တို့ကို ဘီလူးမ, ဟုတ် မဟုတ်ကို စုံစမ်းရာ မျက်တောင်မခတ် မျက်ထောင့်နီသည် လက္ခဏာနှစ်ပါးထင်ရှား၍ ထိုးနန်းအရိပ် အခြီအရံအားကြီး၍ အရိပ်မထွက်သောလက္ခဏာ ကောင်းမွန်စွာ မထင်ရှားသေးသည်နှင့် ဘီလူးမ မှန်လျှင် ဧကန် စွန့်ပစ်ရတော့မည်ဖြစ်သောကြောင့် လက္ခဏာ သုံးပါးလုံးကိုပင် ထင်ရှားသိသာအောင် ထိုးနန်းအခြွေအရံတို့နှင့်

ခွါ၍ အားထုတ်သဖြင့် ထပ်မံ စုံစမ်းခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် နာမ်ရုပ်တို့ကို ခွန့်ပစ်လိုသည်ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးတို့ကို ထပ်မံ၍ ထင်ရှားအောင် အားထုတ်ခြင်း, ဘိလူးမ၏ အရိပ်မထွက်သော လက္ခဏာထင်ရှင်းအောင် ဝေါ,ယာဉ်,ရထား,ထီးရိပ်,နန်းရိပ်,အခြံအရံတို့နှင့်ခွါ၍ စုံစမ်းခြင်းတို့ကဲ့သို့ ဆိုလတံ့သော ဗိုကောဒိုကသုညတနည်းမှသည် ခွါ စတ္တာလိသာကာရသုညတနည်းတိုင်အောင် အတ္တပညတ် နာမပညတ်ဟူသော အနတ္တလက္ခဏာကိုဖုံးလွှမ်းသော အထူးထူး အထွေထွေသော ပညတ်တို့ကိုခွါ၍ ဝိပဿနာကို အားထုတ်သဖြင့် ပဋိသင်္ခါဉာဏ်ကိုရ၍ ထိုဉာဏ်ကိုရင့်အောင် အားထုတ်သော အခါကိုမှတ်အပ်၏။ ထိုဘိလူးမနှစ်ယောက်တို့ကို အတတ်သိသဖြင့် ရာဇဒဏ်စီရင်ပြီးလျှင်နှင်ထုတ်၍ထိုဘိလူးမတို့၌ဘေးဟုထင်ခြင်း, ချစ်ခင်ခြင်းမရှိ လျစ်လျူရှုပြီးလျှင် သင့်လျော်သည့်အဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသော မိဖုရားကြီးနှစ်ယောက်တို့ကို ရှာသကဲ့သို့ သင်္ခါရတို့၌ အတ္တဟုစွဲလမ်းခြင်းကို နာနာ နှိပ်ကွပ်ခွန့်ပစ်၍ ဘေးဟုထင်ခြင်း, နှစ်သက်ခြင်းတို့ကိုမပြု လျစ်လျူရှုခြင်း သင်္ခါရုပေက္ခာဉာဏ်ကိုရသဖြင့် သင်္ခါရတို့၌ အာရုံပြုခြင်းဖြတ်၍ နိဗ္ဗာန်ကိုအာရုံပြုခြင်းငှါ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့ကို ရအောင် ရှာဘွေလုံ့လထုတ်ခြင်းကိုမှတ်အပ်၏။

---

## ၇၇-လူလိမ္မာနှင့်ပေါင်း၍နိဗ္ဗာန်ရောက်ပုံ

ကောင်းမြတ်သော မိဖုရားကြီးနှစ်ယောက်တို့ကိုရသဖြင့် နန်းတင်ပြီးလျှင် ရွှေနန်းစည်းစိမ်ကိုခံစား၍ လူမလိမ္မာတို့ စကားကို မနာမယူ၊ အသက်ထက်ဆုံး လူလိမ္မာတို့နှင့်သာပေါင်း၍ ဘဝ ပြောင်းသည့်၏အခြားမဲ့၌ နတ်ပြည်ချမ်းသာကိုရောက်သကဲ့သို့ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်နှစ်ခုတို့ကိုရသဖြင့် နိဗ္ဗာန်ကို မြင်၍ မဂ်ဖိုလ်ချမ်းသာကို ခံစားပြီးလျှင် အရိယာဖြစ်၍ အသက်

ထက်ဆုံး ဗာလပုထုဇ္ဇန်တို့နှင့်မပေါင်း၊ အရိယာတို့နှင့်သာ ပေါင်း၍ ဘဝပြောင်းသည့်၏အခြားမဲ့၌ နိဗ္ဗာန်ချမ်းသာကို ရသောအခါကို မှတ်အပ်၏။

---

## ၇၈-အနတ္တကိုထင်ရှားအောင်အားထုတ်ပုံ

ထို့ကြောင့် ပဋိသင်္ခါဉာဏ်ဆိုသည်ကား—သင်္ခါရဟူသော နာမ်ရုပ်တို့မှ လွတ်လိုသောကြောင့် အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာ သုံးပါးထင်အောင် ဆိုခဲ့ပြီးသောသမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်တို့ဖြင့်ပင် နာမ်ရုပ်တို့၏ ဥပါဒ်, ဌီ,ဘင်ကို ထပ်၍ရှုခြင်း, ဆိုလတ္တံ့သော သုညတနည်းတို့ဖြင့် အနတ္တလက္ခဏာ ထင်ရှားအောင် အားထုတ်ခြင်း, သင်္ခါရ၌ အတ္တဟုစွဲလမ်းခြင်းကို နာနာ နှိပ်ကွပ်ခြင်းပင်တည်း။သင်္ခါရဟူသောနာမ်ရုပ်တို့ကို အနိစ္စ,ဒုက္ခ အားဖြင့် ထင်လျှင်ပင် မဂ်ဖိုလ်ရခြင်းကိစ္စ ပြီးသည်မဟုတ်လော။ အဘယ်ကြောင့် အနတ္တကိုထင်ရှားအောင် ပဋိသင်္ခါဉာဏ်ဖြင့် ထပ်၍ အားထုတ်ပြီးလျှင် ပွါးများရပြန်သနည်း ဟူသောအမေးကို ဖြေခြင်းငှါ။-

---

## ၇၉-ဝိသုဒ္ဓိမဂ် မဟာဋီကာ

သင်္ခါရာနံ အနိစ္စ ဒုက္ခ ကာရာဒိ ပရိဂ္ဂဏှနဝသေန ပဝတ္တံပိ ပဋိသင်္ခါနုပဿနာဉာဏံဝိသေသတော အနတ္တ ကာရပရိဂ္ဂဏှနပ္ပဓာနန္တိ ဝုတ္တံ၊သဗ္ဗေသင်္ခါရာသုညာတိ ပရိဂ္ဂဟေတွာတိအာဒိ၊ တသ္မိံဟိ သတိ သစ္စသံပဋိဝေဓော ဇာယတိ၊ နအာသတိ၊ တဒဘာဝတော ဟိ အနိစ္စဒုက္ခ လက္ခဏာ ပညာပကံပိ သရဘင်္ဂသတ္ထာရာဒိနံ သာသနံ အနိယျာနိကမေဝ ဇာတံ၊အထဝါ တေသံ နိစ္စသာရာဒိဟိ ရိတ္တကံ သန္တာယ သဗ္ဗေသင်္ခါရာသုညာတိ ပရိဂ္ဂဟေတွာ တိဝုတ္တံ။ယံ ဟိ ယတော ရိတ္တကန္တံတေန သုညံတိသင်္ခါ ရာနံ အတ္တသုညတာယ ဒုဝိညေယျဘာဝတော အနေက

ဝါရုံ၊ ပဋိဝိဒ္ဓါယပိသုညတာနုပဿနာယ ဒဠှီဘာဝါပါဒ နတ္ထံ ပုနသုညမိဒန္တိအာဒိ အာရဒ္ဓံ -“ဝိသုဒ္ဓိမဂ်မဟာ ဋီကာ” သင်္ခါရုပေက္ခာညာဏ် အဘွင့်ဋီကာ။ ဒုတိယထုပ် ဆယ်ကြောင်းရေး၊ စူချပ် ကျောဘက်တွင်လာ။

အတ္တကား။ ။သင်္ခါရာနံ၊ နာမ်ရုပ် ဖြစ်ကုန်သောသင်္ခါရ တရားတို့၏။ အနိစ္စဒုက္ခကာရာဒိပရိဂ္ဂဏှနဝသေန၊ အနိစ္စ လက္ခဏာ,ဒုက္ခလက္ခဏာအစရှိသည်ကို သိမ်းဆည်းသောအစွမ်းဖြင့်။ ပဋိသင်္ခါနုပဿနာညာဏံ၊ ပဋိသင်္ခါနုပဿနာ ညာဏ်သည်။ ပဝတ္တံပိ၊ဖြစ်ပြားသော်လည်း။ဝိသေသတော၊အထူးအားဖြင့်။ ပဋိ သင်္ခါနုပဿနာညာဏံ၊ ပဋိသင်္ခါနုပဿနာညာဏ်သည်။ အနတ္တ ကာရ ပရိဂ္ဂဏှနပ္ပမာဏံ၊ အနတ္တလက္ခဏာကို အလေးပြု၍ သိမ်း ဆည်းအပ်၏။ ဇာတိ၊ ဤသို့နှလုံးသွင်း၍။ သဗ္ဗေသင်္ခါရာသုညာတိ ပရိဂ္ဂဟေတွာတိ အာဒိ၊သဗ္ဗေသင်္ခါရာ သုညာတိပရိဂ္ဂဟေတွာ၊ ဤ သို့ဋီကာဝိုကအစရှိသောသုညတနည်းကို။ဝုတ္တံ၊အဋ္ဌကထာဆရာ မိန့်အပ်၏။ ဟိ၊ အဋ္ဌကထာ ဆရာစကားသင့်ပေမှန်ပေ၏။ ဝါ၊တ နည်းကား။ဟိ၊အနတ္တလက္ခဏာကို ပဋိသင်္ခါဉာဏ်ဖြင့် အလေးပြု ၍ သိမ်းဆည်းခြင်း၏အကျိုးကို ဆိုပေအံ့။ တသ္မိံ၊ ထိုအနတ္တလက္ခ ဏာကို အလေးပြု၍သိမ်းဆည်းခြင်းသည်။ သတိ၊ ရှိသော်သာ လျှင်။သစ္စသံပဋိဝေဓော၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း သည်။ဇာဠာတိ၊ပြည့်စုံ၏။အသတိ၊အနတ္တလက္ခဏာကိုအလေးပြု၍ သိမ်းဆည်းခြင်း မရှိမူကား။-သစ္စသံပဋိဝေဓော၊သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းသည်။ နဇာဠာတိ၊ မပြည့်စုံနိုင်။ ဟိ၊ ထိုစကား မှန်၏၊ တဒဘာဝတော၊ ထိုအနတ္တလက္ခဏာ မရှိသောကြောင့်။ အနိစ္စဒုက္ခလက္ခဏာ ပညာပကံပိ၊အနိစ္စ ဒုက္ခလက္ခဏာ နှစ်ပါးတို့ ကိုဟောပြောပညတ်ခြင်းရှိသည်လည်းဖြစ်သော။သရဘင်္ဂသတ္ထာ ရာဒီနံ၊သရဘင်ဆရာရသေ့အစရှိသော သာသနာပ အဘိညာဉ်ရ ရသေ့ကြီးတို့၏။ သာသနံ၊ အဆုံးအမဖြစ်သော တရား ကျမ်းဂန် သည်။ အနိယျာနိကမေဝ၊ ဝဋ်ဆင်းရဲမှ မထွက်မြောက်စေနိုင်

သည်သာလျှင်။ဇာတံ၊၏။အထဝ၊တနည်းကား။တေသံ၊ထိုသင်္ခါရဖြစ်သော နာမ်ရုပ်တို့၏။ နိစ္စသာရဒိဟိ၊ အတ္တ၏ မဘောက်မပြန်မြဲမြံ ခိုင်ခန့်ခြင်း အစရှိသော အနှစ်သာရဂုဏ်တို့မှ။ ရိတ္တကံ၊ ရှင်းရှင်းကင်းသည့်၏အဖြစ်ကို။ သန္တာယ၊ ရည်၍။ သဗ္ဗေသင်္ခါရာသုညာတိ ပရိဂ္ဂဟောတွာတိ၊ သဗ္ဗေသင်္ခါရာသုညာတိ ပရိဂ္ဂဟေတွာ၊ ဤသို့အစရှိသောစကားကို။ ဝုတ္တံ၊ မိန့်အပ်၏။ဟိ၊ ထိုစကားမှန်၏။ယံ၊ အကြွင်းတစုံတခုသောဝတ္ထုသည်။ ယတော၊ အကြွင်းတစုံတခုသောဝတ္ထုမှ။ရိတ္တကံ၊ကင်းရှင်း၏။ တံ၊သိုကင်းရှင်းသောဝတ္ထုသည်။ တေန၊ထိုဝတ္ထုဖြင့်။ သုညံ၊ သုဉ်း၏,မရှိ။ဇာတိ၊ ဤသို့မှတ်အပ်၏။

---

## ၈၀-နာမ်ရုပ်တို့၌-အတ္တအယူကိုပယ်ပုံ

ခဲနက်ကြေးနီ စသည်တို့မှ ကင်းသော ဘော်သည် ခဲနက်ကြေးနီမရှိ၊ စင်ကြယ်သန့်ရှင်းသော ဘော်ကဲ့သို့ မြဲမြံခိုင်ခန့်ခြင်းအစရှိသော ဂုဏ်ရှိသော အတ္တသာရမှကင်းသော နာမ်ရုပ်သည် စင်ကြယ်သန့်ရှင်း သည်ဖြစ်၍ သုညမည်၏။ ဤသို့သောသုညကို သိစေခြင်းငှာလည်း အနတ္တလက္ခဏာကို ထပ်၍ အားထုတ်ရပြန်သည်ဟူလို။ ။ဤသို့ အလိုသော် သုညသဒ္ဒါ အခြားဝတ္ထုနှင့်မရော သက်သက်သန့်ရှင်းသော ဝတ္ထုကိုဟောသည်။

သင်္ခါရာနံ၊ သင်္ခါရဖြစ်သောနာမ်ရုပ်တို့၏။ အတ္တသုညတာယ၊ အတ္တဖြင့်မရော သက်သက်ဟူသော သဘော၏။ ဒုဝိညေယျဘာဝတော၊ အလွန်သိခက်သည့်၏ အဖြစ်ကြောင့်။ အနေကဝါရံ၊အကြိမ်များစွာ။ သုညတာနုပဿနာယ၊ အတ္တမှဆိတ်သော အနတ္တာနုပဿနာကို။ပဋိဝိဇ္ဈါယပိ၊ဥဒယဗ္ဗယညာဏ်အစရှိသဖြင့် ထိုးထွင်း၍ သိငြားသော်လည်း။ ဒဠှီဘာဝါပါဒနတ္တံ၊ အနတ္တာနုပဿနာကို မြဲမြံခိုင်ခန့်သောအဖြစ်သို့ရောက်စေခြင်းငှာ။ ပုန၊တဘန်။ သုညမိဒဒန္တိအာဒိ၊ သုညမိဒံအစရှိသော စကားကို။ အာရဒ္ဓံ၊ အဋ္ဌကထာ

ဆရာအားထုတ်ပြန်၏။ ဤမဟာဋီကာကို ထောက်၍လည်း အနတ္တလက္ခဏာကို ကောင်းမွန်စွာမသိလျှင် မဂ်ဖိုလ်မရ၊ အနတ္တသည်လည်း ဆိုခဲ့ပြီးသည့်အတိုင်း အလွန်သိခက်သည်၏အဖြစ်ကို သန္နိဋ္ဌာန်ကျကျ ယုံယုံကြည်ကြည် ချည်းမှတ်၍ အနတ္တကိုသိရခြင်းငှာ ဆိုခဲ့ပြီးသည့်အတိုင်း နာမ်ရုပ်တို့ကိုအကျယ်အားဖြင့်ကြိုးကြိုးကုတ်ကုတ် လုံ့လ အားထုတ်ကြပါလေ။ ဤသခ်ါရဟူသော နာမ်ရုပ်တို့သည် တစုံတခုမျှ အတ္တမဟုတ်၊ ဤနာမ်ရုပ်တို့၌အတ္တမရှိ၊ နာမ်ရုပ်တို့တွင် တစုံတခုပင် အတ္တဟု-ဒိဋ္ဌိတို့စွဲသည်ကို ပယ်ခြင်းငှါ ဤနာမ်ရုပ်တို့သည် တစုံတခုမျှအတ္တမဟုတ်၊ အတ္တကိုပယ်သည်၊ နာမ်ရုပ်တို့ မှုကား-အတ္တမဟုတ်ပေဘူး၊ ထိုနာမ်ရုပ်တို့အတွင်း၌ အတ္တရှိပါသည် ဟူသော အယူကိုပယ်ခြင်းငှါ နာမ်ရုပ်တို့၌ အတ္တမရှိ ဟူ၍ အနတ္တနိယကိုပြသည်။

---

## ၈၁—အတ္တကိုနှစ်ပုံနှစ်စုထား၍ပယ်ပုံ

ထို့ကြောင့် ယသ္မာ ခေါ အာနန္ဒ သုညံ့အတ္တေနဝါ၊အတ္တနိယေနဝါတသ္မာသုညော လောကောတိဝုစ္စတိ။ ။

အာနန္ဒ၊အာနန္ဒာ။ခေါ၊စင်စစ်။ယသ္မာ၊အကြင်ကြောင့်။ အတ္တေနဝါ၊အတ္တအားဖြင့်မူလည်း။ သုညံ၊ သုဉ်း၏။ (အတ္တမဟုတ်ဟူလို။) အတ္တနိယေနဝါ၊ အတ္တနှင့် စပ်ဆိုင်သောအားဖြင့် မူလည်း။ သုညံ၊ သုဉ်း၏။ (အတ္တ၏တည်ရာ အတ္တနှင့်ဆိုင်သော နာမ်ရုပ်မ ဟုတ်ဟူလို။) တသ္မာ၊ ထို့ကြောင့်။ လောကော၊ ပျက်တတ်သောကြောင့် လောကမည်သောနာမ်ရုပ်ကို။ သုညောတိ၊ သုဉ်း၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကား-အတ္တကို နှစ်ပုံနှစ်စု ထား၍ ပယ်သော ဒွိကောဋိကသုညတာနည်းတည်း။

ဤ၌ သုဉ်း၏ဟူသည်ကား-တစုံတခုသော ဂဏန်းကိုတည်၍ တစုံတခုသော ဂဏန်းနှင့် နုတ်လျှင် အကြွင်းမရှိ၊ သုဉ်းသကဲ့သို့ မှတ်အပ်၏။

## ၈၂-အတ္တနှင့်နာမ်ရုပ်တို့ အကြွင်းမရှိသုဉ်းပုံ

နာမ်ရုပ်တစုံဘခုကိုမြဲမြဲခိုင်ခန့်သောအတ္တသာရဟုဆိုလျှင် နာမ်ရုပ်တို့ကိုတည့် ဥပါဒ်, ဌီ, ဘင်၊ လက္ခဏာသုံးပါးရှိသော နာမ်ရုပ်ရှိသမျှတို့နှင့်နှုတ်အကြွင်းမရှိ သုဉ်း၏။နာမ်ရုပ်တို့မှတပါး လောကဌ် အခြားအတ္တရှိသေးသည့် နာမ်ရုပ်တို့ မူကား-အတ္တတည်ရာ အတ္တရှိသော အတ္တနိယသာဟူ၍ ဆိုပြန်လျှင် လောက သုံးပါးလုံးကိုပင်တည်း၊နာမ်ရုပ်နှစ်ခုတို့နှင့်နှုတ်၊ အကြွင်းမရှိ သုဉ်း၏။

ထို့ကြောင့်''ပဋိသမ္ဘိဒါမဂ်'' အဋ္ဌကထာ စသည်၌ သုညံ့ အတ္တေနဝါ၊ အတ္တနိယေနဝါတိ၊ ကာရကောဝေဒ ကောသယံဝသီတိ၊ ဇာဝံလောက ပရိကပ္ပိတေန အတ္တနာစ အတ္တဘာဝတော ယေဝ·အတ္တနော သန္တကေန ပရိက္ခာ ရေနစသုညံ့ သဗ္ဗစက္ခာဒိလောကိယံ ဓမ္မဇာတံ။ တံယေဝ ပလုဇ္ဇနဋ္ဌေနလောကောနာမဟု-ဘွင့်ကြကုန်၏။

စတုကောဋိကသုညတနည်းကို''ဝိသုဒ္ဓိမဂ်''အဋ္ဌကထာ၌။

နာဟံကွစနိ န ကဿစိ ကိဉ္စနံတသ္မိံ နစ။
မမ ကွစနိ ကသ္မိဉ္စိ၊ကိဉ္စနတာနစတ္ထိ။ ။

ဟူ၍မိန့်ဆို၏။

ကွစနိ၊ အဇ္ဈတ္တ ဗဟိဒ္ဓ တစုံတခု၌။ အတ္တနော၊ မိမိ၏။ အဟံ အတ္တသည်။ နစတ္ထိ၊ရှိလည်းမရှိ။ကဿစိ၊အဇ္ဈတ္တဗဟိဒ္ဓတစုံတခု၌။ အတ္တနော၊မိမိ၏၊ အဟံ၊ အတ္တသည်။ ပရဿ၊ သူတပါး၏။ ကိဉ္စနံ တသ္မိံ၊ဥစ္စာ ပစ္စည်း ဆွေမျိုးအပေါင်း အဘောင် တစုံတ ခုအဖြစ်၌။ ဌတ္ဝာ၊တည်၍။နစတ္ထိ၊မရှိ။ကွစနိ၊အဇ္ဈတ္တဗဟိဒ္ဓတစုံတခု၌။ပရဿ သူတပါး၏။အဟံ၊အတ္တသည်။နစတ္ထိ၊မရှိ။ကသ္မိဉ္စိ၊ အဇ္ဈတ္တ ဗဟိဒ္ဓ တစုံတခု၌။ပရဿ၊သူတပါး၏။အဟံ၊အတ္တသည်။ မမ၊ငါ၏။ကိဉ္စနတာ၊ဥစ္စာပစ္စည်းဆွေမျိုးအပေါင်းအဘောင်တစုံတခု အဖြစ်သည်။ နစတ္ထိ၊ရှိလည်းမရှိ။

ဤပါဠိ၌ အဟံသဒ္ဒါ မိစ္ဆာဒိဋ္ဌိတို့ ကြံဆသော အတ္တ ဟောဟုမှတ်—ဤကား အဋ္ဌကထာ အလိုအနက်တည်း။

ကွစနိ၊ အဇ္ဈတ္တဗဟိဒ္ဓတစုံတခု၌။ အတ္တနော၊ မိမိ၏။ အဟံ၊ အတ္တသည်။ နစတ္ထိ၊ ရှိလည်းမရှိ။ ကဿစိ၊ တစုံတခု၌။ မမ၊ ငါ၏။ ကိဉ္စနံတသ္မိံ၊ အတ္တ၏တည်ရာအတ္တနိယသည်။ နစတ္ထိ၊ ရှိလည်းမရှိ။ ကွစနိ၊ အဇ္ဈတ္တဗဟိဒ္ဓတစုံတခု၌။ ပရဿ၊ သူတပါး၏။ အဟံ၊ အတ္တသည်။ နစတ္ထိ၊ ရှိလည်းမရှိ။ ကသ္မိဉ္စိ၊ အဇ္ဈတ္တဗဟိဒ္ဓတစုံတခု၌။ ပရဿ၊ သူတပါး၏။ ကိဉ္စနတာ၊ အတ္တနိယသည်။ နစတ္ထိ၊ ရှိလည်း မရှိ။ ဤကဲ့သို့လည်း အနက်ပေးသင့်၏။ ။ဤပါဠိကား—စတုက္ကနိပါတ် “ဗြဟ္မဏဝဂ်ပါဠိတော်”—(ဤကား စတုကောဋိက သုည တနည်းတည်း။)

## ၆၃—အတ္တကို-၆-ပုံ-၆-စုထား၍ပယ်ပုံ

ဆကောဋိကသုညတနည်းကို ပြဆိုပါဦးအံ့၊

စက္ခုံ သုညံ အတ္တေနဝါ အတ္တနိယေနဝါ နိစ္စေနဝါ ဓုဝေ နဝါ သဿတေနဝါ အဝိပရိဏာမ ဓမ္မေနဝါ။

ဟူ၍ “မဟာနိဒ္ဒေသ” အစရှိသော ပါဠိတော်တို့၌လာ၏။

စက္ခုံ၊ စက္ခုပသာဒရုပ်သည်။ အတ္တေနဝါ၊ အတ္တအားဖြင့်ရင်း။ အတ္တနိယေနဝါ၊ အတ္တနိယအားဖြင့်ရင်း။ နိစ္စေနဝါ၊ အစအဆုံးမရှိ ကောင်းကင်ကဲ့သို့ မြဲခြင်းအားဖြင့်ရင်း။ ဓုဝေနဝါ၊ မချွတ်မယွင်း ခိုင်ခန့်သောအားဖြင့်ရင်း။ သဿတေနဝါ။ နေလ မြင်းမိုရ်စသည် တို့ကဲ့သို့ အခါခပ်သိမ်း ရှိသောအဖြစ်ဖြင့် မြဲခြင်းအားဖြင့်ရင်း။ အဝိပရိဏာမဓမ္မေနဝါ၊ စိန်, မြ, ပတ္တမြားရတနာ ကျောက်မျိုးတို့ သည် အိုခြင်း, ရင့်ခြင်း, ဖောက်ပြန်ခြင်း မထင်ရှား သကဲ့သို့ ဖောက်ပြန်ခြင်း, အိုခြင်းမရှိသော သဘောအားဖြင့်ရင်း။ သုညံ၊ သုဉ်း၏။ ။ဤသို့ အတ္တ,အတ္တနိယ အစရှိသော ခြောက်ပါးသော

သဘောတရားတို့အားဖြင့် စကျ္ဂုပသာဒရုပ်သဥ္ဇသည်ကို ရှုသော နည်းအတိုင်း အာယတန တဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါး, ပဋိစ္စ သမုပ္ပါဒ်အင်္ဂါ တဆဲ့နှစ်ပါးတို့နှင့်တကွ ဇရာ, မရဏ အစရှိသော လောကီတရား ရှိသမျှတို့ကို ယူ၍ ရှုလေ။ ။ဤကား ဆကောဒိ ကသုဉ္စတ နည်းတည်း။

---

## ၁၄—အတ္တကို-၁-ပုံ-၁-စုထား၍ပယ်ပုံ

ယထာ ဧရဏ္ဍော ယထာ ဥဒုမ္ဗရော ယထာ သေတ ဝစ္ဆော ယထာ ပါဠိဘဒ္ဒကော ယထာ ဖေဏပိဏ္ဍော ယထာ ဥဒကပုဗ္ဗုဠ္ဍံ ယထာ မရီစိ ယထာ ကဒလိက္ခ န္ဓော ယထာ မာယာ အသာရော နိဿာရော သာရာပဂတာ၊ ဧဝမေဝ ရူပံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရ သာရေနဝါ ဓုဝသာရသာရေနဝါ သုခ သာရ သာရေနဝါ အတ္တသာရသာရေနဝါ နိစ္စေနဝါ ဓုဝေနဝါ သဿတေန ဝါ အဝိပရိဏာမ ဓမ္မေနဝါ။

ဧရဏ္ဍော၊ ကြက်ဆူပင်သည်။ အသာရောယထာ၊ အနှစ်မ ဟုတ် သကဲ့သို့ရင်း။ နိဿာရောယထာ၊ အနှစ်မရှိ သကဲ့သို့ရင်း။ သာရာပဂတောယထာ၊ အနှစ်မှကင်းရှင်း သကဲ့သို့ရင်း။ ဥဒုမ္ဗရော၊ ရေသဖန်းပင်သည်။ အသာရောယထာ၊ အနှစ်သာရ မဟုတ် သ ကဲ့သို့ရင်း။ နိဿာရော ယထာ၊ အနှစ်မရှိသကဲ့သို့ရင်း။ သာရာပဂ တော ယထာ၊ အနှစ်မှကင်းရှင်း သကဲ့သို့ရင်း။ သေတဝစ္ဆော၊ ခံတက်ပင်သည်။ အသာရောယထာ၊ ရင်း။ နိဿာရော ယထာ ရင်း။ သာရာပဂတော ယထာ၊ ရင်း။ ပါဠိဘဒ္ဒကော၊ ကသစ်ပင် သည်။ အသာရောယထာ၊ ရင်း။ နိဿာရောယထာ၊ ရင်း။ သာရာ ပဂတောယထာ၊ ရင်း။ ဖေဏပိဏ္ဍော၊ ရေမြှုပ်သည်။ အသာရော ယထာ၊ ရင်း။ နိဿာရောယထာ၊ ရင်း။ သာရာပဂတော ယထာ၊ ရင်း။ ဥဒကပုဗ္ဗုဠ္ဍံ၊ ရေပွက်သည်။ အသာရံယထာ၊ ရင်း။ နိဿာ

ရုံယာထာ၊ ငင်း။ သာရာပဂတံယာထာ၊ ငင်း။ မရိစိ၊ တံလျှပ်သည်။ အသာရာယာထာ၊ ငင်း။ နိဿာရာယာထာ၊ ငင်း။ သာရာပဂတာ ယာထာ၊ ငင်း။ ကဒလိက္ခန္ဓော၊ ငှက်ပျောတုံးသည်။ အသာရော ယာထာ၊ ငင်း။ နိဿာရောယာထာ၊ ငင်း။ သာရာပဂတောယာထာ၊ ငင်း။ မာယာ၊ မျက်လှည့်သည်။ အသာရာယာထာ၊ ငင်း။ နိဿာရာ ယာထာ၊ ငင်း။ သာရာပဂတာယာထာ၊ ငင်း။ ဧဝမေဝ၊ ဤအနှစ်မရှိ သော သစ်ပင်တို့ကဲ့သို့သည် သာလျှင်။ ရူပံ၊ ရူပက္ခန္ဓာသည်။ နိစ္စသာရသာရေနဝါ၊ အစအဆုံးမရှိ ကောင်းကင်ကဲ့သို့ မြဲသော နိစ္စသာရ အနှစ်ရှိသောအားဖြင့်ငင်း။ ဓုဝသာရ သာရေနဝါ၊ မချွတ် မယွင်း ခိုင်ခန့်သော ဓုဝသာရဟူသော အနှစ်ရှိသောအားဖြင့်ငင်း။ သုခသာရသာရေနဝါ၊ ချမ်းသာခြင်း သုခသာရဟူသော အနှစ်ရှိ သော အားဖြင့်ငင်း။ အတ္တသာရသာရေနဝါ၊ အတ္တဟူသော အတ္တ သာရ အနှစ်ရှိသောအားဖြင့်ငင်း။ နိစ္စေနဝါ၊ အစအဆုံးမရှိ ကောင်း ကင်ကဲ့သို့ မြဲခြင်းအားဖြင့်ငင်း။ ဓုဝေနဝါ၊ မချွတ်မယွင်း ခိုင်ခန့်သော မြဲခြင်းအားဖြင့်ငင်း။ သဿတေနဝါ၊ နေလမြင်းမိုရ်စသော ဝတ္ထု တို့ကဲ့သို့ အခါခပ်သိမ်း ထင်ရှားရှိသော မြဲခြင်းအားဖြင့်ငင်း။ အဝိ ပရိဏာမဓမ္မေနဝါ၊ စိန်,မြ, ပတ္တမြားရတနာ ကျောက်မျိုးတို့သည် အိုခြင်း,ရင့်ခြင်း,ဘောက်ပြန်ခြင်း မထင်ရှားသကဲ့သို့ ဘောက်ပြန် ခြင်း,အိုခြင်းမရှိသော သဘောအားဖြင့်ငင်း၊အသာရံ၊ဆိုခဲ့ပြီးသော အနှစ်ရှိမဟုတ်။ နိဿာရံ၊ ဆိုခဲ့ပြီးသောအနှစ်ရှိမရှိ။ သာရာပဂတံ၊ ဆိုခဲ့ပြီးသော အနှစ်ရှိမှကင်း၏။ ။ဤ၌ နိစ္စသာရ သာရေနဝါ စသော ရှေးလေးပုဒ်တို့ဖြင့် ရူပက္ခန္ဓာ၌ ဤအနှစ်လေးမျိုး တို့သည် ရှိကုန်၏။ထိုအနှစ်လေးမျိုးတို့ကို အတ္တဟု-ယူသော အယူကိုပယ် ၏၊ နိစ္စေနဝါ စသော နောက်လေးပုဒ်တို့ဖြင့် ရူပက္ခန္ဓာကိုပင် အတ္တဟုယူ၍ ဤအနိစ္စစသော သဘောလေးမျိုးပင် ရူပက္ခန္ဓာဖြစ် ၏-ဟူသော အယူကို ပယ်၏။ ။ဤရူပက္ခန္ဓာ၌ အဋ္ဌကထာဋီက သုညတ နည်းအတိုင်း ခန္ဓာငါးပါး,အာယတနတဆဲ့နှစ်ပါး,ဓာတ် တဆဲ့ရှစ်ပါး,ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆဲ့နှစ်ပါး အစရှိသော အလုံး

ရုံ တို့ကိုလည်း ရှုဆင်ခြင်အပ်၏။ ။ဤကား – အဠဓကောဒိုက သညာတ နည်းတည်း။

---

## ၈၅–အဌကို၁၀-ပုံ၁၀-ရုထား၍ပယ်ပုံ

ရုပံ ရိတ္တတော ပဿတိ၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အနိဿရိယတော၊ အကာမကာရိယတော၊ အလဗ္ဘနိယတော၊ အဝသဝတ္တကတော၊ ပရတော၊ ဝိဝိတ္တတော။

ရုပ်၊ ရုပက္ခန္ဓာကို။ ရိတ္တတော၊ ဒိဋ္ဌိတို့ကြံဆအပ်သော မြဲသော ရဝ, တင့်တယ်ခြင်း သုဘ, ချမ်းသာခြင်း သုခ, အနှစ်သာရဟူသော အတ္တတို့နှင့်ကင်းရှင်း၏ဟု။ပဿတိ၊ ၏။ တုစ္ဆတော၊ နည်းသော ချမ်းသာခြင်း, ယုတ်ညံ့သော ချမ်းသာခြင်းရှိ၏ဟု။ ပဿတိ၊ ၏။

(နိမ္ဗာနကဲ့သို့ မြဲသောချမ်းသာ မဟုတ်၊ မမြဲသော သုခဝေဒနာ ဖြစ်၍ ယုတ်ညံ့သည်၊ ဒုက္ခတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ချမ်းသာ အနည်းငယ်မျှသာ ရှိသည်ဟုလို။)

သုညတော၊ ဒိဋ္ဌိတို့ကြံဆအပ်သော အစိုးရသော ခန္ဓာအိမ်သခင် ကိစ္စကိုပြီးစေနိုင်သော ကတ္တားကာရက၊ သိတတ်ခံစားတတ်သော ဝေဒက သဘောဖြစ်သော အတ္တ၏တည်ရာ မဟုတ်၊အတ္တအားဖြင့်သုဉ်း၏ဟု။ ပဿတိ၊ ၏။ အနတ္တတော၊ ရုပက္ခန္ဓာသည် အစိုးရခြင်းစသော ဂုဏ်ရှိသော အတ္တမဟုတ်ဟု။ ပဿတိ၊ ၏။ အနိဿရိယတော၊အစိုးမရ ဟု။ပဿတိ၊၏။ အကာမကာရိယတော၊ အလိုအတိုင်း မပြုပြင်တတ် မပြုပြင်အပ်သောသဘောဟု။ ပဿတိ၊၏။ အလဗ္ဘနိယတော၊ မဆင်းရဲပါစေနှင့်စသဖြင့် တောင့်တ၍ မရသောသဘောဟု။ ပဿတိ၊ ၏။ အဝသဝတ္တကတော၊ အလိုသို့ မလိုက်သော သဘောဟု။ ပဿတိ၊ ၏။ ပရတော၊ မဆင့်ဆိုမစီရင်နိုင်သော အခြားရန်သူဟု။ ပဿတိ၊ ၏။ ဝိဝိတ္တတော၊ ရုပ်ဖြစ်ကြောင်းနှင့် ရုပ်၊ ရုပ်၏ အကျိုးနှင့် ရုပ်၊ နာနတ္တနည်း အားဖြင့်

အကျိုးအကြောင်း အခြားစိဖြစ်၍ အတူမတည်ခြင်း ဟူသော ဆိတ်ငြိမ်သောသဘောဟု။ ပဿတိ၊ ၏။

ဆိတ်ငြိမ်သောဟူသည် အပေါင်း အဘော်မရှိ၊ တဦး တယောက်တည်း ရှိသည်ကိုခေါ်သည်။ ။ဤကား ဒသကောဋ္ဌိက သုညတနည်းတည်း။

## ၈၆–အတ္တကို ၁၂–ပုံ ၁၂–စုထား၍ပယ်ပုံ

ဤ၌လည်း ဤရူပက္ခန္ဓာအတိုင်း ခန္ဓာငါးပါး, အာယတနတဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါး, ပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆဲ့နှစ်ပါးတို့ကို ရှုလေ။

ရူပံနသတ္တော၊ နဇီဝေါ၊ ननရော၊ နမာနဝေါ၊ နဣတ္ထိ၊ နပုရိသော၊နအတ္တာ၊ နာဟံ၊ နအတ္တနိယံ၊နမမ၊ နအညဿ၊ နကဿစိ။

ရူပံ၊ ရူပက္ခန္ဓာသည်။ နသတ္တော၊ ချမ်းသာခြင်း သုခဟူသော သတ္တဂုဏ်ရှိသောသတ္တဝါမဟုတ်။ နဇီဝေါ၊ အတ္တဟူသော ဇီဝရှိသောသတ္တဝါမဟုတ်။နနရော၊ အမှုကိစ္စကိုပြီးအောင် ဆောင်တတ်သော သတ္တဝါမဟုတ်။ နမာနဝေါ၊ မနုဟူသော မဟာသမ္မတမင်း၏ အဆုံးအမ၌ တည်သောကြောင့် သားကဲ့သို့ဖြစ်သော သတ္တဝါမဟုတ်။ ဝါ၊မာန်မာန၏ဖြစ်ရာ သတ္တဝါမဟုတ်။ နဣတ္ထိ၊ယောကျ်ားကို ကြိုက်တတ်သော မိန်းမမဟုတ်။ ဝါ၊ ကိုယ်ဝန် ဆောင်တတ်သော မိန်းမမဟုတ်။ နပုရိသော၊ မိဘတို့၏ နှလုံးကို ပြည့်စေတတ်သော ယောကျ်ားမဟုတ်။ဝါ၊မိန်းမတို့၏ ရှေ့သွားယောကျ်ားမဟုတ်။ နအတ္တာ၊ မာန်မာနတို့၏တည်ရာဒိဋ္ဌိတို့၏အယူ အတ္တမဟုတ်။ နာဟံ၊ မာန်မာန၏ မှီရာဝတ္ထုဖြစ်သောကြောင့် အဟံမည်သော ဒိဋ္ဌိတို့၏အယူ အတ္တမဟုတ်၊ နအတ္တနိယံ၊ အတ္တနှင့် စပ်ဆိုင်သော အတ္တရှိသောဝတ္ထုမဟုတ်။ နမမ၊ မိမိအတ္တ၏ ဥစ္စာပစ္စည်းမဟုတ်။ နအညဿ၊ သူတပါးအတ္တ၏ ဥစ္စာပစ္စည်းမဟုတ်။ နကဿစိ၊ တစုံတခု၌အတ္တ, အတ္တနှင့် ဆိုင်သော အတ္တနိယမရှိ။

ဒွါဒသကောဋိက သုညတနည်းဖြင့်။ ဒိဋ္ဌိတို့၏အယူအတ္တကိုမသိနိုင်အောင် ဖုံးလွှမ်းသောလောက ဝေါဟာရ ဟူသော နာမပညတ် နာမ်ရုပ်တို့ကို ရှိမှန်းမသိသောလောကသည် မိမိတို့သိသောတစုံတခုသောအကြောင်းကိုစွဲ၍ ဤအမည်သည် ဤအနက်၌ဖြစ်သည် ဟုယူသော အတ္တပညတ်နှင့်တကွပယ်၍ အတ္တမဟုတ် သည်ကိုပြ၏။

---

## ၁၇–သတ္တသဒ္ဒါ၏အရအာဝိပ္ပါယ်

ဤ၌သတ္တဟူသောပါဠိတွင် သအက္ခရာ တဝမ်းပူနှစ်ဆင့်အက္ခရာတို့သည် အက္ခရာလည်းမည်၏။ ဝဏ္ဏလည်းမည်၏။ သဒ္ဒါလည်းမည်၏။ ထိုအက္ခရာတို့၏အပေါင်းသတ္တဟူသော ပုဒ်တခုလုံးသည် အမည်နာမ ပညတ်မည်၏။ ဤသတ္တဟူသော နာမပညတ်သည် ဟောအပ်သော သတ္တဝါဟူသော အထည်ကိုယ်ဒြဗ်သည် အနက်ဟူသော အတ္တပညတ်မည်၏။ ဤ၌ အမည်မှာမူကား-ဝေါဟာရ ပညတ်ဖြစ်တန်စေ၊ အနက်မှုကား-ခန္ဓာငါးပါးဟူ၍ အရကောက်လျှင် ပညတ်မဟုတ် အနက်ပရမတ်ဖြစ်၏ဟူမူ-မဖြစ်နိုင်၊အဘယ်ကြောင့်နည်း မြတ်စွာဘုရားမပွင့်မီ နာမ်ရုပ်ရှိမှန်း, ခန္ဓာငါးပါး ရှိမှန်းကိုမသိသေး၊ ရှေးအခါ ကမ္ဘာဦးသူတို့က-ဤအနက်ဝတ္ထုသည် ဤသို့သောအကြောင်းကိုစွဲ၍ ဤအမည် ခေါ်ဝေါ်မည် သမုတ်သောကြောင့် ထိုကမ္ဘာဦးသူတို့ ခေါ်ဝေါ်သမုတ်သော အမည်နာမပညတ်သည် ပရမတ်ဟူသောအနက်ကို ထိမိုက်အောင် မဟောနိုင်၊ ထို့ကြောင့် လောက၌ သတ္တ,ဇီဝ, ပုဂ္ဂိုလ အစရှိသော အမည်ပညတ်တို့သည် အမည်သညာလည်း ပညတ်၊ အနက်လည်းပညတ်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ဤအတ္တအစရှိသော အမည်အနက်တို့ကို အမှန်အဟုတ်ဟူ၍ နှလုံးမသွင်းအပ်၊ ထိုအမည်, အနက်, ပညတ်တို့၌လည်း မြဲမြံနိုင်ခံနိုင်သော အတ္တသာရရှိသည်။ အတ္တသာရဖြစ်သည်ဟုနှလုံးမသွင်းအပ်၊အနိစ္စ ဒုက္ခ, အနတ္တ, ဖြစ်သောနာမ်ရုပ်တို့သဘောချည်းတည်းဟု နှလုံး

သွင်းအပ်သည်ကို ပြခြင်းငှာ၊ ဤရုပ်နှံသတ္တောအစရှိသော ဒွါဒသကောဒိုကသုညတနည်းကို တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာဟောတော်မူသည်။ ထို့ကြောင့်—

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထောဣတိ။
ဧဝံခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။ နာညတြ
ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။
ဟူ၍ ဟောတော်မူသည်။

အင်္ဂသမ္ဘာရာ၊ ဘီး,ဝင်ရိုး,အိမ် အစရှိကုန်သော အစိတ်တို့၏ အစုတို့သည်။ ရထောဣတိ၊ ရထားဟူသော အမည်သည်။ ဟောတိယထာပိ၊ ဖြစ်သကဲ့သို့လည်း။ ဧဝံ၊ ဤအတူ။ ခန္ဓေသု၊ ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ထင်ရှားရှိကုန်သော်။ သတ္တောဣတိ၊ သတ္တဝါဟူသောအမည်သည်။ ဟောတိ၊ ဖြစ်၏။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမ္မုတိ၊ သမုတ်၏။ ဟိ၊ စင်စစ်မူကား။ ဒုက္ခမေဝ၊ ဒုက္ခသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဒုက္ခသည်။ တိဋ္ဌတိစ၊ တည်လည်းတည်၏။ ဝေတိစ၊ ပျက်လည်းပျက်၏။ ဒုက္ခာ၊ ဒုက္ခမှ။ အညတြ၊ အခြားတပါးဖြစ်သောသတ္တဝါမည်သည်။ နသမ္ဘောတိ၊ မဖြစ်။ ဒုက္ခာ၊ ဒုက္ခမှ။ အညံ၊ တပါးသောသတ္တဝါဟူသည်။ နနိရုဇ္ဈတိ၊ မသေမချုပ်။

---

## ၈၈—ကမ္ဘာဦးက အမျိုးမျိုးကြံဆပုံမဟုတ်

ကမ္ဘာဦးသူတို့ခေါ်သည့်အတိုင်း အမည်,အနက် နှစ်ခုလုံးပင် မဟုတ်၊ စင်စစ်မူကား-ခန္ဓာငါးပါးသာ ဟုတ်၏၊ ထိုခန္ဓာငါးပါး သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ သဘောသာဖြစ်သောကြောင့် ဒုက္ခကောင်, အနတ္တကောင်, အနိစ္စကောင် ဟူလိုသည်၊ ဤ၌သတ္တ ပညတ် အစရှိသည်ကို ရှိ၏ဟု-ယူလျှင် အဘယ်အဖြစ် ရောက် သနည်းဟူမူ—နာမ်ရုပ်ခန္ဓာမှတပါး ထိုသတ္တပညတ် အစရှိသည်

တို့သည် လောက၌ရှိသေးသည်၊ ထိုပညတ်တို့တွင်လောကကို ဖန်ဆင်းသောဗြဟ္မာ ထိုဗြဟ္မာ၏ အစိတ်ဖြစ်သော အတ္တရှိလိမ့်မည်၊ ထိုပညတ်တခုခု ဗြဟ္မာဖြစ်သော်၎င်း, အတ္တ သော်၎င်း, ဖြစ်တန်ရာသည်ဟူ၍ ကြံဆပြီးလျှင် ပြောဆိုရန် ယူရန်အပြစ်ရှိသည်၊ ထိုသိခြင်း, ခံစားခြင်းစသောကိစ္စတို့ကို ပြီးစေနိုင်သော ပညတ်ရှိသမျှ အသုံးစုံတို့သည်လည်း နာမ်ရုပ်တို့၌သာ ပါဝင်သည်၊ နာမ်ရုပ်တို့မှတပါး သတ္တဝါအစရှိသော တစုံတခုသော ပညတ်အကြွင်းအကျန်မရှိ၊ထိုနာမ်ရုပ်တို့၌လည်း ဗြဟ္မာသည်၎င်း, အတ္တသည်၎င်း, မရှိမဟုတ်ဟူလိုသည်။

## ၈၉–မဟာဋီကာဆရာ၏အလိုယူပုံ

မဟာဋီကာ၌ကား– ရူပံနသတ္တောတိ အာဒိသု ယော လောကဝေါဟာရေန သတ္တော ရူပံ သော နဟောတီတိ အယမတ္ထော ဧာဝ နာဓိပ္ပေတော၊ တဿ ဝုတ္တသိဒ္ဓတ္တာ၊ နဟိလောကော ရူပမတ္တံ သတ္တောတိ ဝေါဟရတိ၊ ဗာဟိရကပရိကပ္ပိတော ပန အတ္တာ သတ္တောတိ အဓိပ္ပေတော၊ သော ဟိ တေဟိ ရူပါဒိသု သတ္တဝိသတ္တတာယ ပရေ သဥ္ဇသဥ္ဇာပနတ္ထေန သတ္တောတိ ဝုစ္စတိ၊ရူပံ သော နဟောတီတိ အတ္ထော၊သုညတ ပရိဂ္ဂဏှနံ ဟောတန္တိ ဧသနယော နဇီဝေါတိ အာဒိသုပိ။

ရူပံနသတ္တောတိအာဒိသု၊ ရူပံန သတ္တောအစရှိသော ပါဠိတို့၌။ လောကဝေါဟာရေန၊ လောကဝေါဟာရပညတ်အားဖြင့်။ ယော သတ္တော၊ အကြင်သတ္တဝါသည်။ အတ္ထိ၊ရှိ၏။ သော၊ ထိုသတ္တဝါသည်၊ ရူပံ၊ရုပ်သည်။ နဟောတိ၊ မဟုတ်။ ဣတိအယံအတ္ထော၊ ဤပညတ်မဟုတ်ဆိုရုံမျှသောအနက်ကို။ ဧာဝ၊ဤသုညတကမ္မဋ္ဌာန်းအရာ၌။ နာဓိပ္ပေတော၊ အလိုမရှိအပ်။ တဿ၊ ထိုပညတ်မဟုတ်ဟူသောအဓိပ္ပါယ်၏။ ဝုတ္တသိဒ္ဓတ္တာ၊ မပြောမဆိုဘဲပင် ပြီးသည်

သိသည်၏အဖြစ်ကြောင့်တည်း။ဟိ၊ ယိုစကားမှန်၏။ လောကော၊ လူအပေါင်းသည်။ ရူပမတ္တံ၊ ရူပက္ခန္ဓာမျှကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ နဝေါဟာရတိ၊ မခေါ်ကြသေးဘူး၊ ပန၊ လောက သတ္တဝါခေါ်ပုံကို ပြောဦးအံ့။ ဗာဟိရကပရိကပ္ပိတော၊သာသနာတော်မှအပဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ကြံစည်အပ်သော။အတ္တာ၊အတ္တကို။ သတ္တောတိ၊ သတ္တဝါဟု။ ဝေါဟာရတိ၊ ခေါ်ဝေါ်၏၊ ဣတိ၊ ဤသို့။ အဓိပ္ပေတော၊အလိုရှိအပ်၏။ ဟိ၊ယိုစကားမှန်၏။ သော၊ ထိုအတ္တကို။ တေဟိ၊ထိုရူပက္ခန္ဓာစသောနာမ်ရုပ်တို့ဖြင့်။ရူပါဒိသု၊ ရူပါရုံအစရှိသည်တို့၌။ သတ္တဝိသတ္တတာယ၊ အထူးထူး အထွေထွေတပ်တတ်သည်၏အဖြစ်ကြောင့်ရင်း။ ပရေသဥ္စ၊ သူတပါးတို့အားလည်း။ သဥ္စာပနပ္ပွေနှ၊တပ်စေတတ်သောအနက်ကြောင့်ရင်း။ သတ္တောတိ၊ သတ္တဝါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရူပံ၊ ရူပက္ခန္ဓာသည်။ သော၊ထိုအတ္တသည်။ နဟောတိ၊မဟုတ်။ ဣတိအတ္ထော၊ ဤသည်ကား အလိုရှိအပ်သောအနက်တည်း။ဟိ၊ ယိုစကားမှန်၏။ ဧတံ၊ဤနသတ္တောအစရှိသောပုဒ်သည်။ သုညတပရိဂ္ဂဟာနံ၊ အတ္တအားဖြင့် သုဉ်းသည်ဟု-နှလုံးသွင်းရသုံးသပ်ရသော ပုဒ်စုတည်း။ ဣတိ၊ ဤသို့မှတ်ရမည်။ နဇီဝေါတိအာဒိသုပိ၊ နဇီဝေါအစရှိသော ပုဒ်တို့၌လည်း။ ဧသနယော၊ ဤနည်းတည်း။

စက္ခုနှာ၊ စက္ခုပသာဒရုပ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ စက္ခုဝိညာဏံ။ စက္ခုဝိညာဉ်သည်။ ပဿတိ၊ မြင်၏။ ဤကား သာသနာတော်အလို။

စက္ခုနှာ၊ စက္ခုပသာဒရုပ်ဖြင့်။ ရူပံ၊ ရူပါရုံသို့။ အတ္တာ၊ အတ္တသည်။ ပဿတိ၊ မြင်၏။ ဤကား အတ္တအယူရှိသောသူတို့အလို။

မြင်ခြင်းကိစ္စကိုပြီးစေနိုင်သော အစွမ်းသတ္တိဟူသော ကတ္တား ကာရကသည် အတ္တဟူ၍ အခြားမရှိ၊ဤစက္ခုဝိညာဉ်၏ ကိစ္စရသ ပင်တည်း။ကြားခြင်း,တွေ့ထိခြင်း အစရှိသည်တို့၌ ဤအတိုင်းပင် မှတ်လေ။

အတ္တအယူရှိသောသူတို့မှုကား— ဤစက္ခုဝိညာဉ် အစရှိသော နာမ်ရုပ်တရားတို့သည် အတ္တ၏နောက်လိုက် အခြံအရံဖြစ်၏။

မြင်ခြင်းအစရှိသောကိစ္စတို့ကို အတ္တသည် ပြီးစေနိုင်သောကတ္တား ကာရကဖြစ်၏ဟူ၍အယူရှိသည်။ ဤနည်းအတူ သွားခြင်း,စားခြင်း အစရှိသောကိစ္စတို့ကိုလည်း ဤအသက်ဝိညာဉ် အတ္တရှိသော ကြောင့်သာ လုပ်လုပ်ရှုရှုသွားနိုင်, စားနိုင်ကြသည်ဟူ၍ အယူ ရှိသည်။

ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ နှစ်ခုတို့သည်လည်း အတ္တအယူရှိသော သူတို့၏ အတ္တဇီဝကဲ့သို့ မြင်ခြင်း,ကြားခြင်း အစရှိသော ကိစ္စအလုံးစုံ တို့ကို အုပ်ချုပ်၍ မပြီးစေနိုင်သောကြောင့် အတ္တအယူရှိသော သူတို့၏ အတ္တဇီဝ ဟူ၍မမှတ်နှင့်။

ထို့ကြောင့် ရူပက္ခန္ဓာမျှကို လောကသည် အတ္တဟူ၍ မခေါ်၊ ထိုရူပက္ခန္ဓာ,နာမက္ခန္ဓာတို့ဖြင့် တပ်ခြင်း,မြင်ခြင်းအစရှိသော ကိစ္စ တို့ကို ပြီးစေနိုင်သောအတ္တကိုစွဲ၍ သတ္တဝါ, မိန်းမ,ယောကျ်ားခေါ် ဝေါ်ကြသည်၊ ဤအတ္တသည်သာ ထိုနာမ်ရုပ် တရားဖြင့် ရူပါရုံအ စရှိသော ကာမဂုဏ်တို့ကို တပ်တတ်၏။ ထို့ကြောင့် အတ္တအစ ရှိသည်မည်၏။ ။ဤကား—မဟာဋီကာဆရာအလို။

---

## ၄၀-ပညတ်ပရမတ်နှစ်မျိုးရှိပုံ

ဤဒွါဒသကောဋီကာသုညတ တဆဲ့နှစ်ပုဒ်၌ နာဟံ ဟူသော ပုဒ် ကို နအဟံဟုပုဒ်ဖြတ်၊အဟံသဒ္ဒါဒိဋ္ဌိတို့ အယူအတ္တကိုဟောသည်။

ထို့ကြောင့် မဟာဋီကာ၌ တဿ အဟံ ကာရဝတ္ထု၊
တာယ အဟန္တိစ ဒိဋ္ဌိဂတိကေဟိ အတ္တာ ဝုစ္စတိ။

တဿ၊ ထိုအတ္တ၏။ အဟံကာရဝတ္ထု၊တာယ၊ မာန၏ တည်ရာ ဖြစ်သောကြောင့်။ အတ္တာ၊ အတ္တကို။ ဒိဋ္ဌိဂတိကေဟိ၊ ဒိဋ္ဌိတို့သည်။ အဟန္တိစ၊ အဟံဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ နမမ၊ နအညဿ ဟူသော ပုဒ်တို့ဖြင့်လည်း အတ္တ၏ ဥစ္စာပစ္စည်း မဟုတ် သည်ကို ပြ၏၊ နကဿစိပုဒ်ဖြင့်လည်း ဤနည်းတူပင်ပြ၏။

ထို့ကြောင့် မဟာဋီကာ၌-

တတ္ထ နမာတိ မယှံ အတ္တနော သန္တကံ နဟောတိ၊ တထာ အညဿ အတ္တနော သန္တကံ နဟောတိ၊ ကာသစိ ပိ အတ္တနော သန္တကံ နဟောတိ၊ အတ္တနောယေဝ အဘာဝတောတိ။

တတ္ထ၊ ထိုသုညတအရာ၌။ နမာတိ၊ နမမ ဟူသည်ကား။ မယှံ၊ ငါ၏။ အတ္တနော၊ အတ္တ၏။ သန္တကံ၊ ဥစ္စာသည်။ နဟောတိ၊ မဟုတ်။ တထာ၊ ထို့အတူ။ အညဿ၊ သူတပါး၏။ အတ္တနော၊ အတ္တ၏။ သန္တကံ၊ ဥစ္စာသည်။ နဟောတိ၊ မဟုတ်။ ကာသစိပိ၊ တစုံတခုသော အခါကာလ အရပ်ဒေသ တရားသဘော၌လည်း။ အတ္တနော၊ အတ္တ၏။ သန္တကံ၊ ဥစ္စာသည်။ နဟောတိ၊ မရှိ။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ အတ္တနောယေဝ၊ အတ္တဟူသော ဝတ္ထု၏ ပင်လျှင်။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့မှတ်ရမည်။ ။ထို့ကြောင့် ငါ၏ဥစ္စာမရှိ၊ သူတပါး၏ ဥစ္စာ မရှိဟူ၍ သာမည အနက်မပေးနှင့်၊ လောက၌ အမည်ဟူသမျှကို ပညတ်ဟူ၍ ချည်းမှတ်၊အနက်မူကား–တရားသဘောနှင့်စပ်သော ခန္ဓဓာတုအာယတန အစရှိသော သဒ္ဒါတို့မူကား– ခန္ဓာငါးပါး, ဓာတ်တဆဲ့ရှစ်ပါး, အာယတနတဆဲ့နှစ်ပါးတို့ကို ရည်၍ ပြောဆိုသောအခါပရမတ်ဖြစ်၏၊အမည်သာပညတ်ဖြစ်၏၊ထိုခန္ဓသဒ္ဒါပင် သစ်တုံးအစရှိသော သဘာဝမဟုတ်သော အနက်ကိုဟောလျှင် အနက်လည်း ပညတ်ပင်ဖြစ်ပြန်၏၊ဓာတုသဒ္ဒါလည်း ရွှေ,ငွေ အစ ရှိသောဓာတ်တို့ကိုဟောလျှင် အနက်ပညတ်ဖြစ်ပြန်၏၊အာယတန သဒ္ဒါလည်း နေရာအရပ်အစရှိသည့်ကို ဟောပြန်လျှင် အနက် လည်း ပညတ်ဖြစ်ပြန်၏။ ။သတ္တ,နရ,ဇူဗ္ဗိ,ပုရိသ အစရှိသော သဒ္ဒါတို့မူကား–ဧကန်ပညတ်ဟူသောအနက်သာရှိသည်၊ပရမတ် အနက်မရှိပြီ။ ။ဤသို့အမည် ဟူသမျှ ပညတ်သာချည်းတည်း၊ အနက်မူကား–အရာသို့လိုက်၍ ပညတ်ပရမတ်ဟူ၍နှစ်မျိုးရှိသည် ကိုလည်း မြဲမြဲစွဲစွဲမှတ်သားမှ အနတ္တသဘော သုညတသဘော ထင်ရှားသည်။

ရူပက္ခန္ဓာ၌ ဤသုညတနည်း တဆဲ့နှစ်ပါးတို့ဖြင့်ရှုသကဲ့သို့ ခန္ဓာငါးပါး အာယတနတဆဲ့နှစ်ပါး,ဓာတ်တဆဲ့ရှစ်ပါး,ပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆဲ့နှစ်ပါး အစရှိသည်တို့ကိုလည်း ရှုဆင်ခြင်လေ။ ။ဤကား ဒွါဒသကောဋ္ဌိက သုညတနည်းတည်း။

လေးဆဲ့နှစ်ပါးသော ဒွါစတ္တာလီသာကာရ အားဖြင့် သုညတ ရှုနည်းကား။

ရူပံ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော ဤတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော စလတော ပဘင်္ဂုတော အဓုဝတော အတာဏတော အလေဏတော အသရဏတော အသရဏီဘူတတော ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော အာဒီနဝတော ဝိပရိဏာမဓမ္မတော အသာရကတော အဃမူလတော ဝဓကတော ဝိဘဝတော သာသဝတော သံခတတော မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော ဗျာဓိဓမ္မတော မရဏဓမ္မတော သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ ဓမ္မတော သမုဒယတော အတ္ထင်္ဂမတော အာဒီနဝတော နိဿရဏတော ပဿတိ-ဟူ၍ "မဟာနိဒ္ဒေသ ပါဠိတော်" ၌ အရှင်သာရိပုတ္တရာဟောတော်မူသည်။

ရူပံ၊ ရူပက္ခန္ဓာကို။ အနိစ္စတော၊ မမြဲဟူ၍၎င်း။ ဒုက္ခတော၊ ဆင်းရဲအတိဟူ၍၎င်း။ ရောဂတော၊ ရောဂါမျိုးတို့၏ ဖြစ်ရာဟူ၍၎င်း။ ဂဏ္ဍတော၊ ဆင်းရဲဒုက္ခတို့သည် ထိုးကျင့်ကိုက်ခဲအပ် ကိလေသာဟူသော သွေးပြည်တို့၏ ယိုစီးရာ ဥပါဒ်, ငှဲ, ဘင်တို့ဖြင့် ယောင်ခြင်း, မှည့်ခြင်း, ပေါက်ကွဲခြင်း ရှိသော အိုင်းအမာကြီးဟူ၍၎င်း။ သလ္လတော၊ တဏှာဒိဋ္ဌိတို့ဖြင့် စိတ်၌ ရူးဝင်တတ်သော ငြောင့်ဟူ၍၎င်း။ အဃတော၊ စီးပွားချမ်းသာမရှိ အကုသိုလ်တို့၏ ဖြစ်ရာ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သော ဝဇ္ဇဟူ၍၎င်း။ အာဗာဓတော၊ ရောဂါဖြစ်ကြောင်း ကြက်သရေမရှိသည်ကို ဖြစ်စေတတ်သည်ဟူ၍၎င်း။ ပရတော၊ အလိုကိုမလိုက် မဆင့်ဆို, မစီ

ရင်နိုင်ပဟူ၍ရင်း။ ပလောကတော၊ အိုခြင်း, နာခြင်း, သေခြင်းတို့ဖြင့် ပျက်စီးတတ်၏ ပဟူ၍ရင်း။ ဤတိတော၊ များစွာသောပျက်စီးခြင်းကို ဆောင်တတ်၏ပဟူ၍ရင်း။ ဥပဒ္ဒဝတော၊ သုံးဆဲ့နှစ်ပါးသော ကမ္မကာရဏာတို့၏ ဖြစ်ရာပဟူ၍ရင်း။ ဘယတော၊ ကြောက်မက် ဘွယ်ဘေးမျိုးတို့၏ ဖြစ်ရာ ပဟူ၍ရင်း။ ဥပသဂ္ဂတော၊ မကောင်းသောတိတ်နိမိတ်ပဟူ၍ရင်း။ စလတော၊ အိုခြင်း, နာခြင်း, သေခြင်းတို့ဖြင့် လှုပ်ရှားအပ်၏ပဟူ၍ရင်း။ ပဘင်္ဂုတော၊ မိမိလုံ့လ သူတပါးလုံ့လတို့ဖြင့်ရင်း, သဘောဖြင့်ပင်ရင်း, ပျက်စီးတတ်၏ ပဟူ၍ရင်း။ အဒ္ဓုဝတော၊ အလုံးစုံသော အခိုက်အတန့်တို့၌ ကျတတ်မခိုင်ခန့်တတ်ပဟူ၍ရင်း။ အတာဏတော၊ ဘေးရန်ကင်းအောင် မစောင့်ရှောက်နိုင်ပဟူ၍ရင်း။ အလေဏတော၊ ဘေးရန် လွတ်အောင် မပုန်းအောင်းနိုင်၊ ပုန်းအောင်းရာမဟုတ်ပဟူ၍ရင်း။ အသရဏတော၊ မှီခိုသောသူတို့၏အိုခြင်း, နာခြင်းစသောဘေးတို့ကို မဖျက်ဆီးနိုင်ပဟူ၍ရင်း။ အသရဏီဘူတတော၊ ကိုးကွယ်ရာဟု မယူအပ်ပဟူ၍ရင်း။ ရိတ္တတော၊ ဒိဋ္ဌိတို့ ကြံဆအပ်သော မြဲမြဲခိုင်ခန့် တင့်တယ်ချမ်းသာသော အတ္တဟူသောအနှစ်မှ အလျင်းကင်း၏ ပဟူ၍ရင်း။ တုစ္ဆတော၊ မမြဲသောကြောင့် ယုတ်ညံ့သောဆင်းရဲတို့ဖြင့် ခြိုရံသောကြောင့် နည်းသောချမ်းသာရှိ၏ ပဟူ၍ရင်း။ သုညတော၊ အစိုးရခြင်း, အလိုလိုက်ခြင်း, ကိစ္စကိုပြီးစေနိုင်ခြင်း, သိတတ်ခံစားတတ်ခြင်း အစရှိသော ဂုဏ်ရှိသော အတ္တ၏တည်ရာမဟုတ်၊ အတ္တအားဖြင့်သုဉ်း၏ ပဟူ၍ရင်း။ အနတ္တတော၊ အတ္တဟူသော အနှစ်မဟုတ်ပဟူ၍ရင်း။ အာဒီနဝတော၊ မမြဲခြင်း, ဆင်းရဲခြင်း, ဘောက်ပြန်ခြင်း အပြစ်ရှိ၏ပဟူ၍ရင်း။ ဝါ၊ ဆင်းရဲသား ဆင်းရဲသူပဟူ၍ရင်း။ ဝိပရိဏာမဓမ္မတော၊ အိုခြင်း, သေခြင်း, နှစ်ပါးတို့ဖြင့် ဘောက်ပြန်တတ်သော သဘောပဟူ၍ရင်း။ အသာရကတော၊ ခိုင်ခန့်သော အနှစ်မဟုတ်၊ အကာပဟူ၍ရင်း။ အဃမူလတော၊ မကောင်းမှုအကုသိုလ်တို့၏ဖြစ်ကြောင်းပဟူ၍ရင်း။ ဝဓကတော၊ အကျွမ်းဝင်သောသူကို သတ်တတ်၏ပဟူ၍ရင်း။ ဝိဘဝတော၊ ပျက်စီးကြောင်း

ဝိဘဝဒိဋ္ဌိ ဘဝဋ္ဌတဏှာတို့၏ ဖြစ်ရာဟူ၍၎င်း။ သာသဝတော၊
အာသဝေါတရားတို့၏ အာရုံဟူ၍၎င်း။ သံခတတော၊ အကြောင်း
ဟိတ် ကျေးဇူးပြုသော ပစ္စည်းတို့သည် ဖြစ်စေအပ်, ထောက်ပံ့
အပ်၏ဟူ၍၎င်း။ မာရာမိသတော၊ သေမင်းကိလေသာ ဟူသော
မာရ်တို့၏ ဥစ္စာပစ္စည်းဟူ၍၎င်း။ ဇာတိဓမ္မတော၊ ဖြစ်တတ်သော
သဘောဟူ၍၎င်း။ ဇရာဓမ္မတော၊ အိုတတ်သောသဘောဟူ၍၎င်း။
ဗျာဓိဓမ္မတော၊ နာတတ်သော သဘောဟူ၍၎င်း။ မရဏဓမ္မ
တော၊ သေတတ်သော သဘောဟူ၍၎င်း။ သောကပရိဒေဝ ဒုက္ခ
ဒေါမနဿု ပါယာသ ဓမ္မတော၊ စိုးရိမ်ခြင်း, ငိုကြွေး မြည်တမ်း
ခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, အလွန်ပင်ပန်းခြင်း, သ
ဘောဟူ၍၎င်း။ သမုဒယတော၊ အကြောင်းတို့ကြောင့် ဖြစ်တတ်
သော သဘောဟူ၍၎င်း။ အတ္ထင်္ဂမတော၊ ဖြစ်၍ ပျက်တတ်, ချုပ်
တတ်သော သဘောဟူ၍၎င်း။ အာဒီနဝတော၊ အထိးကျန်တတ်
သော သဘောဟူ၍၎င်း။ နိဿရဏတော၊ ကိုးကွယ်ရာမရှိဟူ၍
၎င်း။ ပဿတိ၊ ရှု၏။ ။ဤရူပက္ခန္ဓာနည်းအတိုင်း ခန္ဓာငါးပါးစ
သည်တို့၌လည်း ရှုအပ်၏၊ ဤအရာ၌ အနိစ္စ, ဒုက္ခနှင့်စပ်သောများ
စွာသော ပုဒ်တို့ဖြင့်လည်း အနတ္တကို တရားစစ်သူကြီး ဖြစ်တော်
မူသော အရှင်သာရိပုတ္တရာ ပြတော်မူသည်၊ ထို့ကြောင့် အနိစ္စနှင့်
ဒုက္ခကို အနတ္တထင်ရှားအောင်သာ ဟောတော်မူသည်၊ မြတ်စွာ
ဘုရား အလိုတော်ရင်းမှာကား—အနတ္တကိုသာ မဂ်ဖိုလ်ရကြောင်း
ဖြစ်၍ သိစေတော်မူလိုသည် ဟူ၍လည်း သန္နိဋ္ဌာန်ကျကျ ယုံယုံ
ကြည်ကြည် မှတ်သား၍ အနတ္တကို ထင်ရှားအောင် နာမ်ရုပ်တို့ကို
လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ကောင်းမွန်စွာသင်
ကြား မှတ်သားကြပါလေ။

ဤပဋိသမ္ဘိဒါဉာဏ်အရာ၌ အနိစ္စတောစသဖြင့် လေးဆယ့်နှစ်ပါး၊ သမ္မသ
နဉာဏ်အရာ၌ အနိစ္စတောစသဖြင့် လေးဆယ်၊ ဤသို့ အရှင်သာရိပုတ္တရာ
ဟောတော်မူသည်။ ။လေးဆယ့်နှစ်ပါးနှင့် လေးဆယ်လည်း အနည်းငယ်
မျှသာ ပါဠိအထားလွဲသည်။ ။ဤလေးဆယ့်နှစ်ပါး၌ အာဒီနဝတောကို

နှစ်ထပ် ဟောခြင်းကား-သုညတ အဖြစ် မြဲမြဲခိုင်ခန့်အောင် ဟောတော်မူသည်ဟု မဟာဋီကာတွင်ဆို၏။

## အနတ္တအရာ၌ဂမ္ဘီရဖြစ်ပုံပြီးပြီ

## ၉၁-နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်ဖြစ်ပုံ

ဤသို့ဆိုခဲ့ပြီးသော ဒွိကောဋိက သုညတနည်းအစ ဒွါစတ္တာလီသာကာရ သုညတနည်း အဆုံးရှိသော အထူးထူး အထွေထွေသော နည်းတို့ဖြင့် မုန့်ကိုပိုင်း၍ ဆင့်၍အမုန့်ပြုသကဲ့သို့ ဘန်ပြီးဝါကိုညက်အောင် ဝါဖတ်လေးဖြင့် ဖတ်သကဲ့သို့ နာမ်ရုပ်တို့ကို အားသွန်ထုတ်၍ အကြိမ်ကြိမ် အထပ်ထပ် ပဋိသင်္ခါဉာဏ်ဖြင့် စိုးစဉ်းမျှအတ္တဟူသော ကပ်ငြိခြင်းမရှိ ညက်ညက်ကြေအောင် သုံးသပ်သည်ရှိသော် နာမ်ရုပ်ဟူသော သင်္ခါရတို့၌ အတ္တဟူသော စွဲလမ်းခြင်း ကောင်းမွန်စွာ သန့်ရှင်းစင်ကြယ် ကင်းလွတ်သောကြောင့် နာမ်ရုပ်တို့၌ တပ်ခြင်း, နှစ်သက်ခြင်းမရှိ၊ နာမ်ရုပ်တို့ကို စွန့်ပစ်၍ ဘေးဟူ၍လည်းမထင်၊ စွန့်ပစ်ကွာရှင်းပြီးသော မယားသည် အခြားသူတို့နှင့် ကြိုက်နှစ်သက်သည်ဖြစ်စေ, သေကြေပျက်စီးသည် ဖြစ်စေ, ကောင်းစားချမ်းသာသည် ဖြစ်စေ, ဝမ်းမြောက်ခြင်း, နှလုံးမသာယာခြင်းမရှိ၊ လျစ်လျူရှုနိုင်သကဲ့သို့ ဤနာမ်ရုပ်တို့၌လျစ်လျူရှု၍ အနိစ္စ, ဒုက္ခ, အနတ္တဟု အနုပဿနာသုံးပါးအားဖြင့်သာ ရှုလျက်တည်၏။ ဤသို့ ဘေးလည်းမထင် တပ်လည်းမတပ် အနိစ္စ, ဒုက္ခ, အနတ္တသာဟု ရှုသော အနုပဿနာ သုံးပါးသည် မဂ်ဟူသော ဝိမောက္ခ၏ ဝင်ဝဖြစ်၍ ဝိမောက္ခမုခ သုံးပါးမည်၏။

ဤအရာ၌ မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ဤဉာဏ်သုံးခုတို့သည် အခြင်း, အရာ, အနေ, အရင့်မျှသာ ကွဲလွဲကြ၏၊ သဘောမကွဲမပြား တူကြ၏။

## ၉၂–အနိမိတ္တဝိမောက္ခဖြစ်ပုံ

ဤလောက သုံးပါးဟူသော နာမ်ရုပ်တို့ကို သုညတအားဖြင့် ရှုသည်ကိုရည်၍။ ။သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါ သတော အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ ဧဝံ လောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ–ဟုဗာဝရီပုဏ္ဏား၏ တပည့်ကြီး မောဃရာဇာ မည်သော မင်းကို ဟောတော်မူသည်။

မောဃရာဇ၊ မောဃရာဇာ မည်သောမင်း။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိပဋ္ဌာန်လေးပါးနှင့် ပြည့်စုံသည် ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ အတ္တရှိ၏ဟူသော စွဲလမ်းခြင်းအယူကို။ ဥဟစ္စ၊ နှုတ်စက်၍။ လောကံ၊ လောကသုံးပါးကို။ သုညတော။ နိစ္စ, သုခ, အတ္တအားဖြင့်သုဉ်း၏ဟု။ အဝေက္ခဿု၊ ရှုလေလော့။ ဧဝံ၊ ဤသို့ သုညတအားဖြင့် ရှုသည်ရှိသော်။ မစ္စုတရော၊ သေခြင်းကို လွန်မြောက်နိုင်သည်။ သိယာ၊ဖြစ်၏။ လောကံ၊ လောကသုံးပါးကို။ ဧဝံအဝေက္ခန္တံ၊ ဤသို့သုညတအားဖြင့် ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။

ဤသင်္ခါရုပေက္ခာ ဉာဏ်သုံးပါးတို့သည် မဂ်သို့ရောက်ခါနီးဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဉာဏ်ဟူ၍ရင်း၊ ဝိပဿနာဉာဏ်၏အထက် အထွန့်သို့ ရောက်သောကြောင့် သိခါပတ္တဝိပဿနာဟူ၍ရင်း ခေါ်ကုန်၏။ မဂ်သည်သင်္ခါရနိမိတ် ကိလေသာခန္ဓာတို့ဖြစ်ခြင်းမှ ထသောကြောင့် ဝုဋ္ဌာနမည်၏။ထိုဝုဋ္ဌာနသို့ရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီမည်၏။ ဤသို့ ဝိမောက္ခမုခဖြစ်သော သင်္ခါရုပေက္ခာဉာဏ်ကိုစွဲ၍ အနိမိတ္တဝိမောက္ခ, အပဏိဟိတဝိမောက္ခ, သုညတဝိမောက္ခဟူ၍ ဝိမောက္ခ သုံးမျိုးပြား၏။ ကိလေသာတို့မှလွတ်သောကြောင့် သောတာပတ္တိအစရှိသောမဂ်သည် ဝိမောက္ခမည်၏။ များသောအားဖြင့် အနိစ္စာနုပဿနာရှုလေ့ရှိသော ယောဂီသည် အစဉ်မပြတ်ဖြစ်ခြင်းသန္တတိဖုံးလွှမ်းသော

ကြောင့် သင်္ခါရတို့သည် မြဲသောနိစ္စနိမိတ် ရှိ၏ဟု-ထင်မှတ်သည်ကို ဆိုခဲ့ပြီးသော ဝိပဿနာဉာဏ်တို့ဖြင့်ရှုရာ သင်္ခါရတို့သည် ဥပါဒ်အစ, ဘင်အဆုံးဖြင်၍ချုပ်၏၊ အတည်မမြဲဟု-မြင်သောကြောင့် သဗ္ဗေသင်္ခါရာအနိစ္စာဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်၊မှန်လှပေ၏ဟု-တရားတော်၌ယုံကြည်ခြင်း,မြတ်စွာဘုရား၌ကြည်ညိုခြင်း, သဒ္ဓါတရားအားကြီးစွာဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်သို့ရောက်သဖြင့် ဝိပဿနာသုံးပါးလုံး ညက်ညက်ကြေသည်၊ နောက်သင်္ခါရတို့ကို ဥပါဒ်, ဌီ, ဘင်အားဖြင့် အနိစ္စဟု-ရှုခိုက် သင်္ခါရတို့၌ မြဲသောနိစ္စနိမိတ်မရှိ၊မမြဲသောဥပါဒ်, ဌီ, ဘင်သာ ဧကန်စင်စစ်ရှိသည်ဟူ၍ သင်္ခါရတို့ကို စက်ဆုပ်ရွံရှာသဖြင့် ဥပါဒ်,ဌီ,ဘင်မရှိ သင်္ခါရမဟုတ်သောအရာ အသင်္ခတသို့ သမာဓိစိတ်ညွတ်ခြင်း, သက်ဝင်ခြင်းရှိ၍ သင်္ခါရတို့ကဲ့သို့ ဥပါဒ်, ဌီ,ဘင်ဟူသောမြဲခြင်းမရှိ၊ သင်္ခါရမဟုတ်ဟူသည်ကား- နိဗ္ဗာန်ပင်တည်းဟု- သင်္ခါရဟူသောနိမိတ်မဟုတ်သော အနိမိတ္တဟူသောနိဗ္ဗာန်ကို အာရုံပြုပြီးလျှင် ရသောမဂ်သည် အာရုံပြုသောအခြင်းအရာကိုစွဲ၍ နိဗ္ဗာန်သည်အနိမိတ္တမည်၏၊ ထိုအနိမိတ္တနိဗ္ဗာန်ကိုအာရုံပြု၍ရသောကြောင့် အနိမိတ္တဝိမောက္ခမည်၏။ ။(ဤ၌နိမိတ္တသဒ္ဒါသင်္ခါရပေတာ။)

---

## ၉၃–အပဏိဟိတဝိမောက္ခဖြစ်ပုံ

တနည်းလည်း။ ။အနိစ္စဟု-ရှုသောသင်္ခါရုပေက္ခာဉာဏ်သည် မြဲ၏ဟူသော နိစ္စနိမိတ်ကို ဒုက္ခဟု-ရှုသော သင်္ခါရုပေက္ခာဉာဏ်သည် ချမ်းသာ၏ဟူသောသုခနိမိတ်ကို အနတ္တဟု ရှုသော သင်္ခါရုပေက္ခာဉာဏ်သည် အနှစ်သာရဟူသော အတ္တနိမိတ်ကို လွှတ်ကြ၏၊ ဤသို့နိစ္စနိမိတ်, သုခနိမိတ်, အတ္တနိမိတ်တို့ကိုလွှတ်၍ ရသောမဂ်ဖြစ်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။ ။ များသောအားဖြင့် ဒုက္ခာနုပဿနာရှုလေ့ရှိသောယောဂီသည် သင်္ခါရ

တို့သည် ဥပါဒ်, ဌီ, ဘင်တို့ဖြင့် မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲအတိဖြစ်၏၊ အလိုရှိအပ်, တောင့်တအပ်သည် မဟုတ်ဟု သင်္ခါရတို့၌ဒေါသဟု ထင်ခြင်းများသောကြောင့် ခပ်သိမ်းသော ဆင်းရဲဒုက္ခဒေါသတို့၏ ကင်းရာနိဗ္ဗာန်ကို အလိုရှိအပ် တောင့်တ အပ်၏ဟု-နိဗ္ဗာန်၏ ငြိမ်သက်တည်ကြည်သော ချမ်းသာကို သက် ဝင်သော သမာဓိစိတ်ရှိ၍ နိဗ္ဗာန်ကိုနှစ်သက်ခြင်း ဝိတိပါမောဇ္ဇ ပဿဒ္ဓိများသည်ဖြစ်၍ တည်ကြည်ခြင်း သမာဓိအားကြီး၍ သင်္ခါ ရုပေက္ခာဉာဏ်သို့ရောက်သဖြင့် ဝိပဿနာသုံးပါးလုံးညက်ညက် ကြေသည့်နောက် သင်္ခါရတို့သည် ဥပါဒ်,ဌီ, ဘင်အားဖြင့် နှိပ် စက်အပ်သော ဆင်းရဲအတိဒုက္ခတည်း။ ထိုသင်္ခါရကိုအလိုရှိခြင်း, တောင့်တခြင်း, တဏှာအစရှိသော တောင့်တတတ်သော ပဏိ ဓိရှိသမျှ သံသရာဝဋ်ဆင်းရဲမှ မလွတ်နိုင်၊ ထိုတဏှာအစရှိသော ပဏိဓိမရှိရာကို ရောက်မှ,ရမှ, ငြိမ်းမည်ချမ်းသာမည်ဟု သင်္ခါ ရတို့ကို ထိတ်လန့်ဘွယ်ဒေါသဟု- ဒုက္ခာနုပဿနာအားဖြင့် ရှုဆင်ခြင်ခိုက် သင်္ခါရတို့၌ တောင့်တခြင်း တဏှာအစရှိသော ပဏိဓိမရှိသည်ကား- နိဗ္ဗာန်ပင်တည်းဟု- နိဗ္ဗာန်ကိုတောင့်တ ခြင်း တဏှာအစရှိသော ပဏိဓိမရှိရာဟူ၍ နှလုံးသွင်းခြင်း, အာရုံ ပြုခြင်းကိုပြု၍ရသောမဂ်သည် အာရုံပြုသောအခြင်းအရာကို စွဲ၍ နိဗ္ဗာန်သည်အပဏိဟိတမည်၏။ ထိုအပဏိဟိတနိဗ္ဗာန်ကို အာရုံ ပြု၍ရသောကြောင့် အပဏိဟိတဝိမောက္ခမည်၏။

တနည်းလည်း။ ။အနိစ္စကိုရှုသော သင်္ခါရုပေက္ခာ ဉာဏ်သည် မြဲ၏ဟူသောတောင့်တခြင်း ပဏိဓိကို အနတ္တဟု-ရှုသော သင်္ခါ ရုပေက္ခာဉာဏ်သည် ချမ်းသာ၏ဟူသော ပဏိဓိကို အနတ္တဟု ရှုသော သင်္ခါရုပေက္ခာဉာဏ်သည် အတ္တဟု တောင့်တသော ပဏိဓိကိုစွန့်လွှတ်ကြ၏၊ ဤသို့သင်္ခါရတို့ကို မြဲသောကြောင့် တောင့်တအပ်၏ဟူသော နိစ္စပဏိဓိ, ချမ်းသာသောကြောင့် တောင့်တအပ်၏ဟူသော သုခပဏိဓိ, အနှစ်သာရ အတ္တရှိသော

ကြောင့် တောင့်တအပ်၏ဟူသောအတ္တပဏိဓိတို့ကို စွန့်လွှတ်၍ ရသောမဂ်ဖြစ်သောကြောင့် အပဏိဟိတဝိမောက္ခမည်၏။

## ၉၄–သုညတဝိမောက္ခဖြစ်ပုံ

များသောအားဖြင့် အနတ္တာနုပဿနာ ရှုလေ့ရှိသော ယောဂီ သည် အတ္တမရှိသည်ကိုသိရအောင် သိမ်မွေ့နက်နဲသောအရာဖြစ် ၍ နာမ်ရုပ်တို့ကိုအကျယ်သိအောင် အားထုတ်သဖြင့် ပညာ အားကြီးသည်ဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်သို့ရောက်သဖြင့် ခပ် သိမ်းသောအရာတို့သည် အလိုမလိုက် အစိုးမရ ကိစ္စကိုပြီးစေနိုင် သော ကတ္တားကာရကမဟုတ် မြဲမြိုခိုင်ခန့်သော အနှစ်သာရ မရှိ ဟု ခပ်သိမ်းသောတရားတို့ကို ရှုဆင်ခြင်သည်ရှိသော် သင်္ခါရနှင့် သာ အတ္တမရှိသည်မဟုတ် နိဗ္ဗာန်၌လည်းအတ္တမရှိ၊ ဒိဋ္ဌိတို့ဖြဟ္မာ ဟုခေါ်သောနိဗ္ဗာန်သည် ပရမတ်အတ္တဖြစ်သကဲ့သို့မဟုတ် ဧကန် စင်စစ်မှန်သော နိဗ္ဗာန်သည်လည်း အတ္တမရှိ၊ အတ္တအားဖြင့် သုဉ်း ၏ဟု နိဗ္ဗာန်ကိုအတ္တအားဖြင့် သုဉ်းသော သုညတအားဖြင့် အာရုံ ပြု၍ရသောမဂ်သည် အာရုံပြုသောအခြင်းအရာကိုစွဲ၍ နိဗ္ဗာန် သည် သုညတမည်၏၊ ထိုသုညတနိဗ္ဗာန်ကို အာရုံပြု၍ရသော ကြောင့် သုညတဝိမောက္ခမည်၏။

တနည်းလည်း။ ။အနိစ္စဟု-ရှုသော သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတို့ကိုမြဲ၏ဟူသော နှလုံးသွင်းခြင်းကို ဒုက္ခဟု– ရှုသော သင်္ခါရုပေက္ခာဉာဏ်သည် ချမ်းသာ၏ဟူသော နှလုံးသွင်းခြင်းကို အနတ္တဟု-ရှုသောသင်္ခါရုပေက္ခာဉာဏ်သည် အတ္တရှိ၏-ဟူသော နှလုံးသွင်းခြင်းကို စွန့်လွှတ်ကြ၏၊ ဤသို့နိစ္စာဘိနိဝေသ,သုခါဘိ နိဝေသ, အတ္တာဘိနိဝေသတို့ကို စွန့်လွှတ်၍ ထိုနိစ္စ, သုခ, အတ္တ ဟူသောနှလုံးသွင်းခြင်းတို့မှ အလျှင်းကင်း၍ လွတ်၍ နိစ္စ, သုခ, အတ္တဟူသော နှလုံးသွင်းခြင်းအားဖြင့် သုဉ်းသောကြောင့် ရသော မဂ်သည် သုညတဝိမောက္ခမည်၏။

## ၉၅-ဇောစိတ်သုံးခုဖြစ်ပုံ

ဤသို့ဆိုခဲ့ပြီးသောနည်း အထူးထူး အထွေထွေတို့ဖြင့် သင်္ခါရုပေက္ခာဉာဏ်ကို အကြိမ်ကြိမ်မှီဝဲသည့်ရှိသော် ကောင်းသော လုံ့လဝီရိယ, ထင်သောသတိ, တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်သည် အလွန်ထက်၏၊ ထက်သော သင်္ခါရုပေက္ခာဉာဏ်ရှိသော ယောဂီအား ယခုပင် မဂ်ဖြစ်လတ့်, မဂ်ဖြစ်မည်၊ ဤသို့သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုသုံးသပ်၍ ဘဝင်သို့သက်၏၊ ဘဝင်နှင့်စပ်လျက် သင်္ခါရုပေက္ခာဉာဏ်ကိုရှုအပ်သော အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကိုပင်လျှင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုမနောဒွါရာ ဝဇ္ဇန်းစိတ်နှင့် စပ်လျက် ထိုသင်္ခါရတို့၏ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး သုံးပါးကိုပင်လျှင် အာရုံပြု၍ ပရိကံ,ဥပစာ,အနုလုံဟူ၍ ဇောစိတ်သုံးခုဖြစ်၏၊ ထိုသုံးခုကိုပင် အာသေဝနဟူ၍ရင်း, ပရိကံဟူ၍ရင်း, ဥပစာဟူ၍ရင်း, အနုလုံဟူ၍ရင်း ဆိုသင့်၏၊ သဘောတခုတည်းဖြစ်၏။ ထိုအနုလုံဉာဏ်သုံးခုတို့သည် မိမိအောက်၌ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် ဉာဏ်ရှစ်ပါး တို့ကိုလည်း မှန်လှ၏ဟု-နှစ်သက်လိုက်လျော၏၊ မိမိအထက်၌ ဖြစ်လတ့်သော သုံးဆဲ့ခုနစ်ပါး ကုန်သောဗောဓိပက္ခိယတရားတို့ကိုလည်း ဤကဲ့သို့ ဝိပဿနာဉာဏ် အဆင့်ဆင့်တို့ဖြင့် ကျင့်ဆောင်မှ ရောက်သင့် ရသင့်ပေသည်ဟူ၍ အသင့်အလျော်ကိုသိ၏၊ ထို့ကြောင့် အနုလောမဉာဏ် မည်၏။

---

## ၉၆-နိုင်ငံကိုတရားသဖြင့်အုပ်စိုးသောမင်းဧကရာဇ်ကဲ့သို့ အနုလောမဉာဏ်ဖြစ်ပုံ-

နိုင်ငံကို လွှဲအပ်သော တရားစောင့်သော အမတ်ကြီးရှစ်ယောက်တို့သည် တရားသဖြင့် တိုင်းရေး ပြည်မှုများကို ဆုံးဖြတ်စီရင်သည်ကို တရားစောင့်သော မင်းဧကရာဇ်သည် သင့်လှပေ

သည်ဟူ၍ ကြိုက်နှစ်သက်၍၊ တရားကျမ်းဂန် ရာဇဝင်မှတ်တို့နှင့်လည်း ညီညွတ် လိုက်လျောကုန်၏ဟု—ဤအနုလောမဉာဏ်သည် မိမိ အောက်၌ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် သင်္ခါရတို့ကို ယထာဘူတအားဖြင့် သိမြင်သည်ကို၎င်း, မိမိအထက်၌ ရလတ့ံသော သုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိ ပက္ခိယ တရားတို့ကို ဤဝိပဿနာဉာဏ် အဆင့်ဆင့်တို့ဖြင့်သာ ရအပ်သည့်ဖြစ်၍ ဝိပဿနာဉာဏ်ရှစ်ပါးတို့နှင့် ဗောဓိပက္ခိယ တရား သင့်လျော်ညီညွတ်ကြ၏ဟု- သိမြင်နှစ်သက် လိုက်လျော သည်ကို မှတ်အပ်၏။

ဤအနုလောမဉာဏ်သည် သင်္ခါရတို့၏ဥပါဒ်,ဌီ,ဘင်ဟူသော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေး သုံးပါးဟူသော အာရုံရှိသော မဂ်ကိုရောက်လတ့ံ, ရလတ့ံဖြစ်၍ ဝုဋ္ဌာနဂါမိနီမည်သော ဝိပဿ နာဉာဏ်တို့တွင် အထွဋ်အထိပ်သို့ရောက်သော အဆုံးဖြစ်သော ဉာဏ်တည်း။ ဤအနုလောမဉာဏ်ကို“သဋ္ဌာယတန ဝိဘင်းသုတ်” ၌ အတံမယထာ ခေါ်သည်၊ “အလဂ္ဂဒသုတ်” ၌ နိဗ္ဗိဒါခေါ်သည်၊ “သဂါထာဝဂ္ဂသံယုတ် သုသိမသုတ်”၌ ဓမ္မဋ္ဌိတိဉာဏ် ခေါ်သည်၊ “ပေါဋ္ဌပါဒသုတ်” ၌ သညဂ္ဂခေါ်သည်၊ “ဒသုတ္တရသုတ်” ၌ပရိ သုဒ္ဓိပဓာနိယင်္ဂခေါ်သည်၊ “ပဋိသမ္ဘိဒါမဂ်ပါဠိတော်” ၌ မုစ္စိတု ကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်ဟူ၍ အ မည်သုံးခုတို့ဖြင့် ခေါ်သည်၊ ပဋ္ဌာန်းကျမ်းကြီး၌ကား—အနုလောမ ဟူ၍၎င်း, ဂေါတြဘူဟူ၍၎င်း, ဝေါဒါနဟူ၍၎င်း, အမည်သုံးခုတို့ ဖြင့်ခေါ်သည်၊ “ရထဝိနီတသုတ်”၌ကား—ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိခေါ်သည်၊ ဤသို့များစွာသော အမည်တို့ဖြင့် ဤအနုလော မဉာဏ်ကို ဟောတော်မူသည်။ ။သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့၏ လက္ခဏာတို့ကို ဝါဖတ်သကဲ့သို့ ထုချေထောင်းဖွပ် သည့်ရှိသော် သစ္စာလေးပါးတို့ကို ဖုံးလွှမ်းတတ်ကုန်သော အထပ် ထပ်သော ကိလေသာတို့ကို ပရိကံ,ဥပစာ,အနုလုံဉာဏ်သုံးခုတို့ ဖြင့်ခွါ၍ ပျောက်ပျက်စေသည့်ကာလ ခပ်သိမ်းသော သင်္ခါရတို့၌

စိတ်သည် မသက်ဝင် မတည် မငုတ်, မကပ်ငြိမတွယ်, မရစ်မပတ်
ပိန်းကြာဘက်၌ ရေကဲ့သို့တွန့်၏၊ ဆုတ်၏၊ သင်္ခါရတည်းဟူ
သော နိမိတ်ကိုရင်း, သင်္ခါရတို့၏ ဖြစ်ကြောင်းဖြစ်ခြင်း, ပဋိသန္ဓေ
တည်ခြင်း ပဝတ္တိကိုရင်း, နှောက်ရှက် ရှုပ်ထွေးသော အမှိုက်စ
တို့ကဲ့သို့ထင်၏။ ထိုသင်္ခါရတို့၏ ကင်းရာနိဗ္ဗာန်ကို အာရုံပြုလို
သည်ဖြစ်၍ရှာ၏။ထိုအခါ သင်္ခါရဟူသော နိမိတ်မဟုတ်သော အနိ
မိတ္တသင်္ခါရတို့၏ ဖြစ်ခြင်း, ပဋိသန္ဓေနေခြင်း မဟုတ်သော အပ
ဝတ္တ သင်္ခါရတို့နှင့် အလျှင်းကင်းသော ဝိသင်္ခါရ, အသင်္ခတ,
သင်္ခါရတို့၏ ချုပ်ရာနိရောဓဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသော
ပုထုဇ္ဇန်ဟူသော အနွယ်အရေအတွက်ဘုံကို လွန်နိုင်သော အရိ
ယာတို့၏ အနွယ်အရေအတွက် ဘုံသို့ရောက်သော နိဗ္ဗာန်ဟူ
သောအာရုံ၌ ရှေးဦးစွာဖြစ်သော နိဗ္ဗာန်ဟူသောအာရုံကို ပဌမသုံး
ဆောင်သော ပဌမနှုလုံးသွင်းသော မဂ်စိတ်အား အနန္တရ, သမ
နန္တရ, အာသေဝန, ဥပနိဿယ, နတ္ထိ, ဝိဂတတည်းဟူကုန်သော
ပစ္စည်းခြောက်ခုတို့ဖြင့် ကျေးဇူးပြုသော အထွန်သို့ရောက်သော
သိခါပတ္တဝိပဿနာ၏ ဦးထိပ်ဖြစ်သော အကြိမ်ကြိမ်ဖြစ်ခြင်းမရှိ၊
တကြိမ်သာဖြစ်သော ဂေါတြဘူ ဉာဏ်သည် အနုလောမဉာဏ်
သုံးခုနှင့်တစပ်တည်းဖြစ်၏။ ။ထိုနောက် ဂေါတြဘူဉာဏ်သည်
ယူအပ်သော နိဗ္ဗာန်ဟူသော အာရုံကိုပင် အာရုံပြုလျက် ဂေါတြ
ဘူဉာဏ်နှင့်တစပ်တည်းဖြစ်သော မပျက်မဆီး, မဘောက်မခွဲဘူး
သော လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဘောက်ခွဲဖြို
ဖျက်၍ သောတာပတ္တိမဂ်ဉာဏ်သည်ဖြစ်၏။ ။အနမတဂ္ဂသံသ
ရာဝဋ်ဆင်းရဲသို့ အကြိမ်များစွာ သွားလာကျင်လည် ရမည်ကို
လည်း ဖျက်ဆီး၏၊ အပါယ်တံခါးပိတ်၏၊ မိစ္ဆာမဂ္ဂင် ရှစ်ပါးကို
ပယ်၏၊ သူတော်ဥစ္စာခုနစ်ပါးကိုရ၏၊ အရိယမဂ္ဂင်ရှစ်ပါးကိုရ၏၊
မြတ်စွာဘုရား၏သားတော်ရှစ်ယောက်တို့တွင် တယောက်ဖြစ်၏၊
ထိုနောင် ထိုသောတာပတ္တိမဂ်စိတ်နှင့် အကြားမရှိ တစပ်တည်း
သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်ဖြစ်၏၊ သောတာပန် မည်သော

နှစ်ယောက်မြောက်သော အရိယာပုဂ္ဂိုလ်ဖြစ်၏၊ ပြင်းထန်စွာ သမထဝိပဿနာတို့ကို မေ့လျော့ ပြားသော်လည်း ချနစ်ကြိမ်သာ နတ်ပြည်,လူ့ပြည်တို့၌သာ သွားလာကျင်လည်၍ သံသရာဝဋ်ဆင်းရဲ၏အဆုံးကိုပြုနိုင်၏။ ထိုဖိုလ်စိတ်နောက်ဘဝင်သို့သက်လေ၏။

ဤမဂ်ဖိုလ်ဖြစ်သော ဝီထိစိတ်အစဉ်၌ ဝီထိတခုတည်း၌၊ အနုလောမဉာဏ်သည် သစ္စာတို့၏ လက္ခဏာတို့ကို အာရုံပြု၏၊ ဂေါတြဘူစိတ်, မဂ်စိတ်,ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြု၏။

---

## ၉၇-မဂ်ဉာဏ်သည် နိဗ္ဗာန်အာရုံပြု၍ကိလေသာပယ်ဖျက်ပုံ

ကျယ်သောမြောင်းကို ခုန်လိုသောသူသည် အားထုတ်၍ပြေးလာပြီးလျှင် ဤမှာဘက်ကမ်း၌ရှိသော သစ်ပင်၏အကိုင်းတခုခုတို့ကိုဆွဲ၍ ကိုယ်ကိုနွဲ့ပြီးလျှင် ခုန်ပြီးနောက် သစ်ကိုင်းကို လွှတ်၍ ထိုမှာဘက်ကမ်း၌ တုန်တုန်ခိုက်ခိုက်ရောက်၍ တည်လေသကဲ့သို့ သံသရာဝဋ်ဆင်းရဲဟူသော မြောင်းကြီးကို ခုန်လိုသော ယောဂီပုဂ္ဂိုလ်သည်-ဥဒယဗ္ဗယအစရှိသော ဉာဏ်ဟုန်တို့ဖြင့် ပြေးလာ၍ ဤမှာဘက်ကမ်းတည်းဟူသော ဘဝ,ယောနိ,ဂတိ,သတ္တာဝါတို့၌ ပေါက်သောခန္ဓာငါးပါးဟူသော သစ်ပင်၌ ရုပ်, ဝေဒနာ, သညာ,သင်္ခါရအစရှိသော အကိုင်းတခုခုတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဤအနုလောမဉာဏ်ဖြင့် မြဲမြဲကိုင်၍ သမာဓိစိတ်တည်းဟူသော ကိုယ်ကိုနွဲ့ပြီးလျှင် စွဲကိုင်ရင်း ရုပ်,ဝေဒနာအစရှိသောသစ်ကိုင်းကို ခုန်လွှတ် လွှတ်၍ နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းသို့ ဂေါတြဘူဉာဏ်ဖြင့် တုန်တုန်လှုပ်လှုပ်ရောက်၍ မဂ်ဉာဏ်ဖြင့်ကောင်းစွာတည်လေ၏။ ။ဂေါတြဘူဉာဏ်သည် သဘောတူသောစိတ်တည်းဟူသောအာသေဝနပစ္စည်းကိုမရသောကြောင့်နိဗ္ဗာန်ကို တုန်တုန်လှုပ်လှုပ်သာအနိုင် အာရုံပြုနိုင်၏။ ။အနုလောမဉာဏ်သုံးခုတို့သည် ကိလေသာတို့ကို သန့်ရှင်းစေနိုင်၏၊ နိဗ္ဗာန်ကိုအာရုံမပြုနိုင်၊ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု

နိုင်၏၊ ကိလေသာတို့ကို မသန့်ရှင်းနိုင်၊ မဂ်ဉာဏ်၏ ရှေ့အဘို့ အာဝဇ္ဇန်းအရာ၌တည်၏၊ မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကိုပျောက်ပျက်နိုင်၏။

---

## ၉၈–တိမ်ကိလေသာသန့်ရှင်းမှုလပြည့်ဝန်းကဲ့သို့နိဗ္ဗာန်မြင်ပုံ

အမိဝမ်းတွင်းကပင် မျက်စိ၌တိမ်စွဲသောသူသည် လပြည့်ဝန်းကိုကြည့်မြင်လိုသောကြောင့် ကေနတိမ်ကို ပျောက်စေနိုင်သော မျက်စဉ်းဖြင့် မျက်စိကို နှစ်ကြိမ်သုံးကြိမ် ခပ်လျှင် ဖုံးအုပ်သော တိမ်ပျောက်ပျက်၍ အလွန်နှစ်သက်ဘွယ်ရှိသော မမြင်ဘူးသော ချမ်းမြေ့တင့်တယ်သော လပြည့်ဝန်းကိုမြင်ရသဖြင့် အလွန်နှစ်သက်ခြင်း ပီတိပဿဒ္ဓိဖြစ်၍ ကိုယ်စိတ်တို့၏ ညစ်နွမ်းပူအိုက်ခြင်းပျောက်၍ ချမ်းသာသကဲ့သို့ အနမတဂ္ဂသံသရာက များစွာသော ကိလေသာ ဟူသော တိမ်တို့သည် သတ္တဝါ တို့၏ ဂေါတြဘုဉာဏ်, မဂ်ဉာဏ်ဟူသော မျက်စိတို့ကို ဖုံးလွှမ်းသည်ကို ကေနပျောက်စေနိုင်သော အနုလောမဉာဏ် မျက်စဉ်းဖြင့် နှစ်ကြိမ်,သုံးကြိမ်ခပ်လျှင်ပင် ကိလေသာဟူသော တိမ်တို့သည် သန့်ရှင်း၍ ငြိမ်းချမ်းခြင်း သန္တိသဘောဖြစ်သော နိဗ္ဗာန်တည်းဟူသော မမြင်ဘူးသော လပြည့်ဝန်းကိုမြင်၍ အလွန်နှစ်သက်ခြင်း ပီတိပဿဒ္ဓိတို့ကဲ့သို့သော မဂ်ဉာဏ်ဖြင့် စိတ်နှလုံးတို့၏ပူအိုက်ခြင်းကဲ့သို့သော ကိလေသာ ဟူသောပူအိုက်ခြင်းတို့ကို ပျောက်ပျက်လေ၏ဟူလိုသည်။

> ဤမဂ်ဖိုလ်ဝီထိအရာ၌ အနုလုံဇောနှစ်ကြိမ်ဖြစ်လျှင် ဖိုလ်ဇောသုံးကြိမ်ဖြစ်သည်၊ အနုလုံဇောသုံးကြိမ်ဖြစ်လျှင် ဖိုလ်ဇောနှစ်ကြိမ် ဖြစ်သည်ကိုလည်းမှတ်အပ်၏။

ဤသို့ဆိုခဲ့ပြီးသော နည်းအတိုင်း သင်္ခါရုပေက္ခာဉာဏ်ကစ၍ သင်္ခါရတို့၏ လက္ခဏာတို့ကိုရှု၍ ပရိကံ, ဥပစာ, အနုလုံ အစရှိသော နည်းအတိုင်း အထက်မဂ်သုံးခု ဖိုလ်သုံးခုတို့သည် အစဉ်အတိုင်းဖြစ်ကြကုန်၏။ ဖိုလ်စိတ်ဖြစ်၍ ဘဝင်ဖြစ်ပြီးနောက် မိမိမဂ်

ကို ဆင်ခြင်ခြင်း၄ါ မနောဒွါရဝဇ္ဇန်းစိတ်ဖြစ်၏၊ ထိုနောင် ပစ္စဝေက္ခဏာဇောခုနစ်ကြိမ်ဖြစ်၍ ဘဝင်သို့သက်လေ၏၊ ဤနည်းတူ မိမိရသောမဂ်ကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိတခု, ဖိုလ်ကို ဆင်ခြင်သည့်ပစ္စဝေက္ခဏာဝီထိတခု,ပယ်ပြီးသော ကိလေသာတို့ကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိတခု, ပယ်ရန်ကျန်သော ကိလေသာတို့ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတခု,နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတခု, ဤသို့ သေက္ခဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့၌ တယောက်တယောက်လျှင် ပစ္စဝေက္ခဏာ ဝီထိငါးခုစီရှိသင့်သောကြောင့် တဆဲ့ငါးခုဖြစ်၏၊ ရဟန္တာ ပုဂ္ဂိုလ်၌ကား-ပယ်ရန်ကျန်သော ကိလေသာတို့ကို ဆင်ခြင်ရန်မရှိသောကြောင့် ပစ္စဝေက္ခဏာဝီထိလေးခုနှင့်သော် ပစ္စဝေက္ခဏာဝီထိပေါင်းတဆဲ့ကိုးခုရှိသင့်၏။

---

## ၉၉—မဂ်ဉာဏ်ဖြင့်စွန့်ပစ်ပုံအမေး

သို့ရှိသင့်သော်လည်း ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သော သေက္ခပုဂ္ဂိုလ်လည်းရှိသည်၊ မဆင်ခြင်သော သေက္ခပုဂ္ဂိုလ်လည်းရှိသည်၊ ထို့ကြောင့်သောတာပန်ဖြစ်သော မဟာနာမမည်သော သာကီဝင်မင်းသားကြီးသည် မြတ်စွာဘုရားကို တပည့်တော်၌ အဘယ်မျှသောကိလေသာ တို့ကို ပယ်ပြီးဖြစ်သနည်း၊ တရံတခါ လောဘ,ဒေါသ,မောဟတို့သည် တပည့်တော်၏စိတ်ကို ယူ၍တည်ပါသည်ဟုလျှောက်၏၊ ဤမဂ်ဖိုလ်ဝီထိအရာ၌ ဂေါတြဘူစိတ်သည် သင်္ခါရတို့ကိုအာရုံမပြု၊ နိဗ္ဗာန်ကိုအာရုံပြုသောကြောင့် သင်္ခါရဟူသောနိမိတ်မှ ထမြောက်သည်ဖြစ်၍ ဥဘတောဝုဋ္ဌာနမည်၏၊ မဂ်စိတ်သည် သင်္ခါရတို့ကိုအာရုံမပြု၊ နိဗ္ဗာန်ကိုသာအာရုံပြု၍ ကိလေသာတို့ကို နောင်တဘန် မဖြစ်ရအောင် ပယ်နိုင်သောကြောင့် နိမိတ္တပဝတ္တနှစ်ပါး ထသည်ဖြစ်၍ ဥဘတောဝုဋ္ဌာနမည်၏၊ သင်္ခါရတို့၏ အနိစ္စ,-ဒုက္ခ, အနတ္တလက္ခ

ဏာဟူကုန်သော ဥပါဒ်,ဋ္ဌိ,ဘင်တို့ကို ဝိပဿနာဉာဏ်ဆယ်ပါး တို့ဖြင့်ရှု၍ ထိုဥပါဒ်, ဋ္ဌိ,ဘင်ဟူသောလက္ခဏာတို့ကိုသာ စက်ဆုပ်ရွံရှာ၍ ဂေါတြဘူဉာဏ်,မဂ်ဉာဏ်တို့ဖြင့် စွန့်ပစ်သင့်ပါသည် ကို ထိုလက္ခဏာသုံးပါးရှိသော သင်္ခါရတို့ကို စက်ဆုပ်ရွံရှာ၍ ဂေါတြဘူဉာဏ်,မဂ်ဉာဏ်တို့ဖြင့် အဘယ်ကြောင့် စွန့်ပစ်လေသနည်းဟူမူ—

## ၁၀၀—နာမ်ရုပ်သင်္ခါရတို့ကိုစွန့်ပစ်နိုင်မှုဖြစ်နိုင်ပုံအဖြေ

သင်္ခါရတို့နှင့် ဥပါဒ်,ဋ္ဌိ,ဘင်ဟူသော လက္ခဏာသုံးခုတို့သည် ကင်းကွာ၍မဖြစ်နိုင်၊ လက္ခဏာကို စက်ဆုပ်ရွံရှာသော်လည်း သင်္ခါရတို့မှလက္ခဏာတို့ကိုနုတ်၍မစွန့်ပစ်နိုင်ဖြစ်၍၊ ဤလက္ခဏာရှိသောသင်္ခါရတို့ကိုပင်စွန့်ပစ်သည်။ ။အဓမာမျိုးမဟုတ် ဥဘောင်ကျောက်ဖြစ်သော အုပ်ရှစ်ထုကွဲအရည်မဲ၍ ချစ်သောကျောက်နီကြီးတလုံးကိုရသော်လည်း ဤအမျိုးမမှန်သောအပြစ် ,အုပ်ရှစ်ထုကွဲသောအပြစ်, အရည်မဲ၍ချစ်သော အပြစ်သုံးခုတို့ကို နုတ်၍ပစ်နိုင်မူကား····ကောင်းလေ၏၊ စင်စစ်မူကား- နုတ်၍ မပစ်နိုင် ဖြစ်သောကြောင့် အပြစ်သုံးပါးကိုသာမစွန့်ရ အပြစ်သုံးပါးရှိသောကျောက်နီကြီးကိုပင် အသုံးမကျ စွန့်ပစ်လိုက်သကဲ့သို့ လက္ခဏာရေးသုံးပါးဟူသော အပြစ်သုံးပါးကို သင်္ခါရတရားတို့မှ နုတ်၍ပစ်နိုင်လျှင် ကောင်းလေ၏၊ စင်စစ်မူကား— နုတ်၍မပစ်နိုင်သောကြောင့် အပြစ်သုံးပါးကိုသာမစွန့်ပစ်၍ ဥပါဒ်,ဋ္ဌိ,ဘင်, ဟူသောအပြစ်သုံးပါးရှိသော နာမ်ရုပ်ဖြစ်သောသင်္ခါရတို့ကိုပင် အသုံးမကျ စွန့်ပစ်လိုက်ရသည်ဟူ၍မှတ်လေ။

## ၁၀၁—သုံးဆဲ့တဘုံထောင်ကြီးမှလွတ်ပုံ

သုံးဆဲ့တဘုံဟူသော ထောင်ကြီး၌ သံမြို,သံကတုတ်မက ခိုင်ခန့်လှစွာသော မြို့ကြီး ကတုတ်ကြီး လေးထပ်လုပ်၍ သတ္တဝါတို့ ကိုလှောင်ထားသတည်း။ထိုမြို့ရိုးကတုတ်ကြီး လေးခုတွင် သက္ကာ

ယဒိဋ္ဌိ, ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ တဒေကဋ္ဌကိလေသာ ဤတရားတို့သည် အတွင်း ဆုံးပဌမ မြို့ရိုး ကတုတ်ကြီးဖြစ်၏၊ ကြမ်းတန်းကုန်သော ကာမ ရာဂ သံယောဇဉ်, ပဋိဃသံယောဇဉ်, တဒေကဋ္ဌကိလေသာတို့သည် ဒုတိယထပ်မြို့ရိုးကတုတ်ကြီးမည်၏၊ အမြဲကပ်၍နေသော သိမ်မွေ့သော ကာမရာဂ သံယောဇဉ်, ပဋိဃသံယောဇဉ်, တဒေကဋ္ဌကိလေသာတို့သည် သုံးထပ်မြောက်သော မြို့ရိုးကတုတ်ကြီးမည်၏၊ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, တဒေကဋ္ဌကိလေသာတို့သည် ပြင်ဆုံးဖြစ်သော လေးထပ်မြောက်သော မြို့ရိုးကတုတ်ကြီးမည်၏၊ ဤမြို့ရိုးကတုတ်ကြီးလေးခုတို့ကို ဝိပဿနာဉာဏ်ဟုန်တို့ဖြင့် ပြေးလာ၍ ဂေါတြဘုဉာဏ်ဖြင့် ချန်ရန် မြို့ရိုးကိုကြည့်ပြီးလျှင် မဂ်ဉာဏ်ဖြင့်အဆင့်ဆင့်မြို့ရိုးလေးထပ်တို့ကို ချန်ကျော်ထွက်သဖြင့် သုံးဆဲ့တဘုံဟူသောထောင်ကြီးမှလွတ်၍ ဘေးကင်းရာအရပ်သို့ရောက်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်ကိုမှတ်အပ်ကုန်၏၊ထို့ကြောင့်—

> သီမာတိဂေါ ဗြဟ္မဏော၊ တဿနတ္ထိ ဉတွာစ ဒိသွာစ
> သမုဂ္ဂဟိတံ၊ နရာဂရာဂီ နဝိရာဂရတော၊ တဿိမံနတ္ထိပရ
> မုဂ္ဂဟိတံ။ ။ဟူ၍ဟောတော်မူသည်။

ဗြဟ္မဏော၊ သက္ကာယဒိဋ္ဌိအစရှိသောကိလေသာတို့ကို အပ ပြုပြီးသောရဟန္တာသည်။ သီမာတိဂေါ၊ ကိလေသာဟူသောမြို့ရိုးကြီးကတုတ်ကြီး လေးခုတို့ကိုချန်ကျော်လွန်မြောက်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဉတွာစ၊ သုံးဆဲ့တဘုံ၌ သင်္ခါရတို့ကို သိပြီးဖြစ်၍ရင်း၊ ဒိသွာစ၊ မြင်တော်မူပြီးဖြစ်၍ရင်း၊ သမုဂ္ဂဟိတံ၊ ကောင်း၏၊ မြတ်၏ဟူ၍ နှလုံးသွင်းခြင်း ယူခြင်းသည်။ နတ္ထိ၊ မရှိ။ နရာဂရာဂီ၊ ကာမရာဂဖြင့်လည်း တပ်ခြင်းမရှိ။ နဝိရာဂရတော၊ရူပရာဂ, အရူပရာဂတို့ဖြင့်လည်း တပ်ခြင်းမရှိ။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ဣမံ၊ ဤရာဂဟူသမျှကို။ ပရမုဂ္ဂဟိတံ၊ကောင်း၏၊မြတ်၏ဟူ၍နှလုံးသွင်းခြင်းယူခြင်းသည်။နတ္ထိ၊မရှိ။

ဤသို့ ဆိုခဲ့ပြီးသော အထူးထူးအထွေထွေသော နည်းတို့ဖြင့် သီလတည်းဟူသောဘေးရန်တို့၏အခြံအရံ ဘေးရန်တို့၏ အဆီးအတားကိုထား၍ သမာဓိတည်းဟူသော ကောင်းမွန်သောမြေခံ၌ ဆိုခဲ့ပြီးသောသုတမယဉာဏ်, ဘာဝနာမယဉာဏ်တို့ဖြင့် ပွါးများ၍ အကျဉ်းအားဖြင့်သီလ,သမာဓိ,ပညာဟူသောသိက္ခာသုံးပါး အကျယ်အားဖြင့် အရိယမဂ္ဂင်ရှစ်ပါးတို့ဖြင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ ရဟန္တာဖြစ်သဖြင့် သုပ္ပဋိပ္ပန္နအစရှိသော ကိုးပါးသောဂုဏ်နှင့်ပြည့်စုံ၍ အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်ဖြစ်ပြီးလျှင် ခပ်သိမ်းသော ဝဋ်ဒုက္ခတို့မှ လွတ်ရာ လွတ်ကြောင်းဖြစ်သော နိဗ္ဗာန်ဟူသော ဝိမုတ္တိသုခကိုရလေသတည်း။

ဤသို့မဂ်တိုင်အောင်ရောက်ရာ၌ သုတမယဉာဏ်ကစ၍သမ္မသနအစရှိသော ဝိပဿနာဉာဏ်ဆယ်ပါး ဂေါတြဘုဉာဏ်, မဂ်ဉာဏ်တို့သည် အခြားဝတ္ထုမဟုတ် ဉာဏ်ချည်းဖြစ်ကြ၏၊ သီလ, သမာဓိ, သတိ, ဝီရိယများမှာအခြံအရံသာဖြစ်ကြ၏၊ ဉာဏ်အဆင့်ဆင့်ရင့်၍ ကျွတ်သည်ကိုထောက်၍ နောက်က ဆိုခဲ့ပြီးသည့်အတိုင်း ဉာဏ်ကိုအလိုတော်ရှိရင်းဖြစ်သင့်လှပေသည်၊ ဉာဏ်ရှိမှ ကျွတ်နိုင်မည်ကိုလည်းမှတ်သား၍ ဉာဏ်ကြီးပွါးအောင်ပြုသင့်လှပေသည်။

## ၁၀၂-ရဟန္တာအဖြစ်သို့ရောက်ကြောင်းကျင့်စဉ်ဖြစ်ပုံ

ဤဝိမုတ္တိရသကျမ်း၌ မဂ္ဂင်ရှစ်ပါးဖြစ်သောကံသည် စေတနာဟူသောသင်္ခါရကံကို ကုန်စေနိုင်၏ဟူရာ၌-စေတနာစေတသိက်သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဖြစ်သောကြောင့် ကုသိုလ်စိတ်ဖြစ်တိုင်းပင် ပါဝင်သည်ဖြစ်၍ စေတနာကံကုန်အောင် မည်ကဲ့သို့ပြုရမည်နည်းဟူမူ။ ။သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဤမဂ္ဂင်သုံးပါးဖြစ်သော အာဇီဝဋ္ဌမက တည်းဟူသော သီလကို ပဌမကောင်းမွန်စွာ စောင့်ရှောက်ရမည်၊ လူတို့နှင့်စပ်ဆိုင်

သောငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ထက် ဤအာဇီဝဋ္ဌမကသီလသည် မဂ္ဂင်သုံးပါးနှင့် တိုက်ရိုက် တိုက်ဆိုင်မိသည်၊ ဤအာဇီဝဋ္ဌမကသီလရှိပြီးသော ယောဂီသည် သမ္မာဝါယာမ,သမ္မာသတိ,ဤမဂ္ဂင်နှစ်ပါးတို့သည် သမ္မာသမာဓိ မဂ္ဂင်တွင် ပါဝင်သည်ဟု-ဟောတော်မူသောကြောင့် တရချသော သမထ ဝိပဿနာအာရုံ၌ စိတ်ရပ်တည်ခြင်း သမာဓိဖြစ်အောင် အားထုတ်သောဝီရိယ ထိုတရချသော သမထ ဝိပဿနာအာရုံမှ ထွက်၍ ဥဒ္ဒစ္စ,ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်တို့ မဖြစ်ရအောင် စောင့်ကြပ်သောသတိတို့သည်သာ မုချမဂ္ဂင်ဖြစ်သော ဝီရိယသတိဖြစ်သည်။ သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိမဂ္ဂင်တွင် ပါဝင်သည်ဟု- ဟောတော်မူသောကြောင့် နာမ်ရုပ်ဟူသော သင်္ခါရတို့၏ သဘာဝလက္ခဏာ,သာမညလက္ခဏာတို့ကို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာဉာဏ်ဖြင့် ရှုရအောင်ကြံစည်သောဝိတက်မှသာလျှင်မုချသမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်သည်၊ ထို့ကြောင့်ဒါန,အပစာယန,ဝေယျာဝစ္စ,ပတ္တိဒါန, ပတ္တာနုမောဒနာ, ဓမ္မသဝန, ဓမ္မဒေသနာ,ဤကုသိုလ်တို့ဖြစ်အောင် ဤကုသိုလ်တို့မှ တပါးလည်း,မေတ္တာ အစရှိသော ကုသိုလ်များဖြစ်အောင် အားထုတ်သော ဝီရိယ သတိ, ဝိတက်, လက္ခဏာရေးသုံးပါး,နာမ်ရုပ်တို့၏သဘာဝဓမ္မတို့ တပါး အခြားအရာများကိုသိသောပညာတို့သည် မုချတိုက်ရိုက် မဂ္ဂင်မဖြစ်နိုင်၊ လျှင်မြန်စွာမဂ်ဖိုလ်ရကြောင်းမဟုတ်နိုင်၊ မုချမဂ္ဂင်ရှစ်ပါးမဟုတ်သော ဒါန, အပစာယန, ဝေယျာဝစ္စ အစရှိသော ကုသိုလ်တို့၌ မဂ္ဂင်ရှစ်ပါးဟူသောကံသည်အားနည်း၍ စေတနာဟူသောကံအားကြီး၏၊ ထိုစေတနာကံသည်လည်း သောတာပတ္တိ အစရှိသောဖိုလ်လေးပါးဟူသော အကျိုးမရှိ၊ ကာမ,ရူပ,အရူပ, တည်းဟူသော ဘုံသုံးပါးတို့၌ ပဋိသန္ဓေဟူသော အကျိုးရှိသည်သာဖြစ်၍ သံသရာစက်မှမလွတ်နိုင်။ ။ဆိုခဲ့ပြီးသည်အတိုင်း မုချမဂ္ဂင်ဖြစ်သော အာဇီဝဋ္ဌမကသီလကို ဖြစ်အောင် စောင့်ကြပ်၍ သမာဓိဖြစ်အောင် လုံ့လဝီရိယထုတ်ပြီးလျှင် သတိဖြင့်စောင့်ကြပ်၍

သမ္မာသင်္ကပ္ပဝိတက်ဖြင့် သင်္ခါရတို့ကိုကြံစည်ပြီးလျှင် သမ္မာဒိဋ္ဌိဖြင့် လက္ခဏာရေးသုံးပါးတင်ပြီးလျှင် ရှုသောဝိပဿနာ ဉာဏ်တည်းဟူသော သီလဘာဝနာ ကုသိုလ်တို့ကိုပြုလုပ်လျှင် သမ္ဗဝိတ္တသာခါရဏာဖြစ်၍ စေတနာစေတသိက် ပါဝင်သော်လည်း ထိုစေတနာသည် မခေါ်ဝေါ်လောက်အနည်းငယ်မကောင်းကောင်း၍ပါရုံမှုသာဖြစ်သောကြောင့် စေတနာဟူသောကံ၏အကျိုး, ပဋိသန္ဓေကိုမပေးမိ ဤမဂ္ဂင်ရှစ်ပါးဟူသော ကံ၏အကျိုး, သောတာပတ္တိအစရှိသော ဖိုလ်လေးပါးအကျိုးကိုရသဖြင့် စေတနာဟူသောကံ၏အကြောင်းအဝိဇ္ဇာပျောက်၍ စေတနာကံကုန်ပြီးလျှင် ရဟန္တာဖြစ်လေသည်ဟူ၍မှတ်အပ်သတည်း။

---

## ၁၀၃–အလျှုဝတ္ထုကိုဘာဝနာပွါးလျှင်ဝဋ်ဆင်းရဲမှလွတ်ပုံ

ထို့ကြောင့် သီလ, သမာဓိ, ပညာဖြစ်သော သီလဘာဝနာ ကုသိုလ်တို့မှတပါး ဒါနအစရှိသော အခြားကုသိုလ်တို့ကိုပြုလျှင် မိမိပြုသောကုသိုလ်ကံ, အလှူခံပုဂ္ဂိုလ်,လှူသောသူ,လှူဘွယ်ဝတ္ထု, မေတ္တာ၏အာရုံဖြစ်သော သတ္တဝါအစရှိသည်တို့ကို အနိစ္စ,ဒုက္ခ, အနတ္တသာဟူ၍ လက္ခဏာရေးသုံးပါး တင်ပြီးလျှင် ဘာဝနာပွါးရန်ဘို့ ဝဋ်ဆင်းရဲမှထွက်မြောက်ရာ နိဗ္ဗာန်ကို ရောက်ရန်ဘို့ရည်ဆောင်ပြုလုပ်ပြီးလျှင် လက္ခဏာရေးသုံးပါးတင်၍ ဘာဝနာပြုလုပ်မှသာ ထိုကုသိုလ်တို့၌မဂ္ဂင်ရှစ်ပါးကံအားကြီး၍ ဖိုလ်လေးပါးဟူသောအကျိုးကိုရမည်၊ ဘာဝနာပွါးရန်ဘို့မဟုတ် ဒါနအစရှိသောကုသိုလ်တို့ကို သက်သက်သာပြုလုပ်လျှင် စေတနာကံအားကြီး၍ ပဋိသန္ဓေဟူသော အကျိုးကိုရမည်၊ လက်ဖျစ်တတွက်ကိုပင် စိတ္တက္ခဏာပေါင်း ကုဋေတသိန်းဖြစ်၍ ချုပ်သည်ဆိုသောကြောင့် ဘာဝနာပွါးရန်ဘို့မဟုတ်သော ကုသိုလ်တို့ကိုပြုရာ၌၊ စေတနာကံပေါင်း မရေမတွက်နိုင်၊ အသင်္ချေယျ, အပမေယျဖြစ်၍ ပဋိသန္ဓေအကြိမ်ပေါင်း အသင်္ချေယျ,အပမေယျဖြစ်သ

ဖြင့် အစအဆုံးမထင် အနမတဂ္ဂသံသာရ ဖြစ်လေသည်ဟူ၍လည်း သတိကြပ်ကြပ်ထားအပ်သတည်း။ အကုသိုလ်ကံကို ပြုရာ၌ကား- ကုသိုလ်ကံကဲ့သို့ မဂ္ဂင်ရှစ်ပါးနှင့်အသျှင်းမဆက်ဆံသည့်၊ စေတနာ ကံချည်းသက်သက်ဖြစ်သောကြောင့် အနမတဂ္ဂသံသရာ စက် သက်သက်ဖြစ်လေသည်၊ဤသို့ဖြစ်၍ သီလဘာဝနာတို့မှတပါး အခြားကုသိုလ်တို့သည် မချတိုက်ရိုက်မဂ္ဂင်ရှစ်ပါးမဖြစ်နိုင်၊ ဆိုခဲ့ပြီး သည့်အတိုင်း ဆွဲငင်၍ သွတ်သွင်းပြုလုပ်မှသာ မဂ္ဂင်ရှစ်ပါးဖြစ်နိုင် သတည်း။ ဤပဋိပ္ပဿမှုပ္ပါဒ်ဟူသော သံသရာစက် ဝဋ်ဒုက္ခမှ လွတ်ရာ လွတ်ကြောင်း ကျင့်ဝတ် ပဋိပတ်သည်ကား-ဤသိက္ခာ သုံးပါးဟူသော မဂ္ဂင်ရှစ်ပါးမှတပါး မရှိပြီ၊ နိဗ္ဗာန်ရောက်ကြောင်း မြတ်သောအကျင့်ဖြစ်၍ ဗြဟ္မစရိယ ဗြဟ္မယာနဟူ၍လည်း ဟော တော်မူသည်။

ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ဟူ ကုန်သောအစွန်းနှစ်ဘက်လွတ်၍ အလယ်လမ်းဖြစ်သောကြောင့် မဇ္ဈိမပဋိပဒါဟူ၍လည်း ဟောတော်မူသည်။ ထို့ကြောင့်—

အာဝုသော၊ နတ်သား။ ခေါ၊ စင်စစ်၊ အပ္ပတိဋ္ဌံ၊မရပ်ဘဲ။ အနာ ယူဟံ၊ အားထုတ်၍မကူးဘဲ။ အဟံ၊ ငါဘုရားသည်။ ဩဃံ၊ ဩ ဃလေးပါးကို။ အတရိံ၊လွန်မြောက်တော်မူပြီးဟူ၍ဟောတော်မူ သည်။

ဤပါဠိတော်၌ ကာမဂုဏ်ချမ်းသာကိုခံစားခြင်း, ကာမသုခလ္လိကာ နုယောဂသည် မကူးဘဲရပ်သည်မည်၏၊ ပဉ္စာတပ အကျင့်အစရှိသော အတ္တကိလမထအကျင့်သည် အားထုတ်၍ကူးသည်မည်၏၊ မဂ္ဂင်ရှစ်ပါးဖြစ် သောအကျင့်သည် မဇ္ဈိမပဋိပဒါမည်၏ဟုလိုသည်။ ထို့ကြောင့်-သစ္စာနံ၊ သစ္စာတို့တွင်။ စတုရောပဒါ၊ လေးပိုဒ်ရှိသောသစ္စာသည်၊သေဋ္ဌော၊မြတ်၏။ မဂ္ဂါနံ၊ မဂ်တို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသောမဂ်သည်။ သေဋ္ဌော၊ မြတ်၏ဟူ၍လည်း ဟောတော်မူသည်။

## ၁၀၄–မဂ်ဉာဏ်တည်းဟူသောမီးထွက်သော်လည်း ဘာဝနာပွါးမှသံသရာစက်ပြတ်မည်

မီးကိုအလိုရှိသောယောကျ်ားသည် ထင်းချောင်းနှစ်ခုတို့ဖြင့် အားထုတ်၍ အကြိမ်များစွာ အချင်းချင်းပွတ်သည့်ကာလ မီးထွက်၏၊ ဤထွက်သောမီးဖြင့် မီးရအောင်ပွတ်ရင်း ထင်းချောင်းတို့ကို တိုက်ရှို့လျှင် ပြာဖြစ်အောင်ကျွမ်းစေနိုင်သကဲ့သို့ ခပ်သိမ်းသော နာမ်ရုပ်တို့တည်းဟူသော ထင်းချောင်းတခုကို ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာစိတ်တည်းဟူသောထင်းချောင်းတခုဖြင့်သမ္မာဝါယာမဟူသော လုံ့လထုတ်၍ အကြိမ်ကြိမ် အထပ်ထပ် ဘာဝနာပြုသည်ရှိသော် မဂ်ဉာဏ်ဟူသောမီးထွက်၍ သင်္ခါရဟူသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ထင်းချောင်းတို့ကို လောင်ကျွမ်းဖျက်ဆီးသဖြင့် သံသရာစက်ပျက်သည်ကိုမှတ်အပ်၏၊

ထို့ကြောင့် နိစ္စ, သုခ, အတ္တ ဟူသောသဘောတို့ကို စွန့်ပစ်ကြောင်း နာမ်ရုပ်တို့၏သဘောလက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို အကျယ်အားဖြင့်ပင်သိသော်လည်း အတ္တဟူသောစွဲလမ်းခြင်းကိုမနုတ်မပယ်နိုင်၊ မီးကိုအလိုရှိသောယောကျ်ားသည် ထင်းချောင်းနှစ်ခုကိုရရုံမျှနှင့် မီးမဖြစ်သကဲ့သို့မှတ်အပ်၏၊ ဤသို့ နာမ်ရုပ်တို့၏သဘောကို သူတော်ကောင်းတို့ဟောပြောသည့်အတိုင်း နာယူမှတ်သားခြင်း သုတမယဉာဏ်ကိုရပြီးနောက် အကြိမ်ကြိမ် အထပ်ထပ် ဘာဝနာမယဉာဏ်ဖြစ်အောင် ဘာဝနာဖြင့် ထုံမွှမ်းမှသာ စိတ်၌အနမတဂ္ဂသံသရာက တသားတည်းဖြစ်အောင် စွဲကပ်သော အတ္တဒိဋ္ဌိပြုတ်၍ ကျွတ်သဖြင့် စင်ကြယ်နိုင်မည်၊ ထင်းချောင်းနှစ်ခုကို ပွတ်၍မီးထွက်သကဲ့သို့မဂ်ဉာဏ်ဟူသော မီးထွက်မည်၊

ထို့ကြောင့် ကြားနာမှတ်သားရခြင်းသုတမယဉာဏ်မှာ အလွန်ကြမ်းသည် သိမ်မွေ့နက်နဲသောအရာများကို ကောင်းမွန်စွာထိုးထွင်း၍မသိနိုင်၊ သုတမယဉာဏ်ဖြင့်သိပြီးကို အထပ်ထပ်ပွါးများ

ခြင်းဘာဝနာကိုပြုရသည်၊ဘာဝနာမယဉာဏ်မှသာလျှင် သိမ်မွေ့ နက်နဲခက်ခဲသည့် အရာများကို ထိုးထွင်း၍သိနိုင်သည်၊ ထင်းချောင်းနှစ်ချောင်းနှင့် ပွတ်လျှင် မီးရမည်ဧကန်ဖြစ်သော်လည်း မပွတ်ဘဲထားလျှင် ထင်းချောင်းပျောက်ပျက်သည် တိုင်အောင်သော်လည်း မီးရမည်မဟုတ်သကဲ့သို့ သုတမယဉာဏ်ဖြင့် နာမ်ရုပ်တို့ကို သိသော်လည်း ဘာဝနာမပြုလျှင် သိပြီး သုတမယဉာဏ် မေ့လျော့ပျောက်ပျက်သော်လည်း အတ္တအယူကို စွန့်ပစ်နိုင်မည်၊ မဂ်ဉာဏ်ကိုမည်သည့်ကာလမှ ရမည်မဟုတ်ဟူ၍ မြဲမြဲစွဲစွဲ မှတ်သားအပ်သတည်း၊ ထို့ကြောင့်—

> အဋ္ဌိမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ အပါရာ ပါရံ ဂမနာယ သံဝတ္တန္တိ။ ကတမေ အဋ္ဌ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ လ။ သမ္မာသမာဓိ၊ ဣမေခေါ ဘိက္ခဝေ အဋ္ဌဓမ္မာ ဘာဝိတာ ဗဟုလီကတာ အပါရာ ပါရံ ဂမနာယ သံဝတ္တန္တီတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤမဂ္ဂင်တရားတို့ကို၊ ဘာဝိတာ၊ ပွါးအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သည်ရှိသော်။ အပါရာ၊ လောကသုံးပါးဟူသော ဤမှာဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်ဟူသောထိုမှာဘက်ကမ်းသို့။ ဂမနာယ၊ရောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣဒံဣမေအဋ္ဌ၊ ဤမဂ္ဂင်ရှစ်ပါးတို့ဟူသည်၊ သေယျထာကတမေ၊ အဘယ်သည်တို့နည်းဟူမူကား-သမ္မာဒိဋ္ဌိ၊ရင်း။လ။သမ္မာ သမာဓိ၊ ရင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊စင်စစ်။ ဣမေအဋ္ဌဓမ္မာ၊ တို့ကို၊ ဘာဝိတာ၊သော်၊ ဗဟုလီကတာ၊ သော်။ အပါရာ၊မှ။ ပါရံ၊သို့။ဂမနာယ၊ ငှါ၊ သံဝတ္တန္တိ၊ ၏။ ဣတိ၊ဤသို့ဟောတော်မူ၏။

ဤပါဠိတော်၌မဂ္ဂင်ရှစ်ပါးကို မှတ်မိရုံ သိရုံမျှနှင့် နိဗ္ဗာန်ကိုမရောက်၊ ပွါးများမှသာရောက်သည်၊ ပွါးများ၏ဆိုသည့်လည်း အကြိမ်များစွာပြုသည်ကိုပင် ဆိုသည်ဟု-ဘာဝိတာကို ဗဟုလီကတာဟု-

ထပ်၍ဟောတော်မူသည်၊ အထပ်ထပ်ပွါးများခြင်းဘာဝနာအရာ သည် ဝိပဿနာဉာဏ် လောကုတ္တရာနှင့် စပ်ဆိုင်သည်တွင်သာ မမှတ်နှင့်၊လောကီလောကုတ္တရာအတတ်ပညာမျိုး အမှုခပ်သိမ်းမျိုး ရှိရှိသမျှမှာပင် ဘာဝနာမယဉာဏ်ကို ပြုမှသာလျှင် အဟုတ်အမှန် ယထာဘူတဉာဏ်ကို ထိုးထွင်း၍ သိနိုင်ရာသည်ဟူ၍လည်း ယုံ ကြည်လေးမြတ်စွာ မှတ်သားအပ်ကုန်ကြသတည်း။

## ၁၀၅-ယောဂီပုဂ္ဂိုလ်များသင်ကြားမှတ်သားရန်တိုက်တွန်းပုံ

သုဒုလ္လဘံ လဘိတွာန၊ နရတ္တံဇိနသာသနေ။
သီလာဒိသင်္ဂဟံခေမံ၊ ဥဇုံမဂ္ဂံဝိမုတ္တိယာ။ ။
ယထာဘူတံ အဇာနန္တာ၊ မုတ္တိကာမာပိယေဇနာ။
ဝိမုတ္တိံနာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိယောဂိနော။ ။
တေသံပါမောဇ္ဇကရဏံ၊ သုဝိသုဒ္ဓဝိနိစ္ဆယံ။
ဝိမုတ္တိရသကံရမ္မံ၊ နိစ္စံသုဏန္တုသာဓဝေါ။ ။

ဇိနသာသနေ၊ ငါးမာရ်အောင်မြင် အရှင်ဘုရား၏သာသနာ တော်တွင်း၌။ သုဒုလ္လဘံ၊ အလွန်ရခဲစွာသော။ နရတ္တံ၊ လူအဖြစ်ကို။ လဘိတွာန၊ ရ၍မှသော်လည်း။ ဝိမုတ္တိယာ၊ ကိလေသာအတ္တတို့မှ ကင်းလွတ်သောနိဗ္ဗာန်၏။ သီလာဒိသင်္ဂဟံ၊ သီလအစ, သမာဓိ အလယ်,ပညာအဆုံးထား၍ ရေတွက်အပ်သော။ ခေမံ၊ ကာမသု ခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ၊ အစွန်းနှစ်ဘက် ဟူသောဘေးရန်ကင်းလွတ်သော။ ဥဇုံ၊ဖြောင့်မတ်စွာသော။ မဂ္ဂံ၊ ရကြောင်း ရောက်ကြောင်း အရိယမဂ္ဂင်ရှစ်ပါးကို။ ဇနာ၊ ဤသာသ နာတော်၌။ ယေယောဂိနော၊အကြင်ယောဂီပုဂ္ဂိုလ်တို့သည်။ယထာ ဘူတံ၊ အဟုတ်အမှန်။အဇာနန္တာ၊ မသိသောကြောင့်။မုတ္တိကာမာ၊ နိဗ္ဗာန်ကိုလိုချင်လှကုန်၍ သာလျှင်၊ ဝါယမန္တာပိ၊ လုံ့လကြိုးကုတ် အားထုတ်ကုန်ငြားသော်လည်း။ ဝိမုတ္တိံ၊ နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်ကြကုန်။ တေသံ၊ ထိုနိဗ္ဗာန်ကိုလိုချင်လှ၍ အားထုတ်လျက်

နှင့် မဂ္ဂင်ရှစ်ပါးကို အဟုတ်အမှန်မသိသောကြောင့် မရနိုင်ကုန် သောယောဂီတို့၏။ ပါမောက္ခကရဏံ၊ အထူးထူးအပြားပြား ဝမ်း မြောက်ခြင်းကိုပြုတတ်သော။ သုဝိသုဒ္ဓဝိနိစ္ဆယံ၊ ကောင်းမွန်ထူး ဆန်းစင်ကြယ်သော အဆုံးအဖြတ်ရှိသော။ ရမ္မံ၊ နာခံတိုင်းနှလုံး မွေ့လျော်ဘွယ်ဖြစ်သော။ ဝိမုတ္တိရသကံ၊ ဝိမုတ္တိရသကို ပြရာ ပြကြောင်းဖြစ်သောကြောင့် ဝိမုတ္တိရသ မည်သော ကျမ်းကို။ သာဓဝေါ၊ နိဗ္ဗာန်ကိုအလိုရှိသော သူတော် ကောင်းတို့သည်။ နိစ္စံ၊ မပြတ်မလတ်မြဲမြဲစွဲစွဲ။ သုဏန္တု၊ နာခံမှတ်သားသင်ကြားကြ စေကုန်သတည်း။

ဤသို့ဆိုခဲ့ပြီးသော စကားတို့ဖြင့် သူတော်ကောင်းတို့ကို မှီဝဲဆည်း ကပ်ခြင်းကို အရင်းပြု၍ သံသရာစက်မှ ထွက်မြောက်ရာ ထွက်မြောက် ကြောင်း ကျင့်ဝတ်ပဋိပတ်ကို ပိဋကတ်သုံးပုံ၌ အကျယ်ဟောတော်မူအပ် သည်ကို အကျဉ်းအားဖြင့် သီလအစ, သမာဓိအလယ်, ပညာအဆုံးထား၍ မြတ်စွာဘုရားအလိုတော်အတိုင်း ပိဋကတ်သုံးပုံတို့၏ အနက်အဓိပ္ပါယ်ကို သတ္တဝါတို့သိရအောင် ဖေါ်ပြသော ဝိမုတ္တိရသ ကျမ်းပြီး၏။

---

## ၁၀၆—ကျမ်းနိဂုံး

အမရပူရံနာမ မဟာရာဇဋ္ဌာနိ အာဒိ မာပေန္တဿ ဆဒ္ဒန္တဿ သာမိနော ဝိဿာသိကော အနုစရော ကုဝေရသော ဝဍ္ဍာနိကော ယောမဟာမန္တီ အတ္ထိ။ တဿစ ဝရော မဟာ လေခကော အမစ္စော အတ္ထိ၊ တဿ ဆဒ္ဒန္တဿ သာ မိနော နတ္တာ တံ ဒုတိယံ မာပေန္တော ဝိဝိဓြညာဏီကော တဿစ ဆဒ္ဒန္တဿ သာမိကော မဟာရာဇာ သဟာယံ သဗ္ဗကမ္မိ ကံ ကုလပဝေဏီအာဂတံ တံမဟာလေခကဿ သုတံ သတ္တိဝါဒဗိလဉ္ဆနံ သေနာပတိဌာနေ အနုဂ္ဂဟောသိ။ ပုတ္တောစ တဿေဝရာဇိနော ရာဇဝံသဓမ္မပမော ဒွိန္နံ ဆဒ္ဒန္တာနံပတိ ဒိဗ္ဗံ ဝပုရံရတနာပုဏ္ဏံနာမ မဟာရာဇဋ္ဌာနိံ ပဌမံ မာပေန္တော မဟာရာဇာ အနုစရံ တံ သေနာနိဿ

ပုတ္တံ ယောနကရဇ္ဇံ ဘောဇေတွာ ဧကူနတိံသဝဿေ ဇာတိယာ အဋ္ဋော သေနာနိဗ္ဗာနေ အနုဂ္ဂပောသိ၊ တေန မင်းကြီးမင်းလှမဟာစည်သူနာမေန အဋ္ဋောသေနာပတိ ကေန မဟာအမစ္စေန ကတော ဝိမုတ္တိရသကောနာမ ဂန္ထော သက္ကရာဇေ တေတ္တိံသ ဒွိသတသဟာဿိ သမ္ပတ္တေ ဖဂ္ဂုဏမာသပုဏ္ဏမိယံသမတ္တော။

သုခယန္တု ဂရု မေဝ၊ သဗ္ဗံ နော ဇယတံ ရာဇာ။
စိရံ ဇီဝတု ကပ္ပံစ၊ သမိဇ္ဈတု မနောဘာဝေါ။ ။

ကာလေန သမ္မာ ဒေဝေါစ၊ ပဝဿတံ ပတိဋ္ဌတု။
စိရံ ဝဍ္ဎော ဝဍ္ဎေ ဟောန္တု၊ သဂါရဝါစ ပါဏိနော။ ။

သဒ္ဓမ္မရာဇဿ ဝဍ္ဎံ၊ ပဋိညတွာ သုခါဝဟံ။
နိဗ္ဗာနသုခမုတ္တမံ၊ ယန္တု သုပဋိပတ္တိယာ။ ။

ယထာရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ သုတံ။ ။

အမရပူရိန္နာမ၊ အမရပူရအမည်ရှိသော။ မဟာရာဇဋ္ဌာနိ၊ ရာဇဋ္ဌာနီမင်းနေပြည်ကြီးကို။ အာဒိ၊အစရွာ။ မာပေန္တဿ၊ တည်ထောင်ဖန်ဆင်းတော်မူသော။ ဆဒ္ဒန္တဿသာမိနော၊ ဆဒ္ဒန်ဆင်မင်းသခင်ဖြစ်သော မင်းတရားကြီးအား။ ဝိဿာသိကော၊အကျွမ်းဝင်သည်လည်းဖြစ်ထသော။ အနုစရော၊ ရဲဘော်ကျွန်ယုံလည်းဖြစ်ထသော။ ကုဝေရဿ၊ကုဝေရနတ်မင်း၏။ ဌာနိကောဝ၊ အရာနှင့်တူသော အရာရှိသည်သာလျှင် ဖြစ်သော။ ယောမဟာမန္တီ၊ အကြင်ရွှေပြည်ဝန် လက်ဝဲဝင်းတော်မှူးအမတ်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုရွှေပြည်ဝန်လက်ဝဲဝင်းတော်မှူးအမတ်ကြီးအား။ ဝရော၊ သခက်လည်းဖြစ်ထသော။ မဟာလေခကော၊ စာရေးတော်ကြီးလည်းဖြစ်ထသော။ အမစ္စော၊အမတ်သည်။ အတ္ထိ၊ရှိ၏။ တဿဆဒ္ဒန္တဿသာမိနော၊ ထို အမရပူရပဌမမြို့တည် နန်းတည်

ဆဒ္ဒန်ဆင်မင်းသခင်မင်းတရားကြီး၏။ နဂ္ဂါ၊မြေးတော်လည်းဖြစ်
ထသော။ တံ၊ ထိုအမရပူရရာဇဓာနီမင်းနေပြည်ကြီးကို။ဒုတိယံ၊
နှစ်ကြိမ်မြောက်။ မာပေန္တော၊ ဖန်ဆင်းတည်ထောင်တော်မူ
သော။ ဝိစိတြဉာဏ်ကော၊ ဆန်းကြယ်သော ဉာဏ်လည်းရှိထ
သော။ တဿဆဒ္ဒန္တဿစ၊ ထိုဆဒ္ဒန်ဆင်မင်းကိုလည်း။ သာမိ
ကော၊ အစိုးရသခင်လည်းဖြစ်ထသော။ မဟာရာဇာ၊ မင်းတ
ရားကြီးသည်။ သဟာယံ၊ ရဲဘော်ကျွန်ယုံဖြစ်သော။ သဗ္ဗကမ္မ
ကံ။ အလုံးစုံသော တိုင်းရေးပြည်မှုကို စီရင်နိုင်စွမ်းထသော။
ကုလပဝေဏီအာဂတံ၊ ရွှေနန်းစဉ်ဆက် မျိုးရိုးမတ်ရိုးမှဆင်းသက်
လာထသော။ တံမဟာလေခကဿ၊ ထိုစာရေးတော်ကြီး၏။
သုတံ၊ သားကို။ သတ္တိတျာဒိလက္ခဏ၊ သတ္တိအစရှိသော ဘွဲ့ဖြင့်။
ဝါ၊ သတိုးမင်းလှ ကျော်ထင်ဟူသော ဘွဲ့ဖြင့်။ သေနာပတိ
ဋ္ဌာနေ၊ စစ်သူကြီး အရာ၌။ အနုဂ္ဂဟောသိ၊ ချီးမြှောက်တော်မူ
လေပြီ။ တဿဝ ရာဇိနော၊ ထိုအမရပူရဒုတိယမြို့တည် နန်း
တည်မင်းတရားကြီး၏သားလျှင်။ ပုတ္တော၊ ရွှေရင်တော်ဖြစ် သား
တော်စစ်ဖြစ်သော။ ရာဇဝံသဓဇူပမော၊ မင်းမျိုးတို့၏ တံခွန်မှန်
ကင်းသဘွယ်လည်းဖြစ်ထသော။ ဒွိန္နံဆဒ္ဒန္တာနံ၊ နှစ်စီးကုန်သော
ဆဒ္ဒန်ဆင်မင်းတို့၏။ ပတိ၊အရှင်လည်းဖြစ်ထသော။ ဒိဗ္ဗ၊ နတ်၌
ဖြစ်သော။ ပုရံဝ၊ အယုဇ္ဈပုရပြည်ကိုကဲ့သို့။ ရတနာပုဏ္ဏံနာမ၊
ရတနာပုဏ္ဏအမည်ရှိသော။ မဟာရာဇဓာနိံ၊ ရာဇဓာနီ မင်းနေ
ပြည်တော်ကြီးကို။ပဌမံ၊ ရှေးဦးစွာ။မာပေန္တော၊ တည်ထောင်ဖန်
ဆင်းတော်မူသော။ မဟာရာဇာ၊ မင်းဟရားကြီးသည်။ အနုစရံ၊
ရဲဘော်ကျွန်ယုံဖြစ်သော။ တံသေနာနိဿ၊ ထိုရင်းတော်ဝန်ကြီး
စစ်သူကြီး၏။ ပုတ္တံ၊သားကို။ ယောနကရဋ္ဌံ၊ ယောနကတိုင်းကို။
ဘောဇေတွာ၊ အစားပေးတော်မူ၍။ ဓာတိယာ၊ ဖွါးသည်မှ။
ဇေကူနတိံသဝသော၊ နှစ်ဆဲ့ကိုးနှစ်၌။ အဗ္ဘန္တာသေနာနိဋ္ဌာနေ၊
အတွင်းစစ်သူကြီးအတွင်းဝန်အရာ၌။အနုဂ္ဂဟောသိ၊ချီးမြှောက်တော်
မူလေပြီ။ မင်းကြီးမင်းလှ မဟာစည်သူနာမေန၊ မင်းကြီးမင်းလှ

မဟာစည်သူအမည်ရှိသော။ အဂ္ဂေါသေနာပတိကေန၊ အတွင်းစစ်သူကြီးအတွင်းဝန်ဖြစ်သော။ တေနမဟာအမစ္စေန၊ ထိုယောအတွင်းဝန်အမတ်ကြီးသည်။ ကတော၊ ပြုအပ်သော။ ဝိမုတ္တိရသကောနာမ၊ ဝိမုတ္တိရသအမည်ရှိသော။ ဂန္ထော၊ ကျမ်းသည်၊ သက္ကရာဇေ၊ ကောဇာသက္ကရာဇ်သည်။ တေတ္တိံသဒွိသတသဟဿံ၊ တထောင့်နှစ်ရာ့သုံးဆဲ့သုံးခုသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ဖဂ္ဂုဏမာသပုဏ္ဏမိယံ၊ တပေါင်းလပြည့်နေ့၌။ သမတ္တော၊ ပြီးပြီ။

မေဃ၊ ငါ၏သာလျှင်။ ဂရု၊ ဆရာတို့သည်။ သုခယန္တု၊ ချမ်းသာစေကုန်သတည်း။ နော၊ငါတို့၏။ ရာဇာ၊ ရေမြေသေဋ္ဌနင်းပြည့်ရှင်မင်းသည်။ သဗ္ဗံ၊ အလုံးစုံသော အောင်သင့်အောင်ထိုက်သောရန်အပေါင်းကို။ ဇယတံ၊ ဇယတု၊ အောင်တော်မူစေသတည်း။ စိရံ၊ ကြာမြင့်စွာ။ ကပ္ပံစ၊ အာယုကပ်ပတ်လုံးလည်း။ ဇီဝတု၊ အသက်ရှည်တော်မူစေသတည်း။ မနောဘာဝေါ၊ နှလုံးတော်၏ အလိုဆန္ဒတော်သည်။ သမိဇ္ဈတု၊ ပြည့်စုံစေ သတည်း။

ဒေဝေါစ၊ မိုးသည်လည်း။ ကာလေန၊ ရွာသင့်သောအခါ၌။ သမ္မာ၊ အညာဉ်ထန်စွာ။ ပဝဿတံ၊ ပဝဿတု၊ ရွာစေသတည်း။ ဓမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ ပတိဋ္ဌတု၊ တည်စေသတည်း။ ပါဏိနောစ၊ သတ္တဝါတို့သည်လည်း။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါစ၊ ရိုသေခြင်းရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

သဒ္ဓမ္မရာဇဿ၊ သူတော်ကောင်း တရားကြောင့် မင်းဖြစ်တော်မူသောမြတ်စွာဘုရား၏။ သုခါဝဟံ၊ ချမ်းသာသုံးပါးကိုရွက်ဆောင်တတ်သော။ ဓမ္မံ၊ တရားတော်ကို။ ပဋိညတွာ၊ အဆင့်ဆင့်သိ၍။ သုပဋိပတ္တိယာ၊ ကောင်းသော မဇ္ဈိမပဋိပဒါ အကျင့်ဖြင့်။ ဥတ္တမံ၊ မြတ်သော။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ယန္တု၊ ရောက်စေကုန်သတည်း။

ပေါရာဏာ၊ ဧရှးန္ဓြဖြစ်ကုန်သော။ သုရာဇာနော၊ ဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့သည်။ ဓမ္မံ၊ ဤတိုင်းပြည် နိုင်ငံပြည်သူလူအပေါင်းကို။ ရက္ခိံသုယထာ၊ စောင့်ရှောက်တော်မူကုန်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ရာဇာ၊ ငါတို့ရေမြေ့သခင်၌နှင်းပြည့်ရှင်မင်းသည်။ အတ္တနော၊ မိမိ၏။ သုတံဝ၊ မြွေးရင်တော်ဖြစ်၊သားတော်စစ်ကိုကဲ့သို့။ ပဇံ၊ တိုင်းနိုင်ငံသူပြည်တော်သူလူအပေါင်းကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်တော်မူစေသတည်း။

ဝိမုတ္တိရသကျမ်းပြီး၏။

# ကမ္မဋ္ဌာနဂဟကာဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁၀၇-သာသနာတော်ငါးစု-စု၍ဘာဝနာပွါးရန် ကျင့်စဉ်

ယခု သာသနာတော် နှစ်ထောင်လေးရာသုံးဆယ်- ၂၄၃၀။ ကောဇာသက္ကရာဇ် တထောင်နှစ်ရာလေးဆယ်ရှစ်ခု။ ၁၂၄၈-ခု ရှိပြီ။ ထိုကာလ၌ အားထုတ်လို့လ သမ္မာဆန္ဒရှိသော် ရသင့်ပါဦးအံ့လော၊ မရသင့်ချေပြီလောဟု တွေးတောသံသယဒွိဟာရှိသော ပညာရှိပုဂ္ဂိုလ် သူမြတ်တို့အား အလွယ်တကူ မှတ်ယူနှလုံးသွင်းစေခြင်းငှါ အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နုတ် အကျဉ်းဆိုဦးအံ့။

ပဋိသမ္ဘိဒါပဌေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿသဟဿံ၊ အနာဂါမိဟိ ဝဿသဟဿံ၊ သကဒါဂါမိဟိ ဝဿသဟဿံ၊ သောတာပန္နေဟိ ဝဿသဟဿံ၊ဧဝံပဉ္စ ဝဿသဟဿာနိ ပဋိဝေဓ သဒ္ဓမ္မော ဌဿတိ။

ဘိက္ခုနီဝိဘင်းအဋ္ဌကထာ။

ဤသို့သာသနာတော် ငါးထောင်ကာလပတ်လုံး ပဋိဝေဓသဒ္ဓမ္မဟုဆိုအပ်သော မဂ်ဖိုလ်ကိုသိခြင်း သူတော်ကောင်းတရားတည်လတ့်ံဟူ၍ဆိုသည်ကို ထောက်သော် သာသနာတော် ငါးစုရှ၍ သုံးခုမြောက် အနာဂါမ်ခေတ် တထောင်အတွင်း ဝင်သင့်ပါသေးသည်။

ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ၊ ဆဠဘိညေဟိ ဝဿသဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿသဟဿံ၊ ပါတိမောက္ခေဟိ ဝဿသဟဿံ။

ဒီဃနိကာယ်-သမ္ပသာဒနိယသုတ်အဋ္ဌကထာ။

အဓိပ္ပါယ်ကား--သာသနာတော်ကို ငါးရပ်ပြု၍၊--

ပဌမအရ ကာလ၌ အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာန ဟူသော ပဋိသမ္ဘိဒါ လေးပါးကိုရသော ရဟန္တာခေတ်တထောင်။

ဒုတိယအရကာလ၌ ရူပကုသိုလ်ပဉ္စမဈာန် ၂-ချ၊ မဂ်စိတ် ၂၀-၌ ပဉ္စမဈာန် ၄-ချ၊ ဤအဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာခေတ်တထောင်။

တတိယအရကာလ၌ ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, အာသဝက္ခယ တည်းဟူသော ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော ရဟန္တာခေတ်တထောင်။

စတုတ္ထအရကာလ၌ ကိလေသာအာသဝေါကင်း၍ ပရိနိဗ္ဗာန်ပြုသော သုက္ခဝိပဿကရဟန္တာခေတ်တထောင်။

ပဉ္စမအရကာလ၌ အပါယ်စသည်မှကင်းသော သောတာပန်အစရှိသော အရိယာခေတ်တထောင်၊ ဤသို့ဆိုသည်ကိုထောက်သော် ယခုသာသနာတော် နှစ်ထောင်လေးရာသုံးဆယ်၊ ၂၄၃၀။ ကောဇာသက္ကရာဇ် တထောင်နှစ်ရာလေးဆယ်ရှစ်ခု၊ ၁၂၄၈-ခုသာရှိသေးသည်၊ သာသနာတော် ၅-ရပ်၌ ၃-ရပ်မြောက်သောတေဝိဇ္ဇာပတ္တရဟန္တာခေတ် တထောင်အတွင်းဝင် ဖြစ်ပါသေးသည်။

ဇုဋ္ဌါနံ ပရိနိဗ္ဗာနတော ဝဿသဟဿမေဝ ပဋိသမ္ဘိဒါ နိဗ္ဗတ္တေတုံ သက္ကောန္တိ၊ တတော ပရံ ဆဠဘိညာ၊ တတောပိအသက္ကောန္တေ တိဿော ဝိဇ္ဇာ နိဗ္ဗတ္တေန္တိ၊ ဂစ္ဆန္တေကာလေ နိဗ္ဗတ္တေတုံ အသက္ကောန္တာ သုက္ခဝိပဿကာ ဟောန္တိ၊ ဧတေနေဝနယေန အနာဂါမိနော သကဒါ

ဂါမိမ္ဟော သောတာပန္နောတိ၊ အင်္ဂုတ္တရ အဋ္ဌကထာ။ သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌ ဤပါဠိအတိုင်း ရှိ၏။

သုတ္တန်,အဘိဓမ္မာ,ဝိနည်း ပိဋကတ်သုံးပုံကို သင်ကြား လေ့ကျက်ခြင်းဟူသော ပရိယတ္တိရှိက ထိုပရိယတ္တိကို အမှီပြု၍ ပဋိပတ္တိကို အမှန်အကန်ကျင့်သော ပညာရှိယောဂီအား ရာဂ၏ကုန်ရာ နိဗ္ဗာန်၏အနီး၌ တည်လတ့်ဟူ၍။

> ယာဝတိဋ္ဌန္တိ သုတ္တန္တာ ဝိနယော ဒိဗ္ဗတိ တာဝ တိဋ္ဌန္တိ၊ အာလောကံ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ သုတ္တန္တေ အသန္တေ ပမုဋ္ဌေ ဝိနယမှိ တမော ဘဝတိ လောကဿ သူရိယေ အတ္ထင်္ဂတေ ယထာ သုတ္တန္တေ ရက္ခိတေ သန္တေ ပဋိပတ္တိ ဟောတိ ရက္ခိတာ ပဋိပတ္တိယံ ဌိတော ဓီရော ယောဂက္ခေမာ န ဓံသတိ။

အင်္ဂုတ္တရ အဋ္ဌကထာ၌ လာသည်ကို ထောက်သော် စာပေ ကျမ်းဂန်တို့ကို သင်ကြားလေ့ကျက်ခြင်း၊ ပရိယတ္တိ သာသနာ တော်လည်း အားကြီးစွာရှိပါသေးသောကြောင့် ပရိယတ္တိကို အမှီပြု၍ ပဋိပတ္တိကို မှန်ကန်စွာကျင့်နိုင်က ရာဂ၏ကုန်ရာနိဗ္ဗာန်၏ အနီးမဂ်ဖိုလ်ကို ရသင့်ပါသေးသည်။

> ပဋိဝေဓော ဟောတိတိဧကသ္မိံ ကာလေ ပဋိဝေဓ က ရာ ဘိက္ခူ ဗဟုကာ ဟောန္တိ။ ပဋိပတ္တိ ပူရကာပိ ကဒါစိ ဗဟုကာ ဟောန္တိ။ ကဒါစိအပ္ပကာဧဝ၊ ပဉ္စဝါ ဘိက္ခူ ပရိယတ္တိံ သုတွာ ဒွေပိ ပူရေတိ။ ။ဝင်းအင်္ဂုတ္တရ အဋ္ဌက ထာ။ သမ္မောဟဝိနောဒ နီအဋ္ဌကထာ။

အဓိပ္ပါယ်ကား။ ။ပဋိဝေဓဟု ဆိုအပ်သော ဈာန် သမာပတ် မဂ်ဖိုလ်ကိုရခြင်းသည် ဘုရားရှင် လက်ထက်တော်မှစ၍ သီဟိုဠ်ကျွန်း၌ သာသနာတော် အနှစ်ချနစ်ရာတည်သော ကာလပတ်လုံး တရံတခါကာလ၌ မဂ်ဖိုလ်ကိုရသော ပုဂ္ဂိုလ်များ၏၊ ပဋိပတ္တိဟု ဆိုအပ်သောအကျင့်သီလကို ဖြည့်သောပုဂ္ဂိုလ်သည်လည်း တရံ တခါသောကာလ၌များ၏၊တရံတခါသော ကာလတို့၌နည်း၏၊ ထို

အဂ္ဂပုင်ပရိယတ္တိဟု ဆိုအပ်သော စာပေကျမ်းဂန်တို့ကို သင်ကြားလေ့ကျက်သော ပုဂ္ဂိုလ်သည်လည်း တရံတခါများ၏၊ တရံတခါနည်း၏။ ။ပရိယတ္တိဓမ္မကို နာခံမှတ်သားသဖြင့် တရားကိုသိသော ပညာရှိယောဂီသည် မိမိမြတ်နိုး စုံမက် နှစ်သက်သော ဥတ္တရတနာထက်မက အကျင့်ပဋိပတ်၌ စုံမက်မြတ်နိုးစွာ သမ္မာဆန္ဒဉဿာဟလုံ့လ ပြုသောယောဂီအား ဆိုအပ်ပြီးသော ဈာန်မဂ်ဖိုလ်ကိုရခြင်း၏ ဗိလာကန့်လန့် ဖျက်ဆီးတားမြစ် တတ်သောကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, ဥပါဝါဒန္တရာယ်, အာဏာဝိတိက္ကမန္တရာယ်ဟူသော အန္တရာယ်ငါးပါး တပါးပါးမျှမရှိသော် ပရိယတ္တိသဒ္ဓမ္မကို အမှီပြု၍ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မနှစ်ပါးသည်လည်းပြည့်စုံသင့်ပါသေးသည်၊ သာသနာတော်ထက်ဝက်မျှ မရှိပါသေး၊ သို့ကိုလျက် ဈာန်အဘိညာဉ် မဂ်ဖိုလ်ရသောသူတို့ကို မကြားစဘူး၊ ဘယ်ကြောင့်နည်းဟုဆိုသော် ဈာန်မဂ်ဖိုလ်ကိုရသောသူတို့သည် ငါကား-ဈာန်မဂ်ဖိုလ်ကိုရ၏ဟု အလွန်ပြောခဲ၏။ (ဥပမာပုံကား။) လောကီဥတ္တရတနာရွှေငွေတို့ကိုရခဲ့သောသူတို့သည် သူတပါးတို့အား အလွန်ပြောခဲ သိစေခဲ၏၊ ချစ်လှစွာသော သူတို့ကိုသော်လည်း တယောက်တလေသာ သိစေတတ်ချေသည်၊ ထိုအတူ လောကုတ္တရာဖြစ်သော ဈာန်မဂ်အစရှိသော ရတနာကို ရသောယောဂီသည် အလွန်ပင်သူတပါးအား ပြောကြားသိစေခဲချိမ့်မည်၊ တိုက်ရိုက်ပင် ကုသိုလ်ကို လို၍မေးသော်လည်း အရှင်ကဿပတို့၏ နောက်က သပိတ်ပိုက်၍ လိုက်သော ကပ္ပိယတကာအား ပရိယာယ်ဖြင့်သာ ပြောတော်မူသကဲ့သို့ရင်း၊ မဏ္ဍိကမထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်၍ အဝါခြောက်ဆယ် ကာလပတ်လုံး သူတပါးတို့အား မသိစေဘဲ စောင့်ထိန်းတော်မူ၏၊ ဓမ္မာသောကမင်းကြီးသည် အာသောကာရုံကျောင်းကြီးကို အနုမောဒနာပြုသောနေ့၌ မင်းကြီးသဒ္ဓါနည်း၍ ကုသိုလ်မပွါးအံ့သည်ဖြစ်မှ ရဟန္တာဖြစ်ကြောင်းကို သိစေသကဲ့သို့ရင်း၊ သိစေခဲချေ၏။

ဝိသေသတရားကိုရရာသော ပဓာနိယင်္ဂ ငါးပါးကိုလည်း ဤသို့ဟောတော်မူ၏။

> သဒ္ဓေါ ဟောတိ အပ္ပါဗာဓော အမာယာဝီ ဝိရိယော ပညဝါ ဟောတိ၊ ဇာမေပဥ္စ ပဓာနိယင်္ဂါနာမကာ၊ ယေဟိ ဝေမွှဟိ သမန္နာဂတံ ပဓာနံ ပဋိပဇ္ဇတိ။ ။မဇ္ဈိမပဏ္ဏာသပါဠိတော်။

သဒ္ဓေါ၊ အရဟံသမ္မာသမ္ဗုဒ္ဓေါ အစရှိသော ဆရာဘုရား၏ ဗောဓိ ကျေးဇူးကိုယုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာ ဓော။ နည်းသော အနာရှိသော၊ မျှသောဝမ်းမီး။ မျှသောပူခြင်း ချမ်းခြင်း ရှိသည်ဖြစ်၍၊ ကမ္မဋ္ဌာန်းဘာဝနာ၌ ခန့်သည်လည်း။ ဟောတိ၊ ၏။ အမာယာဝီ၊ ဆရာဘုရား၌ရင်း, သဗြဟ္မစာရီတို့၌ ရင်း, မိမိကိုယ်ကို ယထာဘူတအားဖြင့် ဟုတ်တိုင်းကျင့်သည် လည်း။ ဟောတိ၊ ၏။ ဝိရိယော၊ ကုသိုလ်တရားတို့ကို ယှဉ်ခြင်း ၌လည်း ကောင်းစွာကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ ပညာ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇာမေပဥ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂါနာမကာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ယေဟိ ဝေမွှဟိ၊ တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသောယောဂီတို့အား။ ပဓာနံ၊ ဘာဝ နာလုံ့လသည်။ ပဋိပဇ္ဇတိ၊ ပြည့်စုံ၏။

---

## ၁၀၈-ငွေမရှိတဲ့လူ-ငွေချေးမိသလို- ကမ္မဋ္ဌာန်းဆရာထံသို့မကပ်နှင့်

မူလကမ္မဋ္ဌာန်းကျမ်းတို့တွင် ဘုရား, တရား, သံဃာ, ဆရာ, ကမ္မဋ္ဌာန်းဟူသော ငါးပါးသောရတနာတို့ကို ငါးရပ်ပြု၍ ကမ္မဋ္ဌာန်း ကိုတောင်း၍ စီးဖြန်းအပ်၏။ ။ယင်းကဲ့သို့ ကမ္မဋ္ဌာန်းကို အလို အလား ပွါးများစီးဖြန်းလိုသဖြင့် ကမ္မဋ္ဌာန်းတောင်းလိုယူလိုသည် ရှိသော် မိမိ၏အလျှင်ပင် ရှေးအထက်ထက်က လေ့ကျက်အား ထုတ်နှင့်ဘူး၍ အထူးဝိသေသ ဥပစာရ သမာဓိ, အပ္ပနာသမာဓိ စသည်တို့ကို ရနှင့်ဘူးသော ကလျာဏ မိတ္တစစ်ဖြစ်သော ကမ္မ

ဋ္ဌာန်းဆရာတို့ထံ တောင်းယူမှသာ နည်းနာ, ကျကျ နန ထင်မြင်လွယ်မည်။ ။အားမထုတ်ဘူးဘဲလျက် စာတွေ့ ပေတွေ့သုတမယဉ္ဈာဏ်မျှနှင့် သိကောင်း,သိရာ,သိသဖြင့် ကမ္မဋ္ဌာန်းဆရာလုပ်လိုသောသဘောထားနှင့် မိမိသော်မှလည်း အထူးဝိသေသဘာဝနာမယဉ္ဈာဏ်ဖြင့် မတွေ့မမြင်ဘူးသော သူတို့ထံ နည်းနာခံယူခြင်းကား-ဆရာလုပ်သူမှ နည်းမကျ၍ မတွေ့ မထင်နိုင် ရှိသည်ကိုတပည့်ခံသူကတဘန်တောင်းယူသော်လည်းငွေမရှိသူမှာငွေချေးမိသည်နှင့်သာ ဥပမာအလားတူ ချေသည်။ ။ဘာဝနာပြုစသည်၌ထက်ဝက်ဖွဲ့ဟန် စတုရင်္ဂဝိရိယကို ဆောက်တည် ဝိဋ္ဌာန်ပြု၍ စီးဖြန်းဟန်တို့သော်ကား- ကျမ်းဂန်၌ လာသည် ချည်းတည်း။ ။ဗုဒ္ဓါနုဿတိ အစရှိသော ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောယောဂီသည် အာဏာပါဏာ၌လာသောနည်းဖြင့် ဆရာထံယူ၍ သတိတပါးသို့ မလွတ်စေရမူ၍ ကမ္မဋ္ဌာန်းကို ရှေ့ရှုလျက် ဗုဒ္ဓါနုဿတိတည်းဟူသော ဥပစာရစျာန်ကိုရခြင်းငှါ ဆန္ဒ, စိတ္တ, ဝိရိယ, ဝိမံသတည်းဟူသောတရားတို့ကို ဖြစ်စေဦး၍—

ကာမံ တ စောစ နှာရုစ၊အဋ္ဌိစ အဝသိဿတု။
အဝသုဿတု သရီရေ၊နိဿေသံ မံသလောဟိတံ။ ။
ဟူသောဂါထာနှင့်အညီ။

စတုရင်္ဂဝိရိယကိုဖြစ်စေ၍ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အစရှိသော ဂုဏ်တော်တို့ကို စီးဖြန်းအပ်၏။ နောက်အခါ လေ့ကျက်ပြီးမူကား- စင်္ကြံသွားခြင်း, ရပ်ခြင်း, လျောင်းခြင်း, နေခြင်းဟူသော ဣရိယာပုထ်လေးပါးတို့ဖြင့် သပ္ပါယအလျောက် စီးဖြန်းအပ်၏။ ထိုလေးဆယ်ကုန်သော ကမ္မဋ္ဌာန်းတို့ကို ရှေ့ရှုလေကုန်သောကမ္မဋ္ဌာန်းဆရာတို့သည် ဗုဒ္ဓါနုဿတိဖြင့် ရပြီးသော သဒ္ဓါဗိတိရှိသည်ဖြစ်၍ ဘာဝနာသို့ လျင်လွယ်စိမ့်သောငှါရင်း, စီးဖြန်းကုန်၏၊ ထို့ကြောင့် ဗုဒ္ဓါနုဿတိကို ရှေ့ဦးစွာပြသတည်း။ ။

ဤကား- ကမ္မဋ္ဌာန ဂဟဏ ဝိနိစ္ဆယ ကထာတည်း။ ။

## ၁၀၉-ချိန်ထောက်တိုင်းထွာသတိပြုရန်

သမထ ဝိပဿနာ ဘာဝနာကို အားထုတ်စီးဖြန်းလိုသော ပုဂ္ဂိုလ် သူတော်ကောင်းတို့သည် ဘုရား, တရား, သံဃာ, ရတနာ သုံးပါးကို ယုံမှားဖွယ်ရာ, သံသယမရှိ၊ ဓိဋ္ဌိရရ ဗိတိသဒ္ဓါ တရားပွါးများအောင် ကြိုးစားအားထုတ် ကုန်ရာသည်။ ကိလေသာ တည်းဟူသော အဝိဇ္ဇာလှည့်ဖြား ဟန့်ဆီးတား၍ မကြိုးစား အားမထုတ်ဘဲ နှုတ်ပြောနှုတ်ဆိုနှင့် ကိုယ့်ကိုယ်တွင် တရားရှိ မရှိ၊ နိဝရဏ ကွာမကွာ ကိလေသာပဟာတဗ္ဗ တဒင်္ဂဝိမုတ် ဖြစ်မဖြစ် စိစစ်ကုန်စင်အောင် ယထာဘူတဉာဏ်ဖြင့် မြင်မမြင်ကို ကိုယ်ရှင် ကိုယ်ကိုသာစစ်ကြောမေးမြန်းလျက် ကမ္မဋ္ဌာန်း မြောက်မမြောက်ကို ချိန်ထောက်တိုင်းထွာ၍ ဉာဏ်ပညာ သတိရှိစေကြမှ သင့်ချေမည်။

ဉဘတောဘာဂဝိမုတ္တအရာ၌ ပါဠိတော် ကျမ်းဂန်များတွင် သာမုက္ကံသိက ပါဠိတော်စစ်ကို ထုတ်ဖော်၍ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့နှင့်အညီ အနက်အဓိပ္ပါယ်ကိုဆိုအံ့။

> ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဉဘတော ဘာဂဝိမုတ္တော၊ ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော ယေ တေ သန္တာ ဝိမောက္ခာ အရူပါ အတိက္ကမ္မရူပေ၊ တေ ကာယေန ဖုသိတွာ ဝိဟရတိ၊ ပညာယစဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ၊ အယံဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော ဉဘတော ဘာဂဝိမုတ္တော။ ။ဤကားမဏ္ဍိမပဏ္ဏာသပါဠိတော် ကိဋာဂိရိသုတ်၌လာသည်။

ဘိက္ခဝေ၊ တို့။ကတမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်ကို။ ဉဘတောဘာဂ ဝိမုတ္တော၊ဉဘတောဘာဂဝိမုတ်ဟူ၍။ ဝုစ္စတိ၊ဆို အပ်သနည်း။ ဘိက္ခဝေ၊တို့။ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော။ပုဂ္ဂလော၊သည်။ အရူပါ၊ အရူပဖြစ်ကုန်သော။ယေတေ ဝိမောက္ခာ၊ အကြင်ဝိမောက္ခာတို့သည်။ ရူပေ၊ ကသိုဏ်းရုပ်တို့

ကို။ အတိက္ကမ္မ၊ လွန်၍။ ဝါ၊ လွန်ခြင်းကြောင့်။ သန္တာ၊ ငြိမ်သက်ကုန်၏။ တေ၊ ထိုဝိမောက္ခတို့ကို။ ကာယေန၊ ဈာန်နှင့်သဟဇာတ်ဖြစ်သောနာမကာယဖြင့်။ ဖုသိတွာ၊ ရ၍။ ဝိဟာရတိ၊ နေ၏။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပညာယစ၊ ဝိပဿနာပညာ၊ မဂ်ပညာဖြင့်။ ဒိသွာ၊ သစ္စာလေးပါးတရားတို့ကို။ ယထာ ရဟာ၊ ရှု၍။ အာသဝါ၊ အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ ကင်းလွတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဥဘတောဘာဂ ဝိမုတ္တော၊ ဥဘတော ဘာဂဝိမုတ္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကားအနက်။

ဤပါဠိတော်၌ အတိက္ကမ္မရူပေဟူသောပါဠိဖြင့် အရူပဈာန်သည် ရူပဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်၌တပ်ခြင်း တဏှာကိုလွန်ခြင်းကြောင့် ကသိုဏ်းရုပ်ကိုလွန်၏ဟု ပြတော်မူသည်။ ပညာယစသဒိသွာအာသဝါပရိက္ခီဏာဟောန္တိ။ ဟူသော ပါဠိဖြင့် အရူပဈာန်မှထ၍ ဝိပဿနာပညာဖြင့် တေဘူမကသင်္ခါရတို့ကိုလက္ခဏာရေးတင်ရှု၍ အရဟတ္တမဂ်သို့ရောက်လျှင် မဂ်ပညာဖြင့် အာသဝကိလေသာတို့ကို ကုန်စေ၍ အရဟတ္တ ဖိုလ်သို့ရောက်သဖြင့် ရဟန္တာအစစ်ဖြစ်သည်ကို ပြတော်မူသတည်း။ ။ ယင်းသို့ဖြစ်သောအစဉ်တွင် အရူပသမာပတ်ဖြင့် ကသိုဏ်းရုပ်ကိုလွန်ခြင်းဟုရည်၍ ရူပကာယမှ လွတ်သည်ဟုဆိုသည်၊ ကြွပတေ့သော ရူပက္ခန္ဓာမှလွတ်သည်မဆို၊ မဂ်ပညာဖြင့် ကိလေသာမှလွတ်ခြင်းကိုရည်၍ နာမကာယမှလွတ်သည်။ ကြွပတေ့သောနာမက္ခန္ဓာမှ လွတ်သည်မဆို။ ။အရူပဈာန် အခိုက်၌ပင် ကသိုဏ်းရုပ် ရူပကာယ, နိဝရဏနာမကာယ,ဤကာယ နှစ်ပါးမှ ဝိက္ခမ္ဘနပဟာန်အားဖြင့် လွတ်ခြင်းကြောင့် ဥဘတောဘာဂဝိမုတ္တ စိတ် ဖြစ်၏၊ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ကား- ယင်း မဂ်ဖြင့်ကသိုဏ်းရုပ်ရူပကာယ၌ တပ်သောတဏှာ နိဝရဏ ကိလေသာတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ကာယ ၂-ပါးမှစင်စစ် လွတ်သည်ဖြစ်၍ ဥဘတောဘာဂ ဝိမုတ္တစစ်ဖြစ်၏။ ။ဤအဓိပ္ပါယ်

ကို ခွဲယူမှတ်သားလျှင် ဝိပလ္လာသဝါဒမှ ကင်းလွတ်၍ အဝိပရိတ
ဝါဒဖြစ်ချေမည်။

အရူပါဝစရံ ပန နာမကာယတော ဝိမုတ္တံ၊ ရူပ ကာ
ယတော စာတိ တဒေဝ ပါဒကံ ကတွာ အရဟတ္တံ
ပတ္တော ဥဘတောဘာဂဝိမုတ္တော ဟောတီတိ ဝေဒိ
တဗ္ဗာ။ ။ဟူ၍ ပုဂ္ဂလပညတ် အဋ္ဌကထာ၌လာသည်ကို
ရှု၍ ယခင်က အဓိပ္ပါယ်ကိုသိလင့်။

ပန၊ အထူးကား။ အရူပါဝစရံ၊ အရူပါဝစရသမာပတ်သည်။ နာမကာယတော စ၊ နိဝရဏာကိလေသာ နာမကာယမှလည်း။ ဝိမုတ္တံ၊ လွတ်၏။ ရူပကာယတော စ၊ ကသိုဏ်းရုပ် ရူပကာယမှလည်း။ ဝိမုတ္တံ၊ လွတ်၏။ ဣတိ၊ ထို့ကြောင့်။ တဒေဝ၊ ထိုအရူပဈာန်ကိုပင်။ ပါဒကံ၊ အခြေကို။ ဝါ၊ ဝင်စားခြင်းကို။ ကတွာ၊ ပြု၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်သောပုဂ္ဂိုလ်သည်။ ဥဘတောဘာဂဝိမုတ္တော၊ ကာယ ၂-ပါးမှလွတ်သောပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ၏။ ။ ဤကားအနက်တည်း။

အရူပါဝစရံ ပန နာမကာယတော ဝိမုတ္တတ္တာ နိဝရ
ဏာ သင်္ခါတ နာမကာယတော ဝိမုတ္တတ္တာ ဝုတ္တံ ဟောတိ၊
တံ ဟိ နိဝရဏဒူရီဘာဝေန နာမကာယတော၊ ရူပတဏှာ
ဝိက္ခမ္ဘနေန ရူပကာယတော ဝိမုတ္တတ္တာ ဧကဒေသေန
ဥဘတော ဘာဂဝိမုတ္တံနာမ ဟောတိ။ ။ဤကားမူလ
ဋီကာ။ ယခင်ပါဌ်အဖွင့်။

ဤအဖွင့်ကိုရှု၍သည်း ကသိုဏ်းရုပ် ရူပကာယ နိဝရဏာကိလေသာ နာမကာယမှ လွတ်၏ဟု ယခင်ပြအပ်သော အနက်အဓိပ္ပါယ်ကိုယုံကြည်လေ။

အရူပါဝစရံ ပန နာမကာယတော ဝိမုတ္တတ္တာ၊ ဟူသည်ကား-နိဝရဏသင်္ခါတနာမကာယတော၊ နိဝရဏဟု ဆိုအပ်သောနာမ

ကာယမှ။ ဝိမုတ္တံ၊ လွတ်၏။ ဇာတိ၊ ဤသို့။ ဝုတ္တံ၊ ဟောအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ အကျယ်ကား။ တံ၊ ထိုအရူပဈာန်သည်။ နိဝရဏဒူရိဘာဝေန၊ နိဝရဏဝေးသည်၏အဖြစ်ဖြင့်။ နာမကာယတော၊ နာမကာယမှ။ ဝိမုတ္တံ၊ လွတ်၏။ ရူပဘာဗ္ဗာဝိက္ခမ္ဘနေန၊ ကသိုဏ်းရုပ်၌ တပ်ခြင်း တဏှာကိုခွါသဖြင့်။ ရူပကာယတော၊ ကသိုဏ်းရုပ်ရူပကာယမှ။ ဝိမုတ္တံ၊ လွတ်၏။ ဝိမုတ္တတ္တာ၊ လွတ်သည်၏ အဖြစ်ကြောင့်။ ဧကဒေသေန၊ တစိပ်အားဖြင့်။ ဥဘတောဘာဂဝိမုတ္တံနာမ၊ ဥဘတော ဘာဂဝိမုတ္တမည်သည်။ ဟောတိ၊ ၏။ ဤကား-ဝိတ္ထာရ။ ။ဤကား-အနက်။

ဤပါဌ်၌ ဧကဒေသဟူသည်ကို။ ထိုကာယ ၂-ပါးကို မဂ်ဖြင့် မပယ်ရသောကြောင့် ဆိုအပ်သည်ဟုမှတ်။ ။ဤမှတပါး ယခင် သုတ်အဋ္ဌကထာ, ယင်း၏ဋီကာ, မဟာဝါပါဠိတော်တွင် မဟာ နိဒါနသုတ် ယင်းအဋ္ဌကထာ, ယင်း၏ဋီကာ, ပုဂ္ဂလပညတ် ပါဠိတော် ယင်း၏အဋ္ဌကထာ, ယင်း၏ဋီကာ, အနုဋီကာ, မရသာ ရတ္ထဒီပနီ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, မဟာဋီကာ အစ ရှိကုန်သော ကျမ်းတို့၌လည်း ထိုက်သည်အားလျော်စွာ လာကုန်သေး၏။

## သာသနာတော်ကို မထေမဲ့မြင်လုပ်ပါက ကိုယ်လုံးကျွတ်အောင်လောင်မည်

သာသနေ၊ ဘုရား ဩဝါဒသာသနာ၌။ ဝိရူဠှိနံ၊ ဆန့်ကျင်ကုန် သောသူရိုက်တို့အား။ ဟာလာဟလံ။ လတ်တလောသေစေတတ် သော။ ဝိသံယထာ၊ အဆိပ်ကဲ့သို့ ဖြစ်၏။ ။ဒဠှဝိသော၊ မျက် စောင်းရိပ်ခါ သတ္တဝါကို ဖွဲ့ပြာအသွင် လျင်စွာသေစေတတ်သော အဆိပ်ရှိသော။ အာသိဝိသော၊ မြွေသည်။ တံနရံ၊ ထိုသို့ ဆန့်ကျင် ဘမ်းငင် ကိုင်ဆွဲသော သူကို။ ဈာပေတိယထာ၊ ကိုယ်လုံးကျွတ် အောင် လောင်စေသကဲ့သို့၊ ဧဝံတထာ၊ ထိုအတူ။ သာသနံ၊ သာသ နာတော်သည်။ တံနရံ၊ ထိုမထေမဲ့မြင် ဆန့်ကျင်သောသူကို။ ဈာပေ

တိ၊ ဉာဏ်ဉာဏ်ကြွေအောင်လောင်စေဘတ်၏။ ။သကိံဝိတံ၊ တကြိမ်သောက်အပ်သော။ ဟာလာဟလံ၊ အဆိပ်သည်။ ဇီဝိတံ၊ ဇီဝိတိန္ဒြေကို။ သကိံ၊ တကြိမ်။ ဥပရုန္ဓတိ၊ ဖြတ်တတ်၏။ သာသနေ၊ သာသနာတော်၌။ သော၊ ထိုပြစ်များတတ်သောသူသည်။ ဝိရုဇ္ဈိတွာ၊ ဆန့်ကျင်စွာကျင့်မိသော်။ ကပ္ပကောဋီဟိပိ၊ ကမ္ဘာအကုဋေတို့ပတ်သုံးလည်း၊ ဒယှတိ၊ လောင်၏။

ကမ္မဋ္ဌာနဂဟဏာဝိနိစ္ဆယပြီး၏။

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။